ပဋ္ဌိမဝဏ္ဏသုတ္တန်

(ဒုတိယတွဲ)

ဓမ္မပါလ

ကျိုက်လတ်ဂြိုဟ်

ပဋ္ဌိမာရုံသာသနာဝင်

ပြုံးမိုးဖြိုး

(သ-စ-အ-ဓမ္မာစရိယ ဝိဇ္ဇာ)

သာသနာ–၂၅၂၆ ကောဇာ–၁၃၉၆ ၁၉၈၃–မတ်လ

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့် အမှတ် (၁၄၇၃)

မျက်နှာဖုံးပုံနှိပ်ထုတ်ဝေခွင့် အမှတ် (၀၇၀)

ပထမအကြိမ်

—

အုပ်ရေ - ၂၀၀၀

—

၁၉၇၃- ခု

—

မတ်လ

—

ဘသောက်-ကြယ်သုံးလုံး

—

အားပုံးရိုက်-အောင်သာ

—

စာအုပ်ချုပ်-အေးမိသားစု

—

တန်ဖိုး - ၂၀-ကျပ်

—

ဦးမိုးမြင့် (ထုတ်ဝေသူအမှတ်- ၀ ၂၄ ၉၀) မိုးမြင့်စာပေ အခန်း ၁၊ တိုက်-၄ ၃၊ ၁၂-ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့တွင်ထုတ်ဝေ၍ ဦးတင်မောင် (၀ ၂၅ ၅-မြ) စာပေပေါင်းကူးပုံနှိပ်တိုက်၊ အမှတ်-၉ ၀၊ အေ,ဘီ၊ ဝေဇယန္တာလမ်း၊ (ဂ) ရုံးကွက် တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ပုံနှိပ်သည်။ (ဖုန်း-၅၅ ၉ ၁၅)

စာတိကာ

စဉ်	အကြောင်းအရာ		စာမျက်နှာ
၁။	စာရေးသူ၏ အမှာစကား	....	၁
၂။	အချိုအမျ ပဒေသီအဖွင့်ပိုဒ်စုံရတု	....	၁၄
၃။	တိုလောကမာရဇိန်	....	၁၇
၄။	ကြေးသွန်းဘုရားကြီး ဖြစ်လာခြင်း	....	၁၈
၅။	ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ကျော်များ....		၂၂
၆။	ဆရာတော် ဦးသောမ	....	၂၆
၇။	ပြုစုခဲ့သော ကျမ်းဂန်များ	....	၃၀
၈။	နေရပ်ဒေသ ဝေါဟာရ	....	၃၂
၉။	မသရော် မလှောင် စာရည်ပြောင်	....	၃၉
၁၀။	သုတ အောက်ခံ မကျန်စေရ	....	၄၁
၁၁။	ရှေနှင့်နောက် အောက်နှင့်အထက်	....	၄၁
၁၂။	ဟာသနှောရှ် ထိမိအောင် ပြောင်လှောင်တတ်ခြင်း		၄၄
၁၃။	ဆရာ့နည်းနာ မကွာထက်ချပ်	....	၄၆
၁၄။	မပေါ်မထင် တောဝင် ဧကစာရီ	....	၄၇
၁၅။	စာသင်ပျိုတို့ အကျိုးကို မြော်ကိုးခြင်း	....	၅၁
၁၆။	တောင်စဉ်တိုက် ကျိုက်လတ်ချောင်	....	၅၅
၁၇။	ပုဗ္ဗာရုံတိုက်	...	၅၉
၁၈။	ပစ္ဆိမာရုံကျောင်းတိုက်	....	၆၁

စဉ်	အကြောင်းအရာ		စာမျက်နှာ
၁၉။	သဲမှုတ်၍ မြုပ်ခြင်း	....	၆၅
၂၀။	နောက်ထပ် အသစ်ဖြစ်လာသော သိမ်နှင့်ကျောင်းများ		၆၆
၂၁။	ပစ္စိမာရုံကျောင်းတိုက်၌ သီတင်းသုံးသော အဆက်ဆက်သော သံဃာ၏ နဝကမ္မအလို့ငှာ လှူဒါန်းအပ်သော မြေကေများ	....	၈၁
၂၂။	သီလုံ သလုံး	....	၈၃
၂၃။	သီလုံ အရှင်ဇနက လေ့လာချက် မှတ်တမ်း	....	၈၄
၂၄။	သုံးခွ မဟာဗောဓိ	....	၈၇
၂၅။	သီဒွတ္ထမင်းသား တောထွက်ခန်း ယိုးဒယား	....	၈၈
၂၆။	သီဒွတ္ထမင်းသား တောထွက်ခန်း သီဂ်ါသံ	....	၈၉
၂၇။	မဟာဝုန် ဆရာတော် အရှင်ဇဝနဗုဒ္ဓိ စီရင်ခဲ့သောကျမ်းများ		၉၄
၂၈။	ဒုတိယပစ္ဆိမာရုံဆရာတော်(ရှေကျင်သာသနာပိုင်) အရှင်ကေလာသထေရ်	....	၉၈
၂၉။	ကျိုက်လတ်ရှေကျင်သာသနာ	....	၁၀၁
၃၀။	ပစ္ဆိမာရုံဆရာတော်ကြီး သီဟိုဠ်နှင့် မဇ္ဈိမသို့ကြွခြင်း		၁၀၃
၃၁။	ကျေးတောဝိနည်း	....	၁၀၆
၃၂။	ပစ္ဆိမာရုံဆရာတော်၏ ထူးခြားသော ပြုချက်တခု		၁၀၇
၃၃။	ကုဋ္ဌိအိမ်ပါ ထမ်းမလာပဲကိုး	....	၁၀၉
၃၄။	နမသင်း ကလတ်စီးသလေး ဘာလေးနဲ့	...	၁၀၉
၃၅။	ပရိဏာတ အာပတ် ၂၀	....	၁၁၁

စဉ်	အကြောင်းအရာ		စာမျက်နှာ
၃၆။	ကိုယ့်ဟာကိုယ်ပြန် ပြီးတာပါပဲဗျား	....	၁၁၄
၃၇။	ပစ္စိမာရုံဆရာတော်နှင့် ဂိုဏ်းဂဏတာဝန်	....	၁၁၇
၃၈။	သဘော်ဘကျင်းတောရ ဆရာတော်	....	၁၂၁
၃၉။	အခြားကျောက်ကာ ဆရာတော်	....	၁၂၉
၄၀။	ပစ္စိမာရုံဆရာတော် ဂဏပါလကဖြစ်ခြင်း	....	၁၃၁
၄၁။	ပစ္စိမာရုံဆရာတော် သာသနာပိုင်ဖြစ်ခြင်း	....	၁၃၄
၄၂။	ယိုးဒယားသို့ ကူခြင်း	....	၁၃၅
၄၃။	ပစ္စိမာရုံတိုက်ခဲ့ ကျောင်းခဲ့များ	....	၁၃၇
၄၄။	ဦးဖိုးလှိုင် ၁၀၀ဝ-ကျပ်	....	၁၃၈
၄၅။	ပစ္စိမာရုံဆရာတော်ကြီး ပြုစုခဲ့သော ကျမ်းများ	....	၁၄၀
၄၆။	ရှေသက်ကျ ပစ္စိမာရုံ	....	၁၄၅
၄၇။	ပစ္စိမာရုံသာသနာပိုင်ဆရာတော်ကြီး၏ ဩဝါဒများ		၁၄၇
၄၈။	ဝိနည်းနှင့်ဆိုင်သော ဩဝါဒ	....	၁၅၅
၄၉။	စစ်ကိုင်းနှင့် စကိုင်း	....	၁၅၇
၅၀။	တတိယ ပစ္စိမာရုံဆရာတော်ကြီး အရှင်သောဘိတ		၁၆၄
၅၁။	နည်းယူထိုက်သော သူတော်ကောင်းစရိုက်	...	၁၆၅
၅၂။	ဝသီဟောင်းကို ပြောင်းရန် မလွယ်	....	၁၆၆
၅၃။	ဝိနည်းအရာ တင်းမာ၏	....	၁၇၃
၅၄။	သောကြာနှင့်အင်္ဂါဖြစ်သော ကဆုန်ဆန်းတစ်	....	၁၇၆

စဉ်	အကြောင်းအရာ		စာမျက်နှာ
၅၅။	တိုက်အုပ်ဆရာတော် အရှင်ဥက္ကံသထေရ်	....	၁၇၈
၅၆။	ကျိုက်လတ်ပစ္ဆိမာရုံတိုက်ကို အုပ်ချုပ်ရန် လွှဲအပ်ခြင်း		၁၈၂
၅၇။	ဆရာတော် အရှင်နန္ဒက	....	၁၈၄
၅၈။	အရှင်နန္ဒကထေရ်၏ အမေးသုံးချက်	....	၁၈၉
၅၉။	ဘယ်သင်းကို သရဏဂုံတင်သနည်း	....	၁၉၀
၆၀။	ရုပ်ပွားတော်၏ အမြင့်ကို ခေါ်သော ဥာဏ်တော်....		၁၉၆
၆၁။	ယိုအိမ်ကို ဘာကြောင့် အိမ်သာခေါ်	....	၁၉၉
၆၂။	အရှင်မဟာဝံသ	....	၂၀၃
၆၃။	အရှင်အရိယဝံသ	....	၂၀၆
၆၄။	ကျိုက်လတ်မြို့	....	၂၁၀
၆၅။	ကျိုက်လတ်မြို့၏ ထူးခြားချက်	....	၂၁၅
၆၆။	ကျိုက်လတ်မြို့၏ ကျက်သရေဆောင်	....	၂၁၆
၆၇။	အရှင်နာရဒါဘိဝံသ	..	၂၁၉
၆၈။	အရှင်နာရဒနှင့် စာမေးပွဲ	....	၂၂၁
၆၉။	ဆရာသမားစကားကို လေးစားခြင်း	....	၂၂၅
၇၀။	ကွယ်ရာကောင်းမှ အဆွေကောင်း	....	၂၂၆
၇၁။	ဆရာတော်ကြီး အဆူကို နားပူအောင် ခံရခြင်း	....	၂၂၈
၇၂။	ဒေါ်သီလဝတီ ကြည်ညိုပါလှ အားမရ	....	၂၂၉

စဉ်	အခြောင်းအရာ		စာမျက်နှာ
၇၃။	ရန်ကုန်ပစ္ဆိမာရုံကျောင်းကို လှူခြင်း	....	၂၃၂
၇၄။	အရှင်ဇာဂရ	....	၂၃၆
၇၅။	တုံ့တေးကျိုက်လတ်တောရကျောင်း	....	၂၃၉
၇၆။	တုံ့တေးဆရာတော် အရှင်ဇာနေယျထေရ်	....	၂၄၂
၇၇။	ဥဒါန်းဂါထာတို့၏ အနက်မျှား	....	၂၄၄
၇၈။	စာရေးသူ၏ အကြောင်းအရာနှင့် နိဂုံးပတ္ထနာ	....	၂၅၃

ရေးသူ၏ အမှာစကား

ပစ္ဆိမာရုံ သာသနာဝင် ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းကို ရှာလိုက်လျှင် ဆရာတော်အရှင်နာရဒါဘိဝံသ၏ ပြင်းပြသောဆန္ဒကို တွေ့ရပေမည်၊ ယင်းဆန္ဒပြင်းပြလာရခြင်း၌ ဗဟိဒ္ဓအထောက်အပံ့လည်း ပါဝင်သည်၊ သိသာရုံလောက် ဖော်ပြပါမည်။

ဆရာတော် အရှင်နာရဒါဘိဝံသသည် သူကိုယ်တိုင် စီရင်အပ်သော သင်္ဂြိဟ်မြန်မာပြန်ကျမ်းကို ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ် ဖြန့်ချိလိုလာသည်၊ ယင်းဆန္ဒကို ဆရာတော်၏ ဒါယကာရင်းဖြစ်ကြကုန်သော ရန်ကုန်သတင်းစာတိုက်ပိုင်ရှင် ဦးအောင်မြင်နှင့်ဇနီး ဒေါ်စန်းမြင့်တို့က ဒါယကာပြုကာ မိမိတို့၏ ပုံနှိပ်တိုက်၌ပင် ၁၃၄၁ ခုနှစ်က ရိုက်နှိပ်လှူဒါန်းခြင်းဖြင့် ဖြည့်လိုက်ကြသည်။

ယင်းစာအုပ်ကို ပုံနှိပ်သောအခါ ဒါယကာ ဦးအောင်မြင်က ကျွန်ုပ်အား ကြပ်မပုံနှိပ်ရန် တာဝန်ပေးလေသည်၊ ယင်းစာအုပ်ကို ပုံနှိပ်ရာမှစ၍ ဆရာတော်သည် ကျွန်ုပ်ကို ရင်းရင်းနှီးနှီး သိလာခဲ့သည်၊ ထိုစာအုပ်ကို ရိုက်နှိပ်ပြီးနောက် ဆရာတော်သည် မိမိ၏ ကျေးဇူးရှင် ဖြစ်တော်မူသော ပစ္ဆိမာရုံ ဆရာတော်ကြီး စီရင်တော်မူအပ်သော ပစ္ဆိမာရုံ ကစ္စည်းကျမ်းနိဿယသစ်ကို ရိုက်နှိပ်ဖြန့်ချိလိုလာပြန်သဖြင့် ထိုစာအုပ်ကိုလည်း ကြပ်မပုံနှိပ်ရန် ကျွန်ုပ်အား တာဝန်ပေးပြန်သောကြောင့် ၁၃၄၂ ခုနှစ်မှာ ကျွန်ုပ်က တာဝန်ယူပုံနှိပ်ပြန်ပါသည်။

ထိုနောက် ဆရာတော်သည် စာပေနှင့်လည်းကောင်း၊ သာသနာရေးနှင့် လည်းကောင်း၊ ပတ်သက်ရာတို့၌ ကွက်ကျား ကွက်ကျား ကျွန်ုပ်ကို

ဆရာတော်အရှင် နန္ဒကထေရ်သည် မေးလျှင် မေးသလောက်ကိုကား မျက်နှာပြုံးပြုံးနှင့် ဖြေကြား၏၊ တလုံးမေးလျှင် တလုံးကိုသာ ဖြေသည်၊ နှစ်လုံး ဆက်ပြောလေ့ မရှိပေ၊ ဤအဖြစ်သည် အရှင်၏ စရိုက်ဝါသနာ ရင်းပင် ဖြစ်ပုံရ၏၊ထို့ကြောင့် ဆရာတော်နှင့် ငယ်ပေါင်း ကျောင်းနေဖက် သူငယ်ချင်းတို့က အရှင်ကို "ကိုသစ်ဝုတ်တိုကြီး" ဟူ၍ လည်းကောင်း၊ ဘုန်းကြီး "သစ်ဝုတ်တို"ဟူ၍လည်းကောင်း ခေါ်တတ်ကြလေသည်။

ဤသို့ဆိုသဖြင့် အရှင်မြတ်၌ စကားဆို့ရှား ခေါင်းပါးသည်ဟူ၍ မထင်လေနှင့်၊ ဓမ္မကထိက စာချအကျော် ပုဂ္ဂိုလ်ဖြစ်သည်၊ တရားဟော ပလွင်ပေါ်ရောက်လျှင် စကားလုံးပေါင်း မြောက်မြားစွာ တန်ဆာ ဆင်ပြီးသား၊ ငါးသလောက်ဥပေါက်ပမာ တဖွားဖွား ထွက်လာကြလေ တော့သည်၊ ပရိသတ် နားမငြီးဖွယ် ဆန်းကြယ် များပြားလှကုန်၏၊ ဗမာပြည်တွင်းမှာသာမက သီဟိုဠ်မှာပင် တရားဟော တွင်ကျယ်ခဲ့ ကြောင်း ဆရာတော်၏အကြောင်းကို ဆိုရာ၌ တွေ့ရလတ္တံ့။

ဆရာတော်၏ တပည့်များက ဆရာတော် စာချလျှင် စိတ်တိုသည်ဟု ပြောတတ်ကြသည်၊ ကြောက်လည်း ကြောက်ကြသည်၊ စာမရလျှင် "ငါ တောင်ဝေးနှင့် ရိုက်လိုက်ရယင်"ဟူသော စကားကို သုံးတတ်သော ကြောင့် ကြောက်ကြသည်ဟု ကြားရ၏၊ စင်စစ် တောင်ဝေး သူ၏အနီးဌ ရှိသည်ကား မဟုတ်၊ ဝါသနာအလျောက် ပြောနေသောစကားသာဖြစ်၍ ကြောက်စရာလည်း မဟုတ်ပေ၊ စိတ်တိုသည် ဟူ၍လည်း မဆိုနိုင်၊ ရစေ လိုသော ဆန္ဒပြင်းပြမှုကြောင့် နှုတ်က ထုတ်ဆိုလိုက်သောစကားသာ ဖြစ်ပေသည်။

ဆရာတော်သည် အမှတ်အသားအလွန်သေချာသောပုဂ္ဂိုလ် ဖြစ်သည်၊ ဒီပဲယင်းဆရာတော်ဘုရားကြီး ပစ္ဆိမာရုံကျောင်းတိုက်တွင်းရှိ သီရိရတနာ သိမ်ကိုသမုတ်သော သက္ကရာဇ်နှင့်ပက်သက်၍ ဤစာရေးသူ၌ အခက်အခဲ

ကြုံရလေသည်၊ ဒီပဲယင်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိစာအုပ်၌ ဒီပဲယင်းဆရာတော် သမုတ်ခဲ့သောသိမ်တို့ကို သက္ကရာဇ်နှင့်တကွ ဖော်ပြထား၏၊ ယင်းစာအုပ်၌ ပစ္စိမာရုံတိုက်သိမ်ကို သမုတ်သောသက္ကရာဇ် ၁၂၇၅–ခုဟု ပါရှိနေ၏၊ သို့သော် ဤစာအုပ်၌ကား ၁၂၇၆–ခုဟု ဆိုသည်၊ ဤသို့ဆိုနိုင်ရာ၌ ဆရာတော် အရှင်နန္ဒကထေရ်၏ ရက်ပိုင်း လပိုင်း အမှတ်အစဲ့သေချာပုံကလည်း အထောက်ကူပြုလေသည်၊ ဤစာအုပ် သီရိရတနာသိမ်နေရာ၌ တွေ့လတ္တံ့။

ပစ္စိမာရုံတိုက်၌ တိုက်အုပ်ဆရာတော် အရှင်ဥက္ကံသထေရ် ထံမှလည်း ကျွန်ုပ်သိလိုသောအချက်အလက် အတော်အတန် ရရှိပေသည်၊ ဆရာတော်ထံမှ ရခြင်းသည် လွယ်သောရခြင်း မဟုတ်ဟု တိုက်တွင်းရှိ တပည့်ကြီးငယ်တို့က ပြောကြ၏၊ ဆရာတော်ထံမှ လျှောက်ယူရခြင်းသည် ကြခပ်ဝါးရုံကြားကမ္ဘာကို နုတ်ယူရသည်နှင့် တူလှ၏၊ သို့သော် အကြောင်းကို သိလာလျှင် အလွန်လွယ်ကူပါသည်၊ ဆရာတော်၏ စိတ်ရင်းသည် ပွတ်သစ်စခရုသင်းနှင့် မယှင်းဟု ဆိုလိုက်ချင်၏၊ ဆရာတော်သည် စကားကို စ,ပြောလျှင် မျက်နှာကိုလည်း ချိုချိုမထား စကားကိုလည်း ခပ်တိုတိုပင် မိန့်ကြားတတ်၏၊ ထို့ကြောင့် တိုက်တွင်းရှိ တပည့် ကြီးငယ်တို့ ကြောက်ကြိမ်း ရိုကျိုးကြသလောက် မြတ်နိုးမှု အားလည်း ကိုးကြကုန်၏။

ကျွန်ုပ်သည် ဆရာတော်ထံမှ အဖြစ်သနစ် အကြောင်းခြင်းရာတို့ကို သိလို၏၊ ချဉ်းကပ်၏၊ ဆရာတော်က တို့ ဘာမှမသိ တို့ကို မမေးနှင့်ဟု အစချိုလိုက်၏၊ ဆရာတော်ကား သာမဏေဘဝ ဆယ့်ရှစ်နှစ်သားအရွယ်ကပင် ပစ္စိမာရုံသို့ ရောက်သည်၊ ယခု သက်တော် ၇၂–နှစ်ရှိပြီး ပစ္စိမာရုံမှ လွဲ၍ အခြားဌာနေသည်ဟူ၍ မရှိခဲ့၊ ဆရာတော် မသိဟုဆို၍ ဖြစ်နိုင်ပါမည်လော ဟု မလျှော့သောဇွဲဖြင့် ချဉ်းကပ် လျှောက်ထားရာ လိုအပ်သော အကြောင်းအချက် အတော်များများ ဆရာတော်ထံမှ ရရှိလေ

သည်၊ ဆရာတော် အရှင်ဥက္ကံသထေရ်သည် ရုတ်တရက်တွေ့လျှင် လန့်ချင်စရာ ဖြစ်သော်လည်း သူတပါးအကျိုး တိုက်တာနှင့် သံဃာ့အကျိုးကို ဆောင်ရွက်ရာ၌ သူမတူသောပုဂ္ဂိုလ် ဖြစ်သည် ဟု ဆိုလောက်သည်၊ ဆရာတော်၏အကြောင်း တွေ့ရလတ္တံ့။

သက်တော် ၉၂ နှစ် ရှိတော်မူသော နာယက ဆရာတော်ဘုရားကြီး အရှင်သောဘိတထေရ်မြတ်ထံမှလည်း ဆရာတော်ဘုရားကြီး၏ ကိုယ်ရေးကိုယ်ရာ အတ္ထုပ္ပတ္တိနှင့်တကွ ခက်ကတ်သော အကြောင်းခြင်းရာတို့ ရရှိပေသည်။

ကျွန်ုပ်သည် အရှင်နာရဒါဘိဝံသထေရ်နှင့် ကျိုက်လတ် ပစ္ဆိမာရုံသို့ ဦးစွာ လိုက်ပါသွားသောအခါ အရှင်နာရဒါဘိဝံသက ဆရာတော်ကြီး ထံမှာ ဟိုဟာ သည်ဟာ မလျှောက် မမေးနှင့်၊ ဆရာတော်ကြီး မကြိုက်ဟု ကျွန်ုပ်ကို မိန့်ထား၏၊ ဤသို့ဆိုခြင်းကား ကျွန်ုပ်ကို လှန့်သည်မဟုတ်၊ နှလုံးသားထဲ၌ ရှိသည့်အတိုင်း ထုတ်ဖွင့်မိန့်ဆိုခြင်း ဖြစ်လေသည်၊ ဤစကားမှန်ပါသည်၊ အရှင်နာရဒါဘိဝံသသည် ကျောင်းသားငယ် ဘဝမှ စ၍ ဆရာတော်ကြီးထံမှာ နေလာခဲ့၏၊ ဆရာတော်ကြီး ပခုက္ကူစသော အရပ်ဒေသတို့သို့ ပညာသင်သွားစဉ်ကလည်း ကျောင်းသားအဖြစ်ဖြင့် လိုက်နေခဲ့ရ၏၊ ငယ်တပည့် တပည့်ရင်းဖြစ်သည့်အလျောက် ငယ်ကြောက်ဖြစ်သော ကြောင့် ကိစ္စခပ်သိမ်းကို လျှောက်ဝံ့သည် မဟုတ်ပေ။

ဆရာတော်ဘုရားကြီးကိုယ်တိုင်ကလည်း အရှင်နာရဒါဘိဝံသကို ပဉ္စင်းငယ် တပါးဟု ထင်ကောင်းထင်ပေလိမ့်မည်၊တခါက အရှင်နာရဒါဘိဝံသသည် အရပ်တပါးမှ ရောက်လာ၍ ဆရာတော်ဘုရားကြီးထံ သွားရောက်ဦးချသည်၊ ထိုအချိန်၌ အခြားပဉ္စင်းငယ် သာမဏေတို့ ဆရာတော်ကြီးကို ဝတ်ပြုနေကြသည်။

ဆရာတော်ကြီးက "နာရဒ တို့ကျောကုန်းကို လာကြိတ်စမ်း" ဟု မိန့်ဆိုလိုက်၍ အရှင်နာရဒါဘိဝံသသည် ပဉ္စင်းယေတို့နှင့် အတူ ဝင်ရောက်ကြိတ်ပေးရလေသည်၊ ယင်းအခါ၌ အရှင်နာရဒါဘိဝံသသည် သက်တော် ၆၀ ကျော်၊ ဝါတော် ၄၀ ကျော် ရှိနေပေပြီ။

ဤသို့လျှင် အရှင်နာရဒါဘိဝံသသည် ဆရာတော်ဘုရားကြီးကို ယေဘုယျကကဲ့သို့ပင် ရိုကျိုးကြောက်ရွံ့နေသည်ဖြစ်၍ ကျွန်ုပ်ကို ဟိုဟာ သည်ဟာ မမေးရန် ကြိုတင် သတိပေးထားခြင်းဖြစ်သည်၊ တမင် လှန့်ထားသည်ကား မဟုတ်ပေ။

သို့လျှင် ဆရာတော် အရှင်နာရဒါဘိဝံသက သတိပေးထားသောကြောင့် ကျွန်ုပ်လည်း ဆရာတော်ဘုရားကြီးထံမှာ စိုးစိုးစွတ်စွတ် လျှောက်ထားခြင်း မပြုပေ၊ သို့သော် ဆရာတော်ဘုရားကြီး၏ အခြေအနေကို အကဲခပ်၍ မကြာ၊ တခါကား သွားရောက်ဦးချ ချဉ်းကပ်ပေသည်၊ ဆရာတော် ဘုရား အလိုအလျောက် မိန့်ကြားသော စကားတို့ကို နာယူသည်၊ ရံဖန်ရံခါ မိန့်ဆိုသောစကားနှင့် ဆက်စပ်၍ နားမရှင်းသည်တို့ကို တလုံးကောက် နှစ်လုံးကောက်အားဖြင့် အလိုက်သင့် စကား အပေါက်ကို ဖွင့်လျှောက်သောကြောင့် ဆရာတော် ဘုရားကြီးထံမှ ကြည်ကြည်ဖြူဖြူ မိန့်ကြားအပ်သော အကြောင်းအချက်တို့ ထွက်လာကြ၏၊ ထိုအချက်တို့ကို မှတ်ယူကာ ဆရာတော်ဘုရားကြီး၏ အဖြစ်အပျက် အကြောင်းခြင်းရာတို့ကို လိုရင်းရသည်ဟု ဆိုရလောက်အောင်ပင် ရေးလိုက်နိုင်ခြင်း ဖြစ်ပေသည်၊ တတိယပစ္ဆိမာရုံ ဆရာတော်ဘုရားကြီးအကြောင်း၌ တွေ့လတ္တံ့။

ကျွန်ုပ်သည် ဆရာတော်ဘုရားကြီး၏အကြောင်းခြင်းရာတို့ကို မှတ်သားရေးပြီးနောက် ဆရာတော် အရှင်နန္ဒကထံ သွား၍ ဖတ်ပြ၏၊ အရှင်နန္ဒက ထေရ်က ဒီအကြောင်းခြင်းရာတွေကို ဘယ်ကရသလဲဟု မေး၏၊ ဆရာတော်ဘုရားကြီး အမိန့်ရှိသည်တို့ကို မှတ်ယူပါသည်ဟု လျှောက်ရာ ဆရာတော်

အရှင်နန္ဒကထေရ်က အံ့အားသင့်သည့်အနေဖြင့် ဆရာတော်ကြီး အမိန့်ရှိသလား၊ အမိန့်ရှိတာကို နားလည်သလားဟု မေးတော့သည်၊ တင်ပါ အမိန့်ရှိသလောက် ဂရုစိုက် နားထောင်ပါသည်ဘုရား။

အရှင်နန္ဒကထေရ်က "ဆရာတော်ကြီး၏ စကားကို နားလည်ဖို့ မလွယ်ဘူး၊ ဆရာတော်ကြီး စကားက ဝါကျတခုကို ကြိယာမသတ်ခင် နောက် ဝါကျတခုသို့ ကူးသွားတတ်သည်။"

ဤသို့အမိန့်ရှိသည့်နောက် အလွန်ကျေနပ်သောအနေဖြင့် နှုလုံးသားမှ တွန်းကန်လိုက်၍ ပေါ်ပေါက်လာသော အပြုံးမျိုးဖြင့် ပြုံးပြီး နေလေသည်၊ ဆရာတော်ဘုရားကြီး၏ အကြောင်းကို ဆရာတော်ဘုရားကြီးတို့၏ အထံမှ လွယ်လွယ်နှင့်လည်း ရ၏၊ခက်ခက်ခဲခဲလည်း ယူရ၏၊ ဤသို့အားဖြင့် ချတောင်ပို့ရသကဲ့သို့ ဤမျှ ဖော်ထုတ်လိုက်ရခြင်းသည်ပင် ကျွန်ုပ်တို့အဖို့ ဝမ်းမြောက်မဆုံးအောင် ဖြစ်နေရပါသည်၊ စင်စစ် ယခုရေးလိုက်ရသော အကြောင်း အရာ မျှားဖြင့် ဆရာတော် ဘုရားကြီး မျှား၏ အကြောင်း အတ္ထုပ္ပတ္တိသည် ပြည့်စုံသည်ကား မဟုတ်ပေ။

ဤနေရာ၌ မိမိ၏အမြင်နှင့်ဆန္ဒကို ဖော်ပြရန်အတွက် ပေါ်လာသဖြင့် အနည်းငယ် ဖော်ပြလိုပါသည်၊ ကျွန်ုပ်သည် ထေရုပ္ပတ္တိတို့ကို ဖတ်ဖူးခဲ့၏၊ ထပ်တလဲလဲပြောမိသော စကားတခု ရှိ၏၊ 'ထေရုပ္ပတ္တိဆိုပါမှ ထုတိသြဘာ ကို ကွေ့ရ "ပြောဆိုခဲ့ဖူး၏၊ ကျမ်းပြုအကျော် ဆရာတော် အရှင်ဇနကာဘိ ဝံသသည် အတ္ထုပ္ပတ္တိရေးလျှင် "လူလိုရေးက၊ နတ်လိုမရေးနဲ့" ဟူ၍ မိန့်ဆိုကြောင်း ဆရာတော်၏ တပည့်မျှား ရေးသားဖော်ပြသည်ကို တွေ့ဖူး၏၊ ယင်းစကားစု၌ "နတ်လို မရေးနဲ့" ဟူသော နောက်စကားသည် ရှေစကား အနည်းငယ်ထက် ပျက်ပုံပေါ်နေ၍ သက်သာအောင် စောင်းသိမ်းပေးလိုက်သော စကားပုံရ၏။

ယင်းစကားစု အလွန် မှန်ပါသည်၊ ပုဂ္ဂိုလ် တဦးတယောက်၏ အဖြစ်အပျက် အကြောင်းခြင်းရာ **History** သည် ထုတိသြဘာ ထောမနာ စာတမ်း မဟုတ်ပေ။

အတ္ထုပ္ပတ္တိသမိုင်းပြုစုသော ပုဂ္ဂိုလ် အချို့တို့သည် သူ၏ အဖြစ်အပျက် **History** ဟူသော သဘောကို ဥပေက္ခာပြုကာ ချီးကျူးဖွယ်မျှကိုသာ ကွက်ကောက်ထုတ်နုတ်၍ သဒ္ဓါတရားတက်ကြွသည် အလျောက် မောင်းကုန်တင် ချီးကျူးနေတတ်ကြ၏၊ မိချီးဖလာ အများ နှားလည်သော စကားမျှဖြင့် မြှောက်ပင့်ချီးကျူး၍ အားမရနိုင်သေးသဖြင့် ပါဠိဘာသာ ဂါထာဗန္ဓဖွဲ့၍ မြန်မာပြန် ဆန်းဆန်း ဗန်းပြ အနုက်ကလေးများဖြင့် လည်း ထပ်ဆင့် ချယ်သ ကြကုန်သေး၏၊ သဒ္ဓါတရား လွန်ကဲသည့် အလျောက် အလွန်အလွန်ကဲမောက်သော ဥပမာနုစကားတို့ကို သုံး၍ လည်း ချီးကျူးကြကုန်၏၊ စင်စင် ယင်းအဖွဲ့အနွဲ့တို့သည် စာရေးသူ၏ ဉာဏ်ကွန်ပြူးချက်တို့ ဖြစ်ကြ၍ အားတက်ဖွယ်ကား ဟုတ်ပေ၏၊ သို့ရာတွင် အမှန်ကို သိလိုသော သူတို့အဖို့ ကြားလုံး ဝါလုံး အနေမှာသာ တည်နေ ကြရလေသည်၊ မိမိ၏ သဒ္ဓါတရားက သူတပါး၏ သဒ္ဓါတရားကို ညှိုးသိမ်စေရာရောက်သည်ဟု ကျန်ပ်တို့ သင်ခန်းစာယူဖွယ် ဖြစ်နေပေသည်၊ယင်းသို့သော အကြောင်းအချက်တို့ကို အမှီပြု၍ "လူလိုရေး နတ်လိုမရေးနဲ့" ဟူသော စကားမျိုး ဖြစ်လာရသည်လောဟု ထင်မိပေသည်။

ဤဆိုခဲ့သော စကားတို့သည် ရေးသူ ပြောသူ နှာသူတို့၏ နှလုံးသားမှ ပွင့်အန်ထွက်လာ၍ ကျူးရင့်ရေရှတ်လိုက်သော ဥဒါန်းနှင့် မဆိုင်ပါပေ၊ ဥဒါန်းကား သူ၏ စိတ်ခံစား၊ သူ့သဒ္ဓါတရားအလျောက် နှလုံးသားမှ ကြွတက်လာသော စကားသာဖြစ်သည်။

·လူတိုင်းဌ် လောကဓံတရား မကင်းသည်ပြစ်၍ အမြင့်ရှိသကဲ့သို့ အနိမ့်လည်း ရှိ၏၊အကောင်းရှိသကဲ့သို့ အဆိုးမရှိဟုလည်း မဆိုနိုင်ပေ၊သို့ရာတွင်

ဂုဏ်နှင့် မဟာပ်မိအောင် နိမ့်ကျသော အဆိုးအယုတ်တို့ကိုကား သဒ္ဓါတရား၏ ဆူးငြောင့်ခလုတ်ဖြစ်သောကြောင့် ပယ်နုတ်ကြတန် ပယ်နုတ်ကြရ၏၊ ထိမ်ချန်တန် ထိမ်ချန်ကြရ၏၊ သို့သော် အရေးခံပုဂ္ဂိုလ်၏ မေ့သိမ်အိပျောင်း သူတော်ကောင်းလက္ခဏာ ပြည့်ဝမှုကြောင့် မပြောပလောက်သော အဆိုးသည် အကောင်းကြားမှာ ပျောက်သွားရလေသည်။

ဥပမာ အဖကို သတ်၍ ထီးနန်းကိုယူသောသူသည် မင်းယုတ်မင်းဆိုးဖြစ်သည်ကား ဟုတ်၏၊သို့သော် ဘဝတလျှောက် ပြုမူချက်အကောင်းတို့ကလွှမ်းဖုံးလာမှုကြောင့် အဆိုး၏ အရှိန်အဝါ လျော့နည်းသွားကာ မင်းကောင်းဟူ၍ အသိအမှတ်အပြုခံရသည်တို့ကိုလည်း သာဓကယူကာ တရုံတဆစ် ပြုမိခဲ့သော ဆိုးညစ်မှုကို ဖုံးကွယ်ချန်လှပ်ထားခြင်းကိုလည်း အပြစ်ဆို၍ မဖြစ်ပေ။

ဆိုခဲ့သော စကားတို့ကား "အတ္ထုပ္ပတ္တိကို လူလိုရေး" ဟူသော စကားနှင့် ပတ်သက်၍ ထွက်လာသော အဆွယ်အပွားစကားတို့ ဖြစ်ကြ၏၊ ဆိုလိုချက်မှာ အမှန်ကို အမှန်အတိုင်း ဖော်ဝံ့ရမည်ဟူ၍ ဖြစ်၏၊ အမှန်ကို အမှန်အတိုင်း ဖော်ရာ၌ အမြောက်အပင့် ဟိတ်ဟန်လုပ်၍ ကြွားလုံးထုတ်ခြင်းမျိုး မပါရန် အထူးအရေးကြီးသည်၊ ယင်းသို့သော အချက်မျိုး မပါဝင် မထင်မလွှမ်းလျှင် **History** စစ်မှန်တော့သည်။

အတ္ထုပ္ပတ္တိဟူသည် ပုဂ္ဂိုလ် သို့မဟုတ် အရာဝတ္ထုတခု၏ ဖြစ်ပုံ အခြင်းအရာဖြစ်ရာ ယင်းကိုပင် သမိုင်းဟူ၍လည်းကောင်း၊ ရာဇဝင်ဟူ၍လည်းကောင်း ခေါ်ကြ၏၊သမိုင်းဟူသည် သမ္မတိ၊ သို့မဟုတ် သမုတိမှ ပျက်ယွင်းသော စကား ဖြစ်သည်ဟူ၍ ကောက်ချက်ချကြ၏၊ ရာဇဝံသ (ရာဇဝင်) ဟူသည် မင်းနှင့် ဆိုင်သည်ဟူ၍ အကြမ်းအားဖြင့် မြင်နိုင်၏။

ယင်းဝံသနှင့် တွဲဖက်ကာ စကားလဲလှယ်၍ ဒီပဝံသ၊မဟာဝံသ၊ဗုဒ္ဓဝံသ စသည်ဖြင့် သုံးကြ၏၊ ဤသို့ ဝံသ (ဝင်)ကို သုံးနှုန်းခြင်းသည် ပဓာနကို ကိုင်တွယ်သော စကား ဖြစ်ပေသည်။

ဥပမာ ရာဇာ အာဂတော (မင်းကြွလာသည်)ဟု ဆိုလျှင် မင်းတပါး တည်း ထီးထီးလော၊ .မဟုတ်ပါ၊ မိဖုရား၊ မှူးမတ် ၊မောင်းမ၊ စစ်သည် ဗိုလ်ပါ၊ ဆင် မြင်း ရထား၊ ဆင်စီး၊မြင်းစီးသူရဲ စသည်တို့နှင့်တကွ မျှားစွာ သော သူတို့လည်း ပါလာကြ၏၊ သို့သော် ပဓာနကို ကိုင်တွယ်၍ ရာဇာဟု ဆိုခြင်းဖြစ်သည်။

ဆိုခဲ့သော ဝံသနှင့် တွဲသုံးသော ဒီပဝံသ၊မဟာဝံသ၊ဗုဒ္ဓဝံသ စသည်တို့ အနက် ရာဇဝံသ (ရာဇဝင်) ဟူသော စကားသည် ရှင်ဘုရင်ဖြစ် ပိုထင်ရှား နေပေသည်၊ ရာဇဝံသ (ရာဇဝင်) ဟူက မင်းနှင့်ဆိုင်သည်၊ မင်းအဆက် အနွယ်ဟု အနက်ရှိသော်လည်း မင်းမဟုတ်သော ပုဂ္ဂိုလ် အရာဝတ္ထုတို့၏ အကြောင်းခြင်းရာတို့ကိုလည်း ကိုယ်ရေးရာဇဝင်၊ ကျောင်းရာဇဝင်၊ ရွာ ရာဇဝင်၊ မြို့ရာဇဝင် စသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် သုံးနှုန်းကြလေသည်။

History ဟူသည် သူ၏ အဖြစ်အပျက်ဟု ဆိုလိုသော စကားဖြစ်ရာ ယင်း ဟစ္စတရီ ဟူ၍ ခေါ်ဆိုအပ်သော အရာမှန်သမျှကို ရာဇဝင်ဟု ခေါ် သည်ချည်း ဖြစ်လေသည်၊ စင်စစ် ရာဇသည် မင်းကိုဆိုသော စကားပင် ဖြစ်သော်လည်း သာမညနာမ် အနေထား၍ ပုဂ္ဂိုလ်တိုင်း အရာဝတ္ထု တိုင်း၏ အဖြစ်အပျက် အကြောင်းခြင်းရာကို ရာဇဝင်ဟုခေါ်ခြင်း ဖြစ်လေ သည်၊ ယင်း ရာဇဝင်ဟူသော စကားကို ရှင်ဘုရားဖြင့် "အတွင်ရှင်" ဟု ဆိုနိုင်၏၊ **History** ခေါ်သမျှကို ရာဇဝင်ဟူ၍လည်းကောင်း၊သမိုင်းဟူ၍ လည်းကောင်း ခေါ်ဆိုသည်ဖြစ်ရာ ယင်းအမည်တို့ဖြင့် သတ်မှတ်အပ်သော အကြောင်းခြင်းရာတို့ကို လေ့လာ၍ တိတိကျကျ ပီပီပြင်ပြင် ဖော်ပြ

ရေးသားခြင်းကို **Thesis** ဟု ဆို၏၊ ယင်း သီဇစ်ကို စာတမ်းဟု ဆိုသည် ဖြစ်၍ အတ္ထုပ္ပတ္တိ သမိုင်း ရာဇဝင် ရေးသားခြင်းကိုလည်း **Thesis** (စာတမ်း)ပြုသည်ဟု ဆိုရပြန်လေသည်။

စာတမ်းအစု စာဖွဲ့ကို ပါဠိဖြင့် ဂန္ထ ပကရဏ စသည်ဖြင့် ခေါ်သည် ဖြစ်ရာ ပါဠိတခုကိုသာဦးစားပေးစဉ်းစားတွေးခေါ်လေ့ရှိသော တခေတ် တခါက ကျမ်းကို ဂန္ထမှ ဖြစ်သည်ဆိုကာ 'ဂြန်း' ဟု ရေးသားသော ပုဂ္ဂိုလ်လည်း ပေါ်ခဲ့၏၊ ပကရဏမှ ဖြစ်သည်ဆိုကာ 'ကြဏ်း'ဟု ရေးလိုသော ပုဂ္ဂိုလ်လည်း ပေါ်ခဲ့ဖူး၏၊ သို့ဖြစ်ရခြင်းကား ဗမာ့ဝေါဟာရသည် ပါဠိတွေး တွေးတတ်သော ပညာရှင်တို့၏ ဥပေက္ခာပြု နယ်နိမိတ်အတွင်း သို့ ရောက်နေခဲ့ရသော ဖြစ်ရပ်တခုဟု ဆိုစရာ ဖြစ်နေပေသည်။

ကျမ်းနှင့်စာအုပ်သည် တူသည်ဟု မြင်နိုင်၏၊ စက္ကူဖြင့် ပြုလုပ်သော စာအုပ် မပေါ်မီအချိန်က ပေတထုပ်ကို တကျမ်းဟု ခေါ်ဆိုခဲ့၏၊ ပေထုပ်၌ အပေါ်ကလည်းကောင်း၊ အောက်ကလည်းကောင်း သစ်သားကို လုပ်ထားသော အအုပ်ရှိ၏၊ ယင်းအအုပ် သစ်သားချပ်ကို "ကျမ်း" ဟု ခေါ်၏၊ ယင်း ကျမ်းဟု ခေါ်သော သစ်သားအအုပ်ဖြင့် အုပ်၍ ထုပ်ထားသော ပေတထုပ် တအုပ်သည် တကျမ်းဖြစ်၏၊ တအုပ်ဟုဆိုလျှင်လည်း ဖြစ်သည်၊ တထုပ်ဟုဆိုလျှင်လည်း ဖြစ်သည်၊ စင်စစ် ပေထုပ်ကို အုပ်ဖုံးထားသော သစ်သားအအုပ်ကို 'ကျမ်း' ဟု ခေါ်သည်ဖြစ်၍ ယင်းအအုပ်ကျမ်းကို အစွဲပြုကာ တအုပ်၊ သို့မဟုတ် တထုပ်ကို တကျမ်းဟု ခေါ်ခြင်းဖြစ်လေသည်၊ ကျမ်းဟုခေါ်သောအရာကား ဤမျှသာမက လယ်ယာတိုင်းတို့၌ ထယ်ထွန်တို့ဖြင့် ထွန်ပြီးသော မြေညက် ရှုံ့တမန်းကို နောက်ဆုံး တိုက်ညှိသော သစ်သားတုံး၊ သို့မဟုတ် အပြားကိုလည်း ကျမ်းဟု ခေါ်၏၊ ထမ်းစင်၏ ဘေးပတ်လည်၌ ကွပ်အုပ်ထားသော သစ်သားလုံး၊ သို့မဟုတ်

ပျဉ်ချပ်ကိုလည်း ကျမ်းဟုခေါ်၏၊ စင်စစ် ကျမ်းဟူသည် အကွပ်အအုပ် အထိန်းအချုပ်ကို ခေါ်သော အမည်ဖြစ်လေသည်။

ကျမ်းကိုအစဲ့ပြု၍ ကျမ်းဟုအမည်တွင်သော Thesis မှန်သမျှ သမိုင်း မှတ်တမ်းရာဇဝင်နှင့် မည်သည့်ဝင်ကိုမဆို ပြုစုရာ၌ ရှာဖွေဆည်းစုမှုသည် အရင်းခံဖြစ်၏၊ ရှာဖွေဆည်းစုခြင်းဖြင့် ရမိသိရှိလာသော အဖြစ်အပျက် အကြောင်းခြင်းရာတို့ကို မူရင်းကျကျ အမှန်ဆုံး ဖြစ်နိုင်သမျှ ဖြစ်အောင် ဖော်ပြရန်သာ လိုရင်းဖြစ်သည်၊ မြောက်လုံး, ပင့်လုံး, ဝါလုံး ကြွားလုံး တို့ဖြင့် ဟီတ်ဟန်ထုတ်နေစရာ မဟုတ်ပေ၊ မိမိ၏ သဒ္ဓါတရား အဟုန်က ပင့်ထောက် မြောက်လိုက်တိုင်း ဝင့်မောက်ပြခြင်းသည် အမှန်သဘောကို မှီ၍ ကြည်နူးတတ်သော သူတပါး၏ သဒ္ဓါတရားကို ညှိုးသိမ်ပျက်ပြား သွားစေတတ်သည်ဖြစ်၍ ယင်းအချက်ကို သင်ခန်းစာ ပြုသင့်၏၊ ယင်း သင်ခန်းစာကို ကျွန်ုပ်တို့ စွမ်းနိုင်သလောက် နာယူသင့်သည်၊နာယူပါသည် ဟူ၍ စာရှုသူသို့ အမှာစကား ပါးလိုက်ခြင်း ဖြစ်ပါသည်။

မောင်မိုးမြင့်

အချိုအချဉ် ပဒေသိုအဖွင့် ဝိဒိစုံရတု

လက်ယာကျွန်းဇနေ။ ။ဗိုလ်ခြေခြေတို့၊ ရေမြေလေထု၊ကြောင်း ခံပြုသား၊ ဇမ္ဗုပမာ၊ သီးဖြာဖြာ၏၊ ရသာထွေးယှက်၊ မြိန်သား ချက်ကို၊ နှစ်သက်မိငြား၊ ပမာလားသို့၊ ဆပ္ပားသဒ္ဒါ၊ ကြီးထွား စ္ဓာဖြင့်၊ သာသနာမြတ်၊ အမြိုက်ခေတ်ကို၊ ရလတ်ဖွေဖော်၊ ရှာလေသော်လျှင်၊သူတော်ကောင်းမွေ့သာချမ်းမြေ့ဟု၊ စ္ဓေ့စ္ဓေ့ ထင်စ္ဓာ၊ မြင်သည်မှာကား၊ လယ်ယာဝိုက်ညောင်း၊ ရေလေ ကောင်းနှင့်၊ ကောက်ပြောင်းသီးနှံ၊ ပြည့်လျှံဝိုးဝင်း၊ ကွင်းလည်း တဖုံ၊ စုံလည်းဝိုက်ညှပ်၊ လျှိုထပ်ထပ်ဖြင့်၊ မလပ်ထွေလာ၊ ရတနာ ပေါင်း၊ ခိုဝင်အောင်းသို့၊ မြစ်ကြောင်းရော၊ ဆိပ်ကမ်းသာ၌၊ ဒီသာရှစ်ရပ်၊ လူချင်းစပ်၍၊ ပန်းခပ်ပျားပုံ၊ စုစည်းအုံလျက်၊ ကျိုးစုံကြောင်းရင်း၊ အချင်းချင်းလျှင်၊ တည်ခင်းနှီးနှော၊သိဉာဏ် ရောရ၍၊ သဘောစုံစုံ၊ ထဲသွင်းငုံလျက်၊ ကြည်ယုံကတိ၊သစ္စာသိန္ဒင့်၊ မိမိပွားတိုး၊ သူ့အကျိုးကို၊ သည်ပိုးထမ်းဆောင်၊ ပြုတိုင်း အောင်၍၊ လူ့ဘောင်လူထွတ်၊ လူရတတ်ဟု၊ မျိုးမြတ်ထင်ရှား၊ လူတမ်းစားတို့၊ ထွန်းကားလေရာ၊ ဂုဏ်ဖြာဖြာနှင့်၊ ရတနာစို့၊ ကျိုက်လတ်မြို့ဟု၊ လူတို့နှုတ်ဖျား၊ တလှားလှားတည့်၊ တရား ကိုစောင့်၊ မထောင့်စာဂ၊ မြတ်ဂုဏ်ရကြောင့်၊ ဓမ္မပါလာ၊ မည်တော်သာလျက်၊ တေဇာထွန်းဖိ၊ ရှိန်ဝါညိုသည်။ ။**နှစ်သိ လွှာခုံ ကြိုက်ပျော်တည်း။**

မျက်နှာရှန်းဝေ။ ။ဂုဏ်ထွေထွေတည့်၊သရေတင့်ထူး၊ရောင်လျှံ မြူး၍၊ ပွင့်ဖူးသစ္စာ၊ဝေနေယျာကို၊ ခေမာသောင်ကမ်း၊ရောက်စေ

လမ်းဟု၊ ကြိုးပမ်းမယုတ်၊ အားသွန်ထုတ်လျက်၊ ရွှေနှုတ်ပြဒုံ၊ မြှက်ဟတုံသည်၊ လေးစုံမဂ္ဂ၊ မဇ္ဈိမဖြင့်၊ မျှားလှထွေထွေ၊ ကုဋေသန်းသန်း၊ ကျွတ်ခန်းလည်းရောက်၊ မဖောက်နှောင်ခါ၊ ပေါင်းမျှားစွာတို့၊ သိရာသိကြောင်း၊ ဓမ္မပေါင်းကား၊ ရှစ်သောင်းလေးထောင်၊ခန္ဓာဆောင်၍၊ဖွဲ့နှောင်သိပ်သည်း၊စည်း၍လည်းဖွင့်၊ ဆင့်၍လည်းဖော်၊ လုံးပေါ်လုံးချင်း၊ ရှင်း၍လည်းပြ၊ ဓမ္မစည်ဋိမ့်၊ နှားဝင်စိမ့်အောင်၊ ဗယ်လှိမ့်ညာပြန်၊ တီးလေဟန်သို့၊ ပြန်ပြန်ခေါက်ခေါက်၊ ထိုးဖောက်သိရေး၊ မြှက်ဖော်ပေးခဲ့၊ နုံ့ နှုးဝသီ၊ ပါရမီသေး၊ ရှည်ဝေးနှောင်လာ၊ အားထားရာဟု၊ သာသနာစစ်၊ ထွန်းသစ်နေလား၊ ဖွင့်ဖော်ထားခဲ့၊ ကိုယ်စားမှတ်ယူ၊ ဆူဆူထင်းထင်း၊ ဓာတ်အကြွင်းဟု၊ တည်ခင်းပြုကာ၊ ကိုးကွယ်ရာလည်း၊ ထင်စွာသိသိ၊ ထားလေဖိရှင့်၊ ပုံရှိမကွာ၊ ကိုယ်တော်သာဟု၊ စိတ်မှာစဲ့မှတ်၊ သဒ္ဓါဓာတ်ဖြင့်၊ မပြတ်ကိုးရာ၊ တည်ရှိလာသား၊ သုံးဖြာဘဝ၊ တိလောကာ၌၊ မာရဇိန်၊ မည်ခံဂုဏ်သိန်၊ မာရဇိန်ဟု၊ ကျော်ရှိန်ထိန်သံ၊ ညိုးညိုးညံနှင့်၊ ဝင်းလျှံဣဒ္ဓိ၊ ရောင်ပျံချိသည်၊ **ညစ်ကျိုကွာလှုံထိုက်လျော်တည်း**။

စကြာပန်းခွေ။ ။ကွန်မြူးလေသား၊လေကြွန့်နှုန်းသင်းရနံ့သို့၊ ပျံ့ပျံ့လှိုင်ကြူ၊ ဇမ္ဗူမြေထက်၊ ဂုဏ်ရောင်ယှက်၍၊ ပြိုးပြက်ထိန်ဝါ၊ သာသနာ၌၊တေဇာကြီးလှ၊ မြတ်ထေရနှင့်၊သိသဏူးထူး၊ဂုဏ်ရည်မြူးတို့၊ ကြည်နူးပျော်ရာ၊ နေခန်းဝါကား၊ ရောအောက်ရပ်၊ ဂုဏ်လျှပ်လျှပ်နှင့်၊ ပျပ်ဝပ်ကြည်ယုံ၊ ကိုးစားလှုံသည်၊ သုံးပုံထွေပြား၊ မြတ်ဘုရားနှင့်၊ တရားသံဃာ၊ ရောင်ဝါထိန်ဝင်း၊ တထင်းထင်းနှင့်၊ သတင်း လည်းပေါ်၊ ကျော်သူ လည်းပေါ်၊ သဘောလည်းဖြူ၊ ခပ်သိမ်းလူတို့၊ သိမ်းယူပုည၊ ဓနဂုဏ်သိန်၊

အချိုအချ ပဒေသီအဖွင့် ပိုဒ်စုံရတု

မေ့းမ့ိန်မရှိ၊ လွန်စုံဖိကြောင့်၊ ထက်သိအောက်ကျော်၊ မည်ခေါ်
ကျိုက်လတ်၊ နေရာထွတ်ဌ၊ ကျမ်းမြတ်ပရိ၊ ယဇ်တွေ်လည်းထွန်း၊
ကျင့်ခန်းပဋ္ဌိ၊ ပတ္တွေ်လည်းပြည့်၊ စည့်စည့်လည်းမြူး၊ ထူးထူးလည်း
လက်၊ ပြက်ပြက်လည်းထင်၊ မြတ်အရှင်တို့၊ ပျော်ရှင်စုစည်း၊
နိဿရည်းနှင့်၊ ဝိနည်းမစောင်း၊ ကိုယ်နှုတ်ကျောင်းလျက်၊ ကိန်း
အောင်းသည်းခံ၊ စာသံထွတ်ထွတ်၊ နှုတ်မလွတ်သို့၊ ရှုတ်ဖတ်
သဇ္ဈာယ်၊ နည်းမျိုးကြွယ်သား၊ဆန်းကြယ်ဆောက်ဦ၊နန်းမှုစနစ်၊
စုလစ်ထောင်ထောင်၊ ပြာသာဒ်ခေါင်နှင့်၊ ဘုံဆောင်ငွေါ်ငွေါ်၊
ကျောင်းတော် များလည်း၊ တင့်ထွား မိုးပျံ့၊ ဝန်းရံ တံတိုင်း၊
ပတ်လည်ဝိုင်းရ၊ ကသိုဏ်းဟန်ပန်၊ ရေကန်ရေတွင်း၊ ရှုခင်းစုံစိ၊
သဒ္ဒါပြီသည်။ ***။ပစ္ဆိမာရုံ တိုက်တော်တည်း။***

ပစ္ဆိမာရုံ သာသနာဝင်

တိလောကမာရဇိန်

ကျိုက်လတ်မြို့ဟုဆိုလျှင် ရှေးဦး တိလောကမာရဇိန် ဘုရားကြီးသို့ စိတ်ရောက်သွားပေလိမ့်မည်၊ ဘုရားကြီးသည် ကျိုက်လတ်မြို့၏ကျက်သရေ ဆောင်ဖြစ်၏၊ ပစ္ဆိမာရုံဟူ၍လည်းကောင်း၊ ပုဗ္ဗာရုံဟူ၍လည်းကောင်း၊ ဒက္ခိဏာရုံဟူ၍လည်းကောင်း၊ ကျောင်းတိုက်တော်တို့၏ အမည် ဖြစ်ပေါ်လာရခြင်းသည်လည်း တိလောကမာရဇိန် ဘုရားကြီးကို အစွဲအမှီပြု၍ ဖြစ်ရလေသောကြောင့် ယင်းဘုရားကြီးသည်ပင်လျှင် အဆိုပါ ကျောင်းတိုက် အမည်ကို ပေးသည်ဟုဆိုလျှင်လည်း တမျိုးမှန်နေသည်ဖြစ်သောကြောင့် ထိုကျောင်းတို့၏ အခကြောင်းသမိုင်းဖြစ်စဉ်ကိုဆိုလျှင် ဘုရားကြီးကို ချန်ထား၍ မဖြစ်ပါပေ။

တိလောက မာရဇိန်ဘုရားကြီးကို ၁၂၅၂ ခု၊ ကဆုန်လဆန်း ၁–ရက် အင်္ဂါနေ့ နံနက် ၅ နာရီတွင် စတင်သွန်းလောင်း၍ ၎င်းလဆန်း ၄ ရက်သောကြာနေ့ နံနက် ၈ နာရီ၌ ပြီးစီးအောင်မြင်လေသည်။

ဘုရားကြီး၏ ဥာဏ်တော် အမြင့် ပမာနကား ၉ တောင်၊ ၁၆ လက်မ ရှိ၏၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိ ရုပ်ပွားတော်ကြီးထက် ဥာဏ်တော် ၂ မိုက် မြင့်တော်မူသည်၊ ဘုရားကြီး သွန်းလောင်းရာ၌ ပါဝင်သောကြေးချိန်ပေါင်းကား ၄၆၇၁ ပိဿာနှင့် ၅၀ ကျပ်သား ဖြစ်၏၊ နဖူးသင်းကျစ်တော်၌ ငွေသား ၂၄၇၆ ကျပ်သား၊ ရွှေ ၆၃ ကျပ်သားတို့ကို ထည့်သွန်းလောင်း၏၊ ကြေးသွန်း ပန်တဉ်းဆရာတို့အား လက်ခ ကံကျွေး ၈၇၀၀ ကျပ် ပေးရ၏။

ကြေးသွန်းဘုရားကြီး ဖြစ်လာရခြင်း

မြတ်စွာဘုရား ရုပ်ပွားတော်ကြီးကို ပထမ အုတ် အင်္ဂေတို့ဖြင့် ပြုလုပ်ရန် ရည်ရွယ်၍ အုတ်ဖုတ် အလုပ်၌ ကျွမ်းကျင်သူတို့ကို လည်းကောင်း၊ ကျွမ်းကျင်သော ပန်းရန်ဆရာတို့ကိုလည်းကောင်း၊ ထိုထိုအရပ်မှ ရှာဖွေခေါ်ယူ၍ အသပြာ မျှားစွာ အကုန်ခံ၍ အုတ်ဖုတ်လုပ်စေကုန်၏၊ဖုတ်လုပ်လိုက်သော အုတ်တို့သည် နံနက် ပြီးသည်ဆိုလျှင် ညနေမှာ အပိုင်းပိုင်း အစိတ်စိတ် ကွဲအက်ကုန်၏၊ဤသို့နှင်နှင် မအောင်မြင် ဖြစ်နေသောကြောင့် အုတ် အင်္ဂေတေဖြင့် ပြုလုပ်မည်ဟူသော အစီအစဉ်ကို စွန့်လွှတ်ကာ ကြေးကို သွန်း၍ ကြေးသွန်းဘုရား ဖြစ်အောင် ပြုလုပ်ရန် သဘောတူကြကာ ကျွမ်းကျင်သော ကြေးသွန်း ပန်းတဉ်းဆရာတို့ကို ရှာဖွေခေါ်ဆောင်၍ ကြေးသွန်းရုပ်ပွားတော်ကြီး သွန်းလုပ်ကြလေကုန်၏။

မြတ်စွာဘုရား ရုပ်ပွားတော်ကြီး သွန်းလုပ်တည်ဆောက်ရာ၌ လူကြီး ၅၆ ဦးတို့ ဦးဆောင်ကြကုန်၏၊ ထိုပုဂ္ဂိုလ်ကြီးတို့၏ အမည်ကို အဆက်ဆက်သော နောင်လာနောက်သားများ သိကြစေရန်နှင့် ငါတို့ ဘကြီး၊ ငါတို့ ဘိုးဘေး စသည်ဖြင့် သိရှိကြ၍ ဝမ်းမြောက်ရှင်ပျ သဒ္ဓါတရား ထက်ကြွနိုင်ကြစေရန်အတွက် ဤ၌ ထည့်သွင်းဖော်ပြလိုက်ပါသည်။

၁။	ဦးရန်ရှင်း	တိုက်သူကြီး
၂။	ဦးရှေရေး	အင်စပက်တော်
၃။	ဦးထွန်းမြူ	ရာဇဝတ်အုပ်
၄။	ဦးကျားဗိုလ်	တိုက်သူကြီး
၅။	ဦးဖိုးကူး	ရာဇဝတ်အုပ်
၆။	ဦးလင်း	ပွဲစားကြီး
၇။	ဦးစံကျော်	ကုန်သည်ကြီး

၈။	ဦးချိန်	ပုံစံးကြီး
၉။	ဦးရှေအုန်း	ကုန်သည်
၁၀။	ဦးသုံ	သစ်ကုန်သည်
၁၁။	ဦးစံပေါ်	ဆေးဝါးကုန်သည်
၁၂။	ဦးအုန်းခိုင်	ပန်းပဲဆရာကြီး
၁၃။	ဦးရှေငါး	ရှေပန်းထိန်
၁၄။	ဦးမြတ်သာ	လှေသူကြီး
၁၅။	ဦးရှေတိုင်	လှေသူကြီး
၁၆။	ဦးမောင်ကြီး	ပုံစံးကြီး
၁၇။	ဦးကံကြီး	ကုန်သည်
၁၈။	ဦးရှေမင်း	ကုန်သည်
၁၉။	ဦးစံမင်း	လှေသူကြီး
၂၀။	ဦးထွန်းအောင်	ရှေနေ
၂၁။	ဦးသာဘေး	ကုန်သည်
၂၂။	ဦးဖိုးခင်	ကုန်သည်
၂၃။	ဦးထွန်းအေး	ပုံစံး
၂၄။	ဦးထွန်းလှ	တောအုပ်
၂၅။	ဦးဖိုးရွတ်	လှေသူကြီး
၂၆။	ဦးမြိုင်	သစ်ကုန်သည်
၂၇။	ဦးကြယ်	တရားဟောဆရာ
၂၈။	ဦးတူ	ကုန်သည်ကြီး
၂၉။	ဦးသာကွန်း	ကုန်သည်ကြီး
၃၀။	ဦးမြိုင်	ဆေးဆရာ
၃၁။	ဦးဆယ်	စပါးကုန်သည်
၃၂။	ဦးအောင်ငြိမ်း	ကုန်သည်

၃၃။	ဦးရှေမျှင်	စပါးကုန်သည်
၃၄။	ဦးချင်းပြန်	စပါးကုန်သည်
၃၅။	ဦးအောင်မြတ်ကျော်	စပါးကုန်သည်
၃၆။	ဦးဖာကလေး	လှေသူကြီး
၃၇။	ဦးရှေမြ	လှေသူကြီး
၃၈။	ဦးရှေဖန်	လှေသူကြီး
၃၉။	ဦးကြူး	လှေသူကြီး
၄၀။	ဦးဖိုး	လှေသူကြီး
၄၁။	ဦးပြား	လှေသူကြီး
၄၂။	ဦးဆင်	လှေသူကြီး
၄၃။	ဦးသက်ရှည်	ကုန်သည်
၄၄။	ဦးသာဦး	ကုန်သည်
၄၅။	ဦးကျော်ဟိုး	ကုန်သည်
၄၆။	ဦးပိန်	ကုန်သည်
၄၇။	ဦးအောင်ရာ	လှေသူကြီး
၄၈။	ဦးစိန်	လက်သမားဆရာ
၄၉။	ဦးဖိုးဦး	ဆေးဆရာ
၅၀။	ဦးကျော်ပါ	ဆရာကြီး
၅၁။	ဦးရှေအုပ်	စပါးကုန်သည်
၅၂။	ဦးမြတ်ထွန်း	စပါးကုန်သည်
၅၃။	ဦးချမ်းအေး	ရှေပန်းထိန်ဆရာ
၅၄။	ဦးချိန်	ကုန်သည်
၅၅။	ဦးရှေဖြန်	ကုန်သည်
၅၆။	ဦးဖိုး	ကုန်သည်

ဤကောင်းမှုရှင်တို့၏ အဆက်အနွယ်တို့ ရှိတန်သရွေ့ ရှိကြပေကုန်ရာ၏၊ ထိုပုဂ္ဂိုလ်တို့သည် မိမိတို့၏ မိဘ ဘိုးဘွားတို့၏ ကောင်းမှုသည် မိမိတို့၏ ကောင်းမှုပင်ဖြစ်သည်ဟု အားတက်ရှင်လန်းကြစေရန် ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဤနေရာ၌ သာဓကတခုကို ပြပါမည်၊ ဆိုခဲ့သော မူလကောင်းမှုရှင်တို့တွင် ဦးမြတ်ထွန်း ပါရှိ၏၊ယင်း ဦးမြတ်ထွန်း၏ မြေးသည် ဒေါ်စန်းမြင့်ဖြစ်၏၊ သူကား ရန်ကုန်မြို့ ရန်ကုန်သတင်းစာတိုက်ပိုင်ရှင် ဦးအောင်မြင်၏ ဇနီး ဖြစ်လေသည်၊ မိမိတို့၏ အဘိုးဖြစ်သူ ဦးမြတ်ထွန်း၏ ကောင်းမှုဖြစ်သော ယင်း တိုလောကမာရဇိန် ဘုရားကြီး မြောက်ဖက် တန်ဆောင်းဟောင်းမြင်းနေသည်ဖြစ်၍ အသစ်ပြန်လည် ပြုလုပ် လှူဒါန်းကြကုန်၏၊ ထိုကြောင့် တန်ဆောင်းကြီး၌-

> "ဦးမြတ်ထွန်း-ဒေါ်သုံတို့၏ မြေး၊ ရန်ကုန်သတင်းစာတိုက်ပိုင်ရှင် ဦးအောင်မြင်-ဒေါ်စန်းမြင့် သားသမီးတစု ကောင်းမှုနတ်လူ သာဓု ခေါ်စေသော၊ ၁၃၂၄ ခုနှစ်"

ဟူသော ကမ္မည်းစာကို အထင်းသား မြင်ကြရလေကုန်၏။

ရှေကျင်ဆရာတော်ဘုရားကြီး၏
တပည့်ကျော်များ

တိုလောကမာရဇိန်ဘုရားကြီး အောင်မြင်ရေးနှင့် တက္ခ ပစ္ဆိမာရဲ့ ရှေကျင်ကျောင်းတိုက်ကြီးကို တည်ထောင်ခဲ့သော ဆရာတော်ဘုရားကြီးသည် ဦးသောမ ဖြစ်၏၊ အရှင်သောမထေရ်သည် ရှေကျင်ဆရာတော်ဘုရားကြီး၏ လက်ရုံး တပည့်ကြီးတဦး ဖြစ်၏။

နောက် အဆက်ဆက်သော ပုဂ္ဂိုလ်တို့အား အမှတ်တရ ဖြစ်စေခြင်းငှာ ရှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ကြီး ဖြစ်ကြကုန်သော အရှင်ထေရ်မြတ်တို့ကို ကွမ်းခြံကုန်းမြို့အနောက်ဖက် သုံးခွ မဟာဝုန်တောရ ကျောင်း၌ သီတင်းသုံးတော်မူသော သက်တော် ၇၉-နှစ်ရှိ အရှင်ဇဝနဗုဒ္ဓိ ထေရ်မြတ် ၁၂၇၂-ခုနှစ်၌ အပြီးစီရင်ခဲ့သော "ခုဒ္ဒက ရှေကျင်ဝံသ" မှ ထုတ်နုတ်ဖော်ပြပါအံ့၊ ပြဆိုလတ္တံ့သော ဆရာတော်အရှင်မြတ်တို့ကား မန္တလေးတောင်၏ မြောက်ဘက်စွန်း၌ရှိသော ရှေကျင်ကျောင်းတိုက်ကြီး၌ ဂန္ဓဝါစက ဖြစ်ခဲ့ကြကုန်သော ရှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ကြီးတို့တည်း-

၁။	အရှင်ဝိသုဒ္ဓ	ဝိသုဒ္ဓါရုံဆရာတော်
၂။	အရှင်သုမန	မတ္တရာတောရဆရာတော်
၃။	အရှင်ဉာဏဝံသ	အရှေ့မှန်ကျောင်းဆရာတော်
၄။	အရှင်ဂုဏ္ဍ	ရှေဘုံမြောက်လက် ဘုတ်အိုးရွာဇာတိ
၅။	အရှင်ဂုဏ္ဍက	ရှေဘုံမြောက်ဘက် သရိုင်ရွာသား
		ဒုတိယ ထရံကာဆရာတော်
		(နောက် ထရံကာဆရာကြီး)

၆။ အရှင်ဝိမလ အလုံမြို့ တောင်ဘက် မောင်းထောင်ရှာဇာတိ၊ သုံးဆယ်ဆရာတော်

၇။ အရှင်သာသန ရန်ကုန် ကျောင်းတော်ရာ ရှေကျင်ဆရာတော် (ဤဆရာတော်ကို ရှေကျင်ဝံသ ပါဠိနိဿယဒ္ဓ အထက်အညာ သစ်ဆိမ့်ရှာဇာတိ ဟု သာမည ပြုထားသည်။ အမှန်မှာအမရပူရမြို့၊မင်းပိုင်းရပ် ခရိုင်အုပ်မင်း ဦးဖော့-ဒေါ်စပယ် တို့မှဖွားမြင်သည်။)အသက် ၇-နှစ်သား အရွယ်မှာ သီလုံဆရာတော်ကြီး သစ်ဆိမ့်ကြီးရှာ၌ ခေတ္တသီတင်းသုံးစဉ် ထိုဆရာတော်ကြီးထံ၌ စာစ,သင်သည်။

၈။ အရှင်အရိယဝံသ ရှေဘိုနယ်သား တတိယထရံကာ ဆရာတော်

၉။ အရှင်ပညာ ဒီပဲယင်းဆရာတော်

၁၀။ အရှင်ဂန္ဓမာ ဟသ်ာတဇာတိ မိုးကော်ဘင်းဆရာတော်

၁၁။ အရှင်အာစရ အလုံ ဝါးတောမ ရှာသား၊ ဘီလူးကျွန်း ဂိုဏ်းအုပ်ဆရာတော်

၁၂။ အရှင်ဝရ နှဲကြိုးဆရာတော် (နောင်နှဲကြိုးဆရာကြီး)

၁၃။ အရှင်သောမ အလုံအရတော်ရှာသား၊ကျိုက်လတ်ဆရာတော်

၁၄။ အရှင်ဇဝန အလုံ မင်းရှာ ကျောက်အိုင်တောရဆရာတော်

၁၅။ အရှင်မာလာ အလုံမြောက်ဘက် ရဲထွတ်ဆရာတော်

၁၆။ အရှင်ရေဝတ ရှေဘိုတောင်လက် သခွပ်တောရှာ ဆရာတော်

၁၇။ အရှင်ဥေ ယျ အင်းဝနယ် ဆီသယ်ရှာဇာတိ ဆမြိတ်ခုံတောရဆရာတော်

၁၈။ အရှင်ဝိစာရ ရှေဘို မောက်ကျိုးရှာဇာတိ၊ မန္တလေး ရှေတချောင်းအနောက်ဘက် မောက်ကျိုးတိုက်ဆရာတော်

၁၉။	အရှင်အာဝစိဏ္ဏ	ရှေဘိုဇာတိ၊ မော်လမြိုင်ဆရာတော်
၂၀။	အရှင်သုမင်္ဂလ	ရှေဘိုဆရာတော်
၂၁။	အရှင်သိရိ	ရှေဘို ရှေကျင်ကျေးရွာ ဆရာတော်
၂၂။	အရှင်ယသ	ပန်းချီတိုက်နယ် ဆားလင်းရွာဆရာတော်
၂၃။	အရှင်တိကွ	ထိုအရှင်ယသ၏ ညီတော်
၂၄။	အရှင်ဇိန	ဇလွန် နဲ့ကြိုးဆရာတော်
၂၅။	အရှင်ဥတ္တမ	ပဲခူးဇာတိ ကျိုက္ကစံဆရာတော်
၂၆။	အရှင်ဇိုန	အခြားဇိနထေရ်
၂၇။	အရှင်ဝိမလ	ပင်းတလဲဆရာတော်
၂၈။	အရှင်ပဒုမ	ပန်းချီဇာတိ လယ်တီပဒုမ
၂၉။	အရှင်ဉာဏဝံသ	ကုသိန်ဆရာတော် (ဗိုလ်ကုန်းဆရာတော်ဟု ကျော်ကြားသည်။)
၃၀။	အရှင်ဇောတ	ရှေဘိုတောင် လူခေါင်းဆင်းကွတ်ရွာဇာတိ၊ ဗန်းမော်ဂိုဏ်းအုပ်ဆရာတော်
၃၁။	အရှင်ဥက္ကံသ	ကုသိန်မြို့သား
၃၂။	အရှင်အရိယဝံသ	ကုသိန်ဆရာတော်
၃၃။	အရှင်ဂုန္ဒ	မန္တလေးမြောက်ခွင် ဆင်ရွာဇာတ် မန္တလေးသား၊ စစ်ကိုင်းဆရာတော်
၃၄။	အရှင်ဇဝနဗုဒ္ဓိ	ကသာဇာတိ၊ သုံးခွ မဟာဝုန်ဆရာတော်
၃၅။	အရှင်ဂန္ဓမာ	ကျောက်မြောင်းမြို့သား၊ စတုတ္ထ ရှေကျင်ဆရာတော်၊ ကလေးမြို့ဆရာတော် (ရှေကျင်ဆရာတော်ကြီး နောက် စတုတ္ထမြောက် ရှေကျင်တိုက် ဆရာတော်ဖြစ်သဖြင့် စတုဿ ရှေကျင်ဆရာတော်ဟု ခေါ်သည်။)

ဤသည်တို့ကား ရေးသားပြုစုသောဆရာတော်ဘုရား မှတ်သား သတိရဃမျှသောပုဂ္ဂိုလ်တို့သာ ဖြစ်ကြပါကုန်၏။ ယင်း ရှေကျင်တိုက်ကြီးကား မန္တလေးတောင်၏ မြောက်ဘက်၌ တည်ရှိခဲ့၏၊ ရှေကျင်ဆရာတော်ဘုရားကြီးကိုယ်တိုင် သီတင်းသုံး အုပ်ချုပ်တော်မူအပ်သော တိုက်ကြီးဖြစ်သည် မဟာဓမ္မိကာရုမဘုရား ခေါ်ဝေါ်ကြကုန်၏။

(**မှတ်ချက်**) အဆိုပါ တပည့်ကျော်တို့ကို ဖော်ပြထားသော ခုဒ္ဒက ရှေကျင်ဝံသ ကျမ်းနိဿယ ဂါထာနှံပါတ် (၇)၌ "ပရိယတ္တိဝိသာရဒါ၊စာပေကျမ်းမြတ် ပိဋကတ်၌ မပြတ်နှဲဆင့် ကဲကဲတင့်သဖြင့် ရဲရင့်ကုန်သော။ တေသိဿာ၊ သတ္တာဗီသ ထိ စာပြတပည့်အပေါင်းတို့သည်"ဟူ၍ သတ္တာဗီသ(၂၇)ဟု ဆိုထား၏၊ ပုဂ္ဂိုလ်တို့ကို အမည်ဂုဏ်ထူးနှင့်တကွ ထုတ်ပြထားရာ၌ကား ထုတ်ပြခဲ့သော် အစဉ်အရ ၃၆ ပါး ရှိနေပေသည်၊ အကူး အပြောင်း လွဲမှားလာခဲ့ပုံရ၏၊ အရေအတွက်အတိုင်း ဆိုရလျှင် သတ္တာဗီသ မဟုတ်၊ 'ဆတ္တိံ'သ'သာ ဖြစ်ပါသည်။

အဆိုပါ ထုတ်ဆောင် ဖော်ပြခဲ့သော ထေရ်မြတ်ကျော်တို့သည် ရှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ကြီး ဂန္ဌဝါစကတို့ ဖြစ်ကြကုန်၏၊ ထို ဂန္ဌဝါစကထေရ်မြတ်တို့တွင် အပါအဝင်ဖြစ်သော အလုံ အရတော် ရှာသား အရှင်သောမထေရ်မြတ်သည် ကျိုက်လတ်မြို့ ပစ္ဆိမဘုံကျောင်းတိုက်ကို စတင် တည်ထောင်ခဲ့သောပုဂ္ဂိုလ်ဖြစ်၏။

ဆရာတော် ဦးသောမ

ဆရာတော် ဦးသောမသည် အလုံမြို့နယ်၊ အရာတော်ရွာ ဇာတိဖြစ်၏၊ ၁၁၉၉ ခုနှစ်၌ ဖွားမြင်၏၊ ယင်း ခုနှစ်၌ ဖွားမြင်ကြောင်းကို ကိုယ်တိုင် စိရင်အာပ်သော ပါမောဇ္ဇဒီပနီကျမ်း၊ ဗောဓိသမ္ဘာရပကာသနီကျမ်းတို့၏ နိဂုံး၌ ဖော်ပြထားချက်တို့အရ သိရပေသည်။

(ပါမောဇ္ဇဒီပနီကျမ်းသည် သာသနာ ၂၄၅၁ ခု၊ကောဇာ ၁၂၆၉ ခု၌ ပြီးစီး၏၊ ထိုသက္ကရာဇ်၌ ဆရာတော်၏ သက်တော် ၇၀၊ ဝါတော် ၅၀ ဖြစ်သည်။)

ဗောဓိသမ္ဘာရပကာသနီကျမ်းသည် သာသနာ ၂၄၆၃ ခု၊ ကောဇာ ၁၂၀၁ ခု၌ ပြီး၏၊ ထိုသက္ကရာဇ်၌ ဆရာတော်၏ သက်တော် ၈၂ နှစ်၊ ဝါတော် ၆၃ ဝါဖြစ်သည်၊ယင်းသက္ကရာဇ်တို့အရ ၁၁၉၉ ခု ဖွားမြင်ကြောင်း သိရ၏၊ ဆရာတော်၏ ဥပဇ္ဈာယ် ဆရာတော်သည် ဝါးတောမ ဂိုဏ်းအုပ် ဆရာတော်ဖြစ်၏၊ (ရှေကျင်ဆရာတော်ကြီး၏တပည့် ခေါင်းစဉ်နံပါတ် ၁၁)

ဆရာတော်သည် ရဟန်း တဝါရစကပင် ဒွေမာတိကာကို နှုတ်တက် အာဂုံ ဆောင်လာသည်ဖြစ်၍ ၁၂၂၅ ခုနှစ်၊ မင်းတုန်းမင်းတရားကြီး လက်ထက် ရှမ်းကလေးဆရာတော်အား သာသနာကို လွှဲအပ်သောအခါ ဥပဇ္ဈာယ်ဆရာတော်ဖြစ်သော ဝါးတောမဂိုဏ်းအုပ်ဆရာတော်၊ရဲခြင်းဆည် အောက်ဂိုဏ်းထောက်ဆရာတော် ဦးသီလ၊ အောင်သာဂုံဏ်းထောက်ဆရာတော် ဦးလက္ခဏတို့က ဒွေမာတိကာကိုရသော ပုဂ္ဂိုလ်ထံ မရသောပုဂ္ဂိုလ်တို့က မှီခို အဆုံးမခံကြရမည်ဟု အမိန့်ချမှတ်ချက် အရ ထိုစဉ်ကပင် ဒွေမာတိကာကိုမရသော ရဟန်းအိုကြီးများအား ဩဝါဒပေးလာခဲ့သည်။

၁၂၃၃ ခုနှစ်၌ ရခိုင် ဓညဝတီသို့ တောင်တော်ဆရာတော်ကြီး၊မြတောင်ဆရာတော်ကြီး၊ ခေါ်တော ဆရာတော်ကြီးသုံးပါး သာသနာပြု ကြွတော်မူကြသောအခါ လက်ထောက်ဆရာလုပ်၍ သံဃာ သုံးကျိပ်ကျော်တို့ကို အုပ်ထိန်းသြဝါဒပေး၍ လိုက်ပါ သာသနာပြုခဲ့၏။

၁၂၃၅ ခုနှစ်၊ မင်းတုန်းမင်းတရားက ငါးစို့ ကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်း၍ ထိုကျောင်းတိုက်၌ ဦးစီးဦးကိုင်ပြု၍ ခုနစ်ကျိပ်ကျော်သော သံဃာတော်တို့ကို အုပ်ချုပ်ကာ သာသနာပြုတော်မူခဲ့၏။ (ယင်း ငါးစို့တိုက်ကား နောင် ပျက်စီး၍ လယ်ကွင်းသဖွယ် ဖြစ်သွား၏၊ ၁၂၈၈–ခု နယုန်လမှစ၍ အရှင်ပဝရ အရှင်ကုမာရ (အရှင်ပဝရ၏အစ်ကို) အရှင်အာဝစိဏ္ဏ၊အရှင်ဓမ္မာနန္ဒတို့ လေးဦး မိဘမဲ့ကျောင်း တည်ထောင်လာခဲ့ကြ၏။ ယခု အရှင်ပဝရထေရ် သီတင်းသုံးလျက်ရှိသော "ဘီ ဘီ အို အေ" ခေါ် မိဘမဲ့ကျောင်းတိုက်သည် ယခင် ငါးစို့တိုက်နေရာဖြစ်သည်၊ မြေ ၈–ဧက ရှိ၏။)

ဂုံညင်းဆိပ်၌လည်း တိုက်အုပ်အဖြစ်ဖြင့် သာသနာပြုခဲ့သည်၊ ထိုစဉ်က စက်ပန်းဆရာတော်ကြီး၊ ကုန်းဘက်ဆရာတော်ကြီး၊ ခေါ်တောဆရာတော်ကြီး စသော ဆရာတော်ကြီး ရှစ်ပါး နန်းတော်တွင်း ဘုရင့်ထံ တလ လေးကြိမ် အမှန်ဝင်၍ ဟောပြောဆုံးမ သြဝါဒပေးတော်မူကြသောအခါ ထိုဆရာတော်ကြီးများနှင့် အတူ အမြဲလိုက်ပါခဲ့သည့်ပြင် စက်ပန်းတိုက်၊ ကုန်းဘက်တိုက် စသော တိုက်တို့၌ တလှည့်စီ တလ လေးသီတင်း ကြွရောက်၍ ဟောပြောဆုံးမ သြဝါဒ ပေးရလေသည်။

တောင်တော်ဆရာတော်ကြီး၊ သောဘိတာရာမဆရာတော်ကြီး၊ ရမည်းသင်း ဆရာတော်ကြီး၊ ရှေကျင်တိုက်အုပ် ဆရာတော်ကြီး စသော ဆရာတော်ကြီးများနှင့်အတူ မိမိနေရပ် အလုံမြို့သို့ ကြွရောက်၍ အကြိမ်ကြိမ်

သာသနာပြုခဲ့သည့်ပြင် ၁၂၄၃ ခုနှစ်၊ သီပေါမင်းလက်ထက်၌ မုံရွာမြို့၊ ရွှေစည်းခုံစေတီတော်ကြီး မြောက်ဖက် (ကုလားတို့ကပ်တဲ နေရာ) တွင် လေးဆောင်တဲ့ ကျောင်းကြီး နှစ်ကျောင်းကို အရံမြင်းတား သရဘုတ် ကုဋေအိမ် ငါးလုံးတဲ့နှင့် တက္ခ ဆောက်လုပ်လှူဒါန်းသဖြင့် မိမိကိုယ်တိုင် ဦးစီးဦးကိုင်ပြုကာ နောက်ပါသံဃာ ၂၅ ပါး၊ စာရေးကြီး၊ စာရေးငယ် ၂ ယောက်၊ ကပ်ပိယ ၂ ယောက်တို့နှင့် အတူ ကြွရောက် သီတင်းသုံး၍ သာသနာပြုတော်မူခဲ့၏၊ (ထိုကို အစဲ့ပြု၍ ကျောင်းတော်ဆရာတော်ကြီး ဟူ၍ အမည်တွင်ခဲ့ရ၏။)

၁၂၄၉ ခုနှစ်၊ ရန်ကုန်မြို့ ကျောင်းတော်ရာရှေကျင်တိုက်ကြီး၌ သီတင်းသုံးတော်မူ၏၊ ထို၌ သီတင်းသုံးစဉ် ပဲစားကြီး ဦးဖောင်သာဝေ၊ပဲစားကြီး ဦးဖိုးလှစသော ပဝါရိတ ဒါယကာကြီးငယ်တို့ကို ဟောပြော၍ ပိဋကတ်သုံးပုံ ပြုလုပ်လှူဒါန်းစေခဲ့သည်၊ သံဃာတော်များ သီတင်းသုံးလောက် အောင် ကျောင်းကြီးကျောင်းငယ်တို့ကိုလည်း ဆောက်လုပ်စေခဲ့သည်။

မှတ်ချက်။ ၊ကျောင်းတော်ရာ ရှေကျင်ဆရာတော် ဘုရားကြီး အရှင် သာသနထေရ်မြတ်သည် ၁၂၀၅ ခုဖွားဖြစ်၏၊ ၁၈–ဝါရ ၁၂၄၂ ခု၊ ပြာသိုလဆန်း ၂–ရက် စနေနေ့တွင် ကျောင်းတော်ရာ ရှေကျင်တိုက်ကို လက်ခံ၍ စတင်အုပ်ချုပ် သီတင်းသုံးတော်မူ၏၊ ကျောင်းတော်ရာ ဆရာတော် အရှင်သာသနထေရ် ခုနစ်ဝါမျှ သီတင်းသုံးပြီးသောအခါ ၁၂၄၉ ခုနှစ်မှာ ဆရာတော် အရှင်သောမထေရ်မြတ်ကြွရောက်သီတင်းသုံးတော်မူသည်၊အရှင်သောမထေရ်က ဆရာတော်အရှင် သာသနထေရ်ထက် ခြောက်ဝါကြီးတော်မူ၍ ထေရ်ကြီး ဆရာတော်အဖြစ်ဖြင့် သီတင်းသုံးတော်မူရ၍ ဆရာတော် အရှင်သောမထေရ်ကိုလည်း ကျောင်းတော်ရာ ဆရာတော်ဟူ၍ပင် ထိုစဉ်က ခေါ်ဝေါ်ကြ၏၊ ထို့ကြောင့် ဆရာတော်

ဦးသောမထေရ်သည် ကျောင်းတော်ရာ ဆရာတော်ဟု အမည်တွင်ခဲ့ရခြင်း ဖြစ်လေသည်။

ဆရာတော် ဦးသောမသည် ၁၂၅၀ ပြည့်နှစ်မှာ ကျိုက်လတ်မြို့နယ် စိန်ဟိုင်းရွာ၌သီတင်းသုံးတော်မူပြီး ၁၂၅၁–ခုမှာ ကျိုက်လတ်မြို့သို့ကြွရောက်သီတင်းသုံးတော်မူသည်၊ ထိုအခါမှစ၍ ကျိုက်လတ် ဆရာတော်ကြီးဟူ၍ အသက်ထက်ဆုံး အမည်တွင်လေတော့သည်၊ ထို့ကြောင့် ဆရာတော်ကိုယ်တိုင် ဗောဓိသမ္ဘာရ ပကာသနီကျမ်း နိဂုံး၌ ၁၂၄၃ ခုနှစ် သီပေါမင်းလက်ထက် မုံရွာကျောင်းတော်မှာ သာသနာပြုသောအခါ "ကျောင်းတော် ဆရာတော်ကြီး"၊ ၄၉ ခုနှစ် ရန်ကုန် ကျောင်းတော်ရာတိုက်၌နေစဉ် "ကျောင်းတော်ရာ ဆရာတော်ကြီး"၊ ၅၀ ပြည့်နှစ် စိန်ဟိုင်းရွာ၌နေစဉ် "စိန်ဟိုင်းဆရာတော်ကြီး"ဟု ခေတ္တနေစဉ်သာ အမည်ထင်ရှားပြီ၊ ၅၁ ခုနှစ်မှ ၈၁ ခုနှစ်တိုင် ဤအမည် ခိုင်ခဲ့ကြာမြင့်တည်၏ ဟူ၍ မိန့်ဆိုထားလေသည်၊ (ဤအမည်ဟူသည် "ကျိုက်လတ်ဆရာတော်ကြီး"ဟူသော အမည်ဖြစ်သည်။)

ဆရာတော်ကြီးဦးသောမထေရ်မြတ် ကျိုက်လတ်သို့ကြွရောက်လာသော အခါ ရပ်ရွာဦးဆောင်ဖြစ်ကြကုန်သော တိုက်သူကြီး ဦးရန်ရှင်းအစရှိသော သူတို့သည် ဘုရားရုပ်ပွားတော်ကြီးတဆူတည်ထားကိုးကွယ်ရန် ဆန္ဒပြင်းပြနေကြသော အခိုက်နှင့် ကြုံကြိုက်သည်ဖြစ်၍ ဆရာတော်ကိုယ်တိုင် ဘုရားရုပ်ပွားတော်ကြီး (တိလောကမာရဇိန် ဘုရားကြီး) သွန်းလောင်းရေးအတွက် ဟောပြောနှိုးဆော် တိုက်တွန်းဆောင်ရွက်တော်မူသည်၊ ထိုနှစ် ၅၁ ခုနှစ်မှာပင် ဒဂံါး နှစ်ထောင်တန် ပိဋကတ်တော် ပူဇော်ရန်အတွက်လည်း ဟောပြောဆောင်ရွက်တော်မူသည်။

ထို့ပြင် ရှေကျင်ပုဗ္ဗာရုံတိုက်၊ ရှေကျင်ပစ္ဆိမာရုံတိုက်တို့၌ ဝစ္စကုဋိ တွင်းတူးခြင်း၊ သန့်သက်ရေတန်လျှောက်၊ ကျင်ငယ်တန်လျှောက်တို့နှင့် တက္ခ

သက်နိုးတန်းထားရာဌာန စသည်တို့ကို ဝိနည်းဓမ္မကံနှင့်အညီ ကိုယ်တိုင်ကြပ်မ စီရင်တော်မူသည်။

ဆရာတော်ဘုရားကြီးသည် ဤမျှသာမက အခြားသော ဘုရားကျောင်းကန် တန်ဆောင်း အာရုံတို့ကိုလည်း မျှားစွာ ပြုလုပ်ခဲ့သေး၏၊ အထူးသဖြင့်မိမိဖွားမြင်ရာဇာတိဖြစ်သောအရတော်ရွာ၌ မိမိဆရာ၏အရိုးကို ရုပ်ပွားထုလုပ်စေခြင်း၊ မယ်တော်ကြီး၏ အရိုးကို ဖွတ်စေတီပြုလုပ်စေခြင်း၊ ဗောဓိသားဆင်းတု နှစ်ဆူ၊ ဘုရား ရဟန္တာဇာတ်တော်များနှင့် မဇ္ဈိမဒေသ မဟာဗောဓိ အသားတစ် စသည်တို့ကို ထည့်သွင်းဌာပနာ၍ အုတ်စေတီကို တည်စေခြင်း၊ ခြသေ့ရှစ်ကောင် မုခ် လေးမုခ် ရုပ်စုံချယ်၍ အထက် တန်ဆောင်းတို့ကိုပါ ဒဂံ်း ၈ ၊်းရာကျော် လက်ခပေး၍ ပြုစီရင်သည့်ပြင်ယင်း အရတော်ရွာ၌ပင် အနောက်ပုကားတိုက်၊ ဝါဆိုတိုက်၊ ဆည်ကန်တောရ တိုက်သစ်တို့ကို ဆောက်လုပ်စေခြင်းနှင့်တကွ အဟောင်းအသစ်ဖြစ်သော မျှားစွာသော ကျောင်းကန်ဘုရား သာသနာ အဆောက်အဦတို့ကိုလည်း ပြုလုပ်တော်မူခဲ့သေးသည်။

ပြုစုခဲ့သော ကျမ်းဂန်များ

ဆရာတော်သည် လောကအကျိုး၊ သာသနာ့အကျိုးအတွက် အရပ်ရပ်လှည့်လည်သီတင်းသုံး ဟောပြောဆုံးမသြဝါဒပေး၍သာ မဟုတ် ကျမ်းဂန်ပြုစုသော အားဖြင့်လည်း ဆောင်ရွက်တော်မူခဲ့သေး၏။

၁၂၃၅ ခု၊ ဝါတော် ၁၆ ဝါက ဝိဘဘျတ္ထ ဋီကာကျမ်းကို ပြုစုခဲ့၏၊ ၁၂၆၉ ခု၊ ဝါတော် ၅၀ မှာ ပုံနှိပ်ပြီးစီးသော ပါမောဇ္ဇဒီပနီကျမ်းကို ပြုစုခဲ့၏၊ သုဂတိ ဒီပနီကျမ်းကိုကား ဖြန့်ချီဖြစ်သည်၊ မဖြစ်သည် အမှန် မဆိုနိုင်ပါ၊ ပြုစုရန် ဆုံးဖြတ်သတ်မှတ်ခဲ့သည်ကား အမှန်ဖြစ်ပါ၏၊ ပါမောဇ္ဇဒီပနီကျမ်းဌ္ဌလည်း ယင်း သုဂတိဒီပနီမှာ ဆိုမည့်အကြောင်း အကြိမ်ကြိမ် ဝန်ခံညွှန်းဆိုထားသည်ကို တွေ့ရ၏၊ တွေ့ရပုံ–စာမျက်နှာ ၆ ၌ "ငါတို့

အလိုကား မဟာဂျုတ် လောကုတ္တရာ ကုသိုလ်တို့ထက်ပင် ကြီးကျယ် လွန်ကဲသည်ဟူ၍ ကာမာဝစရကုသိုလ်ကိုထင်မြင်၍ အပါမောဇ္ဇအရ ကာမာဝစရကုသိုလ်ကို ကောက်ချင်သတည်း၊ ၎င်းအကျယ်ကို သုဂတိဒိပနီကျမ်းဌ် လက်တန်းမသွယ် ခုဒ္ဒကနိကာယ် ဗုဒ္ဓဝင်နှယ်၍ ကြည့်ဖွယ် ပါဠိက ဟူသမျှကို ရှုပြီးမှတုံ ဆိုကုန်လတ္တံ့သတည်း" ဟူ၍လည်းကောင်း၊ စာမျက်နှာ-၇ ၌လည်း "၎င်းအကျယ်ကို သုဂတိဒိပနီကျမ်းဌ် မျှားစ္ဌာ ဆိုအပ်ပြီ" ဟူ၍လည်းကောင်း၊ စာမျက်နှာ-၁၁ ၌ "သဒ္ဓေန၊ သေလျှင်မချို့ တုသိတာသို့ ရောက်ရလိုသား ဆုပန်ထား၍ ကံ ကံ၏ အကျိုးတရားကို ယုံကြားကြည်စ္ဌာ သဒ္ဓါတရားလည်း ရှိတံ့သောဟူ၍ ၎င်းဆုကို တောင်းအပ်ကြောင်း၊ ဤ၌ ဖြစ်စေ၊ သုဂတိဒိပနီ၌ဖြစ်စေ ပါဠိ အဋ္ဌကထာ ဋီကာတို့ကို ဆောင်၍ ပြလတ္တံ့" ဟူ၍လည်းကောင်း၊ စာမျက်နှာ ၅၃ ၌ "ဥပေက္ခာသဟဂုတ် စသော အကြောင်းတိဟိတ် သြမကစသော ၊အကြောင်းကို ကျယ်အုံ့စိုး၍ မဆိုပြီ၊ သုဂတိဒိပနီကျမ်းသို့ ရောက်မှ ယုံကြည်လောက်သော သာဓက ဥဏ္ဍဋီတည္ဟု စသော တိဟိတ်သုံးမျိုးပါ အကျယ်ဆိုလတ္တံ့" ဟူ၍လည်းကောင်း၊ စာမျက်နှာ-၇၂ ၌လည်း "ဤလေးခု အတိုင်းသာ နိဗ္ဗာန်ဂုဏ်ကို အာရုံပြု၍ ပွားမျှားကြလေဦး၊ သုဂတိဒိပနီကျမ်းမှာမှ အဆန်းတကြယ် တကယ်ပြဦးအုံ့"ဟူ၍လည်းကောင်း ဝန်ခံမိန့်ဆိုညွှန်းချက်တို့ကား အထပ်ထပ် ရှိကြကုန်၏၊ သို့သော် ကျမ်းကိုကား မတွေ့သေး၊ ထုတ်ဝေ ဖြန့်ချီဖြစ်သည် မဖြစ်သည်ကို အမှန်မဆိုသာ ဖြစ်ရပေသည်။

၁၂၈၁ ခုနှစ်၌ သက်တော် ၈၂၊ ဝါတော် ၆၃ ဝါရှိသောအခါ ဗောဓိသမ္ဘာရ ပကာသနီကျမ်းကို ပြုစုတော်မူခဲ့၏၊ ဤကျမ်းကို ရသေ့ကြီး ဦးခန္ဓိတောင်းပန်၍ ပြုစုသည်၊ ကျမ်းကိုပြုစုသောအခါ သက်တော် ဝါတော်ကြီးရင့်လှပါပြီ၊ ကျန်းမာရေးလည်း ချိုင့်နေ၏၊ ထို့ကြောင့် ယင်းကျမ်းနိဂုံး၌-

"တေသင္ဌိဝဿိကေန၊ ခြောက်ဆယ့်သုံးဝါရှိထသော။ ဒ္ဒါသီတိ အာယုဝဏ္ဏနာ၊ သက်တော်ရှစ်ဆယ် နှစ်နှစ်စွန်းကယ် အရွယ်လည်း ကြီးရင့်ထသော။ ရာဇောဘယ သာသနသောဓကေန၊ နတ်ပြည်စံ မင်းတရားကြီး တသက် သားတော် သီပေါမင်းလက်ထက် မပျက် ဆက်ကာ သာသနာပြု ဆရာတော်လည်း ဖြစ်ထသော။ စေတိယ ဘေဒစ္ဆိရတနာမိကေန၊ ကျိုက်လတ် ဆရာတော်ကြီးဟု ကြာမြင့် မြဲတည် အမည်လည်း ရှိသော ဆရာတော်ကြီးသည်။ အယံပါရမီ၊ ကာမာဝစရအဆီ ဤပါရမီကို။ မုတ္တုဇော့နေ၊ လေနာနှင့် ပေါင်ပူ ဆီးပူနာမပြတ် နှိပ်စက်အပ်လျက်။ ဣဒ္ဓါ၊ ငါးဖြာစာဂ စရိယ သုံးသွယ် ရဖွယ်ဆုတောင်း ပမာလျှောင်း၍ ကောင်းစွာ လောက်လုံ ပြည့်စုံစွာ။ ကတာ၊ ကျမ်းဂန်ကြည့်ရှု သာသနာရေး အလေးဂရု ပြုအပ်ပြီ"။

ဤသို့ထည့်သွင်းမိန့်ဆိုထားလေသည်၊ သက်တော် ဂ၂ နှစ်၊ ဝါတော် ၆၃ ဝါရ အိုမင်းရွတ်တွန်နေသော ဇရာအရွယ်မှာ လေနာကထိုးနှက်၊ ဆီးပူ ပေါင်ပူရောဂါတို့ကလည်း နှိပ်စက်နေသည့်အထဲ ထိုဝေဒနာဒဏ် အရပ်ရပ်ကို သည်းခံတော်မူလျက် လောကချမ်းသာ သာသနာ စည်ပင်ရေးအတွက် ကျမ်းဂန်ရေးသားမှုကိုပင် ပြုတော်မူခဲ့တုံသေး၏၊ကိုယ်ရေးအတွက် ဘာဝနာ ဖက်မှာ အဘယ်မှာ ဆိုဖွယ်ရှိတော့အံ့နည်း။

နေရပ်ဒေသဝေါဟာရ

ဆရာတော်ကြီးသည် ကျမ်းဂန်မျှားဌ သိသင့်သိထိုက်သော ဝေါဟာရ အမည်နာမတို့၏ အနက်ကိုလည်း အကြောင်းဆိုက်က ဖော်ပြလေ့ရှိ၏၊ ဆရာ တော်သည် အလုံမြို့နယ် အရာတော်ရှာဇာတိဖြစ်၏၊ ထို မိမိ၏ ဇာတိရပ်ရှာ နှင့် ပတ်သက်သော သိသင့်သိဖွယ်တို့ကိုလည်း ပါမောဇ္ဇဒီပနီကျမ်း နိဂုံးဌ တိတိပပ ဖော်ပြထားပေ၏၊

အလုံမြို့သည် နေပြည်တော် မန္တလေး၏ အနောက်ဘက် ခြောက်ယူဇနာ ကွာမျှ ပမာဏ၌ ရှိကြောင်းကို--

"ရာဇဂၢဟနိုနဂရဿ၊ ရတနပုဏ္ဏနာမိနော။
ပစ္ဆိမာယ ဒိသာယစ၊ ဆ ယောဇနေ ပမာဏကံ"။

ဟူ၍ ပြဆိုထား၏။

ယင်းအလုံမြို့နယ်အတွင်း၌ အပါအဝင်ဖြစ်သော အရတော်ရွာသည် အလုံမြို့၏ အရှေ့ဘက် ၂ ယူဇနာအကွာ၌ ရှိကြောင်းကို ပြဆိုထား၏၊ ယင်း အရတော်ရွာ၏ တောင်ဘက်၌ ရောဝတီမြစ်၊ အနောက်အရပ်၌ သလ္လာဝတီ မည်သော ချင်းတွင်းမြစ်၊ အရှေ့အရပ်၌ မူးမြစ်ရှိကြောင်း ဖော်ပြသည့်ပြင် ယင်းမြို့ရွာတို့၏ အနက် ဗျုပ္ပတ် အရပ်ရပ်တို့ကိုလည်း ဖော်ပြထားပေ၏၊ ဤ၌ ဆရာတော်၏ မိန့်ချက်ကို ထုတ်ပြပါမည်။

အလုံ။ ။အလုံဟူသော စကားကို မြန်မာသက်သက်ဖြင့် ရောင်းဝယ် ဖောက်ကား ကုန်မျှားစွာ လောက်လုံ၍ အလုံခေါ်သည်ဟု ဖော်ပြ၏။

သဒ္ဒါပုဒ်ပါ၌ ခေတ်ပစ္စည်း ထုတ်ညွှိုလေ့ရှိသော ပါဠိအားသန် ကျမ်းဂန် ဝံသော ပုဂ္ဂိုလ်တို့၏အဘေးသည် ပါဠိထဲသို့ ရောက်သွားတတ်သော ဓမ္မတာ အရ ဆရာတော်သည်လည်း ပါဠိတွေး ပါဠိကြံဖြင့် "အလုံ"၏ အနက်ကို အတန်တန် ထုတ်ပြပါသေး၏၊ အလုံကို အလံပုဒ် ဥပစ္စည်း(အလံ+ဥ)ကြံ၍ အလံ သဒ္ဒါ၏ ဘူသနတ္ထ (တန်ဆာဆင်ခြင်းဟူသော အနက်)၊ ဝါရဏတ္ထ (တားမြစ် ခြင်းဟူသော အနက်)၊ ပရိယာယတ္ထ (စွမ်းနိုင်ခြင်း ဟူသော အနက်)၊ ယင်း အနက်တို့အရ "အလုံ" ကို အနက်ဖော်ပြထား၏။

ကုန်မျှားစွာပြည့်ကြွယ်၍ ကျက်သရေတင့်တယ် တန်ဆာသဖွယ်ဖြစ် သောကြောင့် အလုံခေါ်သည်။ (ဘူသနတ္ထ)

ပစ္ဆိမာရုံ–၅

ကုန်မျှားစွာလောက်လုံ၍ ရှာတပါးမှရောက်လာသော ကုန်တို့ကို မြစ်တား ပိတ်ပင်ရာဖြစ်သောကြောင့် အလုံခေါ်သည်။ (ဝါရဏတ္ထ)

ကုန်စုံမျှားနှင့် ရန်ကားရန်သူကို ပြူစမတိုးအောင် ကြံဆောင်တိုက်ဖျက်နှိပ်စက်ခြင်းငှာ စွမ်းနိုင်သောကြောင့် အလုံခေါ်သည်။ (ပရိယတျတ္ထ)ဟူ၍လည်း ဉာဏ်ရည်ကွန့်မြူး အနက်ထူး ကြံတော်မူသေး၏။

ပါဠိုင်ငံတို့၏ ဖြစ်တတ်သောဓမ္မတာကို မလွန်ဆန်လိုသောဆန္ဒဟု ဆိုလိုက ဆိုနိုင်ပါသည်။

အရုတော်။ ။မိမိဖွားရာဇာတိ အရတော်ရှာ၏ အနက်ဗျုတ္တိကို လည်း ပြဆိုထား၏။

"ရဟန္တာအရှင်မြတ်၏ ဝဲယာနှစ်ဖက်စုံ ခြေတော်ရာပါသော ကျောက်တုံးကြီးကို ရှာအနီးအနား ပဲ ဝက်သားတို့ နှစ်မြို့ဝမ်းသာ အခြားအရပ်မှ လှည်းဖြင့် ပင့်ဆောင်လာကြရာ ဤရှာ၏အနောက်ဘက် တကောသလောက် ခရီးအကွာတွင် လှည်းကျိုးလေသဖြင့် လှည်းကျိုးကို ပြင်ဆင်ရန် ခြေတော်ရာ ပါသော ကျောက်တုံးကြီးကို ခေတ္တ ချထား၏၊ လှည်းကျိုးကို ပြင်ဆင်ပြီးသောအခါ ယင်းကျောက်တုံးကြီးကို လှည်းပေါ်သို့ ပြန်တင်ရန် ချီမကြသော်လည်း မ၍ မရ၊ မကြွမ္ဘေ တည်နေလေ၏၊ ဤရှာသူတို့ ကြည်ညိုပူဇော်ထားကြ၏၊ နှစ်စဉ် သီတင်းကျွတ်လတိုင်း ရှေသက်န်း ကပ်လှူခြင်းစသည် ပြုလုပ်ပူဇော်ကြကုန်၏၊ ယင်းပူဇော်ပွဲသည် ရှေးရှေးမင်းတို့ လက်ထက်မှစ၍ မင်းတုန်းမင်းတရား လက်ထက်တိုင်အောင် မြဲလာခဲ့၏၊ မင်းတုန်းမင်း လက်ထက်အခါ၌ ယင်းရှာ၌ အိမ်ခြေ ထောင့်ခုနစ်ရာရှိ၏၊ ယင်းခြေတော်ရာ ကျောက်တုံးကြီးကို ရလေသောကြောင့် ပတ်ဝန်းကျင် ရပ်ရွာနေသူ တို့က အရ တော်ပေစ္ဌဟု ချီးမွမ်း ပြောဆို ကြသည်ကို အစဲပြု၍ **အရဟော်ရှာ** ဟု အမည်တွင်သည်။

တနည်း – ခြေတော်ရာ၊ သိမ်တော်၊ စက်တော်ရာ၊ ငါတို့ ဆွေခုနစ်ဆက်အတွင်း ဘေးတော် ဖြစ်ခဲ့သော မင်းကြီး သက်တော်ရှည်၏ တဲတော် ဟူသော "တော်" လေးလုံးကို ရအပ်ရာ ဖြစ်သောကြောင့် "အရတော်ရှာ"ခေါ်သည်ဟူ၍လည်း တနည်း မိန့်တော်မူ၏။

ယခု သီပေါမင်းလက်ထက် ပျက်ပြားရ၍ အိမ်ခြေ ထောင့်ခုနစ်ရာ မရှိသော်လည်း ငါတို့ သူငယ်အဖြစ်မှ ပဋ္ဌင်း ဆယ့်ခြောက်ဝါ ရ၍ ဝိဘတျတ္ထဋီကာကို ရေးစီရင်သည်တိုင်အောင် ယင်းအိမ်ခြေ ရှိသေးသည်ဟူ၍ ဆရာတော် ပါမောဇ္ဇဒီပနီ နိဂုံး၌ ထည့်သွင်း အမှာပြုထားပေ၏။

သလ္လာဝတီ။ ။မိမိ ဇာတိ အရတော်ရှာ၏ အနောက်ဘက်၌ သလ္လာဝတီမည်သော ချင်းတွင်းမြစ် ရှိ၏၊ ယင်း သလ္လာဝတီ၏ ဗျုပ္ပတ်ကို သလ္လာဝတီ နဒီတိရေ၊ ထင်းရှူးပင်ရှိငြား ထင်ရှားသကတ် ပညတ်ဝေါဟာ သလ္လာဝတီမည်သီး ချင်းတွင်းမြစ်ကြီးကမ်း၌ ဟူ၍ ထင်းရှူးပင် ရှိသောကြောင့် သလ္လာဝတီခေါ်ကြောင်း ဖော်ပြ၏။

မူးမြစ်။ ။ယင်း အရတော်ရှာ၏အရှေ့ဘက်၌ မူးမြစ် ရှိ၏၊ ယင်းမူးမြစ်၏ ဗျုပ္ပတ်ကိုလည်း—

"ခုဒ္ဒကာယ၊ ငယ်ထသော။ ဝက်ဝယ၊ မဖြောင့်လိမ်လစ်ကောက်တက္ကစ်စီးထသော။ မူးတိ ဘိဓာနာယ အပိ၊ ရေလျှဉ်အလှိ ရေစီးသန်၍ မျက်ဆန်လူးလူး အမည်ထူးသော မူးမြစ်၏လည်းကောင်း ဟူ၍ ဆိုထားရာ၊ ယင်းစကားအရ ရေစီးသန်လှ၍ တည်ငြိမ်ဖြောင့်တန်းခြင်းမရှိ ဗယ်ညာ ယိမ်းထိုး၍ သွားတတ်သော အမူအရာကို 'မူး"ဟု ဆိုသည်၊ အမူးသမားသွားသော အမူအရာမျိုး ဖြစ်၏၊ ယင်းအမူမျိုးကဲ့သို့ ကောက်ကောက်ကွေ့ကွေ့ ရေစီးသန်သောကြောင့် မူးမြစ်ခေါ်သည်ဟု ဆရာတော် ဖော်ပြလိုခြင်း ဖြစ်ပုံရ၏"

ဤတွင်မက မိမိ သီတင်းသုံး နေထိုင်ခဲ့သော နေရပ်ကိုလည်း မွန်တို့ဝေါဟာရဖြင့် ဘုရားကို ကျိုက်၊ ပြိုပျက်သည်ကို လတ် ဟု ခေါ်သည်ဖြစ်၍ ပြိုပျက်သောစေတီကို အကြောင်းပြု၍ "ကျိုက်လတ်" ခေါ်သည်ဟု ဖော်ပြသည့်ပြင် ' နိုးစပ်သောအရပ်ဒေသအချို့တို့၏ အမည်ကိုပါ အသင့်အတင့် ဖော်ပြလိုက်သေး၏၊ ဆိုင်ကို ဖန်၊ ထမင်းကို ပုံ ခေါ်သည်ဖြစ်၍ ထမင်းဆိုင်ကို အရင်းပြုကာ မြို့ရွာ၏အမည် "ဖန်ပုံ" ဖြစ်သည်၊ နောင် ဖျာပုံ ဟု ခေါ်သည်။

ချောင်းကို ကျုံ၊ ထန်းပင်ကို တာ ဟု ခေါ်သည်ဖြစ်၍ ချောင်းနှင့် ထန်းပင်ကို အကြောင်းပြုကာ ကျုံတာရွာ တွင်သည်၊ သို့သော် ငသိုင်းချောင်း အနီးဌ်ရှိသော ကျုံတာကား ယင်းသို့ မဟုတ်၊ ချောင်းရေကို ပိတ်ဆို့ တာဖို့သည်ကို အစွဲပြု၍ ကျုံတာဖြစ်သည်ဟု ဆို၏၊ ကျုံတားမှ ကျုံတာ ဖြစ်လာသည်ဟု ဆိုလိုပုံရ၏။

မြင်းကပင်ကို မင့်ခေါ်၍ ချောင်းနှင့် မြင်းကပင်ကို အစွဲပြုကာ ကျုံမင့် တွင်သည်၊ ချောင်းနှင့် စေတီကို အစွဲပြု၍ ကျုံကျိုက်၊ ချောင်းကျပ်၍ ကျုံကျပ်၊ ကရွတ်ကဲ့သို့ ချောင်းပတ်နေသောကြောင့် ကျုံကရွတ်၊ ဓနိပေါ်၍ ကျုံဓနိ၊ ချောင်းဆုံးသောရွာကို ကျုံတုံး၊ ကျောင်းကို ဖဲ့ခေါ်၍ ချောင်းနှင့် ကျောင်းကို အစွဲပြု၍ ကျုံဖဲ့၊ ချောင်းကူးရ၍ ကျုံကူး၊ နောင် ကျုံကူ ဖြစ်လာသည်၊ အင်းကို ခမုံးခေါ်၍ ခမုံးရွာ တွင်သည်၊ ကျိုက်ဘုရား + ထော်ရွှေ = ကျိုက်ထော် - ရွှေပြောင်ပြောင် ဘုရားကို အစွဲပြု၍ - ဖြစ်သောအမည်။

ဤသို့ဆိုလျှင် သုတဂဝေသီတို့အတွက် အလျှဉ်းသင့်သည်တို့ကို ဖော်ပြ တတ်ပေသည်။

ဆိုခဲ့သည့်အတိုင်း ဆရာတော်ဘုရားကြီးသည် မိမိနေရပ်နှင့်နိုးစပ်သော အရပ်ဒေသတို့၏ မူလ မွန်ဝေါဟာရဖြင့် ခေါ်ထားသော အမည်တို့ကို

အနက် ရှင်းပြထား၏၊ ဤသို့သော မွန်အမည် တပ်ထားသော နေရပ်မြို့ရွာတို့ကား မျှားလှပါကုန်၏၊ စင်စစ် ဤ အောက်မြန်မာပြည်သည် ရာမညဒေသဖြစ်၍ မျှားစွာသော အမည်တို့သည် မွန်အမည်တို့ ဖြစ်ကြသော်လည်း ကာလကြာလာသောအခါ မိမိတို့၏ နှုတ်လျှာအလိုက် တမျိုးတမည် အသံပြောင်းလွှဲနေခြင်းကြောင့် မူလအနက်ကို သိရန်မလွယ်သည့် အရာမျှားစွာ ရှိနေလေသည်၊ အလျဉ်းသင့်၍ အနည်းငယ် ထုတ်ပြလိုပါသည်။

မြောင်းမြ။ ။မြရာပင် (ရခိုင်ခေါ် သရော်ပင်)ကို မွန်က "မောင့်မလယ်ရ"ဟု ခေါ်၏၊ ယင်းအပင်ကို အစွဲပြု၍ တွင်သောအမည် ဖြစ်၏၊ မောင့်မလယ်ရမှ မြောင်းမြ ဖြစ်လာ၏၊ "မြရာကုန်း"ဟု အနက်ရှိ၏။

သရော်ပင်ကို မြရာ ဟု ဆိုခြင်းသည်လည်း မွန်သက် ဝေါဟာရ ဖြစ်ရာသည်၊ သက်လာပုံကား မောင့်မလယ်ရ=မလ့ယ်ရ=မြရာဟူ၍ ဖြစ်၏။

ယင်းအပင်၏ ဗမာခေါ် အမည်ကား "သရော်"ဖြစ်၏၊ ရခိုင်တို့လည်း ယခုအထိ "သရော်'ဟူ၍ပင် ခေါ်ကြသေး၏၊ ရဟန်းတော်များ အဖျော်ယာမကာလိက ပြုလုပ်ရန် အပ်သော အမျိုးအစားတို့ကို ဖော်ပြရာ၌ "သရော်" ပါသည်။

"သပြေသရက်၊ နွယ်သဖြက်၊ **ဖက်သဲက် သရော်ရည်**"
"တောအိမ်ဌက်ပျော၊ ကြာစွယ်နှော၊ မှတ်လော ရှစ်ဖျော်ရည်"

ဟူ၍ ဆရာမြတ်ကြီးတို့ နိယံ ပြုတော်မူကြကုန်သတည်း။

ငပုတော။ ။မွန်ဝေါဟာရ"ဝေါ့ထိုဝ်း"ဖြစ်သည်။ ထိုဝ်းကို ထောဟု ဖတ်သည်။ ဝေါ့=ဟသ်ာဌက် ထိုဝ်း(ထော)ရှေ=ရှေဟသ်ာဌက်ဟု အနက်ထွက်၏၊ ယင်း ဝေါ့ထောမှ "ငပုတော' ဖြစ်လာသည်၊ ရှေဟသ်ာကျရာ (သို့မဟုတ်) ကျက်စားရာအရပ် ဟု ဆိုလိုသောအမည် ဖြစ်သည်။

ဤ၌ အလျှဉ်းသင့်၍ တခု ဆိုလိုက်ချင်ပါသေး၏၊ "မွန်က ရှေကို ထိုဝ်း ဟု ဆို၏၊ ထော၊ ထော်လည်း ယင်းစကားပင် "ကျိုက်ထော်၌ လည်း ထော်ကို ဆိုခဲ့ပြီ၊ ရှေးတရုတ်တို့ကလည်း ရှေကို 'ထိအော' ဟု ခေါ်ကြောင်း သိရ၏၊ ထိအော=ထော ထပ်တူဖြစ်၏၊ ယင်း ထိအော (ထော)သည် ဗမာ့နှုတ်၌ "ထိန်" ဖြစ်လာနိုင်လေသည်၊ ပန်(ဖန်) ပြုလုပ်ခြင်း အနက်ကား ထင်ရှား၏၊ ပန်ထိန်၏ အနက် ပေါ်ပြီ၊ ရှေကိုထုလုပ်သောသူ ဖြစ်ကြောင်း သိရပြီ၊ ပန်ထိန်သည် မူလကျကျ အနက်ပြည့်ဝသော ဝေါဟာရပင် ဖြစ်သော်လည်း ခေတ်၏ သွေးဆောင်မှုကြောင့် ပန်ထိမ် ဟူသော အရေးအသားကို အမျှား မဲပေးနေကြလေသည်။

သာပေါင်း။ ၊ ဤအမည်သည် ပင်ရင်းကို မသိလျှင် မဖွယ်မရာ သယောင် ဖြစ်နေတတ်၏၊ မွန်က နပဲပင်ကို "သပုန်း"ဟု ခေါ်၏၊ ယင်း သပုန်းမှ ဗမာ့နှုတ်မှာ "သာပေါင်း"ဖြစ်လာသည်၊ နပဲပင်ကို အစွဲပြု၍ ခေါ်သောအမည် "နပဲတော"ဟု ဆိုလိုသောအမည် ဖြစ်၏။

သမြင်းကုန်း။ ၊ မွန်က လက်ခုပ်ပင်ကို 'စမရိန်" ဟု ခေါ်၏၊ "စ" သည် ဗမာ့နှုတ်မှာ "သ" ဖြစ်လာ၏၊ ယင်း စမရိန်=သမရိန်းမှ သမြင်း ဖြစ်လာသည်၊ ထို့ကြောင့် သမြင်းကုန်း၏ အနက်သည် လက်ခုပ်ကုန်း ဟူ၍ ဖြစ်လေသည်။ ဤသို့ စသည်ဖြင့် မွန်သက် အမည်နာမပေါင်း မြောက်မြားစွာ ရှိနေလေကုန်၏၊ စင်စစ် ကျွန်ုပ်တို့ တိုင်းရင်းသားတို့သည် တဦး စကား တဦး ထံသို့ ကူးပြောင်းသော အားဖြင့် ဝေါဟာရကို ကြွယ်ကြွယ်ဝဝ သုံးနိုင်ကြလေသည်၊ ဝေါဟာရ ကြွယ်သော လူတို့ ဟု ဆိုလျှင်လည်း လွဲမည် မဟုတ်ပေရာ။

ဤစကားရပ်တို့ကား ဆရာတော်ဘုရားကြီး အစဖော်လိုက်သည်ကို အရင်းပြု၍ အနည်းအကျဉ်း တိုးခဲ့ထည့်သွင်းလိုက်သောစကားတို့ ဖြစ်ကြလေကုန်၏။

မ သရော် မလှောင် စာရည်ပြောင်

ဆရာတော်ကြီးအရှင်သောမထေရ်မြတ်သည် အကြောင်းဆိုက်လာလျှင် လူတို့ အသိမှားနေသော အရာကို ပညာပေးအနေဖြင့် ထုတ်ဖော်ပြလေ့ရှိ၏၊ ပြုပုံ-

"ကာမဘဝစရကုသိုလ်သည် ကာမ ဆယ့်တဘုံ၌သာ ဖြစ်နိုင်သည်၊ ကျင်လည် စေနိုင်သည်ဖြစ်၍ မဟာဂျုတ်လောကုတ္တရာကုသိုလ်တို့အောက် ယုတ်၏ဟု ထင်တတ်ကြ၏၊ စင်စစ် ပါရမီဆယ်ပါးသည်လည်း ကာမဘဝစရကုသိုလ် ပင်တည်း၊ ကာမဘဝစရကုသိုလ်သည် မဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်၊ နိဗ္ဗာန်တို့ကို ရစေနိုင်သည်ဖြစ်၍ မြတ်သည်"ဟု မိန့်ဆိုပြီးလျှင် ဤအထင်မျိုးကဲ့သို့ လွဲမှားတတ်သော အရာ ရှိ၏။

"သုတနည်းသူတို့က သပိတ်၊ သင်္ကန်း ၃ ထည်၊ ခါးပန်းကြိုး၊ အုပ်၊ ပဲခွပ်၊ ဆေစစ် ဟူသော ပရိက္ခရာ ရှစ်ပါးတို့တွင် ပဲခွပ်ဖြင့် ဆံပင်ရိတ်သည် ထင်၍ ပဲခွပ်နေရာမှာ သင်တုန်းကို ထည့်တတ်ကြ၏၊ ဝစ္စကုဋ္ဌိ၌ သင်္ကန်းတန်းကို အပြင်ဖက်၌ ထားရမည်ဖြစ်လျက် အတွင်းမှာ ထားတတ်ကြ၏" စသည်ဖြင့် သုတပွားအောင် ထုတ်ပြထားလေ့ ရှိ၏။ (ဗေဒိသမ္ဘာရ ပကာသနီ ၁၉)

သရုပ်ဖော်ရာ၌ စာရည်ပြောင်ပြောင်နှင့် ဖော်ပြတတ်၏၊ ရဟန်းနှုတ်ပြုတတ်သော သဘောကို သရုပ်ဖော်ရာ၌-

"ဆရာတော် အခေါ်ခံ၍ ရုံခြေ့ ပရိသတ်များနှင့် အောက်စုန်သွားအညာဆန်၊ လူးလာခေါက်ပြန်၊ဒဂံါးနှင့်ပိုက်ဆံ၊ဆွမ်းဆန်နှင့် ငါးပိအိတ်ကို၊ ရသမျှသိပ်ယူစုဆောင်း၊ တပည့်ပေါင်းမိတ်ဆွေတို့နှင့် ခွဲဝေစား၊လတ်လျှား

ကာလ၊ သမဏဓမ္မကို၊ ဖြည့်သည်လားမျှ မရှုကြ မဆင်ခြင်၊ ပစ္စည်းကျောင်းနှင့် တောင်းတိုင်း ပေးလှူကြတဲ့ ဒကာမနှင့် ဒကာ သား သမီးများစုကို မြေဖားပမာ လွန်စွာခင်တွယ်၊ သူငယ်ရှင်ရဟန်းကို တန်းတန်းခင်မင်၊ကြော်လှော်ဖုတ်ကင်၊ငါးပိဆီဆား ယူခဲ့လားဟုကပ်ယောကျောင်းသားနှင့် ချက်ပြုတ်စားရန်၊ ကြွက်ဆူပြုံးဆန် တည်ံညံ သရဘုတ်ထဲသို့ဝင်၊စားချင်တိုင်း ဝမ်းပြည့်မျှ ပမာဏကင်း အတင်းလည်ချောင်း ဆိုက်အောင်စား"ဟူ၍ လည်းကောင်း။

"ဆံတောက်ဖွားရားနှင့် ကျောင်းသား ငယ်ချော၊ အမ ပေါသူကို မြူကာပြုံးလတ်၊ ဆံပင်နှင့် ကျောက်ကုန်း ကျောပြင်ကိုလည်းသပ်၊ယောင်ထုံး ပေးလတ်၍ တပ်စွန်းကြည်ဖြူ ပြုံးစိစိမြူ၊ အမှုယွင်းဖောက်သူမရှား" ဟူ၍လည်းကောင်း။ (ပါမောဇ္ဇ ၂၁၄)

သံဝေဂဆောင်းပါး သူ၏သရုပ်ကို ဖော်ရာ၌လည်း – "ဃရာဝါသ၊ ကာမဂုဏ်ဘာဝ၊ နေ့ညမစဲ၊ ချွေးတနဲ့နဲ့နှင့်၊ အားခဲ၍ လုပ်ကိုင်သော်လည်း ဝမ်းမဝ၊ လူချင်းတူအောင်လည်း မဝတ်စားရ၊ မယားကလည်း တစ္ဆေ၊ သားသမီးကလည်း ကြွက်ကြွက်ဆူ၊ မင်းတိုင်းကလည်း ထပ်မနှားပူ၊ ကြွေးတောင်းသူကလည်း ဟိုမစဲ၊ ထိတ်ထဲကြိုးချည်၊သူမြည်ငါဆို ငိုရမလို မျက်နှာမဲ့နှင့် စိတ်တည်စ်ည်စ်နေဆဲတွင်၊ သူခိုးဝင်၍ တက်တက်ဖြူ၊ မီးထဲမှလည်း အကုန်ပါ၊ သားသမီးကလည်း မလိမ္မာ၊ လက်ရောက်မှုကလည်း အခါခါ၊ အိမ်နီးချင်းကလည်း မှုပေါက်ရှာ၊ မင်းဘေးကလည်း အဖြာဖြာ၊တအိမ်လုံးမကျန်းမာ၍၊ ဆေးသမားခေါ်စရာကလည်း တခက်၊ ညနံနက် ချက်စရာမရှိသေး၍လည်း စိတ်မချမ်း၊ သောကတွေ့ဝေ့ဝှမ်း၍၊ ဘေးဘျမ်းတွေ အခါခါတွေ့သော်လည်း သံဝေဂ သူမင့်ဇွေ" (၂၁၆) ဟူ၍လည်းကောင်း သရုပ်ဖော် ရေးသားထား၏။

သုတအောက်ခံ မကျန်စေရ

သုတလိုလားသူ လူတမ်းစားအမျိုးမျိုးတို့အတွက် အကူအညီမလပ်စေလို သော ဆန္ဒရှိသည်အားလျော်စွာ နတ်သက်၊ ဗြဟ္မာသက်၊ ငရဲသက်နှင့်တကွ ဘုံတို့၏ အကွာအဝေးစသည်တို့ကို သက်ဆိုင်သော ဆောင်ပုဒ်မှတ်ဖွယ်တို့နှင့် တကွလည်း ဖော်ပြပါသေး၏၊ ဤနေရာ၌ နတ်ပြည် ၆ ထပ် အသက်ကို အကွာရာသင်္ချာဖြင့် ဖော်ပြပုံကိုလည်း ကြည့်ပါဦး။

"မိကရာ ဃေဟ'ဝစံပ၊ အစနိနိနှင့် ထက်ဆီမှာ အာအာအက်၊ တွေးခက်ပါလှ(၁၇၈–ပါမောဇ္ဇ)ဟူ၍ရှေးပညာရှင်တို့၏ သင်္ကေတ ဆောင်ပုဒ်ကို ထုတ်ပြထား၏၊မိ=၅၊က=၁၊ ရာ=၂၊ဃေ=၄၊ဟာ=၀၊ စံပ=၁၆၊ နိနိ=သုည ၂ လုံး၊ အာအာအက်=သုည ၃ လုံး။

၅၊၁၊၂၊၄၊၀၊၁၆ ဟု ဂဏန်းကို စဉ်ထားပြီးလျှင် အစ ၀ါးနောက်မှာ သုည ၂ လုံးနှင့် ကျန်ဂဏန်း အသီးသီးနောက်မှာ သုည ၄ လုံးစီ ထည့်လိုက်လျှင် နတ်ပြည် ၆–ထပ်၏ နတ်သက်အရေအတွက်ဖြစ်သည်ဆိုခြင်းဖြစ်၏။

စာအုပ်၌ "တွေးခက်ပါဘိ"ဟု ပါရှိနေ၏၊ "စံပ"နှင့် ကာရန်ညီ ဖြစ်အောင် "တွေးခက်ပါလှ"ဟု ပြင်ဆိုလိုက်ပါသည်။

ထက်ဆီမှာ ဟူသော စကားအရ အထက် နတ်ဘုံများမှာဟု အနက်ကောက်လျှင်လည်း ဖြစ်နိုင်ပါ၏၊ နောက်ဂဏန်းတွေမှာဟု ဆိုလျှင်လည်း ဖြစ်ပါသည်၊ ဤ၌ နောက်ဂဏန်းများကို အထက်ဟု ဆို၏၊ စာတို့၌ ရှေကို အောက်၊ နောက်ကို အထက်ဟု ဆို၏။

ရှေးနှင့်နောက် အောက်နှင့်အထက်

ရှေ့၌ဆိုပြီးသည်ကို အောက်၌ ဆိုပြီးပြီ၊ နောက်၌ ဆိုလတ္တံ့သည်ကို အထက်၌ ဆိုလတ္တံ့ဟု ပါဠိစာပေတို့၌ သုံးနှုန်း၏၊ ဤနေရာ၌ ရှေးနှင့်နောက် အောက်နှင့်အထက် သုံးပုံကို ရှင်းရာ၏။

ပစ္ဆိမာရုံ–၆

"နောက်နောက်က လုပ်ခဲ့ပြီ၊ရှေနှစ်ခါ တန်ဆောင်မုန်း ပဲကြည့်ပါအုံး" ဤစကားတို့၌ နောက်သည် အတိတ်ဖြစ်၍ ရှေသည် အနာဂတ်ဖြစ်၏၊ ဤနည်းကို ခရီးသွား (မဂ္ဂဂ္ဂမန)နည်းဟု ဆို၏၊ ခရီးသွားသောသူအဖို့ မိမိ လွန်ခဲ့သော နေရာသည် နောက်၌ ကျန်ခဲ့၍ မရောက်သေးသော နေရာသည် ရှေမှာ ရှိ၏၊ ဤလမ်းသွားနည်းဖြင့် အတိတ်ကို နောက်ခေါ်၍ အနာဂတ်ကို ရှေဟု ခေါ်ခြင်း ဖြစ်၏။

ရှေကျသည်၊ နောက်ကျသည်ဟူရာ၌လည်းကောင်း၊ ရှေသရောအခါက နောက်ဘဝမှာ ဟူရာ၌လည်းကောင်း၊ ရှေးအရင်က ဖြစ်ခဲ့ပြီး နောက်နောင် အခါ မဖြစ်ရအောင် ဟူရာ၌လည်းကောင်း၊ ရှေသည် အတိတ်ဖြစ်၍ နောက်သည် အနာဂတ်ဖြစ်၏၊ ဤနည်းသည် ဖြစ်စဉ်ရောက်စဉ်အားဖြင့် ဆိုသော နည်းဖြစ်၏၊ (ပတ္တက္ကမနည်း)ဟု ဆိုနိုင်၏၊ ဤသို့သော နည်းအား ဖြင့် ရှေကို အနာဂတ်၌လည်းကောင်း၊ အတိတ်၌လည်းကောင်း သုံး၍ နောက်ကိုလည်း ထို့အတူ အနာဂတ်၌လည်းကောင်း၊ အတိတ်၌လည်း ကောင်း ထား၍ သုံးနှုန်းကြခြင်း ဖြစ်လေသည်။

အောက်နှင့် အထက်ကိုလည်း ထိုနည်းအတူ အတိတ် အနာဂတ် နှစ်ဖက် လုံး၌ ထား၍ သုံးနှုန်းကြ၏၊ အောက်၌ဆိုခဲ့ပြီး၊ အထက်၌ဆိုလတ္တံ့ ဟူရာ၌ အောက်သည် လွန်ပြီးသောအတိတ်ဖြစ်၍ အထက်သည် မရောက်သေး သော အနာဂတ်ဖြစ်၏၊ သစ်ပင်တက်ရာ၌ မိမိရောက်ပြီးသော နေရာသည် အောက်ဖြစ်၍ မရောက်သေးသောနေရာသည် အထက်ဖြစ်၏၊ ဤ သစ်ပင် တက်နည်း(ရုက္ခာရုဇ္ဇနည်း)ဖြင့် အတိတ်လွန်ပြီးသည်ကို အောက်၊အနာဂတ် မရောက်သေးသည်ကို အထက်ဟု ဆိုခြင်း ဖြစ်၏၊

သစ်ပင်မှ ဆင်းသောအခါ လွန်ပြီးသော နေရာသည် အတိတ်သည် အထက်ဖြစ်၍ မရောက်သေးသော နေရာသည် အနာဂတ်သည် အောက် ဖြစ်၏၊ ထို့ကြောင့် ပြီးပြီးသား အတိတ်ကို အထက်ဟုဆို၍ မပြီးသေး

မရောက်သေးသော နေရာကို အောက်ဟုဆိုခြင်းဖြစ်၏၊ ဤနည်းကို သစ်ပင်ဆင်းနည်း (ရုက္ခောရုဠ္ဍနည်း)ဟု ဆိုရာ၏။

တနည်းအားဖြင့် ပေချပ် (စာရွက်)ကို ဖတ်သောသူအဖို့ အထက်ပိုင်းသည် ပြီးပြီဖြစ်၍ အတိတ်၊ အောက်ပိုင်းသည် မရောက်သေးဖြစ်၍ အနာဂတ်ဖြစ်၏၊ အထက်ပါ ဆိုပြီးသောစကား၊အောက်ပါဆိုလတ္တံ့သော စကားဟူသော စကားမျိုးကို ပေချပ်စာရွက်ဖတ်နည်း(ပဏ္ဏပါဋဋနည်း)ဟူ၍လည်း ဆိုနိုင်ပေသည်၊သစ်ပင်ဆင်းနည်း ရုက္ခောရုဠ္ဍနှင့် ပေရွက် စာရွက်ဖတ်နည်း (ပဏ္ဏပါဋ)သည် အတူတူဖြစ်၏၊ ထိုကြောင့် ရှေသည်လည်းကောင်း၊ နောက်သည်လည်းကောင်း အတိတ်လည်းဖြစ်၏၊ အနာဂတ်သည်း ဖြစ်၏၊ အောက်သည်လည်းကောင်း၊ အထက်သည်လည်းကောင်း အတိတ်လည်းဖြစ်၏၊ အနာဂတ်လည်း ဖြစ်၏ဟု သိနိုင်လေသည်။

ဆိုခဲ့သော "အစနိုနှင့် ထက်ဆိမ္ပာ အာအာအက်" ဟူရာ၌ ထက်(အထက်)ကား နောက် အနာဂတ်ကိုဆိုသော စကားဖြစ်၏၊ အစဟူသော စကားကို ထောက်၍ ဖြစ်ကြောင်း ထင်ရှား၏။

ဆက်လက်၍ "နှောင်း"ဟူသော စကားကိုလည်း ကြည့်ပါဦး၊နှောင်းဟူသည် လွန်ပြီးသည်ကိုလည်း ဆို၏၊ ဥပမာ နှောင်းတန်ခူးဟု ဆိုလျှင် သင်္ကြန်မကျမီ နှစ်နှောင်း (လွန်ခဲ့သောနှစ်)၌ ပါဝင်သော တန်ခူးလရက်ပိုင်းဟု သိထားကြ၏၊ ဤနှောင်းသည် အဘိတ်၌ဖြစ်၏။

မိုးဦးမိုးနှောင်းဟူ၍ ရှေပိုင်းကို ဦးခေါ်၍ နောက်ပိုင်းကို နှောင်းဟု ဆို၏၊ ကာလအားဖြင့် ဆိုရလျှင် အတိတ်သည် ဦးဖြစ်၍ အနာဂတ်သည် နှောင်း ဖြစ်နေ၏၊ ဤသို့အားဖြင့် နှောင်းကိုလည်း အတိတ်အရာ၌လည်းကောင်း၊ အနာဂတ်အရာ၌လည်းကောင်း ထား၍ သုံးလေ့ပြုကြပါ၏၊ "အလာ ကောင်းသော်လည်း အခါ နှောင်းသွားပြီ" ဆိုတဲ့နေရာမှာ နှောင်းဟာ အတိတ်လား၊ အနာဂတ်လား ကလေးတို့ ကြုံကြစမ်း။ အတိတ်ဖြစ်ပါတယ် ဆရာမ။

ဟာသနှောရှေ့ ထိမိအောင် ပြောတတ် ရေးတတ်ပုံ

အရုဏ်တက် အရောင်လေးမျိုး-

သေတ္တဝဏ္ဏာ ပထမံ၊ ဒုတိယံ နန္ဒိယဝဏ္ဏံ။
တတိယံ တမ္မဝဏ္ဏာ၊ စတုတ္ထံ ဂဒြဘာမုခံ။

အရုဏ်တက် အရောင်သည်-

၁။ အဖြူနုရောင်
၂။ အဖြူရင့် (ဇလပ်ပွင့်)အရောင်
၃။ ကြေးနီရောင်
၄။ မြည်းမျက်နှာ အဆင်းကဲ့သို့ နီမောင်းသောအရောင်ဟု လေးမျိုး ရှိလတ်ရာတွင် ရှေ့နှစ်ပါးကား နေ့ဥတုနှင့် မိုးဥတု၊ နောက်နှစ်ပါးကား ဆောင်းဥတု အရုဏ်ရောင် ဖြစ်၏၊ ယင်း အရုဏ်ရောင်ကို အကြောင်းပြု၍ ဆိုသည်ကို သရုပ်ဖော်ပုံကား "နင့်အမေဟာမက နီလတ်ပြီ၊ ပစိပစာ မဆိုကြနှင့် နှားမြီးတိုခပ်သို့၊ ကပ်ဟဲ့ကွမ်းအစ်၊ တဖျစ်ဖျစ်နှင့် ကွမ်းကိုစား၊ ဆွမ်းယာဂုကို သောက်စားကြသူတလီ၊ ရှေ့ကျင်နည်းသီ၊ ယင်းနည်းမမှီတဲ့၊ ရှေ့ကျင် တောင်ပံနီစု၊ နေရှိသေးသည်ဟု နေ့ဆွမ်း စားပြီးသော်လည်း စားဖော်စု၍ ကွမ်းကိုစား၊ ဘုရားသာသနာတော်ထမ်း ရဟန်းမပီ၊ ရဟန်း ကောင်းတို့ လမ်းကြောင်းကျင့်နည်းမမှီ၊ ရဟန်းတောင်ပံနီများ၊ နေ့ညဉ့် ကာရား ရှင်ငယ် သူငယ်များနှင့် ညဉ့်မပိုင်းခြား၊ အိပ်ကြ နေ့ညအစဉ်၊ သို့စသည် ပြုအင် ညစ်နွမ်း အကျင့်ကြမ်း၍ လဟန်းဟု ပညတ်တွင်၊ အပ်မအပ်ကိုလည်း မသိတတ်၊ ပစ္စည်းလာဘ်နှင့် ကျောင်း၊ ဆွမ်းကောင်း ကောင်းမင်၊ ကျောင်းသားရှင်ငယ်၊ နှစ်သွယ်သော ဒကာနှင့် ဒကာမကို လှလှတွယ်ခင်၊ ယင်းဖြစ်အင်အသီး၊ သကတ်စည်းကြောင့် ခင်ကြီးဟူ၍ လည်းကောင်း" (ပါမောဇ္ဇ--၂၁၅) ဆိုထား၏၊ လဟန်းနှင့် ခင်ကြီးတူ၍ ရဟန်းနှင့် ဘုန်းကြီး တူသည်ဟု ဆိုလိုချက် ဖြစ်သည်။

ဆရာတော်ကြီးသည် ခင်ကြီးဟူသော ဝေါဟာရ၏ အနက်ကို သိထားပြီး ဖြစ်သော်လည်း ကာလစကားဖြင့် ခင်တွယ်မှု အားကြီး၍ ခင်ကြီးခေါ်သည်ဟု ဆိုလိုက်ခြင်း ဖြစ်၏။

ရှေကျင် တောင်ပံနီ၊ ရဟန်း တောင်ပံနီ စသည်ဖြင့် တောင်ပံနီကို အထပ်ထပ်သုံး၏၊ ထိုခေတ် ထိုအခါက ခေတ်စားသောစကား ဖြစ်၏၊ ဦးပဒုမသို့ ရေးသော မန်လည်ဆရာတော်၏ ကဗျာတပုဒ်၌ "မောင်ကြံစည် အခင်းသာမဟုတ်ကြပေသမို့၊ တောင်ပံနီ မင့်စာအုပ်ကို မီးဖုတ်ဖို့ကောင်း" ဟူ၍ သုံးထား၏၊ အတုဟု ဆိုသောစကားပင် ဖြစ်သည်၊ မင်းတုန်းမင်းလက်ထက်အခါက ကျပ်ဒင်္ဂါးကို သုံး၏၊ ထိုဒင်္ဂါး၌ ဒေါင်းရုပ် ပါ၏၊ ယင်းဒင်္ဂါးကဲ့သို့ ဒင်္ဂါးတုများ ပေါ်လာကြရာ အတုဒင်္ဂါး၌ ကြေးများ နေသောကြောင့် ဒေါင်းတောင်ပံ၌ အနီရောင် ပေါ်လာ၏၊ ထိုတောင်ပံ၌ အနီရောင် (ကြေးရောင်)ပေါ်သော ဒင်္ဂါးကို ဒင်္ဂါးတု ဟု အရေးယူ၏၊ ထို့ကြောင့် အတုကို "တောင်ပံနီ"ဟု သုံးနှုန်းကြခြင်း ဖြစ်သည်။

"လဟန်း" ဟူသော စကားသည် ဆရာတော်ကိုယ်တိုင် ထွင်သော စကား မဟုတ်၊ အကြောင်းအရာနှင့် ဖြစ်လာသောစကား ဖြစ်သတတ်။

"သင်္ကန်းဝတ်တစု တရုတ်စျေးဆိုင်မှာ ထိုင်ပြီး အပ်ထုပ်ကို ယူကြသည်၊ ဆိုင်ရှင်တရုတ်မြင်၍ ပြောသောအခါ ငါတို့ ရဟန်းပါဟု ဆိုကြသတဲ့ – "လဟန်း လဟန်းနှင့် အပ်နှစ်ထုပ် ပျောက်ပြီ" ဟု ဆိုင်ရှင်တရုတ်က ပြောလိုက်၏။ (ပါမောဇ္ဇ–၂၁၃) ယင်းကို အကြောင်းပြု၍ ရဟန်းတရားနှင့် မည်ဿကို "လဟန်း"ဟု သုံးနှုန်းသောစကား ဖြစ်လာ၏။

"လ"နှင့် ပတ်သက်၍ ဟာသစကားမျိုးကို ထုတ်ပြထားသေး၏၊ အောက်ရပ်ဒေသ၌ မွန်တို့နှင့် နှယ်၍ ခေါ်တတ်သောစကားဖြင့် လမုပင်၊ လဘားပင်၊ လဘဲ့ပင်၊ လပုန်းပင်၊ ဒီရေကျသွားသော ကုန်းပြင်ကို

လတာပြင် ဟု ခေါ်ကြ၏၊ အထက်အညာက ဘုန်းကြီးတပါး သူငယ်တို့နှင့် လှေစီးသွားရာ ယင်းအခေါ်တို့ကို နားကြား ခါးသီးလှသဖြင့် "ဟော့.... လမ္ဘန်းတည့်ပြီ၊ လဆွမ်းစားရအောင် လတာပြင်မှာ လှေကို လဆိုက်လိုက်"ဟု ဆိုသတဲ့၊ လအကွာရာကို နားကြားခါး၍ ရန္ဒင့် လဲကာ ရမှ၊ ရဘ၊ ရဘဲ့၊ ရမှန်း ဟု ပြင်ကြသည်တဲ့၊ (ပါမောဇ္ဇ–၂၂၃) ဤသို့ စသည်ဖြင့် ကျမ်းဂန်ရေးရာ၌ အထွေထွေစုံအောင် ကျမ်းဟင်းလေး အိုးကြီးဖြစ်အောင် သုတအဖုံဖုံကို ထည့်သွင်း ရေးလေ့ရှိ၏။

ဆရာ့နည်းနာ မကွာထက်ချမ်

ဆရာတော်ကြီး အရှင်သောမသည် ရဟန်း လေးဝါမှစ၍ နှစ်ဆယ့်ခုနစ်ဝါရသည်တိုင်အောင် မင်း၏ အထောက်အပံ့ မင်းရိုကွာ လစာကို ခံယူရရှိလာခဲ့၏၊ မင်းတုန်းမင်းတရားလက်ထက် ဆယ့်ခုနစ်ဝါရက တကြိမ်၊ ဆယ့်ကိုးဝါရက တကြိမ်၊ နှစ်ကြိမ်တိုင်တိုင် တံဆိပ်တုံးကို ဆက်ကပ်လှူဒါန်းသော်လည်း ဆွမ်းတထပ်စာလောက်မျှ ဝမ်းမမြောက် မနှစ်သက်ဟု ငြင်းဆန်၍ လက်ခံတော်မမူ။

သားတော် သီပေါမင်းလက်ထက် ၁၂၃၉–ခုနှစ်မှ ၁၂၄၇–ခုအတွင်း သုံးကြိမ်တိုင်ပင် တံဆိပ်ကို အပ်နှံလှူဒါန်း၏၊ လက်ခံတော်မမူပေ၊ တံဆိပ်ရှိမှ ဂုဏ်ကြီးသည် လက်ခံပါရန် တပည့်ငယ် တပည့်ကြီး ရင်းနှီးသူတို့က တိုက်တွန်းကြသော်လည်း လက်မခံ ငြင်းဆန် ပယ်ရှားတော်မူသည်၊ ဤသို့ လက်ခံတော်မမူခြင်းသည် ဆရာသမား၏ အပ်ပ်ဆွာဂုဏ်ကို လေးစားမြတ်နိုး အတုလိုက် နည်းယူသည် ဟု ယုံကြည်အပ်ပေသည်၊ ထို့ကြောင့်ပင်လျှင် ပါမောဇ္ဇဒီပနီကျမ်း နိဂုံး၌ မိန့်ဆိုထားလေသည်။

"ငါတို့ ကျေးဇူးတော်ရှင် ရှေကျင် ဆရာတော်ဘုရားကြီးလည်း ငယ်တံဆိပ်နှင့် သာသနာပိုင်တံဆိပ်ကိုမှ ယူတော်မမူ၊

ကျေးဇူးရင်၏ဆရာ သီးလုံးဆရာတော်ဘုရားကြီးလည်း ယူတော်မမူ”

ယင်း မိန့်ဆိုချက်စကားအရ ဆရာသခင် ကျေးဇူးရှင်တို့၏ တံဆိပ်တုံးဘွဲ့ဂုဏ်ထူးကို မမက်မော မသာယာ အာသာမထား ပယ်ရှားတော်မူခဲ့သော စဉ်လာထုံးတမ်းကို မြတ်နိုး အားကျတော်မူ၍ တံဆိပ်အတန်တန် အပ်နှံ လှူဒါန်းသည်ကို ငြင်းဆန် ပယ်ရှားခဲ့ကြောင်း ကောင်းစွာ သိလောက်ပေသည်။

သီလုံဆရာတော်ဘုရားကြီးဟု ဆိုလိုက်သဖြင့် ယင်းဝေါဟာရအတွက် သိစရာအချက် ရှိနေပြန်ပါ၏၊ နောက်၌ ဖော်ပြလတ္တံ့။

မပေါ်မထင် တောဝင်ကေစာရီ

ဆရာတော် ဦးသောမသည် ကေစာရီ ကိုယ်ထိုးလက်လွတ် တောအရပ်နေအဖြစ်၌ အထူး စိတ်ဝင်စားသောပုဂ္ဂိုလ်ဖြစ်ကြောင်း ရေးသားသောစာနှင့် နေထိုင် သီတင်းသုံးပုံတို့ကို အကဲခတ်၍ သိလောက်ပေသည်၊ ဆရာတော်သည် ကေစာရီပုဂ္ဂိုလ်တို့ကို အထူး ချီးကျူးလေ့ရှိ၏၊ ပါမောဇ္ဇဒီပနီ–၂၁၆၊ ၂၁၈ တို့၌ ဆိုထားပုံတို့ကို ကြည့်ရာ၏။

“ကျိုးကြောင်းဖြူဆွ၊ ကျင့်သီလသိက္ခာ အရိယာတို့ ကျင့်ထုံးနှင့် အတိရေက လာဘ်ဟူသမျှကို မသုံး၊ ကေစာ ဒွေကစာ တောအရပ်နှင့် ရှာမှီးနေ၍ သလုံးမြင်းခေါင်းဖြင့် အိမ်စဉ်လှည့်ပတ် သက်နှံးသုံးထည် သပိတ်တလုံးဖြင့် ကာယဝိညတ်အပ်သော တောင်းစားသူ ဆွမ်းဟင်းစင်ဖြူ ကျင့်မူကောင်းလှ ပဲခိုးတောရ တောင်တမန်တောရ ဘုန်းတော်ကြီး ဦးသီလ ယင်းနှစ်ဝသော ပုဂ္ဂိုလ်သီးကို ဘုန်းကြီး ဟူ၍လည်းကောင်း၊ လမ်းကောင်းနည်းခံ လမ်းမှန်ကျင့်လတ် သုံးရပ်သာသနာ သိက္ခာ

ဖြည့်စွမ်း မဂ်လမ်းဖိုလ်နိုး ဝင့်ညီးနိဗ္ဗာန် ရည်သန်ကျင့်တတ်၊ ကျင့်မြတ်သီးကြောင့် ဘုန်းကြီး ဟူ၍လည်းကောင်း" ဆိုထားပေသည်။

ပခန်း ဆရာတော်ကြီး ခင်မှန် ဆရာတော်ကြီး ငါးရဟိုး ဘုန်းတော်ကြီး စသော သူတော်ကောင်း ရဟန်းတော်ကြီး များကို ပဲခိုးတောရ တောင်တမန်တောရ ဘုန်းတော်ကြီး ဦးသီလ အရှင်မြတ် နှစ်ပါးတို့ကဲ့သို့ ဘုန်းတော်ကြီး အရာ၌ ထားသင့် သွင်းသင့် သွင်းထိုက်ပေ၏။

ဤသို့လျှင် ကေစာရီ တောရပ်မှိသော တောင်တမန်တောရ ပဲခိုး တောရ ဘုန်းတော်ကြီး ဦးသီလတို့ကို အားကျနည်းမှီး အထပ်ထပ် ချီးကျူးဆိုထားပေသည်။

သာသနာ ပြန့်ပွားရေးအတွက် ကြိုးပမ်းသော ပုဂ္ဂိုလ်သည် နေရာ တခုတည်း၌ အခြေအမြဲစိုက်၍ နေလေ့မရှိပေ၊ ယင်းသို့သော ဓလေ့ စဉ်လာအရ "ဝ၂၅ဝ" ခုမှာ ကျိုက်လတ်မြို့သို့ ရောက်လာပြီး ဘုရားကြီး သွန်းလုပ်ရေးနှင့် တကွ သာသနာတော် အကျိုးကို တိုးပွားစေရန် ကျောင်းကန်တို့ကို တည်ထောင်တော်မူခဲ့၏။

တိလောကမာရဇိန်ဘုရားကြီးကို အလယ်ထား၍ ရှေ့ကျင် ပုဗ္ဗာရုံ ကျောင်းတိုက်၊ ရှေ့ကျင် ပစ္ဆိမာရုံကျောင်းတိုက်ဟူသောအမည် ဖြစ်လာ ရလေရာ ဆရာတော် ဦးသောမ ကြွရောက်လာသော "ဝ၂၅ဝ" ခုမှာ ဘုရားကြီးကို မသွန်း မတည်ရသေးသောကြောင့် ပၪ္စအမည်တို့ မဖြစ် နိုင်ကြသေးဟု မြင်နိုင်၏၊ သို့သော် ကျောင်းကား ဖြစ်၏၊ ထိုကျောင်း၌ သီတင်းသုံး၏၊ နောက် ပစ္ဆိမာရုံ ဟူသောအမည် ဖြစ်လာလေသည်၊

အရင်းအခြာ မူလ ကျောင်းဒါယကာကား တိုက်သူကြီး ဦးရန်ရှင်း ဖြစ်၏၊ ဦးရန်ရှင်းသည် ဘုရားကြီး သွန်းလုပ်ရာ၌လည်း မူလအရင်းခံ ဒါယကာဖြစ်သည်။

ဆရာတော် အရှင်သောမ ထေရ်မြတ်ကြီးသည် ကျိုက်လတ်မြို့၌ ပစ္ဆိမာရုံ ကျောင်းကို တည်ထောင် အခြေချခဲ့သော်လည်း ယင်းကျောင်း၌ ကာလ ကြာမြင့်စွာ နေတော်မမူ၊ သက္ကရာဇ်ကို အတိအကျ မဖော်ပြနိုင်သော်လည်း ၁၂၅၇-ခု မတိုင်မီ ကျိုက်လတ်မှ ထွက်ခွာ ကြွသွားကြောင်း ကိုကား ဆိုနိုင်ပါ၏၊ ၁၂၅၇-ခုနှစ်မှာ နောင် ရှေကျင်ဂိုဏ်း သာသနာပိုင် ဖြစ်မည့် ဆရာတော် အရှင်ကေလာသ ကြွရောက် သီတင်းသုံးတော်မူ၏၊ ဤဆရာတော်သည် ပစ္ဆိမာရုံတိုက်၏ ဒုတိယဆရာတော်ဖြစ်၏၊ ထို့ကြောင့် ကိုယ်တိုင် စီရင်အပ်သော ပစ္ဆိမာရုံ ဦးကာကျော်နိဿယသစ် ဂန္ဌာရမ္ဘာ၌ ''အာစေရေန၊ ကျိုက်လတ်မြို့မ ဒုတိယ ပစ္ဆိမာရုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံပေသော ဆရာသခင် အရှင်မြတ်သည်''ဟူ၍ ဒုတိယပစ္ဆိမာရုံ ဆရာတော် ဖြစ်ကြောင်းကို ဖော်ပြထားပေသည်။

ဆရာတော် အရှင်သောမထေရ်သည် ကျိုက်လတ်မြို့မှ အခြားနေရပ် တပါးသို့ ကြွသွားသော်လည်း ကျိုက်လတ်မြို့ စိန်ဟိုင်းတို့နှင့် လုံးလုံး အဆက်ပြတ်သွားသည်ကား မဟုတ်ပေ၊ ၁၂၆၉-ခု ပထမ ဝါဆိုလဆုတ် ၁၄-ရက် တနင်္ဂနွေနေ့၌ ပြီးဆုံးသည်ဟု ဆိုထားသော ပါမောဇ္ဇဒီပနီ ကျမ်းကို-

ကျိုက်လတ်မြို့ တိုက်သူကြီး ကျောင်းဒါယကာ မောင်ရန်ရှင်း
စိန်ဟိုင်း တိုက်သူကြီး ကျောင်းဒါယကာ မောင်နေထွန်း
တောအုပ်မင်း မောင်ဖိုးခင်
နိဗ္ဗာန်ကျောင်း ဒါယကာကြီး (အမည်မပါ)

ပစ္ဆိမာရုံ-၇

မြန်အောင်ဇာတိ ရန်ကုန်နှင့် ကျုံတာရှာတို့၌ အလှည့်အလှည့်နေလေ့ရှိသော ကျောင်းဒါယကာ မောင်မြတ်စံတို့ တောင်းပန်၍ ရေးသားစီရင်ကြောင်း ဖော်ပြထား၏၊ ဤသည်ကိုထောက်၍ ကျိုက်လတ်နှင့် အဆက်မပြတ်ကြောင်း ထင်ရှားနေ၏။

ပါမောဇ္ဇဒီပနီကျမ်းကို ၁၂၇၀ ပြည့်နှစ်မှာ တကြိမ်၊ ၁၂၈၂ ခုနှစ်မှာ တကြိမ် ပုံနှိပ်ထုတ်ဝေခဲ့၏၊ ၁၂၇၀ ပြည့်နှစ် ထုတ်ဝေခဲ့သော စာအုပ်ကိုကား ကျွန်ုပ်တို့ တပ်အပ်မတွေ့ရသေး၊ သို့သော် ပုံနှိပ်ထုတ်ဝေခဲ့ကြောင်းကိုမူ "ကြွင်းသော ကုလားမျိုး ၅၀ နှင့် ကုလားမျိုး ၆၀ တို့ကို ၇၀ ပြည့်နှစ် ပုံနှိပ်သော ပါမောဇ္ဇဒီပနီ၌ကြည့်လေ"ဟူ၍ ၁၂၈၂–ခုပုံနှိပ်သော ပါမောဇ္ဇဒီပနီစာအုပ် စာမျက်နှာ ၁၆ ၌ အမှာပြုထားသောစကားအရသိရပေသည်။

၁၂၈၂ ခုနှစ်၌ ကွမ်းခြံကုန်းမြို့ ဇမ္ဗုမေတ္တာ ပုံနှိပ်တိုက်၌ ပုံနှိပ်သည်၊ ယင်းပုံနှိပ်တိုက်နှင့်, ပုံနှိပ်တိုက်နှင့်ပတ်သက်သောသူတို့ပါ ကွမ်းခြံကုန်းမြို့၌ ယခုမရှိကြတော့ပေ၊ပုံနှိပ်တိုက်၏ တည်ခဲ့ရာကား ယခု မစိုးရိမ်ကျောင်းတိုက်၏ တောင်ဘက်နား၌ ရှိနေ၏၊ အခြားသော စီးပွားရေးကို လုပ်ဆောင်သော လူတို့၏ နေအိမ် ဖြစ်နေ၏။

ဆရာတော်အရှင်သောမထေရ်ဘည် ဒုတိယဆရာတော် လက်ထက်အခါ မှာလည်း ကျိုက်လတ်သို့ တခါတရံ ကြွလာသည်ကို ယခု ပစ္ဆိမာရုံကျောင်းတိုက်၌ သီတင်းသုံးလျက်ရှိသော သက်တော် (၇၁)နှစ်ရှိ အရှင်နန္ဒကထေရ် ငယ်စဉ်က တွေ့ဖူးကြောင်း မိန့်ဆို၏၊ အရှင်နန္ဒကထေရ်ကား ငယ်စဉ်ကစ၍ ပစ္ဆိမာရုံ၌ နေလာခဲ့သည်ဖြစ်၍ ပစ္ဆိမာရုံ၌ နေသက်အများဆုံး ပုဂ္ဂိုလ်ဖြစ်၏။

သုံးခွ၊ ကွမ်းခြံကုန်းတို့သို့လည်း ကြွလာတတ်သည်၊ ကြွလာလျှင် သုံးခွရှာ လက်ပံကျောင်း (နောက်အမည် မဟာဗောဓိကျောင်း)၌ တည်းသည်ဟု သိရ၏၊ ယင်းလက်ပံကျောင်းကား မဟာဝုန်တောရဆရာတော်၊ သုံးခွ

မဟာဝုန်တောရသို့ မထွက်မီက သီတင်းသုံးခဲ့သော ကျောင်းဖြစ်သည်၊ ဤအကြောင်းကို နောက်၌ ဖော်ပြပါမည်။

စာသင်ပျိုတို့အကျိုးကို မျှော်ကိုးခြင်း

ဆရာတော် ဦးသောမထေရ်မြတ်သည် သောတုဇနတို့၏ အကျိုးအတွက် တစေ့တစောင်း အရှုမပြတ်ပေ၊ပုဒ်ခတ်ပစ္စည်း ဉာသ်နည်းနေတို့ ကောက်ပုံ ယူပုံတို့ကိုလည်း အခွင့်ကြုံလျှင်ဖော်ပြလေ့ရှိပါသေး၏၊တခုထုတ်ပြပါမည်။

"အဗျတ္တာ ဘိက္ခု၊ ပန ပဗ္ဗာဇေန္တာ အရဟတ္တသ ဥပနိဿယံ နာသေန္တိ"။ (ဓမ္မပဒအဋ္ဌကထာ)

အဗျတ္တာ၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာ မလိမ္မာကုန်သော။ ဘိက္ခု၊ပန၊ ရဟန်းတို့သည်ကား။ ပဗ္ဗာဇေန္တာ၊ တပည့်သားတို့ကို ရှင်သာမဏေ ပြုကုန်သည်ရှိသော်။ အရဟတ္တသ၊ အကျိုးကိုလိုလို၍ ကြည်ညိုဆည်းကပ် တပည့်မြတ်တို့ ရအပ်သော အရဟတ္တဖိုလ်၏။ ဥပနိဿယံ၊ အားကြီးစွာသော မှီရာ ဥပနိဿယပစ္စည်းကို။ နာသေန္တိ၊ ဖျက်ဆီးကုန်၏။

ဤအဗျတ္တာဟူသောပုဒ်ကို ကြိယာ ၈ါးတန် ထုတ်ပြထား၏။အဗျတ္တဖြင့် သမထဝိပဿနာနည်း၌ မလိမ္မာ မသိတတ်သည်၏အဖြစ်ကို မုခ၃ တိုက်ရိုက် ဒဿနတ္ထအားဖြင့် ပြ၏၊ထိုကို ပြသဖြင့် မိမိမှီရာဆရာလည်း မလိမ္မာမသိတတ်သည်၏ အဖြစ်ကို ဖလူပစာရ ဒီပကတ္ထအားဖြင့် ပြ၏၊ ထိုကို ပြသဖြင့် ညဉ့်နံနက်ကာလတို့၌ တပည့်သားတို့အား လတ်လျှားပေါ့ဖျင်းစေခြင်း၊ကစား မြူးတူးစေခြင်း၊ ထွေလာစကားတို့ကို ပြောချင်တိုင်း ပြောစေ၍ ပျော်အောင် မေ့ခြင်း၊ အတ္တဟိတ ပရဟိတ ပျက်သည်ကို ကာရဏူပစာရ ပကာသနတ္ထအားဖြင့် ပြ၏၊ထိုကိုပြသဖြင့် မိမိအကျိုးကိုကျင့်ခြင်း စသော ပုဂ္ဂိုလ်လေးယောက်တို့တွင် တတိယပုဂ္ဂိုလ်အဖြစ်ကို ဝိဘာဝတ္ထအားဖြင့် ပြ၏၊ထိုကို ပြသဖြင့် တပည့်သားတို့၏ မိဘ စသော ဒါယကာဝယ်တို့၏ ပစ္စည်း

လေးပါးကို မခံထိုက်သော (အဒက္ခိဏေယျ)အဖြစ်၊ ရှိခိုး မခံထိုက်သော (အနဥ္ဇလီကရဏီယ)ပုဂ္ဂိုလ်အဖြစ်၊ ကောင်းမှုစိုက်ပျိုးရာ လယ်မြေသဖွယ် (ခေတ္တဂင်္ဂတ) မဟုတ်သည်၏အဖြစ်ကို ကာရဏူပစာရ အနုဘာဝတ္ထုအားဖြင့် ပြ၏၊ ဤသို့ မူလဋ္ဌိကာနည်းဖြင့် ကြိုယာ ငါးဆင့်စပ်၍ တပည့်သားတို့၏ ဥပနိဿယပစ္စည်းကို ဖျက်ဆီးပုံကို ပြထား၏။

တိုက်ရိုက်မှု၌ သိမြင်အပ် ပြအပ်သော အနက်သည် ဒဿနတ္ထ၊ ယင်း၏ အကြောင်းဖြစ်သော အနက်သည် ဒီပကတ္ထ၊ အကျိုးဖြစ်သော အနက်သည် ပကာသနတ္ထ၊ ပကာသနတ္ထ၏ အကြင်းမဲ့ အကြောင်းဖြစ်သော အနက်သည် တနည်း–ဒဿနတ္ထနှင့် အကြောင်းချင်းသဘော လက္ခဏာတူသော မျှားစွာသော အကြောင်းဖြစ်သောအနက်သည် ဝိဘာဝတ္ထ၊ ၎င်းကို ဆ၍ သိအပ်သော အဆက်ဆက်သော အကျိုးဖြစ်သောအနက်သည် အနုဘာဝတ္ထ ဟူ၍ ဖော်ပြထားသည်သာမက အာစရိယလဒ္ဓမုဋ္ဌိကိုလည်း ပီပီပြင်ပြင် ပြပါသေး၏။

တနည်းအားဖြင့် ဒေသနာဟာရနည်း တစိတ်ဖြင့် တိုက်ရိုက်ယူအပ်သော အနက်သည် ဒဿနတ္ထ မည်၏။

ပဋ္ဌာနဟာရ သြရောဟနနည်းဖြင့် ပြအပ်သော အနက်သည် ဒီပကတ္ထ မည်၏။

လက္ခဏာဟာရနည်းဖြင့် ပြအပ်သောအနက်သည် ဝိဘာဝတ္ထ မည်၏။

၎င်းကို ဆ၍ ပညတ္တိဟာရနည်းဖြင့် သိအပ် ပြအပ်သော အနက်သည် အနုဘာဝတ္ထ မည်၏။

ပဋ္ဌာနဟာရ၊ အာရောဟနနည်းဖြင့် ပြအပ်သော အနက်သည် ပကာသနတ္ထ မည်၏။

ဤသို့လျှင် ငါတို့ကျေးဇူးရှင် ဓင်းကွန်းဌေတောင်တောရ ရှေကျင်ဆရာတော်ဘုရားကြီးသည် ၁၂၄၄-ခု တပို့တွဲလဆန်း ၅-ရက်နေ့ မင်းလှရှာနွားလန်တောင်မှ မန္တလေးမြို့သို့ ကေရာဇ်မင်း ပင့်၍ ဆန်တက်ယင်းနေတ္တိဟာရအကျဉ်းကောက်ကို ပို့ချသောအခါ "အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ" ဟူသော ပါဠိတော်၌ ရင်းကြီယာ ငါးဆင့်စပ် အနက်ငါးပါးကို ပြတော်မူသည်၊ စာသင် ပျိုနှုသောတုဃယ်တို့ မှတ်ရန် သိရန်ဖို့၊ ပညာကြီးရင်တို့ကား သည်းခံတော်မူကြပါ။ (ပါမောဇ္ဇဒီပနီ-၂၇၆)

ဤသို့လျှင် ဆရာတော်ကြီးသည် အာစရိယလဒ္ဓမုဋ္ဌ ပိုင်ပိုင်ရှိသူပုဂ္ဂိုလ်ဖြစ်သည်အလျောက် နောက်နှောင်းပျိုနှု သောတုဇနတို့၏ အကျိုးကို မျှော်ကိုး ဖြန့်ချိတော်မူသေး၏။

အလျဉ်းသင့်လာလျှင် မချန်မခြင်း သိစေလိုသောဆန္ဒ ပြင်းပြတော်မူ၏၊ ထို့ကြောင့် ကောက်ပုံ ယူပုံတို့ကိုပါ ထည့်သွင်း၍ ပြတော်မူလေ့ရှိ၏။

ကုသလာကုသလံ မနတိ ဇာနာတီတိ မနုဿော (ကစ္စည်းကျမ်းလာ ဝစနတ္ထ) မနုဿောကား ကတ္တုသာဓနကိုတ်ပုဒ် မနဓာတ် ဥဿပစ္စည်း၊ မနဓာတ်၏အရ ကတ္တုတ္ထကြိယာကား သဒ္ဓါ သတိ ဝိရိယ ဉာဏ် ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ ရ၏၊ ရှေးရှေးသော ယောနိသော မနသိကာရ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် ဖလူပစာရတ္ထအားဖြင့် ရ၏၊ နောက်နောက်သော ပီတိပါမောဇ္ဇ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် ကာရဏူပစာရတ္ထအားဖြင့် ရ၏၊ ဥဿပစ္စည်း၏အရကား ထိုမုချ ဖလူ ကာရဏူတို့ဖြင့် မှတ်အပ်သော သဒ္ဓါ သတိ ဝိရိယ ပညာတို့ဖြင့် ထုံမွှမ်းအပ်သော လူဟူ၍ ခေါ်ဝေါ်ပညတ်အပ်သော သတ္တသန္တာန်ခြုပ် ဝိသေသ ရ၏ ဟူ၍ ကောက်ပြပြီးလျှင်-

"မုချဖလူ၊ ကာရဏူ၊ လွယ်ကူ သိစေမင်း။
ပစ္စည်း ပညတ်၊ ဓာတ်ပရမတ်၊ ဆတ်ဆတ် ကောက်ယူမင်း။
ပစ္စုပ္ပန္န၊ မုချဖလူ၊ ရှေးရှေးယူ၊ ကာရဏူ နောက်နောက်သွင်း"
ဟူ၍ နိယံကိုလည်း ဖော်ပြလိုက်သေး၏။

ဝိမာနဝတ္ထု အဋ္ဌကထာ၊ ဝိဘာဝနီ ဋီကာတို့၌ "မနော ဉာဏန္နံ ဘော-သန္တိ မနုဿာ"ဟူ၍ မနုပုဒ် ဉာဏန္နပုဒ်တို့ဖြင့် စတုတ္ထိ ဗဟုဗ္ဗီဟိသမာသ် ပြုကြကုန်၏။

သဒ္ဒါဆရာတို့က "မနုနော အပစ္စာ=မနုဿာ" ဟူ၍ မနုပုဒ် နောင် အပစ္စအနက်၌ ဿပစ္စည်းသက်၍ အပစ္စတद္ဓိတ်လည်း ပြုကြကုန်သေး၏ စသည်ဖြင့် စေ့စေ့ငုငု ထုတ်ပြတော်မူတတ်သော ဒေလေ့လည်း ဆရာတော်ကြီး၌ ရှိပါပေ၏။

ဆရာတော်ကြီး အရှင်သောမ (သောမာဘိဓဇ)ထေရ်မြတ်သည် အနုအရင့် ပါရမီ အဆင့်ဆင့်ရှိသော ပုဂ္ဂိုလ်တမ်းစား အသီးသီးအတွက် အဖက်ဖက်က အကျိုးထွန်းကားစေခြင်းငှာ မေတ္တာ ကရုဏာ အပြည့်အဝ ရှိသောပုဂ္ဂိုလ်ပီပီ ကျမ်းဂန်ပြုစုရေးသားရာ၌–သုတအထွေထွေဖြင့် ဝေဆာ အောင် ပြုစု ရေးသားတော်မူပါပေ၏။

ဥဒါန်း

(၁) နဘေသောမော ဇနေသောမော၊ ဥဘော တောသန္တိ မာနုဿာ။
နဘေသောမော ဇလာပေတိ၊ အညော ဥပေတိ ထာမုနာ။ ။

(၂) ဝိဝိဓောပိ ဇနေ သောမော၊ ကျိုက်လတ်နာမေန ပါကဋော။
သုဒ္ဓသီလော ဝိဓိရိတော၊ အပ္ပိစ္ဆော ဗျာသဉ္ဇာဏိကော။ ။

တောင်စဉ်တိုက် ကျိုကိလတ်ချောင်

ကျိုက်လတ်ဆရာတော်ကြီး အရှင်သောမထေရ်သည် ၁၂၅၇–ခု မတိုင်မီ ကပင် ကျိုက်လတ်မှ ကြွသွားလေသည်၊ တခါတရံ ကျိုက်လတ်သို့လည်း ရောက်လာတတ်သည်၊ ဤအကြောင်းကိုကား သိခဲ့ရပြီ၊ သို့သော် မိမိဇာတိ နေရပ် အလုံ အရတော်သို့ ကြွသွားသည်ဟု သိရသည်မှတပါး ဘယ်နေရာ ဌာနဌ သီတင်းသုံးနေသည် ဟူ၍ကား အတိအကျ စုံစမ်း၍ မရပေ၊ ၁၂၇၁–ခုသို့ ရောက်သောအခါမှာကား စစ်ကိုင်းတောင်ရိုးဌ ရှိနေလေ သည်၊ ဆရာတော်ကြီးသည် စစ်ကိုင်းတောင်ရိုးဌ သီတင်းသုံး၏၊ ဆရာ တော်ကြီး၏ တပည့်ဖြစ်သော ကျိုက်လတ်မြို့နယ် စိန်ဟိုင်းရွာမှ ဦးဖိုးသိုက်၊ ဇနီး ဒေါ်အုတ်ကြီ ကျောင်းဆောက်လှူဒါန်းကြ၏၊ ၁၂၇၁–ခု သီတင်းကျွတ် လမှာ ဖြစ်သည်၊ တောင်စဉ်တိုက် ကျိုက်လတ်ချောင်ဟု အမည်တွင်သည်။

ကျောင်းဟု ဆိုသော်လည်း ယခုအခါကဲ့သို့ ထယ်ထယ်ဝါဝါ တိုက်ကြီး တာကြီး မဟုတ်ပေ၊ သာမည ဝါးကပ်မိုးကျောင်းကလေးမျှသာ ဖြစ်ပုံ ရ၏၊ ထိုခေတ် ထိုအခါနှင့် ထိုအခါထက် ရှေးကျသောအခါက စစ်ကိုင်း တောင်ရိုးသည် တောရပ်မွေလျော်သောပုဂ္ဂိုလ်တို့၏ နေထိုင်သီတင်းသုံးရာ ဌာနမျှသာ ဖြစ်ခဲ့၏၊ ယခုခါကဲ့သို့ စည်ကားသိုက်မြိုက် စာသင်တိုက်ကြီး မျှား ထွန်းကားနေသည် မဟုတ်ပေ၊ ကျိုက်လတ် ပစ္စိမာရုံတိုက်မှ ဆရာတော် အရှင်နန္ဒကထေရ် ရောက်ဖူးခဲ့သော ၁၂၈၀–ပြည့်နှစ်မှာပင် ကျိုက်လတ်ချောင်ဌ ဝါးကပ်မိုးကျောင်းကလေးမျှသာ ရှိသည်ကို တွေ့ရ သည်ဆို၏၊ ယခုကား တိုက်ကြီးမျှားနှင့် ခမ်းနားပါပေ၏၊ အရှင်နန္ဒက သည် ထိုစဉ်က အသက် ၁၈–နှစ်အရွယ် ဖြစ်သည်၊ ရှင်လိုင်ပြန် ကျောင်း သားအဖြစ်ဖြင့် ဒုတိယ ပစ္စိမာရုံဆရာတော်ကြီးနောက် လိုက်၍ ရောက်ခဲ့ ရသည်ဆို၏။

ဆရာတော် အရှင်သောမသည် ယင်း ကျိုက်လတ်ချောင်ဘုရားကြီး တာရှည် သီတင်းသုံးမနေ ကြွသွားပြန်ရာ ယင်းချောင်ဘု ဦးနိသဘ မည်သော ပုဂ္ဂိုလ်တပါး နေသည်ဆို၏၊ ထိုပုဂ္ဂိုလ်က သူသည်သာလျှင် ချောင်ကို ပိုင်သင့်သယောင် ဆိုလာသောကြောင့် ကျောင်းဒါယကာ စိန်ဟိုင်း ဦးဖိုးသိုက်၏ ဇနီး ဒေါ်အုကို ခေါ်၍(ဦးဖိုးသိုက်ကား ကွယ်လွန်ပြီးပြီ) မည်သူ့အား လှူမည်နည်းဟု မေးရာ ပစ္ဆိမာရုံအားသာ လှူပါသည်ဟု ဆိုသဖြင့် ဦးနိသဘ ရှောင်ထွက်သွားသည်ဟု ကြားသိရ၏။

ထိုအခါကား ဒုတိယပစ္ဆိမာရုံဆရာတော် အရှင်ကေလာသ၏ လက်ထက်အခါ ဖြစ်သည်၊ ယင်း ဆရာတော်က ရှေကျင်ဂိုဏ်းဝင် သံဃာထေရ်တို့ကို ပင့်၍ ရေစက်ချသည်၊ ထိုနောက် ဆရာတော် ရုံခါရုံခါကြွလာ၍ သီတင်းသုံး၏၊ ၁၂၇၇-ခုနှစ်၌ကား ဝါဆို သီတင်းသုံး၏၊ ထိုနှစ်မှာပင် ပစ္ဆိမာရုံကစ္စည်း နိဿယသစ်ကို စတင် ရေးသားလေသည်။

ဆရာတော်ကြီးကား ရုံခါရုံခါသာ ကြွရောက် သီတင်းသုံးသည်၊ အမြဲအုပ်ချုပ်နေထိုင်သော ပုဂ္ဂိုလ်ကား ဦးဥာဏဗလ ဖြစ်သည်၊ ဦးဥာဏဗလ ပျံလွန်တော်မူပြီးနောက် ဦးယမက အရှင်မြတ် အုပ်ချုပ် သီတင်းသုံးနေထိုင်လေသည်။

အရှင်ယမက။ ။ဆရာတော် အရှင်ယမကသည် မြင်းမူနယ် သမန်းအေးရွာ၌ ၁၂၆၉-ခု၊ ဒုတိယဝါဆိုလဆန်း(၇)ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သည်၊ ပစ္ဆိမာရုံဆရာတော်ကြီး၏ မြေးတော်သူ ဖြစ်သည်၊ ၁၂၈၈-ခု၊ တန်ဆောင်မုန်း လဆန်း (၇) ရက်နေ့၌ ပဉ္စင်းအဖြစ်သို့ ရောက်သည်၊ ကျိုက်လတ် ပစ္ဆိမာရုံတိုက်၌ ရဟန်း ၂-ဝါရ ၁၂၉၀-ပြည့်မှစ၍ ၁၂၉၇-ခုနှစ်အထိ ခုနစ်နှစ် နေခဲ့သည်၊ ရဟန်း ၅-ဝါရမှာ စာချ ဖြစ်သည်၊ လေးနှစ်ကျော် စာချနေခဲ့၏၊ ၉-ဝါရသောအခါ စစ်ကိုင်းတောင်ရိုး တောင်စဉ်တိုက် ကျိုက်လတ်ချောင်သို့ ပြောင်းရွှေ့လာခဲ့၏၊ ဒုတိယကမ္ဘာစစ်အတွင်းက

မိမိ၏ ဇာတိနယ်ဖြစ်သော အုန်းနှဲပင်ရွာ၌ နေခဲ့သည်၊ ၁၅-နှစ်ခန့်ပင် ကြာခဲ့သည်၊ စစ်ကိုင်းတောင်ရိုး ကျိုက်လတ်ချောင်၌ ဆရာတော် အရှင် ဉာဏဗလ ပျံ့လွှန်တော်မူသောကြောင့် ဆရာတော် အရှင်ယမက ကြွရောက် အုပ်ချုပ် သီတင်းသုံးရလေသည်။

ဒေါ်သီလဝတီပြောပြချက်။ ။တောင်စဉ်တိုက် ကျိုက်လတ်ချောင်၌ ရဟန်းတော်များအပိုင်း သီလရှင်များအပိုင်းဟု နှစ်ပိုင်းရှိ၏၊ တောင်ပေါ်ပိုင်းသည် ရဟန်းတော်များ ကျောင်းတိုက်ဖြစ်၍ အနိမ့်ပိုင်း တောင်အောက်ပိုင်းသည် သီလရှင်များအပိုင်း ဖြစ်၏၊ သီလရှင်များအပိုင်းသီလရှင်တိုက်ကို ဒေါ်သီလဝတီအုပ်ချုပ်၏။

ဒေါ်သီလဝတီသည် ၁၂၆၄ ခု၊ မိတ္ထိလာမြောက်လက် ပင်းတလဲ၌ ဖွားမြင်၏၊ ၁၂၉၁ ခုမှာ စစ်ကိုင်းတောင်ရိုး ကျိုက်လတ်ချောင်သို့ စာချအဖြစ်ဖြင့် ရောက်သည်၊ ထိုအခါ ကျိုက်လတ်ချောင် ရဟန်းတော်များ ကျောင်းတိုက်၌ ဦးဉာဏဗလ သီတင်းသုံးအုပ်ချုပ်နေသည်၊ ယခု ဒေါ်သီလဝတီ ကား အသက် ဂဝ ရှိပြီ။

ကျိုက်လတ်ချောင်ကို ပထမ စတင်ဒါယကာပြု တည်ထောင် လှူဒါန်းခဲ့သော ဒါယကာတို့မှာ စိန်ဟိုင်းမှ ဦးဖိုးသိုက်နှင့် ဇနီး ဒေါ်အုတို့ ဖြစ်ကြရာ ဦးဖိုးသိုက်ကား စောစောကပင် ကွယ်လွန်ခဲ့၏၊ ဒေါ်အုသည် အသက်ငယ်သေးသော်လည်း အိမ်ထောင်ထပ်မပြုပဲ အသက်ထက်ဆုံး တကိုယ်တည်းနေသွား၏။

ရံဖန်ရံခါ စစ်ကိုင်းတောင်ရိုး ကျိုက်လတ်ချောင်၌ ကြာရှည်လေးမြင့် စွာ ဒေါ်သီလဝတီတို့နှင့် အတူလာနေ၏၊ အားအားရှိလျှင် ဒေါ်အုက ဦးဖိုးသိုက်နှင့် ဆရာတော်ကြီး ဦးသောမအကြောင်းကို ပြောဆိုနေတတ်သည်တဲ့၊ ဤတောင်စဉ်တိုက် ကျိုက်လတ်ချောင်ကို ဦးဖိုးသိုက်က သူ့ဆရာ

ဖြစ်သော ဆရာတော် ဦးသောမကိုရည်စူး၍ တည်ထောင်လှူဒါန်းကြောင်း ပြောဆိုသည်ကို အထပ်ထပ်ကြားဖူးကြောင်း ဒေါ်သီလဝတီပြောပြ၏။

ဦးဖိုးသိုက် မရှိပြီးနောက် ဆောက်သော ကျောင်းတိုဋ္ဌလည်း ဆင်ဝင်ပါ၏၊ ဦးဖိုးသိုက်သည် ဆင်ဝင်ပါသည်ကိုနှစ်သက်သည်၊ထို့ကြောင့် နောက်ဒေါ်အု ဆောက်လှူသော ကျောင်းတိုဋ္ဌလည်း.မိမိယောကျ်ား အကြိုက်အတိုင်း ဆင်ဝင်ထည့်စေသည်ဟု ဆို၏။

ဤသည်တို့ကား ဆရာမကြီး ဒေါ်သီလဝတီ ထံမှ ကြားသိရသော စကားတို့ ဖြစ်ကြ၏။

ဤစကားတို့ကို အစုံအလင်ဆိုလိုက်ခြင်းကား စစ်ကိုင်းတောင်ရိုး တောင်စဉ်တိုက် ကျ်ိုက်လတ်ချောင်ကို ပစ္ဆိမာရုံ ဒုတိယဆရာတော်ကြီး စတည်ထောင်သည်ဟူ၍ အစဲ့အထင်အချ်ို ရှိနေ၍ အဖြစ်မှန် ပေါ်လာစေရန် ရည်သန်ချက်ကြောင့် ဖြစ်ပါသည်။

ပုဗ္ဗာရုံတိုက်

တိုလောကမာရဇိန် ဘုရားကြီးကို သွန်းလုပ် တည်ထားပြီးသောအခါ ဘုရားကြီးကို အလယ်ထား၍ အရှေ့ဘက်၌ ပုဗ္ဗာရုံ၊ အနောက်ဘက်၌ ပစ္ဆိမာရုံ ဟု ဖြစ်လာရ၏၊ ယင်းကျောင်းတိုက် နှစ်တိုက်သည် ကျိုက်လတ်မြို့၏ မျက်နှာဖုံး ရှေကျင်ကျောင်းတိုက်ကြီးတို့ ဖြစ်ကြကုန်၏။

ပုဗ္ဗာရုံကျောင်းတိုက်နှင့် ပတ်သက်သော ရှေးဖြစ်ကို စုံစမ်းသိရှိသမျှ အကျဉ်း ဖော်ပြပါမည်၊ ယခု ပုဗ္ဗာရုံကျောင်းတိုက်၌ သီတင်းသုံးနေသော သက်တော် ၆၉ နှစ်၊ ဝါတော် ၅၀ ရှိ အရှင်သုဇနထေရ်က မိမိကိုယ်တိုင် ယခင်က တိုက်အုပ်ဆရာတော်ဖြစ်ခဲ့သော ဦးဝါသဝထေရ်ထံမှ ကြားနာမှတ်သားလိုက်ရသည်ကို ပြောပြ၏။

ရှေးက ဆေးရုံဟောင်း၊ ယခု စာတိုက်သစ်နေရာ၌ ရှေဘိုကျောင်းဟု ရှိခဲ့သည်၊ ထိုနေရာ၌ ဆေးရုံနှင့် မီးသတ်ဌာန လုပ်လို၍ နေရာစားပေးကာ ထိုကျောင်းကို ပြောင်းရွှေ့စေသည်၊ ထိုကျောင်းမှ ပစ္စည်းတို့ဖြင့် ယခု ပုဗ္ဗာရုံကျောင်းနေရာ၌ ကျောင်းဆောက်သည်၊ ဤသို့ တိုက်အုပ်ဆရာတော် ဦးဝါသဝထံမှ ကြားနာမှတ်သားလိုက်ရကြောင်း ပြောပြ၏။

ယင်းပုဗ္ဗာရုံကျောင်းတိုက်၌ပင် သီတင်းသုံး နေထိုင်သော သက်တော် ၇၃ နှစ်၊ ဝါတော် ၅၃ ဝါရှိ ဆရာတော် ဦးကလျာဏထေရ် ပြောပြချက်–

"ယခု လက်ရှိ ပုဗ္ဗာရုံကျောင်းတိုက် မရှိမီက ဤနေရာ၌ သစ်သားကျောင်းကြီးရှိခဲ့သည်၊ထိုကျောင်း ပျက်သွားသဖြင့် ထိုကျောင်းမှ သစ်သားပျဉ်အခွါကိုယူ၍ ဆောက်ထားသော ကျောင်း ယခု ရှိသည်၊ ဓမ္မောဒယကျောင်းနှင့် ဓမ္မဂဝေသီကျောင်းတို့ ဖြစ်ကြသည်"

အဆိုပါ ဆရာတော်များ မိန့်ဆိုချက်တို့ကို ဆက်စပ်ကြည့်လိုက်လျှင် ဆေးရုံဟောင်းနှင့် စာတိုက်သစ်နေရာမှ ရှေဘိုကျောင်းကို ဖျက်ရှေ့လာကာ ဤနေရာ၌ ကျောင်းပြန်ဆောက်သည်၊ ရှေဘိုကျောင်းကို ရှေ့ဆောက်လျှင် အမည်လည်း ရှေဘိုကျောင်းပင် ဖြစ်ရမည်ဟု ထင်ကြရမည်သာ ဖြစ်၏၊ တိုလောကမာရဇိန်ဘုရားကြီးကို သွန်းလုပ်တည်ပြီးသောအခါ ဘုရားကြီး အရှေဘက်ဖြစ်၍ ပုဗ္ဗာရုံကျောင်းဟု အမည်တပ် ခေါ်လာကြသည်ဟု မြင်နိုင်၏။

ဘုရားကြီးကို သွန်းလုပ်တည်ထားပြီးသောအခါကား စည်ကား သိုက်မြိုက်လာ၏၊ ထိုအခါ စက်သင်ဌေးကုန်သည်ကြီး ဦးတူ၊ ဇနီး ဒေါ်ဖော့တို့က တိုက်ကျောင်းကြီးဆောက်လုပ်ကာ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီးအား အပ်နှင်းလှူဒါန်း၍ သံဃာ လျှောက်တောင်းသဖြင့် ဆရာတော်ကြီးက ပရိယတ္တိသာသနာ ထွန်းကားရေးအတွက် ကျမ်းဂန်တတ် အရှင်ကောဇွန်ညထေရ်ကို ထည့်ပေးလိုက်သည်၊ ၁၂၅၇ ခုနှစ်မှာ ဆရာတော် ဦးကောဇွန်ည ပုဗ္ဗာရုံကျောင်းတိုက်၌ စတင်သီတင်းသုံးလေသည်။

ဆရာတော် ဦးကောဇွန်ည မရောက်မီက မည်သည့်ပုဂ္ဂိုလ်နေထိုင်သည်ဟု မသိရသော်လည်း ဆရာတော် ဦးသောမ၏ အုပ်ချုပ်မှု မကင်းဟု ဆိုဖွယ်ရှိ၏၊ ဆရာတော် ဦးသောမသည် ပုဗ္ဗာရုံကျောင်း၌ ကုဋ္ဌိတွင်းတူးခြင်း၊ သန့်သက်ရေတံလျှောက်၊ ကျင်ငယ်တံလျှောက်တို့နှင့် တက္ခ သက်နှိုးတန်း ထားရာ ဌာန စသည်တို့ကိုပါ ဆောင်ရွက်ခဲ့ကြောင်း ဆိုခဲ့ပြီ၊ ယင်း ဆောင်ရွက်ချက်တို့ကို ထောက်၍ ဆရာတော် ဦးသောမ၏ အုပ်ချုပ်မှု မကင်းဟု ဆိုနိုင်ခြင်းဖြစ်သည်။

ပစ္ဆိမ္မာရုံကျောင်းတိုက်

ပထမဦးဆုံး ဆရာတော် ဦးသောမလက်ထက် တည်စအခါက ပစ္ဆိမ္မာရုံကျောင်းတိုက်နေရာသည် ခပ်ကျဉ်းကျဉ်း ဖြစ်၏၊ ယခု တိုင်တလုံးတိုက်ကြီးနေရာသည် ဗဟိုဖြစ်၏၊ တိုက်သူကြီး ဦးရန်ရှင်းသည် တိလောကမာရဇိန်ဘုရားကြီး သွန်းလုပ်ရေးမှစ၍ ဦးဆောင် ဘုရားဒါယကာလည်း ဖြစ်၏၊ ပစ္ဆိမ္မာရုံကျောင်းတိုက်၏ မူလဒါယကာ၊ နောက်ထပ် တိုးခဲ့မြေလှူဒါန်း၍ ကျောင်းကန်ဆောက်လုပ်လှူဒါန်းသော ဒါယကာလည်း ဖြစ်၏၊ဦးရန်ရှင်း၏ ဇနီး ဒေါ်စပယ်ဖြစ်၍ သမီး မမယ်ချစ်ဖြစ်၏။

ဆရာတော် ဦးသောမသည် ၁၂၅၇ ခုနှစ် မတိုင်မီက မိမိ ဆရာ၏ အရိုးရုပ်ပွားတော်၊မယ်တော်၏အရိုး ပွတ်စေတီပြုလုပ်ရေးနှင့် အခြား သာသနာဘက်ဆိုင်ရာ ပြုဖွယ်ကိစ္စတို့ကြောင့် အလုံ အရတော်သို့ ကြွသွားလေသည်။

ထိုနောက် ဆရာတော်ကြီး၏ သတင်း ငုပ်နေလေသည်၊ သို့သော် အလုံ အရတော်၌ပင် သီတင်းသုံးနေကြောင်း ယုံကြည်လောက်စရာ အထောက်အထားကို တွေ့ရ၏၊ ထောက်ထားစရာကား–

၁၂၅၅ ခုနှစ်မှာ ရှေကျင် ဆရာတော် ဘုရားကြီး ပုံလွန်တော်မူသည်၊ ၁၂၅၆ ခုနှစ်မှာ မဟာဝိသုဒ္ဓါရာမ ဆရာတော်ကို သာသနာပိုင် တင်မြှောက်ကြသည်၊ ယင်း သာသနာပိုင် တင်မြှောက်သော အစည်းအဝေး၌ သံဃာတထောင်ကျော်ရှိသည်ဟူ၏။

ဤနေရာ၌ မြောင်းမြ ပဇ္ဇောတာရုံဆရာတော်ကြီး မိန့်ဆိုချက်ကို ဆရာတော်၏ ထေရုပွတ္တိ စာအုပ်မှ ကောက်နုတ်ဖော်ပြပါအံ့။

"ပထမရှေကျင်ဆရာတော်ဘုရားကြီး ပုံလွန်တော်မူသွားတော့ မဟာဝိသုဒ္ဓါရာမဆရာတော်ကြီးကို သံဃာတထောင်ကျော် စည်းဝေးပြီးတော့

ရွေးချယ်၍ သမ္မုတိ မြောက်လိုက်တာပဲ၊ (ရွေးချယ်တာကလဲ တော်တော်) ဟိုဘုန်းကြီးတက်ပြော၊ ဒီဘုန်းကြီးတက်ပြော၊ ဟိုဆရာတော် တက်ပြော၊ ဒီဆရာတော် တက်ပြော၊ ပြောလိုက်ကြတာ၊ ဟိုပြော ဒီပြော ပြောနေကြတာ၊ နောက်ဆုံး မုံရွာနယ်က အရတော် ဆရာတော်ကြီးဆိုတာ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးထက် ၂ ဝါကြီးတယ်၊ အဲဒီဆရာတော်ကြီး တက်ပြောတယ်တဲ့၊ အဲဒီက စပြီးတော့ သမ္မုတိရတာ မဟာဝိသုဒ္ဓါရုမ ဆရာတော်ကြီးပဲ။

ဆရာတော်ကြီး ပြောဖူးတယ်၊ တပည့်တော်တို့ ကိုရင်တုန်းက တောမှာနေစဉ်တုန်းက အရတော် ဆရာတော်ကြီး လာတဲ့အခါမှာ ပြောဖူးတာတွေ မှတ်ထားတယ်။

(ဝိသုဒ္ဓါရုံ မြောင်းမြ ဆရာတော် လုပ်ကိုင်ဆောင်ရွက်ချက် စာအုပ် စာမျက်နှာ ၄၁၇၊ မော်လမြိုင် စာပြန်ပဲ့ ဩဝါဒမှ ကောက်နုတ်သည်။)

ဆိုခဲ့သော စကားဌာပါသော အရတော်ဆရာတော်ဟူသည် ဆရာတော် ဦးသောမထေရ်ဖြစ်သည်၊ ဆရာတော်သည် ၁၁၉၉ ခုဖွားဖြစ်၍ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးထက် ၂ ဝါကြီးသည်။

ဆရာတော် ဦးသောမ ထေရ်မြတ်သည် ကျိုက်လတ် ဆရာတော်ကြီးဟူသော အမည်ကို ခံယူထားသော်လည်း "အရတော် ဦးသောမ၊ အရတော် ဆရာတော်ကြီးဟူသော အမည်ကိုကား ဖျောက်၍မရ၊ အပေါ်ထင်ဆုံးသော ဆရာတော်၏ အမည်ရင်းဖြစ်သည်။

ဆိုခဲ့သော စကားတို့ကို ထောက်၍ ဆရာတော် ဦးသောမသည် ကျိုက်လတ် ပစ္ဆိမာရုံတိုက်မှ ကြွသွားပြီးနောက် ၁၂၅၆ ခု ပတ်ဝန်းကျင်၌ အလုံ အရတော်၌ပင် သီတင်းသုံးလျက်ရှိနေကြောင်း မြင်သာပေသည်။

ဆရာတော်ဦးသောမထေရ် ကြွသွားပြီးနောက် တိုက်သူကြီး ဦးရန်ရှင်းသည် သာသနာ စည်ပင်ပြန့်ပွားရေးအတွက် ပရိယတ္တိ စာသင်တိုက်ကြီးဖြစ်မြောက်ရန် လိုလားသည်ဖြစ်၍ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုမဆရာတော် ဘုရားကြီးထံ သွားရောက်လျှောက်၍ ပရိယတ္တိ သာသနာပြု ထေရ်သံဃာတောင်းသောကြောင့် နောင် ရွှေကျင်ဂိုဏ်းကြီး၏ သာသနာပိုင် ဖြစ်မည့် အရှင်ကေလာသထေရ်ကို ထည့်လိုက်လေသည်၊ နောက်ပါသံဃာအခ္ခါလည်း လိုက်ပါလာသည်၊ ၁၂၅၇ ခုနှစ်မှာ ဖြစ်၏၊ ထိုအခါ အရှင်ကေလာသထေရ်သည် သက်တော် ၃၂၊ ဝါတော် ၁၂ ဝါ ရှိပြီ။

တိုက်သူကြီး ဦးရန်ရှင်းသည် မြေနေရာကို တိုးချဲ့လှူဒါန်းပြန်၏၊ နောက်ထပ် ကျောင်းအဆောက်အဦတို့ကိုလည်း ဆောက်လုပ်လှူဒါန်း၏၊ ထိုနောက် ကျောင်းဒါယကာ အသီးသီး ပေါ်လာကာ ကျောင်းကန် အဆောက်အဦ တိုးပွားလာလေတော့သည်၊ လှူဒါန်းသော ဒါယကာနှင့် ကျောင်းတို့ကား–

(၁) ဦးစံဘော် ဆောက်လုပ်လှူဒါန်းအပ်သောကျောင်း။
(၂) ဒေါ်ကျင်နှစ် သမီး မမယ်ချစ်တို့ လှူဒါန်းအပ်သောကျောင်း။
(၃) ဦးရှေမျှင် သားသမီးတစု လှူဒါန်းအပ်သော ပြာသာဒ် ကျောင်းကြီး။
(၄) ဦးစံကျော်၊ ဒေါ်စိန်ဖူး၊ ဒေါ်ဦးမေတို့ လှူဒါန်းအပ်သော ပြာသာဒ်ကျောင်းကြီး။
(၅) ဦးသာကွန်း၊ဒေါ်အုန်းတို့လှူဒါန်းအပ်သော သိမ်ကျောင်းကြီး။
(၆) ဦးဆင်၊ ဒေါ်မိန်းကလေးတို့ လှူဒါန်းအပ်သောကျောင်းကြီး။
(၇) ဦးဖိုးထွန်း – ဒေါ်ပိုးအူတို့ ဆောက်လုပ် လှူဒါန်းအပ်သော ကျောင်းကြီး။

တိုက်သူကြီး ဦးရန်ရှင်း–ဒေါ်စပယ်၊ သမီး မမယ်ချစ်တို့ ဆောက်လုပ်လှုဒါန်းအပ်ကုန်သော မူလ ကျောင်းတို့နှင့်တကွ ကျောင်းကြီးကိုးကျောင်းတို့ဖြင့် ထယ်ဝါ ခမ်းနားသော ကျောင်းတိုက်ကြီး ဖြစ်လာလေသည်။

ကျောင်းတိုက်ကြီး ပုံစံသည် ရှေးဆန်၏၊ ရှေးအခါက ဗဟိုကျောင်းမကြီးကို ဆောက်လုပ်ပြီး ထိုကျောင်းမကြီးကို မှီတွယ်၍ အဆောင်ဆောင်ဆက်စပ်ကာ အခန်းများကို တိုးခွဲထားသဖြင့် ကြီးမားကျယ်ဝန်းသော ကျောင်းတိုက်ကြီး ဖြစ်နေ၏၊ နောက် တွေ့ရလတ္တံ့သော သီလုံ(သလုံး) ကျောင်းတော်ကြီးလည်း ထိုနည်;တူပင် ဖြစ်၏။

ပင်မကျောင်းကြီးကို ဗဟိုထား၍ ပတ်လည် ကျောင်းဆောင်တို့ကို တွဲဆက်ထားလိုက်သဖြင့် အဝေးကကြည့်လျှင် တကျောင်းတည်းဟု ထင်ရသော်လည်း အတွင်းသို့ ဝင်ကြည့်လျှင် သံဃာများစွာ နေလောက်အောင် အဆောင်တွဲများနှင့် ကျယ်ပြန့်သည်ကို တွေ့ပေမည်။

ယင်းသဘောကဲ့သို့ပင် ဤ ကျိုက်လတ်မြို့ ပစ္ဆိမာရုံ မူလကျောင်းတိုက်တည်ရှိခဲ့၏၊ ထို့ကြောင့် ၁၂၇၁–ခုနှစ်က စိရင်ခဲ့သော ပစ္ဆိမာရုံဦးကာကျော်နိဿယသစ် နိဒါန်း၌–

> ''သခ်ၦာနဝ၊ စဥ်ကာပြရာ၌၊ တောရဖာကေတု၊ အခြေပြုလျက်၊ လေးစုမုခ်ယှက်၊ နရန်းဆက်၍၊ လယ်ချက်တန်ဆာ၊ အသရေဖြာအောင်၊ မဂ်လာအစုံ၊ အသရေလှုံသည်၊ ပစ္ဆိမာရုံ ရှေ့ကျင် ကျောင်းတိုက်၌'' ဟူ၍ ဆိုထားလေသည်။

ဗဟိုကျောင်းမကြီးနှင့် မတွဲမဆက်ပဲ သီးသန့်နေသော သိမ်၊ ဆွမ်းစားကျောင်း၊ ကုဋိအိမ် စသည်တို့နှင့်ပါဆိုလျှင် ဝေဆာသောကျောင်းတိုက်ကြီး ဖြစ်နေလေသည်။

ရှေးအခါက ဘုရင့်နန်းတော်၊ ဘုရားတန်ဆောင်း၊ ဘုန်းတော်ကြီး ကျောင်းတို့၌ စုလစ်ပြာသာဒ် ပါမြဖြစ်၏၊ ယင်းပြာသာဒ်ဆင့် အထပ်တို့ကို လယ်ပေါ် ဟူ၍လည်း ခေါ်ဆိုကြ၏၊ သုံးထပ်ကျောင်းကြီး၊ လေးထပ်ကျောင်းကြီး၊ ဘုံခုနစ်ဆင့် စသည်ဖြင့် ခေါ်ဆိုခြင်းသည် ယင်းလယ်ပေါ်ပြာသာဒ်ဆင့်တို့ကို ခေါ်ခြင်း ဖြစ်၏၊ ယခုကာလ သုံးထပ်တိုက်၊ လေးထပ်တိုက် စသည်ဖြင့် ခေါ်သကဲ့သို့ လူနေအထပ်တို့ မဟုတ်ကြပေ။

သဲမှုတ်၍ မြုပ်ခြင်း

ကျိုက်လတ်မြို့သည် ပင်လယ်ဝနှင့် မဝေးလှသော ပင်လယ်တိမ်အရပ် ဖြစ်၍ အောက်ခြေ မြေအောက်၌ သဲထူရှိနေလေသောကြောင့် ရှေးအခါက ရေတက် တွန်းအားကြောင့် သဲထု ကြွတက်လာတတ်ပေသည်၊ ၁၂၇၅-ခုနှစ်မှာ သဲထု ကြွတက်လာ၏၊ သဲမှုတ်သည်ဟု ခေါ်ဆိုကြ၏၊ ထိုနှစ်မှာပင် ကျိုက်လတ်မြို့သို့ ရေပေးသော ရေကန်ကြီးကိုလည်း တူးသည်၊ ၁၂၇၆-ခုနှစ် အထိ သဲထု ကြွတက်နေသည်၊ ကျောင်းတိုက်အတွင်း၌လည်း ကျောင်းအောက်ခြေသို့ သဲပိုသွား၏၊ ကျောင်းအဆောက်အဦးအချို့လည်း ယိုယွင်းပျက်စီးသွား၏၊ ယင်း သဲမှုတ်ဒဏ်ကြောင့် ကသိကအောက် ဖြစ်ကြရသည်ဟု ဆိုသော်လည်း စာသင် စာချ သံဃာများ ရွှေလျားဆုတ်ယုတ်သွားသည်ကား မဟုတ်ပေ။

၁၂၇၆-ခု နောက်ပိုင်းမှာ ယင်း သဲမှုတ်ပြဿနာ လုံးဝ ငြိမ်းအေးသွားလေသည်၊ ကျောင်းကန်အသစ် ပြန်လည် ဆောက်လုပ်ရန် ကြိုးစားလာကြတော့သည်။

၁၂၇၈ (၁၉၁၆)ခုနှစ်မှာ မူလကျောင်းဒါယကာ ဦးရန်ရှင်း-ဝဒေါ်စပယ်တို့က ယာခုရှိ သံဃကုဋီကြီးနှင့် ကျောင်းတိုက်ပတ်လည် တံတိုင်းကြီးကို ဆောက်လုပ် လှူဒါန်းကြကုန်၏၊ တံတိုင်းအမြင့် ခြောက်ပေ(လေးတောင်) ရှိလေသည်။

နောက်ထပ် အသစ်ဖြစ်လာသော သိမ်နှင့် ကျောင်းများ

တိုင်တလုံးတိုက်ကြီး။ ။ဤတိုက်ကြီးကို မတည်ဆောက်မီက ယင်းနေရာ၌ တိုက်သူကြီး ဦးရန်ရှင်း–ဒေါ်စပယ်တို့ ဆောက်လုပ် လှုဒါန်းအပ်သော ပင်မကျောင်းကြီး ရှိခဲ့၏၊ ယင်း ကျောင်းကြီးကား ကာလကြာမြင့်ခဲ့သည့်ပြင် သဲမှုတ်ဒဏ်ကိုလည်း ခံလိုက်ရသည်ဖြစ်၍ ယိုယွင်းပျက်စီးလာခဲ့သဖြင့် ယင်း ကျောင်းဟောင်းကြီးကို ဖျက်၍ ထိုနေရာမှာ

တိုင်တလုံး တိုက်ကြီးကို အရှေ့ဘက်မှ တွေ့ရပုံ

(ဦးရန်ရှင်းကား မရှိပြီ) ဒေါ်စပယ်နှင့် သမီး မမယ်ချစ်၊ သားမက် ဦးစိုးကြီးတို့က ၁၂၈၈–ခုနှစ်မှာ တိုက်အသစ် ပြန်လည် တည်ဆောက်ကြ ကုန်၏၊ တိုင်တလုံးတို့ကြီးဟု ခေါ်သည်၊ ဒေါ်စပယ်သည် ကျောင်းကန် အဆောက်အဦသာမက လယ်မြေတို့ကိုလည်း သံဃနဝကမ္မအတွက် လှူဒါန်း ခဲ့သေး၏၊ တိုင်တလုံးတိုက်ကြီး၏ အကျယ်အဝန်းကား အလျား ၇၇–ပေ၊ အနံ ၆၃–ပေ၊ စတုရန်း ၄၈၅၁–ပေ ဖြစ်၏၊ အလယ်မှာ တိုင်တလုံး တည်းသာ ရှိ၏၊ ယင်းကိုက်ကြီး မြေညီထပ်၌ အလယ်ကောင်မှာ သံတိုင် ကြီးကိုထူ၍ အုတ်အင်္ဂတေ လွှမ်းအုပ် မွမ်းမံကာ အိတလီအုတ်ခေါ် ဆင်စွယ်ရောင် အုတ်ချောတို့ဖြင့် ဖုံးအုပ်ထားပြီး မှန်စိုက်ဂွက်တို့၌ မှန်စိ ထား၏၊ ယင်းတိုင်ကြီးသည် ခေါင်မိုးထိအောင်မရောက် အပေါ်ထပ်ကို အထောက်အကူပြုရုံသာ ဖြစ်၏၊ အပေါ်ထပ်၌ တိုင်ပျောက်နေ၏။

အလယ်ကောင်၌ အုတ်အင်္ဂတေ မွမ်းမံထားသော တိုင်ကြီးပေါ်မှာ သံရက်မကြီးတင်၍ အရှေ့ အနောက် နံရံအထိ တန်းထား၏၊ ထိုရက်မကြီး အထက်က သံထုပ်များကို တောင်နှင့် မြောက် နံရံအထိ တန်း၍ တင် ထား၏၊ ထို သံထုပ်အပေါ်ကမှ ကျွန်းသစ်တုပ်တို့ကို အရှေ့ အနောက် နံရံအထိ တင်ထားပြန်၏၊ ယင်း သစ်သားထုပ်များ အထက်မှ တောင်နှင့် မြောက် ပျဉ်းကတိုးလျှာထိုးပျဉ်များကို ခင်းထားသည်၊ တောင် မြောက်နှင့် အနောက် သုံးဘက် တဆက်တည်း သံပန်းလက်ရန်းကာ၍ တမန်တလင်း စကြံ ပြုလုပ်ထား၏။

အတက်လှေကားကို ကျောင်း၏ အနောက်ဘက်၌ တောင်ဘက်လှေကား မြောက်ဘက်လှေကား နှစ်ခုထား၍ ထိုလှေကားနှစ်ခုအဆုံး လေးထောင့်ပုံ ဆင်ဝင်ဖိနပ်ချတ်ကမှ အရှေ့ဘက်လှေကားသို့ တက်ခြင်းဖြင့် ကျောင်းပေါ် သို့ ရောက်နိုင်သည်၊ လှေကားသုံးခုသည် ဒုံးလေးပုံသဏ္ဌာန် ဖြစ်၏။

အရှေ့ဘက်၌ ဘုရားဆောင်ကို တြိဂံဆင်ဆင်ပုံမျိုး ပြုထား၏၊ ခေါင်မိုး၌ ဒစတီငယ်နှင့် စုလစ်အထွတ် တင်ထား၏၊ လယ်ပေါ်၌ ပတ်ပတ်လည် မှန်ကြည်များ ကာထားသောကြောင့် အလင်းရောင် အပြည့်အဝ ရရှိ လေသည်။

ဒေါစပယ်၏ အဆက်အနွယ်တို့သည် ယခုလည်း ရှိကြကုန်သေး၏၊ ဒေါစပယ်၏သမီး မမယ်ချစ် (ဒေါမယ်ချစ်)သည် ဒေါစပယ်၏ တူမ ဖြစ်သည်၊အမေခံ အမေစားသမီးအဖြစ်မွေးစားသောကြောင့် ဒေါစပယ်၏ သမီး ဖြစ်လေသည်၊ ထိုဒေါမယ်ချစ်မှ မွေးဖွားသော သမီးတို့ကား ဒေါခင်ခင်မြင့် (သိပ္ပံမောင်ဝ အမည်ဖြင့် ကျော်ကြားသော ဦးစိန်တင် အိုင်စီအက်စ် အိန္ဒိယ ပဋိညာဉ်ခံ အမှုထမ်း)၏ ဇနီး ဖြစ်သည်။

ဒေါခင်ခင်မြိုင် (ဦးစောမောင်၏ ဇနီး)
ဒေါခင်ခင်နု (ဦးစိုးညွှန့် အင်ဂျင်နီယာ၏ဇနီး)
ဒေါခင်ခင်ကြည် (ဦးမောင်မြင့်၏ဇနီး)

ဒေါမယ်ချစ်မှ မွေးဖွားသော သမီးလေးယောက်၊ ၎င်းတို့သည် တရားဝင် အမေခံ ဒေါစပယ်၏ မြေးတို့ ဖြစ်ကုန်၏။

ဒေါစပယ်မှ ဖွားမြင်သော သားအရင်းကား ဦးဘအို့ဖြစ်သည်၊ ၎င်း ဦးဘအို့၏သားသမီးများကား ဦးဘကျော်၊ ဦးသိန်းမောင်၊ဦးသန်းမောင်း ဒေါသန်းမြတို့ ဖြစ်ကြသည်၊ ၎င်းတို့သည် ဒေါစပယ်၏မြေးတို့ဖြစ်ကြ၏၊ ၎င်းတို့အနက် ဦးဘကျော်နှင့် ဇနီး ဒေါသိန်းတို့၏ သားသမီးများကား ဦးခင်ကြီး (ယခု ၁၂၂၊ လမ်း ၄၀၊ ရန်ကုန်)၊ ဒေါသန်းမြ (နံပါတ် ၁၃၊ ၅၂ လမ်း၊ ရန်ကုန်)တို့ ဖြစ်ကြသည်။

ဆိုခဲ့သည့်အတိုင်း ဒေါစပယ်၏ သားရင်း ဦးဘအို့၊ ထိုမှ ဦးဘကျော်၊ ထိုမှ ဦးခင်ကြီး၊ ဒေါသန်းမြတို့ကို ဖွားမြင်သောကြောင့် ဦးခင်ကြီးနှင့်

ဒေါ်သန်းမြတ်သည် ဖြစ်စဉ်အားဖြင့် ဒေါ်စပယ်၏မြစ်များ ဖြစ်ကြကုန်၏၊ သို့သော် ဒေါ်စပယ်က မိမိသားရင်း ဦးဘအို ဆုံးသွားသဖြင့် ဦးဘအို၏ သားသမီးများကို မိမိ၏ သားသမီးများအဖြစ် အမွေစား အမွေခံ စာချုပ် ပြုလုပ်ကာ မွေးစားသည်၊ ထို့ကြောင့် ဦးဘကျော် စသော မောင်နှမ လေးယောက်တို့သည် ဒေါ်စပယ်၏ အမွေစား အမွေခံ သားသမီးတို့ ဖြစ်ကြကုန်၏။

ထို့ကြောင့် ဦးဘကျော်၏ သားသမီးများဖြစ်ကြသော ဦးခင်ကြီးနှင့် ဒေါ်သန်းမြတ်သည် စာချုပ်အရ ဒေါ်စပယ်၏ မြေးများအဖြစ် အမွေ ရကြလေသည်။

အတိုချုပ် ဒေါ်စပယ်၏သား ဦးဘအို၊ ထိုမှ ဦးဘကျော် စသော လေးယောက်တို့ကို ဖွားမြင်၏၊(အမည်တို့ကို ဖော်ပြခဲ့ပြီး) ဖြစ်စဉ်အားဖြင့် ဦးဘကျော် စသော လေးယောက်တို့သည် ဒေါ်စပ.ယ်၏မြေးတို့ဖြစ်ကြ၏၊ သို့သော် ဒေါ်စပယ်က သားသမီးအဖြစ် အမွေစား အမွေခံ မွေးစား သည်၊ ထို့ကြောင့် သားသမီးစာရင်းဝင် ဖြစ်ကြရသည်၊ ထို ဦးဘကျော်မှ ပေါက်ဖွားသော ဦးခင်ကြီးနှင့် ဒေါ်သန်းမြတ်သည် ဒေါ်စပယ်၏ မြေး အရာ၌ တည်ကြရတော့သည်၊စာချုပ်အရ မြေးအဖြစ်ဖြင့် အမွေရကြသည်၊ ဖြစ်စဉ်အားဖြင့်သော် ဦးဘကျော်သည် ဒေါ်စပယ်၏မြေး၊ ဦးခင်ကြီးနှင့် ဒေါ်သန်းမြတ်သည် ဒေါ်စပယ်၏ မြစ်တို့ ဖြစ်ကုန်၏။

သီလဝိသောဓနိသိမ်။ ၊ပစ္ဆိမဘဝရုံ ကျောင်းတိုက် တွင်းရှိ လက်ဦး ပထမ သီလဝိသောဓနိသိမ်ကို မန္တလေးမြို့ ဒုတိယရှေ့ကျင်ဂိုဏ်း သာသနာ ပိုင် မဟာဝိသုဒ္ဓါရုမ ဆရာတော်ဘုရားကြီး ကြွရောက်သမုတ်တော်မူသည်၊ သိမ်၏ အမည်ကို ''သီလဝိသောဓနီ''ဟု သမုတ်ခေါ်ဝေါ်သည်၊ သိမ် ဒါယကာများမှာ ဦးသာကွန်း၊ ဒေါ်အုန်းတို့ ဖြစ်ကြသည်၊ ယင်းသိမ် ဟောင်းကြီးကား ၂ တပ်တိုက် ဖြစ်၏။

ထိုသိမ် အဆောက်အအုံကြီး ဟောင်းနွမ်း ယိုယွင်းလာသောအခါ ဦးသာကွန်းနှင့် ဒေါ်အုန်းတို့ မရှိပြီဖြစ်သောကြောင့် ၁၃၀၂ ခုနှစ်၌ သမီး ဒေါ်ကျင်စု၊ သားမက် ဦးဘမူတို့က အသစ်ထပ်မံ ပြင်ဆောက်ကြသည်၊ ဦးဘမူ၊ ဒေါ်ကျင်စု၊ သား မောင်ဘရှင်၊ သမီး မစောရီတို့ ကောင်းမှု ဟူသော ကမ္မည်းစာကို ယင်းသိမ်တော်၌ တွေ့နိုင်သည်၊ ယင်း နောက်ထပ် ဆောက်လုပ်သော သိမ်ပုံကား ဗာဂျာသံတံခါးမျှားဖြင့် ပတ်လည် ရံထား၏၊ သံတံခါး အပြင်က ပတ်လည် သံပန်း လက်ရန်းနှင့် စကြံ့ပြုထား၏၊ ခေါင်မိုး ဘုံဆင့်ပါ၏၊ ထိပ်ဆုံးအထွတ်မှာ ဗန္ဓုလ ဦးထုပ်ပုံ ပြုထား၏၊ သံဃာမျှား နေထိုင်ရန် ပြုလုပ်ထားသော လေလုံ အဆောက်အအုံ မဟုတ်ပေ။

သာသနာပိုင် ဒုတိယ ပစ္စိမာရုံ ဆရာတော်ဘုရားကြီး ပျံတော်မူသော အခါ အလောင်းတော်ကို ယင်းသိမ်၌ပင် ထား၏၊ ဆရာတော်ကြီးပျံတော် မမူမီကပင် ခေါင်း၊ ခေါင်းတင်သလွန်၊ သလွန်တင် ဗီရိုကြီး (ကြာကလပ် ဟုလည်း ဆိုနိုင်၏)ကို ပြုလုပ်ထား၏။

ဆရာတော်ကြီး ပျံတော်မမူမီ ကျန်းမာစဉ်ကပင် ထိုမှန်ခေါင်းကြီးထဲ ဝင်နေတတ်သည်၊ ခေါင်းတင် သလွန်ပေါ်မှာ ရံခါ ကျိန်းတတ်သည်၊ ကြာကလပ် ဗီရိုကြီးပေါ်၌ နေ၍ စာချတတ်သည်ဟု မျက်မြင် တပည့်ကြီးတို့ ပြောကြသည်။

ခေါင်းဟု ဆိုသော်လည်း ရိုးရိုးခေါင်းမျိုး မဟုတ်၊ အချိုးကျ ခေါက်လိုက်လျှင် ခေါင်းဖြစ်၍ ဆန့်ထားလိုက်လျှင် ခန်းဆီးပုံသဏ္ဌာန် ဖြစ်နေ၏၊ လေးဘက်မှန်ချည်း အနားကွပ် ပန်းဖော် ရှေ့ပိန်း ချထား၏၊ ယခုလည်း ယင်းခေါင်းကြီး ယင်း သိမ်ထဲ၌ ရှိ၏၊ မသိသောသူကြည့်လျှင် ခန်းဆီးကြီး တခုဟု ထင်သွားတတ်သည်။

သလွန်တင်ဗိရိုကြီးကား အလျား ၆ တောင်၊ အနံ ၃ တောင်ထွာခန့် ရှိ၏။ ပတ်ပတ်လည် မှန်အပြည့်၊ ထိပ်ထောင့်တို့၌ တိုးနယား ကနုတ်ပန်း အထွတ်အတက်ပြုကာ ရှေ့ချထား၏။ ယင်း ကြာကလပ် ဗိရိုကြီး၏ အောက် ဆင့်ကား ရိုးရိုးဗိရိုကဲ့သို့ပင် ဖွင့်ပိတ်တံခါးနှင့် ပစ္စည်းထားရန် အသုံးပြုစရာ ဖြစ်၏။ တန်ဖိုးကား နည်းလှမည် မဟုတ်ပေ၊ ယခုခေတ် တန်ဖိုးနှင့်ဆိုလျှင် တိုက်တလုံးစာ ဖြစ်ကောင်း ဖြစ်နေပေမည်၊ ခေါင်း သလွန် ဗိရို ကြာကလပ် ကြီး လှသူ ကောင်းမှုရှင်တို့ကား ဦးဖိုးလှ၊ ဒေါ်စု သားသမီးတစုတို့ ဖြစ်ကုန်၏။

ယင်း သိမ်းတွင်းဌာပင် ဒုတိယပစ္ဆိမာရုံ သာသနာပိုင် ဆရာတော်ဘုရား ကြီး၏ သစ်သားရုပ်ပုံတော်ကို ထား၏။ ယခု သံဃာတော်များ ကံကြီး ကံငယ်ကိုလည်း ယင်းသိမ်တော်တွင်းဌာပင် အများအားဖြင့် ဆောင်ကြ ကုန်၏။

အမတဂါမိသိမ်။ ။ယခု ဆရာတော် ဦးနန္ဒက သီတင်းသုံးသော အမတဂါမိသိမ်သည် တိုက်တွင်းရှိ သိမ်သုံးလုံးအနက် ဒုတိယ သမုတ်အပ် သော သိမ်ဖြစ်၏။ ၁၂၇၈ ခုနှစ်၌ ပစ္ဆိမာရုံဆရာတော်ဘုရားကြီး အရှင် ကေလာသာထေရ် ကြီးမှူးသမုတ်တော်မူသည်၊ သိမ် အဆောက်အအုံကား ၂ ထပ်တိုက်ဖြစ်၏။ ဦးဖိုးမင်း၊ ဒေါ်သင်းအုံတို့က ဆောက်လုပ်လှူဒါန်း ကုန်၏။

သိရိရတနာသိမ်တိုက်

ဤ သိရိရတနာ သိမ်တိုက်ကား ဟိုက်တွင်းရှိ သိမ်သုံးလုံးတို့ အနက် တတိယ သမုတ်အပ်သောသိမ် ဖြစ်သည်၊ ၁၂၇၆–ခုနှစ် မန္တလေးမြို့ မဟာ ဝိသုဒ္ဓါရုံတိုက်မှ တတိယ၊ သို့မဟုတ် စတုတ္ထ ရှေကျင်သာသနာပိုင် ဖြစ် တော်မူသော ဒီပဲယင်းဆရာတော်ဘုရားကြီး ကြွရောက် သမုတ်တော်မူ

သည်၊ (တတိယ၊ သို့မဟုတ် စတုတ္ထ ဟု ခေါ်ရပုံကို နောက်၌ တွေ့လတ္တံ့)၊ အရှေ့ဝိသုဒ္ဓါရုံတိုက်မှ တိုက်အုပ်ဆရာတော် အရှင်ပညာထေရ်မြတ်လည်း ပါလာသည်၊ သိမ်ဒါယကာတို့ကား ပထမ သီလဝိသောဓနိသိမ် ဒါယကာ ဦးသာကွန်းနှင့် ဒေါ်အုန်းတို့ပင် ဖြစ်ကြကုန်၏။

သိမ်အဆောက်အဦကား တထပ်တိုက်ပင် ဖြစ်သည်၊ တထပ်တိုက်ဟု ဆိုသော်လည်း နှစ်ထပ်လောက်ပင် မြင့်ပေသည်၊ သိမ်တိုက်၌ မူလ ဆောက်စဉ်က ပြတင်းပေါက်များ၌ သံတိုင်မပါ၊ သံတိုင်ထည့်ရန် ပြောသောအခါ ဘုန်းကြီးမှာ သူခိုးခိုးဖို့ ဘာပစ္စည်းရှိလို့ သံတိုင်လိုသလဲ ဟု ပြောသတဲ့၊ သို့သော်လည်း နောက် သံတိုင်များ ထည့်ပေးလေသည်၊ ပထမသိမ်အဆောက်အဦ ဟောင်းနွမ်းယွင်းယိုခဲ့သဖြင့် သမီး ဒေါ်ကျင်နုက နောက်ထပ် မှမ်းမံ ပြင်ထားသည်၊ ယခုတွေ့ရသော အဆောက်အဦကား ဒေါ်ကျင်နု ပြန်လည်ပြုလုပ်ထားအပ်သော အဆောက်အဦ ဖြစ်၏။

သီရိရတနာတိုက် မှန်ကျောင်း

ဦးသာကွန်း ကွယ်လွန်ပြီးနောက် ဇနီး ဒေါ်အုန်းက ၁၂၉၁–ခုနှစ်မှာ ဤ သီရိရတနာတိုက် မှန်ကျောင်းကို ဆောက်လုပ် လှူဒါန်းသည်၊ ယခု ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသောဘိတထေရ် ယင်းတိုက်ကျောင်းကြီး၌ သီတင်းသုံးတော်မူသည်၊ ဒေါ်အုန်းကား ကျောင်းအဆောက်အဦများ အပြင် ဝတ္ထု ကုံ လယ်မြေတို့ကိုလည်း လှူဒါန်းခဲ့သေး၏၊ ဝတ္ထု ကုံ စာရင်း၌ တွေ့လတ္တံ့။

ဆွမ်းစားကျောင်းကြီး

ယခု သံဃာများ အသုံးပြုလျက်ရှိသော ဆွမ်းစား ကျောင်းကြီးကို ဦးယုံဆောင်၊ ဇနီး ဒေါ်ခင်သန်း၊ သမီး ရီရီလှိုင်၊ တင်တင်မြင့်တို့က ဆောက်လုပ် လှူဒါန်းကြသည်၊ ယင်းနေရာ၌ ယခင်က ဦးရန်ရှင်း–

ဒေါ်စပယ်တို့ ဆောက်လုပ် လှူဒါန်းခဲ့သော ဆွမ်းစားကျောင်းကြီး ရှိခဲ့၏၊ ကျောင်းဟောင်းကြီး ပျက်ယွင်းလာပြီဖြစ်၍ ကျောင်းဟောင်းကြီးကို ဖျက်ကာ ယခင်ရှိနှင့်သော အုတ်ခုံပေါ်မှာ အခြေကို တင်၍ ကျောင်းဟောင်းမှ တိုင်လုံးကြီးများ အခြေနှင့် အသုံးဝင်သော သစ်သား အခြေတို့ကို အသုံးပြုလျက် နောက်ထပ် တိုးခဲ့ ဆောက်လုပ်ခြင်းဖြစ်သည်၊ သို့သော် အသစ်ဆောက်လုပ်သည်နှင့် မခြားပေ၊ ၁၃၂၃–ခုနှစ်မှာ ပြန်လည် ဆောက်လုပ်ခြင်း ဖြစ်သည်။

အမှန်မှာ ဦးယုံဆောင်–ဒေါ်ခင်သန်းတို့က တိုက်ဆွမ်းစားကျောင်းကြီး ဆောက်လုပ်ရန် ရည်ရွယ်ကြ၏၊ သို့သော် ကျောင်းဟောင်းမှ အဖိုးတန် တိုင်လုံးကြီးများနှင့် အသားကောင်း အခြေတို့လည်း ပြန်လည်အသုံးဝင်စေရန် ရည်ရွယ်၍ သစ်သား ဆွမ်းစားကျောင်းကြီးကို ဆောက်လုပ်ခြင်း ဖြစ်လေသည်။

သို့ပင် ကျောင်းဟောင်းမှ တိုင်လုံးကြီးများနှင့် အသားကောင်းကြီးများ အခြေကို ပြန်လည် အသုံးပြုသော်လည်း မကုန်နိုင်သေး၊ များစွာ ပုံလျက် ကျန်ရှိနေသေး၏၊ နောင် တစတစနှင့် ထို အသားဟောင်း အသားကောင်းကြီးများ ထင်းအဖြစ်သို့ ရောက်ကြရလေကုန်၏။

ယင်း ဆွမ်းစားကျောင်းကြီး ပြီးပြီးနောက် မြောက်ဘက်သို့ ဆက်လက် တိုးခဲ့ကာ ညှော်သည်များ တည်းခိုနေထိုင်နိုင်ရန်ကိုပါ ရည်ရွယ်၍ တထပ်တိုက်ကိုလည်း ၁၃၃၀–ပြည့်နှစ်မှာ ဦးယုံဆောင်–ဒေါ်ခင်သန်း၊ သမီး ရီရီလှိုင်၊ တင်တင်မြင့်တို့ကပင် ဆောက်လုပ် လှူဒါန်းကြလေကုန်၏။

ဤမျှသာမက ပထမသီလဝိသောဓနိသိမ်၏ မျက်နှာစာ၌ ဆင်ဝင်စောင်းတန်းကိုလည်း ဤ ကျောင်းဒါယကာ ဦးယုံဆောင်–ဒေါ်ခင်သန်း၊ သမီး ရီရီလှိုင်၊ တင်တင်မြင့်တို့ကပင် ဆောက်လုပ် လှူဒါန်းကြလေကုန်၏။

ပစ္စိမာရုံ–၁၀

မယူရဝတီတိုက်ကျောင်း

ကျောင်းတိုက်၏ အရှေ့မြောက်ထောင့် တိုင်တလုံးတိုက်ကြီးနှင့် ကပ်လျက်ရှိသော မယူရဝတီမည်သော ၂-ထပ် တိုက်ကျောင်းကို ၁၂၇၄-ခုနှစ်မှာ ကျိုက်လတ်မြို့နယ် အထက်ထောင့်ကြီးရွာမှ ဦးလူဆောင် ဆောက်လုပ်လှူဒါန်းသည်။

သီရိမင်္ဂလာတိုက်ကျောင်း

သာသနာပိုင် ဒုတိယ ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီးသည် ပဋ္ဌိပတ္တိထက် ပရိယတ္တိရေးဌ အားသန်ခဲ့၏၊ အားသွန်၍ ကြိုးပမ်းတော်မူခဲ့၏၊ သက်တော်ရှယ်တော် ရင့်ရော် အိုမင်းလာသောအခါ၌ ပဋ္ဌိပတ္တိ အားထုတ်မှု၌ အချိန်ကို ပိုး၍ အသုံးချလာတော့သည်၊ ထိုအခါ ဆရာတော်ကြီး၏ ဘာဝနာမှုကိစ္စ အတွက် သီးသန့် ကျောင်းတဆောင် လိုလာသည်ကို နားလည်သည့် အလျောက် ၁၂၉၀-ပြည့်နှစ်၌ ဒေါ်တင်ပုနှင့် သားသမီး တစုတို့က သီရိမင်္ဂလာ တိုက်ကျောင်းကို ကမ္မဋ္ဌာန်းကျောင်း အဖြစ် ဆောက်လုပ်လှူဒါန်းကြကုန်၏၊ ယင်း တိုက်ကျောင်းကို တိုက်တွင်းရှိ ပုဂ္ဂိုလ်တို့က မြေစိုက်တိုက်ကျောင်းဟု ခေါ်ဆိုကြ၏။

ကမ္မဋ္ဌာန်းကျောင်းဆိုသော်လည်း ကျောင်းမည်ဆန်းမဟုတ်၊ သုံးပင်၊ လေးပင် ပတ်လည်ရှိသော ခေါင်မိုး သုံးဆင့်၊ ဘုံဆောင် နှစ်ဆင့်နှင့် တိုက်ကျောင်း ဖြစ်သည်၊ မြေအောက်၌လည်း တထပ် ရှိသေး၏၊ ယင်း မြေအောက်နှင့်ဆိုလျှင် နှစ်ထပ်ဟု ဆိုနိုင်လေသည်၊ ပတ်ပတ်လည် သံပန်းလက်ရန်းနှင့် စကြံ်ပြုထားသည့်ပြင် ကျောင်းနှင့်ကုဋီကို စကြံ်ဖြင့် ဆက်လျက်လက်ရန်း နားပန်းနှင့် ပြုလုပ်ထားသည်၊ ဆရာတော်ကြီးသည် ယင်းကမ္မဋ္ဌာန်းတိုက်ကျောင်း၌ အားပါးတရ တရားကို အားထုတ်တော်မူခဲ့ပေပြီ၊ ဆရာတော်ကြီး ပျံတော်မူပြီးသောအခါ တတိယဆရာတော်ဖြစ်လာသော အရှင်သောဘုံတထေရ်မြတ်အတွက် ပိုရ်ပင် အဆင်ပြေပြန်လေသည်၊ အရှင်

သောဘိတဆေရ်ကား ဝါဃယ်စဉ်ကစ၍ အရည်ဝါသီ တောမှီရဟန်းအဖြစ်၌ ဝါသနာ သန်လာခဲ့၏၊ ဘာဝနာမှု၌ အထူး စိတ်သန်၏၊ (ဤအကြောင်း ဆရာတော်ကြီး၏အကြောင်းကို ဆိုရာ၌ ပေါ်လတ္တံ့)။

ဆရာတော်ကို မိမိသီတင်းသုံးမြဲဖြစ်သောနေရာ၌ မတွေ့လျှင် ကမ္မဋ္ဌာန်းတိုက်ကျောင်းနှင့် ပဓာနိကာရုံ ကမ္မဋ္ဌာန်းကျောင်းကလေးထဲမှာ ရှိနေသည်ဟု အမျှား နားလည်ထားကြကုန်၏၊ ယင်း ပဓာနိကာရုံ ခေါ် သစ်သားအဆောက်အဦ ကမ္မဋ္ဌာန်းကျောင်းကလေးကား ဆရာတော်ကြီး အထူးနှစ်ခြိုက် တရားမှေရာဌာနတခု ဖြစ်၏။



ပဓာနိကာရုံ ကမ္မဋ္ဌာန်းကျောင်း

သာသနာရောင်ခြည်ကျောင်း။ ။၁၄၁၀–ခုနှစ်မှာ ဦးစံဖေ၏ ဇနီး (ဦးစံဖေကား ကွယ်လွန်ပြီ) ဒေါ်သိန်းတင်၊ သား ဦးမောင်မောင်ကြည်တို့က မှန်တံခါး အပြည့်နှင့် နှစ်ထပ် သစ်သားကျောင်းကို ဆောက်လုပ်လှူဒါန်းကြကုန်၏၊ ကျောင်း၏ အမည်ကား သာသနာရောင်ခြည် ဖြစ်၏။

ယင်းကျောင်းနေရာ၌ ယခင်က ဓမ္မသဘင်ကျောင်း ရှိခဲ့သည်၊ ထိုကျောင်းကြီး ပျက်ယွင်းပြီးနောက် ဓာတ်မီးအင်ဂျင်စက်ရုံ ဆောက်လုပ်ခဲ့သေး၏၊ နောက်ကာလ တမ္ပြိုလုံးသို့ပေးသော မီးစက်မှမီးကို ရသောကြောင့် ကျောင်းတိုက်တွင်း၌ သီးသန့်မီးစက် မလိုတော့သည်ဖြစ်၍ ယင်း ဓာတ်မီးအင်ဂျင်စက်ကြီးကို အခြားနေရာ၌ အသုံးပြုလိုက်လေသည်၊ စက်ရုံကိုလည်း ဖျက်လိုက်၏၊ ထိုနေရာ၌ ဤ သာသနာရောင်ခြည်ကျောင်းကို ဆောက်လုပ်လေသည်။

မဏိကုဋ္ဌာလဘာတ္တသာလာ

ဦးဖိုးမင်း–ဒေါ်သင်းအုံတို့သည် သိမ်တိုက်အပြင် တထပ် အုတ်တိုက်ကျောင်းတဆောင်ကိုလည်း ဆောက်လုပ် လှူဒါန်းကြသေးသည်၊ ကျောင်းအမည်ကား မဏိကုဋ္ဌာလ ဖြစ်၏၊ ယင်းကျောင်းကို ဆွမ်းစားကျောင်းပြုလုပ်သောကြောင့် မဏိကုဋ္ဌာလဘာတ္တသာလာဟု ခေါ်ကြလေသည်။

ဤအမည်ကို တပ်ခြင်းမှာ စိန်နားကပ် ရောင်းရင်ခွေကို အရင်းတည်ဆောက်လုပ်သောကြောင့် ဖြစ်သည်ဆို၏၊စိန်နားကပ်ဖြစ်လျက် မဏိကုဋ္ဌာလဟု ခေါ်ခြင်းမှာ အမျှားသိ အမျှားနားလည်ထားသောအမည် ဖြစ်သောကြောင့်ဟု ထင်ဖွယ်ရှိ၏၊ မှန်ပါသည်၊ မဏိဇောတ၊ မဏိမေခလာ စသည်ဖြင့် မဏိကိုသာ အထူတ်တင် ပြောကြ၏၊ တံတောင်ဆစ်မှ အောက်လက်ကောက်ဝတ်သော နေရာကို 'မဏိဗန္ဓ'ဟု ဆိုကြ၏၊ ဤသို့ စသည်ဖြင့် မဏိသည်သာ လူ့အသုံးရတနာ၌ ပေါ်ထင်သည်ဖြစ်၍ စိန်နားကပ်ပင်

ဖြစ်သော်လည်း "ဝဇီရကူလ္လာ"ဟူသောအမည်ကို မယူမူ၍ "မဏိကူလ္လာ" ဟူသောအမည်ကို ယူသည်ဟု မြင်စရာရှိ၏။

ယင်း မဏိကူလ္လာဘတ္တသာလာ ကျောင်းကား ပျက်စီး သွားလေပြီ၊ ကျောင်းနေရာကား ကျောင်းတိုက်၏ အနောက်တောင်ထောင့် သာသနာရောင်ခြည်ကျောင်း၏ အနောက်ဘက် ရေကန်နားရှိ မြေကွက်လပ်ပင်ဖြစ်၏၊ ယင်း ကွက်လပ်နေရာ၌ နောက်စေတနာရှင်တဦးက တိုက်ကျောင်းဆောက်ရန် ရည်ရွယ်ထား၏၊ အုတ်တို့ကို စုပုံထားသည်ကို တွေ့ရ၏။

ရေစင်နှင့် ရေစည်ကြီး

ကျောင်းတိုက်တွင်း၌ သီးသန့်ရေကန် ရှိ၏၊ ယခင်က ယင်းရေကန်မှ ရေကိုပင် တတိုက်လုံးအတွက် အသုံးပြုလာခဲ့၏၊ နောက် တမြို့လုံးသို့ ပေးနိုင်လောက်သော ရေကန်ကြီးကို ၁၂၇၅-ခုနှစ်မှ စ၍ တူးလုပ်လာကြ၏၊ နောက် တမြို့လုံးသို့ ထိုရေကန်ကြီးမှ ရေကို ပေး၏၊ ထိုရေကန်ကြီးသည် ကျောင်းတိုက်၏ တောင်ဘက်နား၌ ရှိ၏၊ နောက် ထိုရေကန်ကြီးမှ ရေကိုပင် ရေပြွန် (ပိုက်) သွယ်၍ စင်မြင့် ရေစည်ကြီးထဲသို့ မော်တာဖြင့် မောင်းတင်ထားလိုက်ခြင်းဖြင့် တတိုက်လုံးအတွက် ရေ လုံလောက်ပြည့်ဝနေလေသည်၊ ယင်းရေစည်ကြီးမှ ရေကို ကျောင်းတိုက်အတွင်း လိုအပ်သောနေရာတိုင်းသို့ ရေပြွန် (ပိုက်) သွယ်ထားလိုက်သဖြင့် တိုက်တွင်း လိုအပ်သော နေရာအနှံ့ အပြားခ၌ ရေဖွင့်ခလုတ် (ပိုက်ခေါင်း) ကို လှည့်လိုက်လျှင် ရေထွက်နေသောကြောင့် သောက်ရေ သုံးရေအတွက် အလွန် စိတ်ချမ်းသာကြရလေသည်၊ ယင်း ရေစင်နှင့် ရေလှောင်စည်ကြီးကို ဦးမွဲ-ဒေါ်နှင်းမယ်တို့က တည်ဆောက် လှူဒါန်းကြသည်၊ ဒေါ်နှင်းမယ်ကား ယခု အသက်ထင်ရှား ရှိနေပေသေး၏၊ အသက် ၉၀-ကျော်ပြီ၊ သားသမီးများ တလှည့်စီ ပြုစုကုသိုလ်ယူနေကြ၏။

သားသမီးများကား-

(၁) ဦးလှမောင် (ကျိုက်လတ်နေ ယခင် ပါလီမန် အမတ်ဟောင်း၊ ယခု တိုလောကမာရဇိန်ဘုရားကြီး၏ ဂေါပကလူကြီး)

(၂) ဦးထင်ကျော် (ရန်ကုန် အင်းလျားမြို့ဝင်လမ်းနေ ဆောက်လုပ်ရေး ဝန်ကြီးဟောင်း)

(၃) ဦးသန်းလှိုင် (ရန်ကုန် တက္ကသိုလ်အနီးနေ ပါတီ ဗဟို ကော်မတီ ဒု-အတွင်းရေးမှူး)

(၄) ဒေါ်ညို (ကြည့်မြင်တိုင် ညောင်ပင်လမ်းနေ ဆရာမ) တို့ ဖြစ်ကြလေသည်။

ယင်းရေလှောင်ကန် ရေစည်ကြီးသည် တခါက ပိမ့်နိမ့်ကာ အနည်းငယ် ချွတ်ယွင်းခဲ့သေး၏၊ ထိုအခါကား ဦးထင်ကျော်သည် ဆောက်လုပ်ရေး ဝန်ကြီး တာဝန်ကို ယူနေရသောအခါ ဖြစ်၏၊ ရေလှောင်ကန် စည်ကြီး ချွတ်ယွင်းသွားသည်ဟူသော သတင်းကို ကြားသည်နှင့် ကျမ်းကျင်သော သူတို့ကို စေလွှတ် ပြုလုပ်စေလေသည်။

ရှေသက် ဘုရားစေတီ စောင်းတန်း။ ။သာသနာပိုင် ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီးသည် ၁၃၁၁-ခု၊ သီတင်းကျွတ် လဆန်း ၁၀-ရက်နေ့၌ ခန္ဓာကမ္မဇရုပ် ချုပ်ငြိမ်း၏၊ ပစ္ဆိမာရုံကျောင်းတိုက်၏ အရှေ့ဘက် အုတ်တံတိုင်းအနီး တိုလောကမာရဇိန် ဘုရားကြီး၏ အာရာမ်တွင်း၌ ဆရာတော်ကြီးအထိမ်းအမှတ် စေတီတဆူ တည်၏၊ ၁၃၁၁-ခု၊ တပေါင်းလဆုတ် ၃-ရက် ထီးတင်ခြင်းနှင့် တကွ အလုံးစုံ အပြီးသတ်၏၊ ယင်း စေတီကို

"ရှေသက်ကျ" ဟု အမည်သမုတ်၏၊ ယင်းစေတီ၌ နတ်လမ်းစောင်းတန်း ပြုလုပ်ထား၏၊ ယင်း နတ်လမ်းစောင်းတန်းကို ရန်ကုန်မြို့ ၁၄-လမ်းနေ ပညာအုပ်ဟောင်း ဦးမောင်ကလေး-ဒေါ်ခင်မြင့်တို့ ဆောက်လုပ် လှူဒါန်း ကြကုန်၏။

နှစ်ခန်းတွဲတိုက် ပဿာဝကုဋ္ဌိ

ဤကုဋ္ဌိကို ပိုးမထိုးကုဋ္ဌိဟုသာ ဆိုစရာကောင်း၏၊ သာသနာပိုင် ဒုတိယ ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီး၏ ဒါယကာရင်း တဦးဖြစ်သူ ဦးဖေအား ဆရာတော်ဘုရားကြီးက ဝတ္ထု ၃၀-ကျပ်ကို ကပ်ယ လှဲထားဖူးသတဲ့၊ ဦးဖေက ဆရာတော်ကြီးက ကပ်ယ ပစ္စည်း မတောင်းခံသည်မှာ ကာလ ကြာမြင့်ခဲ့ပြီ ဖြစ်သဖြင့် ဆရာတော်ဘုရားက ကပ်ယ လှဲထားသော၀တ္ထု ရှိနေပါသည်၊ လိုအပ်သော အပ်စပ်သောပစ္စည်းကို တောင်းခံတော်မူပါ ဘုရား၊ ဆန်တော်များ ကာလ ကြာမြင့်၍ ပိုးထိုးကုန်ပါလိမ့်မည် ဟု လျှောက်သည်တဲ့။

အေး .. ဒါဖြင့် ပိုးမထိုးနိုင်သော ၃၀-တန် ကျင်ငယ်အိမ်တလုံး အလို ရှိသည်ဟု အမိန့်ရှိလိုက်၏၊ ဦးဖေသည် ဆရာတော်ကြီး၏ညီ မောင်ချောနှင့် တွေ့သည့်အခါ "မောင်ချောရ မင်းဆရာတော်က ငါ့ကို ချလိုက်ပါ ကကောလားကွ"ဟု ရယ်ရယ်မောမော ပြောသတဲ့-

ဦးဖေသည် သဒ္ဓါအား ပစ္စည်းအား ပြည့်စုံသူ ဖြစ်သည်အလျောက် ပဿာ၀ကုဋ္ဌိ(ကျင်ငယ်အိမ်)ကို အုတ်အဆောက်အဦ နှစ်ခန်းတွဲ၊ မျက်နှာ စာ အပေါက်၀မှာ ဗယ်ဘက် ညာဘက် ခြူးရုပ်နှစ်ကောင်နှင့် အခိုင်အခဲ့ လုပ်လေတော့သည်၊ ကာလတန်ဖိုးဖြင့် ရှစ်ရာကျော်လောက် ကုန်သည်ဆို။

ဆန်တော်မျှား ပိုးထိုးမည်ကို စိုးရိမ်သော ဦးဖေသည် ပိုးမထိုးနိုင်သော ပဿာဝကုဋ္ဌိဒါယကာ ဖြစ်သွားလေတော့သည်၊ ဆောက်လုပ်သော သက္ကရာဇ်ကား ၁၂၈၆ (၁၉၂၄) ခု ဖြစ်၏။

အထက်ဖော်ပြပါ ကျောင်းဒါယကာ–ဒါယိကာမ အချို့တို့နှင့် ထို၌–အမည်မပါသော ဒါယကာ–ဒါယိကာမတို့က ပစ္ဆိမာရုံ အဆက်ဆက်သော သံဃာ၏ စတုပစ္စယအတွက် မငြိုငြင်စေခြင်းအကျိုးငှာ လယ်ယာမြေတို့ကို လည်း လှူဒါန်းကြလေကုန်၏၊ အလှူရှင်နှင့် မြေကေတို့ကို ဖော်ပြထားသော မှတ်တမ်းအတိုင်း တွေ့ကြရကုန်၏။

ပစ္ဆိမာရုံကျောင်းတိုက်၌ သီတင်းသုံးသော အဆက်ဆက်သောသံဃာ၏ နဝကမ္မအလို့ငှာ လှူဒါန်းအပ်ကုန်သော မြေကေမျှား

၁၉၁၄ ခုနှစ်	ဒေါစပယ် (စက်သင်္ဘော)	၁၀၀.၉၃ ကေ
၁၉၄၄ ခုနှစ်	ဒေါအုန်း (အဖ ဦးရှေအပ်)	
	သမီး မကျင်ပု (သေ)	၁၉.၃၄ ကေ
၁၉၄၉ ခုနှစ်	ဒေါအုန်း (အဖ ဦးရှေအပ်)၊	
	မပိုက် (အဖ ဦးသာရှန်း)	၂၂.၀၅ ကေ
၁၉၄၄ ခုနှစ်	ဦးဖိုးလှ (အဖ ဦးခို)၊	
	ဒေါပု (အဖ ဦးတလုတ်)	၂၀.၀၀ ကေ
၁၉၄၈ ခုနှစ်	ဦးဖိုးသီး (အဖ ဦးလူကလေး	
	အငြိမ်းစား၀န်ထောက်၊ မြသပိတ်လမ်း၊သဇင်မြို့)	
	မြမြ၀င်း၊ မောင်ဘသီး (အဖ ဦးဖိုးသီး)	
	နံပါတ်၅၁၊ဂိုလ်ဒင်ဗယ်လီလမ်း၊ရန်ကုန်မြို့	၁၀.၀၈ ကေ
	ပေါင်း	၂၀၀.၄၀ ကေ

အထက်ပါ မြေကေပေါင်း ၂၀၀.၄၀ ကေတို့သည် ကျိုက်လတ်မြို့ ပစ္ဆိမာရုံကျောင်းတိုက်တွင်း သီတင်းသုံးတော်မူသော သံဃာတော်အဆက်ဆက်၏ ဆွမ်းစသော ပစ္စည်းလေးပါးအတွက် ဖြစ်ကုန်၏။

တံုတေး ကျိုက်လတ်တောရကျောင်းတိုက်၌ သီတင်းသုံးသော အဆက်ဆက်သော သံဃာအား လှူဒါန်းသော မြေကေများ

၁၉၃၉ ခုနှစ်	ဒေါ်အောင်ဖြူ (အဖ ဦးသာဒွန်း) ဆေးလိပ်ခုံပိုင်ရှင်၊ ဖရေဇာလမ်း၊ ကျိုက်လတ်မြို့	၁၇.၆၂ ဧက
		၉.၇၀ ဧက
	ပေါင်း	၂၇.၃၂ ဧက

စစ်ကိုင်းတောင်ရိုး ကျိုက်လတ်ချောင်၌ သီတင်းသုံးသော သံဃာအားရည်စူ၍ လှူဒါန်းသော မြေကေများ

၁۹၄၄ ခုနှစ်	ဦးဖိုးရှိန် (အဖ ဦးသင်းပိန်) ဒေါ်ကျင်နု (အဖ ဦးသာကွန်း) မြေပိုင်ရှင်၊ ကျိုက်လတ်မြို့	၂၆.၉၈ ဧက
		၂၂.၂၄ ဧက
	ပေါင်း	၄۹.၂၂ ဧက

သီလုံ သလုံး

ဆရာတော်ဦးသောမသည် မိမိဆရာ ရှေကျင်ဆရာတော်ကြီးနှင့် ရှေကျင်ဆရာတော်၏ ဆရာဖြစ်သော သီလုံ (သလုံး) ဆရာတော်ဘုရားကြီးတို့၏ မူအတိုင်း တံဆိပ်ဘွဲ့တော်ကို လက်မခံကြောင်း ဆိုခဲ့ပြီ၊ ယခု ဆက်၍ သီလုံ ဆရာတော်ကြီးနှင့် ဆရာတော်ကြီး သီတင်းသုံးခဲ့သော နေရာကျောင်းတို့ကို ဖော်ပြလိုပါသည်။

ဆရာတော်ဘုရားကြီးသည် နေလပမာ ထင်ရှားခဲ့ပါသည်၊ စျာန်အဘိညာဉ်ရ အရိယာထေရ်မြတ်ကြီး ဖြစ်သည်ဟူ၍ မျက်မှောက်ခေတ်မှစ၍ ယခုအထိ အများယုံကြည် သိမှတ်ထားကြ၏၊ ဆရာတော်ကြီး၏ သတင်းအရိယဂုဏ်တော်အပေါင်း ယခုအထိ ကျော်ကြားလျက်ရှိ၏၊ နောင်လည်း ကျော်ကြားသင်းပျံ့လျက်သာ ရှိပေဦးမည်။

ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သော ကျောင်းတော်ကြီးလည်း ယခု ရှေဘိုနယ် သီလုံ(သလုံး)ရွာ၌ အထင်အရှား ရှိနေပါသေး၏၊ ယင်းရွာနှင့် ပတ်သက်သော သိစရာကို အနည်းငယ် ဖော်ပြပါမည်၊ ယင်းရွာကို လူတို့ နှုတ်ဖြင့် 'သလုံး'ဟု ခေါ်ကြ၏၊ စာတို၌ 'သီးလုံး'ဟု အရေးထင်လျက် ရှိ၏၊ ကျွန်ုပ်သည် ၁၃၄၃ ခု၊ နတ်တော်လဆန်း ၉ ရက်နေ့၌ ယင်းရွာသို့ ရောက်ခဲ့၏၊ ယင်းရွာမှ အသက် ၈၆ နှစ်ရှိ အဘ ဦးဖိုးကျန်၏ ပြောပြချက်တို့ကို မှတ်သားခဲ့ရ၏။ ဦးဖိုးကျန်ကား သုတနှင့် ပြည့်စုံလှပေ၏။

ဤရွာ၏ အမည်ရင်းမှာ 'သီလုံ'ဖြစ်သည်၊ ရှေးအခါက (မဏိစည်သူမင်း၏ လက်ထက်အခါက ဟူ၍ ပြောတတ်ကြသည်)၊ ဤနေရာ ဤအရပ်သည် သီလလုံခြုံသော (သီလဝန္တ) ပုဂ္ဂိုလ်တို့၏ နေရာအရပ် ဖြစ်သည်၊ ထို့ကြောင့် နေရာဌာနရွာ၏အမည်ကို "သီလုံ"ဟူ၍ မှည့်တပ်သမုတ်သည်၊

နောက် အဆက်ဆက်သော လူတို့၏ နှုတ်သံ လွယ်လွယ်ဖြင့် "သလုံး"ဟု ခေါ်ဝေါ်လာကြခြင်း ဖြစ်သည်၊ ဤကား အဘ ဦးဖိုးကျန် ပြောပြချက် ဖြစ်သည်။

"သီလုံ"ဟူသော အမည်သည် အဓိပ္ပာယ်ပြည့်ဝသော အမည်ဖြစ်သည်၊ သီလုံမှ သလုံး ဟု ပြောင်းသွားခြင်းမှာ နှုတ်တို့၏ သဘာဝအတိုင်းဖြစ်၏၊ "သီးလုံး" ဟူ၍ အမျှား ရေးသားခဲ့သော အမည်ကား မှန်ကန်သော အဓိပ္ပာယ်ကို ပေါ်စေနိုင်သောအမည် မဟုတ်ကြောင်း ထင်ရှားပေသည်။

ယင်း သီလုံ ဆရာတော်ဘုရားကြီးနှင့် ဆရာတော်ဘုရားကြီး သီတင်းသုံးခဲ့သောကျောင်းတော်၏ အခြေအနေ သံစရာတို့ကို သီလုံ အရှင်ဇနက လေ့လာမှတ်သားကာ မှန်ဘောင်သွင်း၍ ကျောင်း၌ ချိတ်ထား၏၊ ယင်း မှတ်တမ်းကို နောက်နှောင်း သုတေသီတို့အတွက်လွယ်ကူစေရန် ဖော်ပြလိုက်ပါသည်။

သီလုံအရှင်ဇနက လေ့လာချက်မှတ်တမ်း

ဆရာတော်ဘုရားကြီးသည် ရှုံစက်ရှာဇာတိဖြစ်၍ မွေးဖွားသက္ကရာဇ်မှာ ၁၁၄၈ ခုနှစ် ဖြစ်သည်၊ ဘွဲ့တော်မှာ ဦးစန္ဒိမာ ဖြစ်သည်၊ ကျောင်းထိုင်သည်မှ ပုံလွန်တော်မူသည်အထိ ကျမ်းပေါင်း (၆၄)ကျမ်း ပြုစုပြီးစီးသွားလေသည်၊ ကျောင်း၌ ပေစာထုပ်ပေါင်း ၂၄၁ ထုပ် တွေ့ရှိရသည်၊ ဆရာတော်ကြီးသည် သက်တော် ၇၄ နှစ်၊ သိက္ခာတော် ၅၄ ဝါအရတွင် ပုံလွန်တော်မူသည်၊ဆရာတော်ဘုရားကြီး၏ အရိုးဓာတ်မျှားကို တသိန်းတန်သော မြသပိတ်တွင် ထည့်သွင်း၍ စေတီတည်ထားကိုးကွယ်သည်၊စေတီ ဒါယကာမှာ ပဋ္ဌမ သံဂါယနာတင်မင်းတုန်းမင်းတရားကြီးဖြစ်သည်၊၁၂၂၂ ခုနှစ်တွင် တည်ထားကိုးကွယ်တော်မူသည်၊ စေတီ၏ဘွဲ့တော်မှာ "မြသိန်းတန် စေတီတော်မြတ်"ဟု တွင်သည်။

စေတီတည်သည့်နှစ်နှင့် ပုံလွန်တော်မူသည့်နှစ် အတူတူပင်၊ ကျောင်းတော်ကြီးတည် သက္ကရာဇ်ကို ၁၁၇၅ ခုနှစ်လောက်ကဟု ခန့်မှန်းရသည်၊ ဆရာတော်ကြီး ကျောင်းထိုင်သော သက္ကရာဇ်မှာ ၁၁၇၈ ခုနှစ် ဖြစ်သည်၊ ကျောင်း ဒါယကာမှာ သီလုံမင်းကြီး ဦးစိုးမြစ် ဖြစ်၏၊ ၄ ထပ်ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။

ယခင်နှင့် ယခု

ကျောင်းကြီး၏ ယခင်တိုင်ပေါင်း ၃၆၀ ရှိသည်၊ ယခု ၉၆ တိုင် ရှိသည်၊ ယခင် လှေကား "၇"စင်၊ ယခု "၄"စင်။

ပတ်လည်ကပြင်နှင့် အရှေ့ဘက် စနုဆောင်တို့မှာ ပျက်စီးယိုယွင်းသွားသောကြောင့် ၁၂၉၀ ပြည့်နှစ်တွင် သီလုံ ဦးပိန်၊ ဒေါ်လန်းတို့က ပြာသာဒ်ဆောင်ကို ထပ်မံပြင်ဆင်သည်။

၁၃၁၀ ပြည့်နှစ်မှာ သီလုံ ဦးဒေါင်းကျော်က ပတ်ပတ်လည် တိုင်အလုံး ၃၀ လဲသည်၊ ပြာသိုလဆန်း ၅ ရက်နေ့ ဖြစ်သည်၊ တိုင်တို့မှာ ၁၀ ပတ်လည်တို့ ဖြစ်ကြသည်။

၁၃၁၇ ခုနှစ် ကျောင်းကြီး၏ အထက်ဘုံ ဘွဲ့အသစ်မိုးသည်၊ ၁၆၉၀ ကျပ် ကုန်သည်၊ ဒါယကာမှာ ဦးဒေါင်းကျော်ပင်ဖြစ်သည်။

၁၃၁၃ ခု တန်ခူးလဆန်း ၆ ရက်၊ တနင်းလာနေ့မှစ၍ ကျောင်းကြီး၏ တိုင် ၄၂ လုံး အောက်မှ ကျောက်ကန်ကရစ် ခံသည်၊ ကုန်ငွေ ၃၀၂၂ ကျပ်၊ ၃ ပဲ ဖြစ်၏၊ ဒါယကာများမှာ ၁၃၁၃ ခု (၁၄–၁၅–၁၆–၁၇–၁၈) ခုနှစ်များက ဒါယကာ ဒါယိကာမများ ဖြစ်ကြသည်။

ကွန်းစင်တိုင် ၆ လုံးမှာ ဒမြင့် ၃၃ တောင်၊ ၁ မိုက်၊ အဆက်မရှိပဲ ထုပ်အထိ ရှိသည်၊ ခေါင်းလောင်းကြီးမှာ ကြေးချိန် ၂၀၀ ရှိသည်၊ မင်းလှကျော်သူ မင်းကတော် မမယ်စီတို့ ကောင်းမှု ဖြစ်သည်။

သီလုံ ပထမ ဆရာတော်ဘုရားကြီးသည် ရဟန္တာ အရှင်မြတ်ကြီးဟု တိုင်းလုံးကျော်ကြား အတတ်ကျော် မထေရ်မော်တပါးဖြစ်ပြီး ဂဏဝိမုတ် နေထိုင်တော်မူသည်။

သီလုံ .အရှင်ဇနက၏ မှတ်တမ်းကို ကူးယူခဲ့၍ ယခု အကြောင်းဆိုက် သဖြင့် ဖော်ပြလိုက်ပါသည်။

မှတ်ချက်။ ။ဆရာတော်ဘုရားကြီး၏ ဇာတိရပ်ရွာကား "ရှိုစက်"ဖြစ်၏၊ ယင်းအမည်ကို အခ္ခုိုစာတို့၌ "ရှန်းတက်" ဟူ၍လည်းကောင်း ၊"ရှန်းရှန်းတက်" ဟူ၍လည်းကောင်း ရေးသည်ကို တွေ့ရ၏၊ နှုတ်အမျိုးမျိုးတို့၌ ပေါ်လာသော အသံသို့ လိုက်၍ အက္ခရာကို ဖန်တီးကြပုံပေါ်သည်။

ဆိုခဲ့သော သီလုံ (သလုံး) ဆရာတော်ဘုရားကြီးသည် ရှေကျင် ဆရာတော် ဘုရားကြီး၏ ကျေးဇူးတော်ရှင် ဆရာဖြစ်တော်မူ၏၊ ရှေကျင် ဆရာတော် ဘုရားကြီးသည် ကျိုက်လတ် ဆရာတော်ကြီး အရှင်သောမထေရ်၏ ကျေးဇူးရှင် ဆရာဖြစ်တော်မူ၏။

သုံးခွ မဟာဗောဓိ

ကွမ်းခြံကုန်း သုံးခွ လက်ပံကျောင်း (သို့မဟုတ်)မဟာဗောဓိကျောင်းဌ် ဆရာတော် အရှင်သောမထေရ်မြတ် ကြွလာလျှင် တည်းခိုတတ်ကြောင်း ဆိုခဲ့ပြီ၊ ယင်းကျောင်းကား မဟာဝုန်တောရဆရာတော် အရှင်ဇဝနဗုဒ္ဓိ စတင် သီတင်းသုံးခဲ့သောကျောင်း ဖြစ်၏။

မဟာဝုန်တောရဆရာတော်သည် ရှေဘိုနယ် ချွန်းတောင်းရွာဌ် ၁၂၀၃-ခု ပြာသိုလဆန်း ၁၀-ရက် အင်္ဂါနေ့ဌ် ဖွားမြင်သည်၊ ရန်ကုန် ပုဇွန်တောင် ကျောက်တိုင်ကျောင်း ဘုန်းကြီး ဦးဝိဇယသည် မဟာဝုန်ဆရာတော်နှင့် ငယ်သူငယ်ချင်း ဖြစ်သည်၊ မဟာဝုန်ဆရာတော်လောင်း အရှင်ဇဝနဗုဒ္ဓိ သည် ရန်ကုန်သို့ ရောက်နေ၍ ဘုန်းကြီး ဦးဝိဇယ၏ ညွှန်ကြားချက်အရ ဦးသောကြာ၊ ဦးရွှေနေ၊ ဦးအင်္ဂါ စသော ဒါယကာတို့က အရှင်ဇဝနဗုဒ္ဓိကို သုံးခွသို့ ပင့်လာကြသည်၊ အရှင်ဇဝနဗုဒ္ဓိ ၁၄-ဝါရပြီ။

ယင်း ကွမ်းခြံကုန်း သုံးခွကျောင်းကား ပထမလက်ပံကျောင်း (ပိပွလိ ဝိဟာရ)အမည်တွင်၏၊ လက်ပံပင်ကြီးရှိသည်ကို အကြောင်းပြု၍ခေါ်သော အမည် ဖြစ်၏၊ အရှင်ဇဝနဗုဒ္ဓိ ၁၉-ဝါရ၊ ၁၂၄၂-ခုနှစ်မှာ ရှေကျင်ဆရာ တော်ဘုရားကြီး ကြွရောက်၍ ယင်း လက်ပံကျောင်း (ပိပွလိဝိဟာရ)ဌ် သိမ်သမုတ်တော်မူသည်၊ ယင်းသိမ် ယခုအထိ ရှိ၏၊ ရဟန်းတော်များ ကံကြီး ကံငယ်ကို ယင်းသိမ်ဌ်ပင် ဆောင်ကြကုန်၏။

အရှင်ဇဝနဗုဒ္ဓိ တောထွက်မည့်အခါ ကပ္ပိယတယောက်နှင့် နေရာလိုက်လံ ရှာဖွေကြည့်ရှုရာ ပထမနေ့ တနေရာကို တွေ့၏၊ ထိုနေရာဌ် ပဌာစာရီ သားပျောက်ခန်း သီချင်းကို ဆိုသံကြားရ၍ ယင်းနေရာ မကောင်းသေး ဆိုကာ နောက်တနေ့ ဆက်ရှာပြန်ရာ သီဒွတ္ထမင်းသား တောထွက်ခန်းကို

ဆိုနေသံ ကြားရ၍ ဤနေရာ ကောင်းသည် ဟု နေရာ သတ်မှတ်သည် ဟု အကြားအမြင် သုတရှိသူတို့ ပြောသည်ကို ကြားသိရ၏။

ယင်းစကားကို အတိအကျ ဟု မဆိုနိုင်သော်လည်း သိဒ္ဓတ္ထမင်းသား တောထွက်ခန်း ယိုးဒယားသည် ခေတ်စားခဲ့၏၊ သဘင် ရုပ်သေးတို့ဌာသာ မက အရပ်သားတို့၏ ကြားဌာလည်း အသံ ပေါ်နေ၏၊ ကျွဲကျောင်း နွားကျောင်း ထင်းခွေ ရေခပ် ဟင်းရွက်ခူးရာတို့ဌာလည်း ဆိုတတ်ကြသည် ဖြစ်၍ ဘောသို့ဝင်၍ နေရာရွှေးသောအခါ ယင်းသီချင်းသံကို ကြားရသည် ဟူသော စကားသည် ယုတ္တိရှိတန်သလောက်ကား ရှိပါသည်၊ ဝါသနာရှိ သိလိုသူတို့အတွက် ယင်းသီချင်းတို့ကို ဖော်ပြလိုက်ပါသည်။

သိဒ္ဓတ္ထမင်းသား တောတွက်ခန်း ယိုးဒယား

"ယသော်ဓရာ၊ နန်းတောင်ညာ သားရာဟုလာ၊ ရွှေမျက်နှာ ညှိုးလေအောင်သာ ပစ်သွားရှောင်ခဲ့ဘာ အောင်ချာကပ်ပီနန်း။ ။ စံမြန်းတော်မူရာ လောင်းလေလေ့ လောင်းဗုဒ္ဓါ၊ မြတ်ယျာဉ်သာ မကြာထွက်ခဲ့ဘသွား၊ လေးပါးရယ် သူအို သူနာ သူသေ၊ မြင်ပြန် လျှင် စဲ့စိတ်သံဝေ၊ လူ့တိုင်းရပ်မြေ ကြာရှည်နေဝံ့ပဲ။ ။နန်းထဲ မှာပင် အိုလေ့ ပျော်မရှင်၊ မောင်ဆန်ကိုန်း သူတိုင်ပင်၊ ကဏ္ဍိက နတ်မြင်း ကကြိုးဆင်၊ ယသော်မေခင် ရှေစင်အိုရယ် သိတယ် ရိပ်မိမယ်၊ သန်ကောင်လယ် သန်ကောင်လယ် ထွက်တော်မူ နန်းက ခွာတယ်၊ မောင်ဘုန်းပျော်တဲ့ ဆောင်အုံး ဗေ့မြင့်လယ်။ ။ သိဒ္ဓတ်ဘုန်းကြွယ် လောင်းလေ့ လောင်းမြတ်နှယ်၊ သွယ်သွယ် ထင်ပွား နတ်များစွာ မီးဝါကိုင်ထွန်းလေသည့်တာ၊ တေဇာဝေဖြာ ခေမာကမ်းယံ၊ နိဗ္ဗာန်နန်းကို မြန်းမည်ကြံ၊ အတန်တန်အတန်တန် မာရ်နတ်လာ၊ဆင်း၍တားပြန် ဘုရားဖြစ်ရန်အကြံအောင်လုဆဲ။ ။

ငေ့သဲသောင်ပြင်အိုလေ့ နော်မာခွင်၊ ကူးကာချက်ချင်း ရောက်ပြန်လျှင်၊ ဆံတော်ဖယ်ရှင်း လေ့သည့်အင်။ ထက်ခွင်ဗြဟ္မာ မကြာဆင်းလာ၊ စက်စုံရင်းမှာ ဝပ်စင်းကာ၊ ပဒုမ္မာ ပဒုမ္မာ ရှေ့ကြာသက်နှီးကို ကပ်ရှာ၊ ဒုက္ခရစရိယာ ခြောက်နှစ် ကျင့်သည်တာ။ ကျောင်းတော်လေလေ ရှေ့ဝိဟာ"။ ။

ဤ တောထွက်ခန်းသည် ရှေးက ခေတ်စားခဲ့၏၊ ယခုပင်လည်း ယင်းသီချင်းထဲမှ စကားအစိတ်အပိုင်းကို တွင်တွင်သုံးတုန်း ရှိပေသေး၏။

သိဒ္ဓတ္ထတောထွက်ခန်း အခြားတခုလည်း ရှိပါသေး၏၊ တေးသွားခြားသော်လည်း အဓိပ္ပာယ်ချင်းကား ထပ်၏။

သိဒ္ဓတ္ထ တောထွက်ခန်း သိင်္ဂါသံ

"မယ်ယသော့ဆံကျင် ရှေ့ညဿာဉ်ပျော်ခင်း။ မတ်မောင်ဆန်မြင်းနှင့်မကွာ လှမ်းကြလေစွာ။ ။သူအိုတဲ့ သူသေ သူနာ မြင်လာရ မြတ်ရဟန်း သည်းတုန်လိုချမ်း။ ။ရှေ့ညဿာဉ် သာစခန်းက နန်းတော်သို့ ပြန်ခဲ့လာရာ၊ ရှေ့သံဝေ စိတ်တော်စောလို့ ဗေဒါဆွေ ကြုံမိုင်ညှိုး။ ။သန်ကောင်ယံ မောင်ဆန်မတ် ကျွန်တော်မျိုး၊ ပါးအပ်လို့ နှိုးတဲ့မှသာသာ။ မြင်းပြင်ချေပါ၊ ရှေ့ပြုဗွာဒ္ဓါရာတဲ့မှ ခေတ်တံခါး၊ ဘုန်းထွက်ကြွသွား ခြောက်ဘုံပိုင် မာရ်နတ်သားက တားပြန်တော့တယ်။ ပြန်မိန့်တော် ထုတ်ဖော်ကြားခဲ့၊ မာရ်မိစ္ဆာ ဆုတ်မတားနဲ့၊ ရှောင်ရှားဟဲ့ ဖယ်၊ ငေ့သောင်စွယ် ဆံတော်ပယ်ပါလို့ ထွက်မြောက်ခန်း၊ ဘုန်းစိတ်ကမှန်း။ ။ဃဋ္ဌိကာ ကြာသက်နှီးကိုတဲ့ လှမ်းဆက်သ ဆင်မြန်းစံပယ်၊ ဝဋ်ဆုံးမည် နှောင်အိမ်တွင်းက ကင်းလွတ်ဖို့ စိတ်ထားကြံရှယ်။ ရာဟုမယ် နန်းလယ်က မျှော်တော်စော၊ မင်းပြန်လိုတဲ့မှ

ပြောချေပ မောင်ဆန်၊ သွားပ မြန်မြန်။ ပြန်မိန့်တော် ထုတ်ဖော်ကြားလို့ သွားပြန်ရ မနေသာ၊ သဲခုံမြင့် သောင်ယံမှာ၊ ကဏ္ဍကနောက်ဇံတော်ပါ၊ သက်ခန္ဓာ သည်တွင်ဆုံးလို့၊ ဇက်သုံးနှင့် က,ကတောင် ရှေနန်းသို့အပါဆောင်၊ မယ်ယသော့ ကြုံရဟန်မှာ မောင်ဆန်ကို ပြန်မရှုနိုင်ဘု၊ ဗိမ္မာမယ် ရင်ကိုထုပါလို့ ရာဟုမယ် ပင့်သက်ရှု။"–

ဟူ၍လည်း သိဒ္ဓတ္ထတောထွက်ခန်းတခု ရှိသေး၏၊ ဆိုလိုချက် အဓိပ္ပာယ်ချင်း မခြားလှသော်လည်း တောထွက်ခန်း ယိုးဒယားကို အမျှားဆိုနေကြသည်ဖြစ်၍ မဟာဝုန်ဆရာတော် ကြားရသော တောထွက်ခန်း ဖြစ်တန်ရာ၏၊ တောထွက်ခန်း သိဂ်ါသံကိုကား ယိုးဒယားလောက် အဆိုမမျှား၍ မဟာဝုန်ဆရာတော် ကြားခွင့်မကြုံတန်ရာ ဟု ထင်ပါသည်။

ဆရာတော် ဒေ့ရှင်ဇဝနဗုဒ္ဓိသည် မဟာဝုန်တောအုပ်၌ နေရာအကြိုက် တွေ့ပြီးနောက် ၁၂၅၉–ခုမှာ မဟာဝုန်တောရသို့ ထွက်တော်မူလေသည်၊ နောက်ရောက်လာသော အင်္ဂလိပ် အရေးပိုင်က မဟာဝုန် ဆရာတော်ကို ကြည်ညိုလှသဖြင့် ဤနေရာဝန်းကျင်၌ တဲအိမ်များ ရောက်လာလျှင် တောရမဖြစ်ပဲ နေမည်ကြောင့် ဆရာတော် သီတင်းသုံးသော ကျောင်းပတ်ဝန်းကျင် မြေကေ ၄၀–ကို ကျောင်းမြေဖြစ်အောင် လုပ်ပေးခဲ့လေသည်၊ ယခုကား တဲအိမ်များ ရောက်ရှိနေပြီဖြစ်၍ ၁၁–ကေလောက်သာ ကျောင်းမြေအဖြစ် ရှိတော့သည်ဟု သိရ၏။

မဟာဝုန်ဆရာတော်သည် ၁၂၇၂–ခု၊ ရှေကျင်ဝံသ ပါဠိနိဿယကို ရေးပြီးသောနှစ်၌ လက်ပံကျောင်းသို့ ရောက်ခိုက် ဒုလာသွေးဝမ်း ဖြစ်လေသည်၊ ဆရာတော်က မဟာဝုန်တောရသို့ အပ်ခိုင်း၏၊ တပည့် ဒါယကာတို့က မပို့လိုကြပေ၊ ထိုအခါ ဆရာတော် ဆွမ်းမစားပဲနေသဖြင့် ကုလားထိုင်ပေါ်တင်ကာ မ,ယူ ပို့ပေးရသည်ဆို၏၊ ပုံတော်မမူမီ ၁၂၇၂–ခုနှစ်၌

မဟာဝုန်တောရကို ဦးစန္ဒိမာအား၊ လက်ပံကျောင်းကို ဦးကဝိန္ဒအား အပ်သည်၊ ဦးကဝိန္ဒကား သုံးခွရှာဇာတိ ဖြစ်၏၊ ဓနုဖြူ မဟာဗောဓိ ကျောင်းဌ ကျောင်းထိုင်နေ၏။

မဟာဝုန်ဆရာတော်သည် သက်တော် ဂဝ–အတွင်း ၁၂၇၃–ခု၊ နယုန် လဆန်း ၁၂–ရက် ကြာသပတေးနေ့ဌ ပျံလွန်တော်မူသည်၊ အရှင်ကဝိန္ဒ သည် မဟာဝုန်ဆရာတော်၏ အပ်နှံချက်အရ မိမိဇာတိရှာ သုံးခွ လက်ပံ ကျောင်းဌ သီတင်းသုံးရလေသည်၊ အရှင်ကဝိန္ဒလက်ထက် ရောက်သော အခါ လက်ပံပင်ကြီးကား မရှိတော့ပြီ၊ မိုးကြိုးခၽ ပျက်စီးခဲ့လေပြီ။

လက်ပံပင် မရှိတော့ပြီဖြစ်သဖြင့် ကျောင်း၏အမည်ကိုလည်း ပြောင်း လိုသည်၊ မေဃဝန်ဆရာတော် ဦးကလျာဏက ရှေးက ပုဂ္ဂိုလ်ကြီးများ၏ ဘုန်းကံကို မိနိုင်သည်မဟုတ်၍ ရှေးကပုဂ္ဂိုလ်များ မှည့်ထားခဲ့သောအမည် ကို မပြောင်းစေလိုကြောင်း မိန့်ဆိုသည်၊ သို့သော် ဦးကဝိန္ဒကား လက်ပံပင် ကို အစဲ့ပြု၍ အမည် ဖြစ်ခဲ့ရသော်လည်း လက်ပံပင်ကား မိုးကြိုးပစ်၍ ပျက်စီးခဲ့ရလေသောကြောင့် ယင်းအမည်ဖြင့် ဆက်လက် မထားလို ဆိုကာ မိမိ ဓနုဖြူဌ်ခဲ့နေခဲ့သော ကျောင်း၏အမည်ဖြင့် "မဟာဗောဓိကျောင်း" ဟု အမည်ပြောင်းလိုက်လေသည်၊ မဟာဗောဓိကျောင်း ဆရာတော် ဦးကဝိန္ဒ ကား ၁၂၉၅–ခု၊ တော်သလင်းလဆုတ် ၁၃–ရက်မှာ ပျံလွန်လေသည်။

ဆိုခဲ့သော အကြောင်းတို့ကို ယခု သုံးခွရှာ မဟာဗောဓိကျောင်းဌ သီတင်းသုံးနေသော အရှင်ကေသရထံမှ ရသည်၊ အရှင်ကေသရကား ဓနုဖြူ ဝေလာဝေးရှာဌ ၁၂၆၇–ခု၊ ပြာသိုလဆုတ် ၇–ရက် တနင်းလာနေ့ဌ ဖွားမြင်သည်၊ မဟာဗောဓိဆရာတော် ဦးကဝိန္ဒထံမှာ ကြီးပြင်းလာခဲ့သည်။

သုံးခွ အမည်နှင့် ကွမ်းခြံကုန်း အမည်နှစ်ရပ်တို့တွင် ရှေးက သုံးခွ အမည်က ပို၍ ပေါ်ထင်ပုံရသည်၊ ထို့ကြောင့် ၁၂၇၇ ခု၊ ဂ–ခုလောက်က ရှေကျင်ဂိုဏ်း မှတ်တမ်းမှာ သုံးခွ ကွမ်းခြံကုန်း ဟု၍ သုံးခွကို အဦးထား

သည်ကို တွေ့ရကြောင်း အရှင်ကေသရထေရ် မိန့်ဆိုသည်၊ ဟုတ်ပါသည် သုံးခွသည် ခရိုင်ပင် ဖြစ်ခဲ့၏၊ ကျိုက်လတ်အကြောင်းဌ ကြည့်၊ ရှေကျင် ဆရာတော်ကြီးကိုယ်တိုင် ကြွရောက် သိမ်သမုတ်တော်မူခဲ့သောနေရာ ဖြစ်၍ သာသနာရေး သို့မဟုတ် ရှေကျင် ဂိုဏ်းဂဏအတွင်းဌ သုံးခွက ပို၍ အမည်ပေါ် ထင်ရှားမည်မှာ မလွဲတန်ရာ။

"ကွမ်းခြံကုန်း ရှေကျင် အစ မဟာဝုန်က" ဟူသော အဆိုစကားတခု တွင်လျက်ရှိ၏၊ ဤစကားသည် အထင်ကရ အပေါ်အထင် ရှေကျင်အမည် ထွန်းကားလာသောအခါကို ရည်ရွယ်၍ ဆိုသောစကား ဖြစ်သည်ဟု ယူဆ နိုင်၏၊ မှန်ပါသည်၊ မဟာဝုန်ဆရာတော်ကား အထင်ကရပုဂ္ဂိုလ် ဖြစ်၏၊ ပဋ္ဌိပတ္တိသတင်းလည်း ကျော်လှ၏၊ ပရိယတ္တိဘက်မှာလည်း ထိပ်တန်းပုဂ္ဂိုလ် ဖြစ်၏၊ ရှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ကြီး လက်ရုံးစာရင်းဝင် လည်း ဖြစ်၏၊ ထိုကြောင့် မဟာဝုန်ဆရာတော် ရောက်ပြီးမှ ဤဆရာတော်၏ ဂုဏ်သတင်းကြောင့် ရှေကျင်အမည် ပျံ့သင်းကျော်ကြားလာသည်ဟု ဆိုရ ပေမည်၊ စင်စစ် မဟာဝုန်ဆရာတော် အရှင်ဇဝနဗုဒ္ဓိ မရောက်မီက ရှေကျင် ဂိုဏ်းဝင်သံဃာ မရှိသေးဟုဆို၍ မဖြစ်ပေ၊ ကွမ်းခြံကုန်းမြို့မှ တမိုင်ကျော်ခန့် ကွာသော ဒေးဒနော့ရွာ ကျောင်းကြီးဌ ဆရာတော် ဦးခေမိန္ဒထေရ် ရှိပါသည်၊ ဆရာတော် ဦးခေမိန္ဒသည် မဟာဝုန်ဆရာတော်ထက် ဝါတော် လည်း ၂-ဝါ ကြီးသည်၊ ကွမ်းခြံကုန်းနယ်ဌ လက်ဦးကပင် သီတင်းသုံး နေသောပုဂ္ဂိုလ်လည်း ဖြစ်သည်၊ ဆရာတော် ဦးခေမိန္ဒကား ရှေကျင် ဂိုဏ်းဝင် ထေရ်တပါး ဖြစ်သော်လည်း အကျော်အကြားပုဂ္ဂိုလ် ဟုတ်ပုံ မပေါ်၊ ထို့ကြောင့် ယင်းဆရာတော် လက်ထက်မှာ ရှေကျင် သတင်း ကျော်ကြားပုံမရ၊ မဟာဝုန်ဆရာတော် အရှင်ဇဝနဗုဒ္ဓိ ရောက်လာသော အခါ ဆရာတော် အရှင်ခေမိန္ဒသည် မဟာဝုန်နှင့် တွဲဖက်၍ တအားတက် သွားလေသည်ဟု ဆိုရပေမည်၊ ဆရာတော် ဦးခေမိန္ဒသည် မိမိအောက်

ဝါဃယ်သည်ပင် ဖြစ်သော်လည်း မဟာဝုန်ဆရာတော် အရှင်ဇဝနဗုဒ္ဓကို လေးလေးမြတ်မြတ် ဦးစားပေး ဆက်ဆံတော်မူသည်။

ဆိုခဲ့သော ဒေးဒနောဌရာ ဆရာတော် အရှင်ခေမိန္ဒအကြောင်းကို ယခု ကွမ်းခြံကုန်းမြို့မှ ၃-မိုင်ခန့် ကွာဝေးသော တော်ခရမ်းကြီးရွာ ကျောင်းဌာ သီတင်းသုံးတော်မူသော သက်တော်'၈၈'နှစ်ရှိ ဆရာတော် အရှင်သီလာစာရ ထေရ်ထံမှ ရရှိပါသည်။

ယင်းဆရာတော် မိန့်ကြားရှိ သိရသော အချက်တခု ရှိပါသေး၏၊ ကွမ်းခြံကုန်းမြို့နယ် တော်ကူးကြီးရွာ လယ်ပေါ်ကျောင်း သိမ်ကို ရှေကျင် ဆရာတော်ကြီး သမုတ်သည်၊ သိမ်ကို သမုတ်ပြီးလျှင် ထိုသိမ်၌ တော်ကူး မစိုးရိမ်ကျောင်း ဆရာတော် အရှင်တိက္ခသည် ရှေကျင် ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းဘောင်သို့ ဝင်သည်၊ ပဉ္စင်းပြုပြီးနောက် ရှေကျင်ဆရာ တော်ဘုရားကြီးက ဦးတိက္ခထံမှ ပဋိညာဉ် ၂-ခု တောင်းသည်၊ ၂-ခုမှာ (၁) လူမထွက်ပါ၊ (၂) ဂိုဏ်းတပါးသို့ မပြောင်းပါ ဟူ၍ ဖြစ်သည်။

ဦးတိက္ခသည် သက်တော် ၆၉-နှစ်၊ ၁၂၉၇-ခုမှာ ပုံတော်မူသည်' သို့ဖြစ်လျှင် ဦးတိက္ခ ရဟန်းပြုသော သက္ကရာဇ်သည် ၁၂၄၈၊ သို့မဟုတ် ၁၂၄၉-ဖြစ်သည်၊ ထိုသက္ကရာဇ်၌လည်း ရှေကျင်ဆရာတော်ဘုရားကြီးသည် ကွမ်းခြံကုန်းမြို့နယ်သို့ ကြွရောက်ခဲ့သည်ဟု ဆိုရပေမည်၊ ဤသည်တို့ကား တော်ခရမ်းကြီးဆရာတော် အရှင်သီလာစာရ၏ မိန့်ဆိုချက်တို့တည်း။

မဟာဝုန်ဆရာတော် အရှင်ဇဝနဗုဒ္ဓ စီရင်ခဲ့သော

ကျမ်းများ

မဟာဝုန်ဆရာတော် အရှင်ဇဝနဗုဒ္ဓိသည် အရည်ဝါသီ တောမှီဝဲလေ့ဘာဝနာဖြင့် မွေ့သည်ဖြစ်သော်လည်း အားအန်ပြင်းထန်လှသော ပရိယတ္တိအရှိန်အင်္ဂေ တွန်းကန် တိုးဝှေ့သည်အလျောက် ကြိုးကြား ကြိုးကြားကောက်ငင် ရေးသားထားအပ်ကုန်သောကျမ်းတို့ ရှိကြကုန်၏၊ ထိုကျမ်းတို့ကား–

(၁) ပဋ္ဌိပတ္တိဝိနိစ္ဆယကျမ်း ၁၂၅၅ ခု

(၂) အာစေရဂုဏလင်္ကာရဒီကထာ ၁၂၅၇ ခု

ဤကျမ်းဌ အတ္တဒမဂါထာ၊ ကျိုက်ထီရိုး ဘုရားရှိခိုး၊ ရွှေစက်တော်ဘုရားရှိခိုး၊လက္ခဏာတော်ကြီး ဘုရားရှိခိုးတို့ ပါသည်၊ ဆိုခဲ့သော ကျမ်းတို့ကို ရေးစဉ်က တောမထွက်သေးပေ။

(၃) ဓနဝဏ္ဏနကျမ်း

ဤကျမ်းဌ ရေလမ်း၊ ကုန်းလမ်း၊ တောလမ်းတို့ဌ ခရီးသွားရာတွင် မေတ္တာပို့ အမျှဝေပုံ၊ ခင်ပွန်းကြီး ဆယ်ပါး ပြစ်မှားသူတို့ အပြစ်ခံရပုံ အစုံပါသည်။

(၄) ဒက္ခိဏဝိသုဒ္ဓိဒီပနီ ၁၂၆၈ ခု

ဤကျမ်းဌ ပုဂ္ဂလိကအလှူ ၁၄ ပါး၊ သံဃိကအလှူ ၇ ပါး အဆုံးအမ အကုန်ပါသည်။

(၅) ဝစနတ္ထဘုရားရှိခိုး ၁၂၆၉ ခု

ဤကျမ်းဌ ယမကဘုရားရှိခိုး၊ သံခိတ္တောဝါဒ ကထာများ၊ နိဿယမုစ္စနဂ်ကြေးမုံ ပါဌ်အနက် ပါသည်။

(၆) သီဟဠမဂ္ဂါဒိမဠုသာ ၁၂၇၄ ခု

ဤကျမ်းဌ သီဟဠဒါဌာဘုရားရှိခိုး၊ သီသကောဝါဒ သံပေါက်၊ ဒသဓမ္မ ပါဌ်နိဿယ ပါသည်။

(၇) နိဗ္ဗာနပတ္တ သံပေါက်ကျမ်း

ဤကျမ်းဌ သံဝေဂဒီပက သံပေါက်၊ ဟိုဟာသံပေါက်၊ သတ္တဌာန ဘုရားရှိခိုး၊ ဓာတုဘာဇနီ ဘုရားရှိခိုး၊ ဇနကမင်း၏ နိဂ္ဂမဗျာဝသယိက စာတမ်း ပါသည်။

ဟိုဟာသံပေါက် ဟူသည်–

"ဟိုဟာမင့်၊ ဟိုဟာင့်၊ တကယ့် တို့သူငါ။
ဟိုဟာမချစ်၊ ဟိုဟာချစ်၊ အပြစ်ကြီးလှစွာ"–

စသည်ဖြင့် "ဟိုဟာ" ဟူသော စကားလုံးတို့ကို သုံး၍ သီကုံးထားသော သံပေါက် ဖြစ်သည်။

ဆိုခဲ့သော (၆) သီဟဠမဂ္ဂါဒိမဠုသာကျမ်း နိဂုံးဌ–

(၁) သီသော သုကော နု သုကော စ၊
ကာယော ဘိက္ခု နု ဘိက္ခု စ။
မနုဿာ တာနိ ဘုဉ္ဇန္တိ၊
သမဏာနံ နု ကပ္ပရေ။ ။

(ဦးခေါင်းကား ကျေး၊ ကျေးလည်း မဟုတ်။
ကိုယ်ကား ရဟန်း၊ ရဟန်းလည်း မဟုတ်။
လူတို့သည် ထိုဟာတို့ကို စားကြကုန်၏။
ရဟန်းတို့အား မအပ်ကြကုန်။)

(၂) ပထဝီ ဂေဟ ဝသတိ၊
အန္တလိက္ခေ ဝိဂစ္ဆတိ။
သကုဏာ တာနိ ဘုဥ္ဇန္တိ၊
မနုဿာ နေ နံ ဘုဥ္ဇရေ။ ။
(မြေကြီးအိမ်၌ နေ၏။
ကောင်းကင်၌ သွားလာ၏။
ငှက်တို့သည် ထိုဟာတို့ကို စားကုန်၏။
လူတို့ကား ထိုဟာတို့ကို မစားကြကုန်။)

(၃) စက္ခုမဏိ နံ စ မဏိ၊
ပတ္တော ဝိဟင်္ဂါ နံ ဝိဟင်္ဂါ။
အာကာသေ ဝိစရန္တိ၊
သုတ္တကာလေ သမ္ပဟန္တိ။
(မျက်စိသည် ပတ္တမြားဖြစ်၏၊ ပတ္တမြားလည်း မဟုတ်။
အဘောင်သည် ငှက်ဖြစ်၏၊ ငှက်လည်း မဟုတ်။
ကောင်းကင်၌ ပျံသွား ကျက်စားကြကုန်၏။
အိပ်သောအခါ စုရုံး၍ အိပ်ကြကုန်၏။)

ဟူသော ပဟေဠိဂါထာများ ရှိကြကုန်၏။

ဆရာတော်ကား ပဟေဠိဂါထာများကို အနက်ပေးမထား ပဟေဠိပီပီ ပဟေဠိ လုပ်ထားသည်၊ ပါဠိမကျွမ်းကျင်သောလူများ နားလည် သိကြစေရန် မြန်မာပြန်၍ထည့်လိုက်ပါသည်။

(၁) ဂါထာကား ပေါက်ပွင့်ကိုဆိုသောစကား ဖြစ်၏၊ ပေါက်ပွင့်ကို လူတို့ စားကြကုန်၏၊ ရဟန်းတို့အား မအပ်ဟုဆိုသဖြင့် ရဟန်းတို့ ပေါက်ပွင့်ကို မစားကောင်းဟု မယူအပ်ပေ၊ ပေါက်ပွင့်သည် သက်နှိုးဆိုးရာ၌ ဆိုးရည်အဖြစ် အသုံးပြုရန် မအပ်ခြင်းကို ဆိုခြင်း ဖြစ်သည်၊ အရောင်အဆင်း မလျောက်ပတ် မတင့်တယ် ကြည်ညိုဖွယ် မဟုတ်သောကြောင့် သက်နှိုးဆိုးခြင်းငှာ မအပ်သောပစ္စည်းတို့ကို ဝိနည်း၌ ထုတ်ပြထားတော်မူသည်။

နန္ဒင်းထန်းကျင့်၊ ဆူးပန်းပွင့်၊ ပေါက်ပွင့် ပိန္ဓနယ်။
ကြပိုင်ဇောက်ရပ်၊ မဲဒန်းမှတ်၊ မအပ် ဆိုးရည်ဝယ်။
(ဆရာမြတ်တို့၏ နိယံ)

ကြပိုင်ဟူသည် မဒမကိုခေါ်သော ရှေးအခေါ်၊ ယခုပင်လည်း ရခိုင်အမျိုးသားတို့ "ကပိုင်"ဟု ခေါ်ကြတုန်း ရှိသေး၏။

(၂) ဂါထာကား ပလူကိုဆိုသောစကား ဖြစ်၏။

(၃) ဂါထာကား ပုရစ်ကိုဆိုသောစကား ဖြစ်၏။

ပေါက်ပွင့်နှင့် ပတ်သက်သော (၁) ဂါထာ စကားမျိုးကား ပါဠိကျမ်းဂန်တို့၌လည်း ရှိနေသည်ဖြစ်၍ ဆရာတော် ထိုးထိုးထွင်းထွင်း တီထွင်သည်ဟု ဆိုဖွယ်မဟုတ်သော်လည်း ၂ နှင့် ၃ ဂါထာစကားတို့ကား ဆရာတော်ကြီး၏ တောရဆောက်တည် နေရာ၌ တွေ့နေရသော အတွေ့ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ဉာဏ်မြူးချက်ဖြစ်သည်ဟု ဆိုရပေမည်။

နိဿယမုစ္စနဂ်ကြေးမုံဌီကာ ပါဠိနိဿယ ၁၂၀၂ ခု
ဤကျမ်း၌ ရှေကျင်ဝံသ ပါဠိနိဿယ ပါသည်။

ဒုတိယ ပစ္ဆိမာရုံဆရာတော် (ရွှေကျင်သာသနာပိုင်)
အရှင်ကေလာသထေရ်

ဆရာတော်ကြီးသည် စစ်ကိုင်းတိုင်း အဝင် မြင်းမူမြို့မှ အနောက်ဘက် ၁၄ မိုင်ခန့် အကွာဌာနရှိသော သမန်းအေးရွာ၌ အဖ ဦးရွှေအိ၊ အမိ ဒေါ်ကြီးခေါင်တို့မှ ၁၂၂၆ ခု၊ သီတင်းကျွတ် လပြည့်ကျော် ၂ ရက်၊ တနင်းလာနေ့ ညဉ့် လေးချက်တီးကျော်၌ ဖွားမြင်သည်၊ ဦးရွှေအိ၊ ဒေါ်ကြီးခေါင်တို့၌ သား ၀ါးယောက်၊ သမီး နှစ်ယောက်အားဖြင့် ခုနစ်ယောက် ထွန်းကားသည့်အနက် ဆရာတော် လောင်းလျှာသည် ဒုတိယသားဖြစ်သည်၊ ငယ်မည်မှာ မောင်တော ဖြစ်သည်။

မိမိတို့ပိုင်သော ယာတော၌ မိမိတို့ပိုင် နွားများကိုထားရှိ စောင့်ထိန်းကာ ယင်းဟောထဲအိမ်၌ နေကြစဉ် ဖွားမြင်သောကြောင့် "မောင်တော" ဟု အမည်မှည့်သည်ဆို၏။

မောင်တော ၆ နှစ်သားအရွယ်မှာ မိမိတို့၏ သမန်းအေးရွာကျောင်းဘုန်းတော်ကြီး ဦးဥတ္တမထံ၌ အင်ပန့် ပညာသင်စေသည်၊ နောက် ထိုမှရွှေ့၍ တောချောင်းဦး ဆရာတော် ဦးဝုဒ္ဓိထံမှာ ပညာသင်ပြန်သည်၊ ထိုနောက် ချောင်းဦးဆယ်ရွာ ဆင်စွယ်ပေါင်းတောရ ဆရာတော် ဦးအာဒိစ္စ ထံသို့ ရွှေပြောင်း သင်ပြန်သည်။

မောင်တော ၉ နှစ်သားအရွယ် ရောက်သောအခါ မိဘ နှစ်ပါးတို့က မိမိရွာ ဆရာတော် ဦးဥတ္တမထံမှာ သာမဏေပြုသည်၊ ဘွဲ့မည် ရှင်ကေလာသ ဖြစ်သည်။

ပဉ္စင်းဖြစ် သက်ပြည့်သောအခါ ချောင်းဦးမြို့ ပဲပြစ်တောရဆရာတော် အရှင်ဥတ္တမကို ဥပဇ္ဈာယ် ပြု၍ ခင်မွန်သုံးဂုဏ်းချုပ် ဆရာတော်ကြီးကို



ရှေကျင်နိုကာယ သဟ္ဘမသာသနာပိုင်
ပဋ္ဌမာရုံ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ကေလာသထေရ်

နိဿယည်းဆရာအဖြစ်ထား၍ ချောင်းဦးမြို့နယ် ခင်မွန်ရွာကြီးရှိ ဗောဓိကျောင်းတိုက်တွင်း သိမ်၌ ၁၂၄၅ ခု၊ တပေါင်းလတွင် ပဉ္စင်းဘောင်သို့ရောက်သည်၊ ဦးရိုး ဦးရှေစို့၊ ဒေါ်ကြီး ဒေါ်ကျိုးညိုတို့က ပဉ္စင်းဒါယကာပြုကြသည်၊ ပစ္စိမာရုံဆရာတော်သည် ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်ကြီး၏ နိဿယည်းခံ တပည့်ဖြစ်သည်။

ဤနေရာ၌ ဆက်စပ်ဆိုစရာ အနည်းငယ်ရှိပါသည်၊ သီလုံဆရာတော်ကြီး အကြောင်း အမြှက်ဆိုခဲ့ပြီ၊ ရှမ်းကလေးကျွန်း ဆရာတော်နှင့် ရှေကျင်ဆရာတော်တို့သည် သီလုံဆရာတော်ကြီး၏ တပည့်တို့ ဖြစ်ကြသည်။

ဆရာတော် ၂ ပါးလုံးပင် သီလုံဆရာတော်ကြီး၏ တပည့် ဖြစ်ကြသော်လည်း ရှေကျင် ဆရာတော်သည်ကား ရှမ်းကလေးကျွန်း ဆရာတော်၏ တပည့်လည်း ဖြစ်သည်ဟု သိရ၏။

ရှမ်းကလေးကျွန်း ဆရာတော် အရှင်နန္ဒထေရ်သည် မင်းတုန်းမင်း၏ သာသနာပြု ပင့်လျှောက်ချက်ကို လက်ခံ၍ နေပြည်တော် သာသနာပြုဆရာတော်အဖြစ်သို့ ရောက်လေသည်၊ ဆရာတော်သည် ဓမ္မဝိနယ အမိန့်တော် ပြန်တမ်းကြီးကို ထုတ်တော်မူလေသည်။

ရှေကျင်ဆရာတော်သည် ရှေဘိုနယ် ရှေကျင်ရွာကြီး၌ ၁၁၈၄ ခု ပထမဝါဆိုလဆုတ် ၁၂ ရက်၊ အင်္ဂါနေ့၌ ဖွားမြင်သည်၊ ဘွဲ့တော်မှာ အရှင်ဇာဂရဖြစ်သည်၊ ဤဆရာတော်ကြီး အကြောင်းကား မိုးပေါ်က လ ပမာဟု ဆိုလောက်စရာ ထင်ပေါ်နေပါပြီ၊ ရှေဘိုနယ် ရှေကျင်ရွာ၌ ရှေကျင် ဆရာတော်ကြီး၏ ဗိမာန်တော်ကြီး ဟီးနေပါပြီ။

ခင်မွန်သုံးဂိုဏ်းချုပ် ဆရာတော်သည် ရှမ်းကလေးကျွန်း ဆရာတော်နှင့် ရှေကျင်ဆရာတော်တို့၏ တပည့် ဖြစ်သည်၊ ခင်မွန်ဆရာတော်သည် ၁၁၉၀ ပြည့်နှစ် ကဆုန်လဆန်း ၅ ရက်၊အင်္ဂါနေ့ ညဉ့်တချက်တီးကျော် ၂ မောင်း၌ မုံရွာ အလုံ အောက်တိုက်အဝင်အပါ ခင်မွန်ရွာကြီးတွင် ဖွားမြင်သည်။

၁၃ နှစ်သားအရွယ်မှာ မိမိရှာ၊ မိမိနေသော သေံကျောင်း ဆရာတော် ဦးပုညထံမှာ သာမဏေပြုသည်၊ ဘွဲ့မည်မှာ ရှင်ဇာဂရ ဖြစ်သည်၊ ရှေကျင် ဆရာတော်ကြီးနှင့် ဘွဲ့တူနေသည်။

နောက် ခင်မွန်တောင်စောင်းရှာ ဝါဆိုကျောင်းတိုက် ဆရာတော် ဦးရောက်ထံ ရွှေနေရာ ရဟန်းဖြစ်သက်ပြည့်သောအခါ ထိုကျောင်းတိုက်၌ မင်္ဂလာစံကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်သည်၊ ဆရာတော်သည် ၁၂၇၆ ခု၊ နှောင်းတန်ခူးလဆန်း ၅ ရက်၊ နံနက် ၁၀ နာရီတွင် ပျံလွန်တော်မူသည်၊ ခင်မွန်ဆရာတော်သည် ဝိနည်းအရာမှာ တိုင်ပေါ်အလံစိုက် ဖြစ်သည်၊ ခင်မွန်ထွက်၊ခင်မွန်ဆက်ဟုဆိုလျှင်ပင် ဝိနည်းအတွက် အလေးဂရုပြုကြသည်ဟု အဆိုစကား ရှိခဲ့သည်။

ပစ္စိမာရုံဆရာတော်ဖြစ်မည့် အရှင်ကေလာသသည် ရဟန်းဘောင်သို့ ရောက်ပြီးနောက် ခင်မွန်ဆရာတော်ကြီးထံမှာ ကျမ်းဂန်တို့ကို သင်ကြားနေပေသည်၊ ရဟန်း ၆ ဝါရသောအခါ ထိုမှရွှေ၍ မြင်းမူမြို့၊ လေသာကန် ဆရာတော် အရှင်ဉာဏဝံသထံမှာ ဆက်သင်ပြန်သည်၊ (ဂ)ဝါရသောအခါ မန္တလေးမြို့ နေပြည်တော်သို့ ကြွသွားပြီး မြတောင်တိုက် မြတောင် ဆရာတော်ထံမှာ သင်ကြားနေပြီးနောက် (၁၁) ဝါ ရရှိသောအခါ မြတောင်တိုက်မှ ဝိသုဒ္ဓါရုံတိုက် ဒုတိယရှေကျင်ဂိုဏ်း သာသနာပိုင်ဖြစ်သော ဝိသုဒ္ဓါရုံ ဆရာတော်ထံသို့ ရောက်လာကာ ပညာနည်းယူ သင်ကြားပြန်၏။

မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး အရှင်ဝိသုဒ္ဓါစာရ ထေရ်သည်ကား ၁၂၀၀ ပြည့်နှစ်၌ ဖွားမြင်သည်၊ ရှေကျင်ဆရာတော်ကြီး၏ တပည့်ဖြစ်သည်၊ ၁၂၅၆ ခု၊ တပိုတ္တလတွင် ရှေကျင်ဂိုဏ်းကြီး၏ ဂဏဦးစီး သာသနာပိုင်ဖြစ်တော်မူသည်၊ ၁၂၇ဂ ခု၊ ဝါဆိုလဆန်း ဂ ရက်၊ သောကြာနေ့တွင် မန္တလေး ဝိသုဒ္ဓါရုံတိုက်၌ ပျံလွန်တော်မူလေသည်။

ကျိုက်လတ်ရှေကျင်သာသနာ

ကျိုက်လတ်မြို့၌ ရှေကျင်သာသနာသည် ၁၂၅၁ ခု၊ ဆရာတော်ဦးသောမ ထေရ်မှစ၍ ရှင်သန်နေခဲ့ပြီ၊ ရန်ကုန်ကျောင်းတော်ရာ ဆရာတော် အရှင် သာသနလည်း ကျိုက်လတ်သို့ ကြွခဲ့ဖူး၏၊ ကျောင်းတော်ရာ ဆရာတော် ကြွလာသောအခါ ပုဗ္ဗာရုံဟူ၍လည်းကောင်း၊ပစ္ဆိမာရုံဟူ၍လည်းကောင်း၊ ရှေကျင်တိုက် နှစ်တိုက်ရှိလေရာ မည်သည့်တိုက်မှာမှ မတည်းပဲ အလယ် ကောင် တိလောကမာရဇိန်ဘုရားကြီး အရာမ်တွင်း၌ တည်းသတဲ့၊ ထိုအခါ ဆရာတော် ဦးသောမထေရ်က "မောင်သာသန တော်ပါပေကွာ" ဟူ၍ မိန့်ဆိုလေသတဲ့။

၁၂၅၇ ခုနှစ်မှာ ကျိုက်လတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက် ဒါယကာ စက် သဒ္ဒေး ဦးတူတို့က မဟာဝိသုဒ္ဓါရုံ ဆရာတော်ထံမှာ သာသနာပြုပုဂ္ဂိုလ် တောင်းပန်လျှောက်ထား၍ အရှင် ကောဏ္ဍညထေရ်ကို ထည့်လိုက်သည်၊ အရှင်ကောဏ္ဍညသည် ပုဗ္ဗာရုံကျောင်းတိုက်ကို အုပ်ချုပ်လျက် သာသနာ ပြုတော်မူသည်။

၁၂၅၈ ခုမှာ ပစ္ဆိမာရုံ ကျောင်းဒါယကာ တိုက်သူကြီး ဦးရန်ရှင်း ကြီးမှူးသော ဒါယကာတို့သည် ဝိသုဒ္ဓါရုံ ဆရာတော်ထံမှာပင် သာသနာပြု ပုဂ္ဂိုလ် တောင်းပန်လျှောက်ထားသဖြင့် အရှင်ကေလာသကို ထည့်ပေး တော်မူသည်၊ အရှင်ကေလာသ ပစ္ဆိမာရုံသို့ရောက်ရန် မလွယ်ဖြစ်နေသည်။

အရှင်ကေလာသသည် မိမိနေရပ် ကျော့မင်းရွာ၌ သီတင်းသုံးနေခိုက် ဖြစ်၏၊ယင်း ကျော့မင်းရွာ ဒါယကာတို့က ပင့်ထားကြ၏၊အရှင်ကေလာသ ကို လက်မလွှတ်လိုကြပေ၊ ဝိသုဒ္ဓါရုံ ဆရာတော်ကြီး ကိုယ်တိုင် ဖျောင်းဖျ ပြောဆိုသော်လည်း မရသဖြင့် ဓမ္မကထိက ဦးစာရိတ္တကို စေလွှတ်ဟောပြော စေပြန်သည်၊ သို့သော်လည်း ဒါယကာတို့က တင်းခံနေကြကုန်သည်တဲ့။

သာသနာ ထွန်းကားမည့်နေရာ ဖြစ်သောကြောင့် မောင်ကေလာသကို မလွှတ်မဖြစ်ဆိုကာ ဝိသုဒ္ဓါရုံဆရာတော်ကြီးက ကျိုက်လတ် ပစ္ဆိမာရုံသို့ ပို့လွှတ်လိုက်၏၊ အရှင်ကေလာသသည်နောက်ပါ စာသင် စာချတို့နှင့်တကွ ကျိုက်လတ် ပစ္ဆိမာရုံသို့ ကြွရလေတော့သည်။

အရှင်ကေလာသသည် ရဟန်း ၁၂ ဝါရ ၁၂၅၈ ခုဋ္ဌ ပစ္ဆိမာရုံသို့ ရောက်သည်၊ ယင်းနှစ် ဝါဆိုလပြည့်နေ့ ကျောင်းတိုက် လှဲအပ်လူဒါန်းခြင်းကို လက်ခံလေသည်။

ဤသို့ ကျောင်းတိုက်ကို လက်ခံထိန်းသိမ်း၍ သင့်လျော်သော ပုဂ္ဂိုလ်တို့ကို တိုက်အုပ် တိုက်ကြပ် စသည်ဖြင့် တာဝန်ပေး အုပ်ချုပ်လာခဲ့သဖြင့် ပစ္ဆိမာရုံ သာသနာအင်အား တိုးတက်လာလေတော့သည်၊ (တိုးတက်လာသော အဆောက်အဦတို့နှင့် ဝတ္ထုကံ လယ်မြေတို့ကို ဖော်ပြခဲ့ပြီ။)

ဆရာတော်ဘုရားကြီး လက်အောက်၌ ဦးဝိလာသ တိုက်အုပ်အဖြစ်ဖြင့် အုပ်ချုပ်၏၊ ဦးဝိလာသ ကျုံသိရွာမှာ ကြွရောက်ကျောင်းထိုင်သောအခါ ဦးဇဝန တိုက်အုပ်လုပ် ဆောင်ရွက်နေ၏၊ ဦးတိနယနကား တိုက်ကြပ်ဖြစ်သည်။

ဦးဇဝနသည် နောက် ဗန်းမော်သို့ ကြွသွားကာ ဗန်းမော်၌ နေလေတော့သည်၊ ထိုနောက် ဦးတိနယန တိုက်အုပ် ဖြစ်လေသည်၊ ထိုအခါ ဦးဥက္ကံသသည် တိုက်ကြပ်ဖြစ်၏၊ နောက် ဦးတိနယန တခြားသို့ ပြောင်းသွား၏၊ ဦးဥက္ကံသပင် တိုက်အုပ် တိုက်ကြပ်တာဝန် ခပ်သိမ်းကို ဆောင်ရွက်ခဲ့လေသည်။

ပစ္ဆိမာရုံဆရာတော်ကြီးသည် တိုက်တွင်းသံဃာ ညီညွတ်စည်းရုံးရေးကို အထူးဦးစားပေး ဆုံးမလေ့ရှိ၏၊ ညီညွတ်စည်းရုံးရေးအတွက် အရေးကြီးသော အချက်တို့ကို သာမဏေမကျန် ရရှိအောင် နှုတ်တက်ပို့ချပေးထား၏။

ဝန္ဒနေ ပိဏ္ဍပါတေစ၊ နဝကမ္မေစ ဘောဇနေ။
သဗ္ဗာယေ ပဠု သ္ဌေ တေသု၊ သမေ ပစ္ဆိမာရာမိကော။ ။

ဟူ၍ ဖြစ်သည်။

ဝန္ဒနေ၊ ဘုရားရှိခိုးရာ၌လည်းကောင်း။ ပိဏ္ဍပါတေစ၊ ဆွမ်းခံရာ၌လည်းကောင်း။ နဝကမ္မေစ၊ အမှုကြီးငယ်ကို လုပ်ကိုင်ရာ၌လည်းကောင်း။ ဘောဇနေ၊ ဆွမ်းစားရာ၌ လည်းကောင်း။ သဗ္ဗာယေ၊ စာပေသင်အံ သရဇ္ဈာယ်ရာ၌လည်းကောင်း။ ဧတေသု ပဠုသု၊ ဤငါးဌာနတို့၌။ ပစ္ဆိမာရာမိကော၊ ပစ္ဆိမာရုံ ကျောင်းတိုက်တွင်းရှိ ရဟန်း သာမဏေ အပေါင်းသည်။ သမေ၊ တစုတလုံး ပေါင်းရုံးညီညွတ်ရာ၏။

ဤသို့လျှင် မှုချထား၍ ယင်းငါးဌာနလုံး၌ တစုတလုံးတည်းဖြစ်အောင် ပြုလုပ်ဆောင်ရွက် စည်းရုံးတော်မူသည်၊ သို့လျှင် မှုချထားကာ ညီညွတ်စည်းလုံးရေးကို အားပေးလာခဲ့သော အစဉ်ကြောင့် ယခုနှုအထိ (၁၃၄၃ ခု အထိ)အငယ်ဆုံး သာမဏေမှစ၍ သက်တော် ၇၂ နှစ်၊ တိုက်အုပ်ဆရာတော်အထိ တိုက်တွင်းရှိ သံဃာများ ဆွမ်းခံဝတ်မပျက် မှန်မှန်ထွက်ကြလေကုန်၏၊ သက်တော် ၉၂ နှစ်ရှိ ဇရာဒုဗ္ဗလ ဆရာတော်တပါးသာ အများ၏ ဆန္ဒအရ ဆွမ်းခံမကြွပဲ နေလေသည်၊ သို့သော် ဆွမ်းဘုန်းပေးသောအခါမှာ ကား ယင်းဆရာတော်ကြီးကိုယ်တိုင်ပင် ဆွမ်းစားကျောင်းသို့ကြွ၍ အများ သံဃာနှင့် အတူ ဘုန်းပေးတော်မူသည်။

ပစ္ဆိမာရုံဆရာတော်ကြီး သီဟိုဠ်နှင့် မဇ္ဈိမဒေသသို့ ကြွခြင်း

ဆရာတော်ဘုရားကြီးသည် နောက်ပါသံဃာ လူဒါယကာ၊ ဒါယိကာမတို့ကို ခေါ်ဆောင်လျက် သီဟိုဠ်သို့ ဘုရားဖူးကြွတော်မူသည်၊ ၁၂၇၅ ခု နတ်တော်လဆုတ် ၁၂ ရက်နေ့ ကျိုက်လတ်မြို့မှ စထွက်သည်၊ သီဟိုဠ်ကျွန်းရှိ ဖူးမြော်ပူဇော်ထိုက်သော စွယ်တော်ဓာတ်နှင့် ဘုရား ပုထိုး သမိုင်းဝင်

ရှေးဟောင်းကျောင်းတော်ကြီးများကို ကြွရောက် ရိုသေမြတ်နိုး ရှိခိုးပူဇော်သည်ပြင် လိုအပ်ရာတို့၌ စွမ်းအားသမျှ ဒါနပြုတော်မူခဲ့လေသည်။

ဤမျှသာမက ထူးခြားသော သာသနာပြုလုပ်ငန်းတခုကိုလည်း ပြုလုပ်တော်မူခဲ့သေး၏၊ "သာသနဘောင်သို့ ဝင်လိုသောပုဂ္ဂိုလ်တို့ကို မိမိကိုယ်တိုင် ဥပဇ္ဈာယ်ပြု၊ ဥတ္တိကမ္မဝါမှုကို ပြီးစေကာ ဥပသမ္ပဒကံဆောင် သာသနဘောင်သို့ သွတ်သွင်း၍ သာသနမျိုးစေ့ကို ချပျိုးစိုက်တော်မူခဲ့၏"။

သီဟိုဠ်ကျွန်း၌ ဖွားမြော်ပူဇော်ဖွယ်ကိစ္စ အဝဝတို့အပြင် သာသနာစောင့်၊ သာသနအမှေခံ အဖြစ်ဖြင့် သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်လိုသော ပုဂ္ဂိုလ်တို့ကိုလည်း ကိုယ်တိုင် ဥပဇ္ဈာယ်ပြု၍ သာသနဘောင်သို့ ချီးမြှောက်တော်မူပြီးလျှင် မြတ်စွာဘုရား ပွင့်တော်မူရာ မဇ္ဈိမဒေသ ဗုဒ္ဓဂါယာသို့ ကြွတော်မူပြန်လေသည်။

ဤသို့ ကြွရောက်၍ မြတ်စွာဘုရား ပွင့်တော်မူရာ ဗောဓိပင်နှင့် အထိမ်းအမှတ် စေတီတော်တို့ကို ပူဇော်ပြီးနောက် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံရာဒေသ ကုသိနာရုံသို့ ကြွတော်မူ၏၊ ထိုပြင်လည်း မြတ်စွာဘုရား တရားဦးဟောရာ မိဂဒါယုံစသော ဌာနတို့သို့လည်း ကြွရောက်ပူဇော် ဖွားမြော်လေသည်၊ ရောက်လေရာတိုင်း၌ ရှေသက်နိုး ကပ်လှူခြင်းနှင့်တကွ လှသင့်လှထိုက်သော လှဖွယ်တို့ကို တတ်စွမ်းသမျှ မလပ်ရအောင် လှူဒါန်းခြင်းနှင့်တကွ ကောင်းမှု အဝဝကို ပြုတော်မူခဲ့လေသည်။

ဤသို့လျှင် သီဟိုဠ်နှင့် မဇ္ဈိမတို့သို့ ကြွရောက်၍ ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော် မွေတော် အုဏ်မိမ်းအမှတ် စေတီတော် ရုပ်ပွားတော်တို့ကို ဖွားမြော်သည့် အကောအတွင်းမှာပင် သဒ္ဓါအလျောက် ဝန္ဒနာဂါထာတို့ကို ဖွဲ့စီရေးသားတော်မူခဲ့လေ၏၊ ဂါထာပေါင်း ဂဝ-နှင့် နိဿယအနက်တို့ကိုပါ စုစည်းလိုက်လျှင် စာအုပ်ငယ်တခု ဖြစ်လာလေသည်၊ ယင်းကျမ်းစာအုပ်ကို "သီဟဠပဇ္ဈိမစေတိယဝန္ဒနာ"ဟု အမည်ပေးထား၏။

ယင်းကျမ်းဌ ဝန္ဒနာပတ္ထနာဂါထာပေါင်း (၇၀) ပါဝင်၏၊ ဤနေရာ၌ ပုံစံအဖြစ် တဂါထာကို ထုတ်၍ကြည့်ပါမည်။

ဒဒေ သိလာ သန္ဓိဘာယ၊ ဒါဌာယ သိလာ ထမ္ဘကံ။
ဣမိနာ ပုညကမ္မေန၊ ဘဝေ သိလာယ သန္ဓိဘော။

အဟံ၊ အကျွန်ုပ်သည်။ သိလာ သန္ဓိဘာယ၊ မပြိုမကွဲ ခိုင်မြဲပကတိ ပင်ကိုယ်ရင်းရှိသော ကျောက်မြတ်ရတနာနှင့် တူတော်မူထသော။ဒါဌာယ၊ တင့်တယ်ထူးကဲ လက်ဝဲအောက်ခြေတော် စွယ်တော်မြတ်အား။ သိလာ ထမ္ဘကံ၊ သင့်မြတ်ခံ့ခိုင် ကျောင်းတော်ဆောက်ရန် ငါးရာတန်ကျောက်တိုင်ကို။ဒဒေ ဒဒါမိ၊ သဒ္ဓါရှင်လန်း ပီတိလွှမ်း၍ လှူဒါန်းပါ၏ အရှင်ဘုရား။ ဣမိနာ ပုညကမ္မေန၊ သဒ္ဓါရှင်လန်း ပီတိလွှမ်း၍ ကျောက်တိုင်ကို လှူဒါန်းရသော ဤကောင်းမှု ကုသိုလ်ကံကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ ဘဝေ ဘဝေ၊ ဖြစ်လေရာရာ နိဗ္ဗာန်တိုင်သို့ မရောက်သေးသမျှ ကာလမဆိုင်း ဘဝတိုင်း ဘဝတိုင်း၌။ သိလာယ၊ မပြိုမကွဲ ခိုင်မြဲပကတိ ပင်ကိုယ်ရင်းရှိသော ကျောက်မြတ်ရတနာနှင့်။ သန္ဓိဘော၊ တူမျှသော သီလ သမာဓိ ပညာ ပစ္စည်းဥစ္စာ ကိုယ်ခန္ဓာနှင့် ပြည့်စုံသည်။ ဘဝေ ဘဝါမိ၊ မုချကေန် အမှန်စင်စစ် ဖြစ်ကြီးဖြစ်ရပါလို၏ အရှင်ဘုရား။

ဤသို့စသည်ဖြင့် သီဟိုဠ်နှင့် မဇ္ဈိမသို့ ကြွတော်မူစဉ် လှူဒါန်း ပူဇော်ခဲ့ရသော ကောင်းမှုနှင့် ဆုတောင်း ပူဇော်ရိုကျိုး ရှိခိုးခြင်းတို့ကို ဖွဲ့ဆိုရေးသားတော်မူခဲ့ခြင်း ဖြစ်သည်။

ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီးသည် တပည့်တို့အား ဝတ်ပြုသောအခါ မှတ်စရာ သားစရာ ဗဟုသုတ အဖြာဖြာကို မိန့်ဆို၏၊ အချည်းနှီး ထားလေ့ မရှိပေ၊ ယုတ်စွအဆုံး မှတ်သားစရာ ဂါထာတပုဒ် စာတပိုဒ်ကိုသော်လည်း အာဂုံရအောင် ချပေး တတ်ပေ၏။

ဆရာတော်ကြီး အမိန့်ရှိဖူးသည်ဟု အရှင်နာရဒါဘိဝံသ ပြန်လည် အမိန့်ရှိ၍ ကျွန်ုပ်မှတ်သားရသော စကားတခုကို ထုတ်ဆိုလိုက်ပါအုံ။

ကျေးတောဝိနည်း

တခါက ပစ္ဆိမာရုံ ဆရာတော်သည် မိမိ၏ဆရာရင်း ဖြစ်ခဲ့သော ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်ကြီးထံ အဖူးမြော် ရောက်သွားလေရာ၊ ဆရာတော်ကြီးက "မောင်ကေလာသ တို့ဆီမှာ ကတိတခု ခံသွားစမ်း ထန်းရည်ချိုကို ယာမကာလိက အဖျော်အဖြစ် သုံးဆောင်ကြသည်၊မကြိုမချက်ပဲ မသောက်ပါဘူးလို့" ကတိခံစေသည်၊ ပစ္ဆိမာရုံဆရာတော် အရှင်ကေလာသက ထိုအတိုင်း ကတိခံခဲ့ရသည်။

မန္တလေး ရောက်သောအခါ ဝိသုဒ္ဓါရုံ ဆရာတော်ကြီးက မောင်ကေလာသ ခင်မွန် ဆရာတော်က ဘာများ မိန့်ဆိုလိုက်သေးသတုံးဟု မေးသတဲ့။

"ဘုရားတပည့်တော်အား ထန်းရည်ချိုကို မကြိုမချက်ပဲ မသောက်ပါဘူးလို့ ကတိခံခိုင်းလို့ ခံခဲ့ရပါသည်"ဟု လျှောက်ရာ ဝိသုဒ္ဓါရုံဆရာတော်ကြီးက "အာလို့ ကတိခံခဲ့သလဲ ဟုတ်မှ မဟုတ်ပဲ၊ ခင်မွန်ဆရာတော်ဟာ ဝိနည်းကို တကယ်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ပါ။ ဒါပေမယ့် သူကျွမ်းကျင်တဲ့ ဝိနည်းဟာ ကျေးတောဝိနည်းပါကွာ"ဟု ရယ်မောကာ မိန့်ဆိုသည်တဲ့။

အဘယ်လို ရည်ရွယ်၍ ကျေးတောဝိနည်း၊ နေပြည်တော်ဝိနည်း ဟု ဆိုသည်ကို ကျွန်ုပ်တို့ နားမလည်ပါ။ အထင်ကို ဆိုပါမည်၊ ဝိနည်းဟု လိုက်နာပြုကျင့်နေကြသော အချို့အလုပ်သည် ဝိနည်းကျမ်းဂန်မှာ မလာမရှိပါပဲလျက် အစဉ်အလာ လုပ်ထုံးတခု ဖြစ်နေတတ်လေသည်။

ဥပမာ ပါရိသုဒ္ဓိဥပုသ်ပြုလျှင် ဥ တ္တိအရာမဟုတ်သောကြောင့် သိမ်မလို့ မည်သည့်နေရာမှာမဆို ပြုနိုင်သည် ဟု ဝိသုဒ္ဓါရုံဆရာတော်ကြီး မိန့်ဆို

ကြောင်း ကြားဖူး၏၊ သို့ပါလျက် ဥပုသ်ပြုလျှင် သိမ်မှာသာ ပြုကောင်း သည်ဟူသော အစဉ်အလာ အစဲ့အလမ်းကြောင့် သိမ်ကို မရအရ ရှာ၊ မရောက် အရောက် သွားတတ်ကြ၏။

ယင်း အစဲ့အလမ်းကဲ့သို့ပင် ခင်မှန်ဆရာတော်သည် အစဉ်အလာ အစဲ့ အလမ်း ရှိနေသောကြောင့် ထန်းရည်ချိုကို ကြိုချက်သောက်ရမည်ဟု မိန့်ဆို သည်ဟူသော ရည်ရွယ်ချက်ဖြင့် "ခင်မှန်ဆရာတော်တတ်တဲ့ ဝိနည်းဟာ ကျေးတောတတ် ဝိနည်းပါ" ဟု ဝိသုဒ္ဓါရုံဆရာတော်က ရယ်စရာအဖြစ် မိန့်ဆိုခြင်း ဖြစ်သလောဟု ထင်ပါသည်၊ ဤစာရေးသူ၏အထင်သာ ဖြစ်ပါ သည်၊ အမှန်ဟု ဆိုသည်မဟုတ်။

ပစ္ဆိမာရုံဆရာတော်၏ ထူးခြားသော ပြုချက်တခု

တခါက အရှင်ကေလာသသည် မိမိ ယယ်ဆရာရှိရာ ဆင်စွယ်ပေါင်း တောရသို့သွားရာ ထိုဌာ သီတင်းသုံးနေသော ဆရာတော်ကြီး အရှင်အာဒိစ္စ နှင့် ဘွဲ့မ်းအတူ စားရမည့်အခွင့် ကြုံလာ၏၊ ဆွမ်းပွဲကို သစ်ပင်အောက် ကွပ်ပျစ် ဝုတင်ကြီးပေါ်မှာ ပြင်ထား၏၊ ဝိနည်းတော်ဌာ ခုတင်တခုတည်းဌာ နှစ်ဝါထက် ကြီးသော၊ သို့မဟုတ် ယယ်သောပုဂ္ဂိုလ်နှင့်အတူ မထိုင်အပ် ဟူသော စည်းကမ်းရှိသောကြောင့် ထိုဆရာတော်ကြီးနှင့် ဆွမ်းအတူ ထိုင် မစားပဲ စားဖွယ်တို့ကို မိမိစားမည့်သပိတ်ဌာ ထည့်ကာ ခုတင် ကွပ်ပျစ် အောက်သို့ ဆင်းၗ၍ မတ်တတ်ရပ် စားလေသတဲ့၊ မတ်တတ်ရပ်ၗ၍ မစားအပ် ဟူသော ပညတ်ချက်ကား မရှိ၊ မိမိထက် ၃-ဝါကြီးသောပုဂ္ဂိုလ်နှင့် ခုတင် တခုတည်းဌာ အတူမထိုင်အပ် ဟူ၍သာ ရှိသောကြောင့် ဆရာတော်ကြီးနှင့် အတူ ခုတင်ပေါ်မှာမထိုင်ပဲ မတ်တတ်ရပ်ၗ၍ စားခြင်းဖြစ်သည်။

ဇနဝက် ပန္ဓလေး ဝိသုဒ္ဓါရုံဆရာတော်ကြီးထံ ရောက်ၗ၍ ထိုအကြောင်း ကိုပြောပြသောအခါ ဆရာတော်ကြီးက "အဲဒါကို ခုတင်လို့မခေါ်ဘူး၊

ဇရပ်ကတုံးလို့ ခေါ်တယ်၊ ထိုင်ကောင်း စားကောင်းပါတယ်''ဟု မိန့်တော်မူသောအခါမှ ပြတ်သားစွာ နားလည်လေတော့သည်ဟု မိန့်ဖူးသတဲ့။ ဝိနည်းစည်းကမ်းကား-

တိဝဿန္ဓရာနုညာတံ၊ ဘိက္ခူနမေကမာသနံ။
သတ္တဝဿ တိဝဿောဟိ၊ ပဉ္စဝဿော နိသီဒိတုံ။
(ခုဒ္ဒသိက္ခာ)

"သုံးဝါအတွင်း ကြီးသောပုဂ္ဂိုလ် သို့မဟုတ် ငယ်သောပုဂ္ဂိုလ်နှင့်သာ နေရာတခုတည်းဌာ အတူ ထိုင်အပ်သည်၊ သုံးဝါကြီး၊ သုံးဝါငယ်မှစ၍ ထိုထက်ကွာခြားအောင် ကြီးသော သို့မဟုတ် ငယ်သောပုဂ္ဂိုလ်တို့နှင့် အတူ မထိုင်အပ်၊ ဥပမာ ငါးဝါရသော ရဟန်းသည် ခုနစ်ဝါရ၊ သုံးဝါရ ရဟန်းတို့နှင့် အတူထိုင်ခြင်းငှာ အပ်သည်၊ ငါးဝါရသော ရဟန်းသည် ရှစ်ဝါနှင့် ထိုထက်ကြီးသော ရဟန်း,နှစ်ဝါနှင့်ထိုအောက်ငယ်သောရဟန်းတို့နှင့်အတူမထိုင်အပ်''

နှစ်ဝါကြီး နှစ်ဝါငယ်အထိ ပုဂ္ဂိုလ်ကို နေရာတူ ထိုင်ကောင်းသော ပုဂ္ဂိုလ် (သမာနာသနိက)ဟု ဆိုသည်။

နေရာရှည်ဖြစ်လျှင် ပဏ္ဍုက်၊ မိန်းမ၊ ဥဘတောဗျည်းတို့ကို ချန်၍ ကျန်သော လူ သာမဏေအပါအဝင် ပုဂ္ဂိုလ်ခပ်သိမ်းတို့နှင့်အတူ ထိုင်နိုင်သည်။

ရှည်သော နေရာ(ဒီဃာသန)ဟူသည် အနည်းဆုံး သုံးယောက် ထိုင်လောက်သော နေရာဖြစ်သည်၊ ရှည်သောနေရာမဟုတ်သော ညောင်စောင်းအင်းပျဉ်တို့၌ကား နေရာတူ ထိုင်ကောင်းသော (သမာနာသနိက) ရဟန်း ၂ နှစ်ပါး အတူထိုင်နိုင်သည်။

ဤသို့ ဝိနည်းစည်းကမ်းရှိသည်ဖြစ်ပါလျက် သစ်ပင်အောက်၌ ခင်းထားအပ်သော ကုပ်ပျစ်ကြီး၌ မိမိထက် သုံးဝါမကကြီးသော ထေရ်ကြီးနှင့်အတူ ထိုင်၍ ကျမ်းပေါ်ရုပ်ကို သံဃာပ ဖြစ်၏၊ ကိုကြောင့် ဝိသုဒ္ဓါရုံဆရာတော်

ကြီးက အဲဒါမျိုးကို ညောင်စောင်းမခေါ်၊ ဇရပ် ကတုံးခေါ်တယ်၊သံ်သယ ဖြစ်ဖို့ မလို အပ်တယ်ဟု မိန့်ဆိုခြင်း ဖြစ်လေသည်။

ပစ္ဆိမာရုံဆရာတော်ကား ခင်မ္ဒနိ်ဆရာတော်၏ တပည့်အရင်း ဖြစ်သည်၊ ခင်မ္ဒနိ်ဆရာတော်၏ ဝိနည်းအယူအဆသည် ရုံဖန်ရုံခါ တဖက်စွန်း ရောက် တတ်သည်ဟူသော အနေဖြင့် "ခင်မ္ဒနိ်ဆရာတော်တတ်တဲ့ ဝိနည်းဟာ ကျေးတောတတ် ဝိနည်းပါ"ဟု ဝိသုဒ္ဓါရုံဆရာတော် မိန့်ဆိုခြင်း ဖြစ်လေ သလားဟုလည်း တွေးထင်စရာ ဖြစ်သည်။

ကုဋ္ဌိအိမ်ပါ ထမ်းမလာပဲကိုး

ပစ္ဆိမာရုံဆရာတော်သည် ငယ်စဉ် ကလေးဘဝက မိမိရွာ ဘုန်းတော်ကြီး ကျောင်းဌ် နေခဲ့သည်၊ ယင်းကျောင်းဌ် သုဓမ္မာဂိုဏ်းဝင် ဆရာတော်ကြီး ဦးဗုဒ္ဓိ ကျောင်းထိုင်သည်၊ အရှင်ကေလာသသည် ရဟန်းဖြစ်ပြီး ခင်မ္ဒနိ် ဆရာတော်ထံမှာ နေစဉ် မိမိရပ်ရွာ ငယ်ဆရာ ဦးဗုဒ္ဓိထံ အလည်အပတ် အဖူး အမြော် ရောက်လာရာ မိမိမှာ ခင်မ္ဒနိ်ဂိုဏ်းဝင် ဖြစ်နေသောကြောင့် ဂိုဏ်း၏ စည်းကမ်းအရ အခြားဂိုဏ်းတပါးနှင့် ပစ္စည်းအတူ သုံးဆောင်ခြင်းကို ရှောင်သည်၊ထို့ကြောင့် ထိုဆရာဟော် ဦးဗုဒ္ဓိကျောင်းဌ် ရေကိုပင်မသောက် ဟု ဆိုသည်။

ဆရာတော် ဦးဗုဒ္ဓိက ခင်မ္ဒနိ်ဂိုဏ်းကို ခနဲ့လျှောင်သည့် အနေဖြင့် "မောင်ကေလာသ ကုဋ္ဌိအိမ်ပါ ထမ်းမလာခဲ့ပဲကိုး"ဟု ရယ်စရာ မိန့်ဆို သည်တဲ့၊ ပစ္စယသံဘောဂ မဆက်ဆံရအောင် ကိုယ့်ကုဋ္ဌိနှင့်ကိုယ် လာပါ လားဟု ဆိုလိုခြင်း ဖြစ်၏။

နမသင်း ကလတ်စီးသလေး ဘာလေးနဲ့

ပစ္ဆိမာရုံ ဆရာတော်ကြီး၏ ဗွားရာ ဇာတိဖြစ်သော သမန်းအေး (သမန်းတောကျွန် ခေါ်ကြ၏)ရွာ ပဗိုးရိမ်ကျောင်းဌ် ကျောင်းထိုင်သော

ဦးပညာသီရိသည် လူထွက်ပြီး သမန်းအေးရှာသူတဦးနှင့် အိမ်ထောင်ကျသည်၊(ယင်းမစိုးရိမ်ကျောင်းသည် ပစ္ဆိမာရုံကျောင်းခွဲစာရင်းဌ ပါသည်)။

ဦးပညာသီရိသည် လူထွက်သောအခါ အကွက်တခု ဆင်သည်၊ဆင်ပုံနှင့် ပစ္ဆိမာရုံ ဆရာတော်ထံမှာ လျှောက်ပုံ-

"ဆရာတော်ဘုရား တပည့်တော် စစ်ကိုင်းသို့အသွား မီးရထား စကင်းကလတ်စီးပါသည်၊ စကင်းကလတ် ကုဋ္ဌိသွားရာမှာ ပန်းစုတ်နှင့်တွေ့လို့ ပန်းစုတ်က အတင်းဖမ်း စုတ်မည်လို့ ငုံထားစဉ် ငါ့ကို လှလို့မှတ်၊ ငါ့ကို လှလို့မှတ်လို့ ပြောပါသည်၊ ပန်းစုတ်က ငုံလျက် အင်းအင်းလို့ဆိုပါသည်၊ ဆရာတော်ဘုရား ဆုံးဖြတ်အမိန့်ရှိတော်မူပါ"ဟု ကျိုက်လတ် ပစ္ဆိမာရုံ ဆရာတော်ထံမှာ လာရောက်လျှောက်ထား အစစ်ခံသတဲ့၊ ပစ္ဆိမာရုံ ဆရာတော်မှာ အတွင်းကရယ်၍ အပြင်က ပြုံးပြရုံမှတပါး အခြား အသို့ မိန့်ဆိုနိုင်ချေအုံနည်း၊ ထိုသတင်းကို သမန်းတောကလူများ ကြားသိကြသော အခါ ရှာမှလူကြီးအချို့က-

"ဘုတလင်သားပ်ပ် လူထွက်ချင် ထွက်ချင်လို့ ပြောတာမဟုတ်၊ နမသင်းကလတ် စီးသလေး ဘာလေးနဲ့"ဟု ပြောကြသတတ်။

ဦးပညာသီရိ ဆင်ပုံကား ပန်းစုတ်ကြောင့် သိကွာချလိုက်ရသည်ဟု သိစေရန် ဖြစ်သည်။

(အရပ်ဝေါဟာရ) စကင်းသည် ဒုတိယကိုခေါ်သော အင်္ဂလိပ် စကားပျက် ဖြစ်သော်လည်း ရှေးက အချို့သော တောရပ်ဒေသမှ လူများ၏ အသိဉာဏ်အကောင်းစား အထက်တန်းစားဟူ၍ ဖြစ်နေတတ်သည်၊အကောင်းစား ဟူသော အဓိပ္ပာယ်မျိုးဖြင့် "စကင်း"ကို မျှားစွာ သုံးတတ်ကြသည်၊ အချို့သော ဇာတ်မင်းသားများပင် မိမိကိုယ်ကို "စကင်း"ဟု အမည်တပ်ကြသေးသည်။

ဆိုခဲ့သော ဦးပညာသီရိပြောသော စကင်းသည်လည်း အထက်တန်းဟု ပြောသော စကားဖြစ်ပုံ ရ၏။

နမသင်း ဟူသော စကားကား အညာ ကျေးတောက လူကြီးများ ယဉ်ယဉ်ကျေးကျေး ဆဲဆိုရှုတ်ချသောစကား ဖြစ်သည်၊ 'နမလင်'ဟူသော စကားမျိုးနှင့် တူသည်၊ 'နမလင်'ကား နွားမလင်ကို ခေါ်သော နှုတ်သံ ဖြစ်၏၊ နမသင်းဌ "သင်း"သည် နွားသင်းသည်၊ သင်းသတ်သည် ဟူရာ တို့ဌ ရှိသော သင်းကဲ့သို့ သတ်ခြင်း၊သေအောင်ပြုခြင်းကို ခေါ်သော သင်း ဟုတ်ပုံ မရ၊ ပေါင်းသင်း သင်းပင်းတို့ဌ ရှိသော သင်း ဖြစ်ပုံရ၏။

ပရိဏာတအာပတ် (၂၀)

ပစ္ဆိမာရုံ ဆရာတော်ကြီးသည် ဝိနည်းနှင့်ပတ်သက်၍ ရှုပ်ထွေး ခဲကတ် ဖွယ်ရှိသော အချက်အလက်တို့ကို ဖော်ပြလျက် "ပါတိမောက္ခ ဝိဘာဝနီ၊ ဝိနယဝိဘာဝနီ" ဟူသော ကျမ်းငယ်တို့ကိုလည်း စီရင်တော်မူခဲ့သေး၏။ ဤနေရာ၌ ကြုံကြိုက်၍ လုံးလုံးထွေးတွေးရှိတတ်သော အရာတခုကို ပါတိ မောက္ခ ဝိဘာဝနီနှင့်အညီ ဖော်ပြလိုပါသည်။

ပရိဏာတ သိက္ခာပုဒ် မူရင်း ပညတ်ချက်ကား သံဃာအား ညှတ်ပြီး ရည်ရွယ်ပြီးသော ပစ္စည်းကို မိမိသို့ ညှတ်စေလျှင် ညှတ်လာအောင် အားထုတ်လျှင် အားထုတ်ဆဲ၌ ဒုက္ကဋ်အာပတ်၊ ရလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏ဟူ၍ ဖြစ်၏။

ဤသိက္ခာပုဒ်၌ ဆင့်ပွားလာသော အဆက်တို့ ရှိကြပါသေး၏၊ညှတ်ရင်း (၁) သံဃာ၊ (၂) ဂိုဏ်း၊ (၃) ပုဂ္ဂိုလ်၊ (၄) စေတီ ဟူ၍ ၄ ပါး၊ ထို လေးပါးတို့အား ညှတ်ပြီး ရည်ရွယ်ပြီးဖြစ်သော ပစ္စည်းကို (၁)သံဃာ သို့၊ (၂) ဂိုဏ်းသို့၊ (၃) ပုဂ္ဂိုလ်သို့၊ (၄) စေတီသို့၊ (၅) မိမိသို့ ညှတ်စေ လျှင် သင့်သော အာပတ် ၄×၅=၂၀ ဖြစ်သည်။

ထို (၂၀)တို့တွင် သံဃာအား ညွှတ်ပြီးသော ပစ္စည်းကို မိမိသို့ ညွှတ်စေလျှင် နိဿဂ္ဂိပါစိတ် အာပတ်၊ သံဃာအား ညွှတ်ပြီးသော ပစ္စည်းကို မိမိမှ တပါးသော ပုဂ္ဂိုလ်သို့ ညွှတ်စေလျှင် သုဒ္ဓပါစိတ်အာပတ်။

ကျန်သော အာပတ်တို့ကား ဒုက္ကဋ်ချည်း ဖြစ်ကြသည်၊ အတိုချုပ် သိရန်မှာ-

(၄×၅=အာပတ် ၂၀)-နိဿဂ္ဂိ ပါစိတ်၊သုဒ္ဓပါစိတ်=၁၈ ဒုက္ကဋ် ဟူ၍ ဖြစ်သည်၊ ရှင်းလောက်ပါပြီ။

(၁) သံဃာအား ညွှတ်ပြီးသော ပစ္စည်းကို စေတီသို့ ညွှတ်စေလျှင် ဘာအာပတ်လဲ။

(၂) စေတီအား ညွှတ်ပြီးသော ပစ္စည်းကို သံဃာသို့ ညွှတ်စေလျှင် ဘာအာပတ်လဲ။

(၃) ပုဂ္ဂိုလ်အား ညွှတ်ပြီးသော ပစ္စည်းကို သံဃာသို့ ညွှတ်စေလျှင် ဘာအာပတ်လဲ။

(၄) သံဃာအား ညွှတ်ပြီးသော ပစ္စည်းကို ဂိုဏ်းသို့ ညွှတ်စေလျှင် ဘာအာပတ်လဲ။

ဤသို့ စသည်ဖြင့် မူလ(၄)နှင့် မူလီ (၅)တို့ကို အာပတ်ဖြင့် တပ်ဆိုရန် သင်ဘောပိုင်လောက်ပြီ။

ဆိုခဲ့သော ပရိဏာတ အာပတ် (၂၀) အဆိုသည် ရှင်းလင်းပြတ်သားအောင် စီစဉ်တတ်သော ဝိသုဒ္ဓါရုံ ဆရာတော်ကြီးထံမှ ရရှိသော အာစရိယ လဒ္ဓမုဋ္ဌာ ထင်ပါသည်၊ညောင်လေးပင် တောရဆရာတော်ကြီးသည်လည်း ယင်း နည်းကိုပင် ဖော်ပြသည်ကား ဟုတ်၏၊သို့သော် မည်သည့်အကြောင်း ကြောင့်မဆိုနိုင် တိမ်းယိမ်းမှုနှင့် မပြည့်စုံမှု ရှိနေလေသည်။

ဤနေရာ၌ အလျဉ်းသင့်၍ ဝိနယကာမ သောတုဇနတို့အတွက် ဖော်ပြလိုပါသည်၊ ညောင်လေးပင်တောရဆရာတော်ကြီး အရှင်အရိယဝေရ်သည် "ဝိနည်းငါးကျမ်း အရသာ"ဟူသော ကျမ်းကြီးကို စီရင်တော်မူခဲ့၏၊ယင်းကျမ်းကြီးကို သာသနာချစ် စေတနာရှင်တို့က အတဲ့အတဲ့ ခွဲစိတ်၍ ပုံနှိပ်ဖြန့်ချိကြကုန်၏၊ ယင်း ဝိနည်းငါးကျမ်းအရသာ ပထမတဲ့၊ စာမျက်နှာ ၂၅၄ သိက္ခာပုဒ်၌ မိန့်ဆိုထားပုံကို ကြည့်ကြပါကုန်အုံ၊ မိန့်ဆိုထားပုံ–

သံဃာအား၊ စေတီအား၊ ပုဂ္ဂိုလ်အား ညွှတ်ပြီးကိုတပါးသော သံဃာ၊ စေတီ၊ ပုဂ္ဂိုလ်သို့ ညွှတ်စေအုံ့၊ဒုက္ကဋ်၊ဤ၌ ကိုးချက်ခွဲနိုင်ရမည်၊ တချက်ကား နိဿဂ္ဂိပါစိတ်နှင့် သုဒ္ဓပါစိတ်၊ ကြွင်း ရှစ်ချက် ဒုက္ကဋ်ဟု ဖြစ်နေ၏၊ ဤ၌ နိဿဂ္ဂိပါစိတ် ပိုနေသည်၊ ကူးပြောင်းရာ၌ လွဲသည်ဟု ထင်ပါသည်။

ဆက်လက်၍ပင် "ဝိဘင်း၌ သံဃာအားညွှတ်ပြီးသော လာဘ်ကို မိမိသို့ ညွှတ်စေအုံ့၊ ရလျှင် နိဿဂ္ဂိပါစိတ်။

သံဃာအား ညွှတ်ပြီးကို တပါးသော သံဃာအား စေတီအား(၂)၊ စေတီအား ညွှတ်ပြီးကို တပါးသော စေတီ၊ သံဃာ၊ ပုဂ္ဂိုလ်အား (၃)၊ ပုဂ္ဂိုလ်အား ညွှတ်ပြီးကို တပါးသောပုဂ္ဂိုလ်၊ သံဃာ၊ စေတီအား (၃)၊ ညွှတ်စေအုံ့ ဒုက္ကဋ် ရှစ်ချက်၊ သံဃာအား ညွှတ်ပြီးကို မိမိမှတပါးသော ပုဂ္ဂိုလ်သို့ ညွှတ်စေအုံ့၊သုဒ္ဓပါစိတ် တချက်၊ ဤသို့ သံဃာအားညွှတ်ပြီးကို ပုဂ္ဂိုလ်သို့ ညွှတ်ရာ တချက်၌ နိဿဂ္ဂိပါစိတ်၊ သုဒ္ဓပါစိတ်၊ ကြွင်း ရှစ်ချက်၌ ဒုက္ကဋ်ဟု အာပတ်ဖြင့် ဝေဖန်သည်"ဟု မိန့်ဆိုသား၏။

မရှင်းမလင်း ဖြစ်နေ၏၊ သံဃာအားညွှတ်ပြီးကို ပုဂ္ဂိုလ်သို့ ညွှတ်စေရာ၌ နိဿဂ္ဂိပါစိတ်၊ သုဒ္ဓပါစိတ် ကြွင်းရှစ်ချက်ကို ဒုက္ကဋ်ဟု အာပတ်ဖြင့် ဝေဖန်ဟူ၍ ပါရှိနေပါသည်၊ ဆရာတော်၏ မိန့်ဆိုချက်၌ "ဂုဏ်း" ကျန်နေ၍ အာပတ် အရေအတွက် လျော့နေခြင်း ဖြစ်ရလေသည်။

သောတုဇနတို့အတွက် ဒုလ္လယ်ဖြစ်မည်ကြောင့် အလျှဉ်းသင့်ခိုက် ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ပရိဏာတ အာပတ် (၂၀)ရေတွက်ပုံကို ပါတိမောက္ခ ဝိဘာဝနီမှ ထုတ်နုတ် ဆိုခဲ့ပြီးသည်အတိုင်း ရှင်းလင်းလွယ်ကူစွာ ရရှိကြကုန်ရာသည်။

ကိုယ့်ဟာကိုယ်မြိန် ပြီးဘာပါပဲဗျား

၁၂၇၅-ခုနှစ် တတိယ ရှေကျင်သာသနာပိုင် ဒီပဲယင်း ဆရာတော်ကြီးသည် ကျိုက်လတ်သို့ ကြွတော်မူ၏။

(ဒီပဲယင်း ဆရာတော်ကြီးကို စတုတ္ထသာသနာပိုင် ဟူ၍လည်း မှတ်တမ်းပြုချက် ရှိပါသည်၊ နောက်ဌာလည်း တွေ့ရလတ္တံ့၊ ယခု အနည်းငယ် ရှင်းပါအုံ့။

၁၂၇၈-ခုမှာ ဒုတိယသာသနာပိုင် ဝိသုဒ္ဓါရာမဆရာတော်ကြီး ပျံတော်မူလေသည်၊ ထိုနှစ် တပေါင်းလမှာ သံဃာ့အစည်းအဝေး လုပ်၍ ဒီပဲယင်း ဆရာတော်နှင့် ကျိုက္ကစံ ဆရာတော် နှစ်ပါးကို သာသနာပိုင် မြောက်သည်၊ ကျိုက္ကစံဆရာတော်မှာ အောက်နိုင်ငံ အတွက် တာဝန်ခံ ဖြစ်လေသည်၊ စင်စစ် နှစ်ပါးလုံးပင် တတိယ သာသနာပိုင်ချည်း ဖြစ်ကြကုန်၏၊ ကျိုက္ကစံဆရာတော်ကား တနှစ်သာ နေခဲ့သည်၊ ၁၂၇၉-ခုနှစ်မှာ ပျံတော်မူလေသည်၊ ဒီပဲယင်း ဆရာတော်တပါးတည်း သာသနာပိုင်အဖြစ် ကျန်နေတော့သည်။

စတုတ္ထဟု ဆိုလိုသူတို့က ရှေကျင်ဆရာတော်၊ ဝိသုဒ္ဓါရုံဆရာတော်၊ ကျိုက္ကစံနှင့် ဒီပဲယင်းဟူ၍ သာသနာပိုင်ဖြစ်ခဲ့သော ပုဂ္ဂိုလ်လေးပါးအနက် သုံးပါးကား ပျံလွန်တော်မူလေပြီ၊ ယခု ကျန်နေသော လက်ရှိ ဒီပဲယင်းဆရာတော်သည် လွန်ပြီးသော သာသနာပိုင်သုံးပါးတို့ကို ထောက်၍ စတုတ္ထဖြစ်သည်ဟု ဆိုလိုဟန်ရှိပါသည်၊ သို့ဆိုလျှင်လည်း လွဲသည်ဟု မဆိုသာပါပေ။)

သာသနာပိုင် ဒီပဲယင်း ဆရာတော်ကြီးကို ကျိုက်လတ်သို့ ပင့်သည်၊ ပင့်ခြင်းကား ရည်ရွယ်ချက်နှစ်ခုကြောင့် ဖြစ်သည်၊ ပုဗ္ဗာရုံကျောင်းတိုက်၌ ပိဋကတ်တိုက်ကို ဇာတိ ချောက်မြို့ ပဝတ္တိ သပြူဆိပ်ရှာ လယ်ပိုင် စက်သင်္ဘော ဦးဆိုးပေ–ဒေါ်ရှုတို့က ဆောက်လုပ်သည်၊ ယင်းတိုက်ကျောင်း၌ ၁၂၇၅–ခု နှစ်က အထက်ထပ် မှန်တံခါးများ အကုန်တပ်ဆင် ပြီးစီးသွား၏၊ ယင်း ပိဋကတ်တိုက်ကို ရေစက်ချရန်နှင့် ပစ္ဆိမာရုံတိုက်၌ သိမ်သမုတ်ရန်ပင့်ခြင်း ဖြစ်သည်။

ရှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော်ကြီး ကြွလာသည်၊ အရှေ့ဝိသုဒ္ဓါရုံတိုက်မှ တိုက်အုပ်ဆရာတော် အရှင်ပညာထေရ်မြတ်လည်း ပါလာသည်၊ ဆရာတော်ကြီးတို့ကို ပစ္ဆိမာရုံတိုက်၌ထား၍ ပြုစုကြသည်။

ပိဋကတ်တိုက် ရေစက်ချသက္ကရာဇ် ၁၂၇၆–ခုဟု ကျိုက်လတ် ကုသိနာရုံ ဘုရားဝင်းအတွင်းရှိ ကျောက်စာတိုက်၌ ရေးထိုးထားသည်၊ ယင်း ကျောက်ကမ္ပည်းကား ဦးဆိုးပေ–ဒေါ်ရှုတို့၏ ကောင်းမှုမျှားကို သက္ကရာဇ်စဉ်နှင့် ရေးထားသော ကျောက်ရေးကမ္ပည်း ဖြစ်၏၊ ဦးဆိုးပေ – ဒေါ်ရှုတို့၏ ကောင်းမှုကား မျှားလှပါကုန်၏၊ ယင်း ပိဋကတ်တိုက် ရေစက်မျှနှင့် ပစ္ဆိမာရုံ သိမ်သမုတ်ကိစ္စ နှစ်ရပ်ကို သာသနာပိုင် ဒီပဲယင်းဆရာတော်ကြီး ပြုတော်မူခဲ့လေသည်။

ဒီပဲယင်းဆရာတော်ကြီး၏ ထေရုပွတ္တိ၌ ဒီပဲယင်းဆရာတော် သမုတ်ခဲ့သော သိမ်မျှားစာရင်းကို ပြုရာ၌ ၁၂၇၅–ခု၊ ကျိုက်လတ် ပစ္ဆိမာရုံသိမ်ဟု ပါရှိနေသည်၊ ယင်းသို့ ပါရှိခြင်းမှာ သိမီလိုက်သောပုဂ္ဂိုလ်တို့၏ မှတ်တမ်း အရ ဖြစ်ရာသည်။

ဆရာတော်ကြီး ကြွလာသောအခါသည် သင်္ကြန်မကျသေး၊ ၁၂၇၅–ခု ဖြစ်သည်၊ ဆရာတော်ကြီး ကျိုက်လတ်သို့ ရောက်ပြီးမှ သင်္ကြန်ကျသည် သက္ကရာဇ် ပြောင်းသည်၊ ၁၂၇၆–ခုသို့ ကူးပြီးသောအခါ ပုဗ္ဗာရုံပိဋကတ်

တိုက်ကို အလျင် ရေစက်ချသည်၊ ထိုနောက် ပစ္ဆိမာရုံကျောင်းတိုက်တွင်းရှိ သိမ်ကို သမုတ်သည်၊ ထိုကြောင့် ဤစာအုပ် ပစ္ဆိမာရုံတိုက်တွင်းရှိ ကျောင်းသိမ်တို့ကို ပြရာ၌ ဒီပဲယင်းဆရာတော် ၁၂၇၆–ခုမှာ သမုတ်ဒေါ်သောသိမ်ဟု ပြထားခြင်း ဖြစ်လေသည်။

သာသနာပိုင် ဆရာတော်ကြီးနှင့် လိုက်ပါလာသော မန္တလေး အရှေ့ဝိသုဒ္ဓါရုံတိုက်မှ တိုက်အုပ်ဆရာတော် အရှင်ပညာထေရ်သည် အသံသြဇာ အလွန် ရှိသော အဟောကောင်း အပြောကောင်း ပုဂ္ဂိုလ် ဖြစ်သည်၊ ထိုကြောင့်လည်း ဂိုဏ်းဂဏအတွက် ဆောင်ရွက်ရန် မဟာနာယကအဖြစ် တင်မြှောက်ရာ၌ အရှေ့ဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာတော်ကို "မိစ္ဆာဝါဒနှိမ်နင်းရေး သာသနာပြုမဟာနာယက" ဟု တင်မြှောက်သည်ကို တွေ့ရလတ္တံ့။

အမှတ်အသားလည်း အလွန်ကောင်းသော ဆရာတော် ဖြစ်သည်ဆို၏။ ယင်း တိုက်အုပ်ဆရာတော်သည် တရားဟော၏၊ တရားပဲ့၌ မန္တလေးမှ ရန်ကုန်အထိ မီးရထားဘူတာတို့ကို အစဉ်မပျက် ထည့်ပြောနိုင်သည်ဟူ၍ ယခု ပစ္ဆိမာရုံတိုက်၌ ရှိသော သက်တော် ၇၁–နှစ်ရှိ စာချ ဓမ္မကထိက ဆရာတော်အရှင်နန္ဒကထေရ် ချီးကျူးပြောဆိုသည်ကို ကြားရဖူး၏။

ဝိသုဂါမမြေပေါ်မှာ သိမ်သမုတ်လျှင် သိမ်မိန့်ဂရန် ထပ်ခံယူစရာမလို ကြောင်း ဝိသုဒ္ဓါရာမဆရာတော်ကြီး မိန့်ဆို ဆုံးဖြတ်၏။

ပစ္ဆိမာရုံဆရာတော်သည် ဒီပဲယင်းဆရာတော်ကြီး၏အလိုကို သိလိုသဖြင့် ပစ္ဆိမာရုံသို့ ရောက်နေခိုက် ဒီပဲယင်းဆရာတော်ကြီးအား လျှောက်သည်။

"ယခုသမုတ်မည့်သိမ်သည် ဝိသုဂါမမြေပေါ်မှာ သမုတ်မည့် သိမ် ဖြစ်ပါသည်၊ သိမ်မိန့်ဂရန် ထပ်မယူပါ၊ ဆရာတော်ဘုရား ဘယ်လိုသဘောရပါသလဲ ဘုရား"

ဒီပဲယင်းဆရာတော်ကြီးက မိန့်လိုက်သည်။

"ကိုယ့်ဟာကိုယ်မြိန် ပြီးတာပါပဲဗျား"

ပစ္ဆိမဘုရားတော်နှင့် ဂိုဏ်းဂဏထောဝန်

ဆရာတော်သည် ကျိုက်လတ် ပစ္ဆိမဘုရားကျောင်းတိုက်ကို အုပ်ချုပ်၍ သာသနာပြုနေရာ နှစ်မျိုးစုံ မကြာသေးသော်လည်း တိုက်တွင်းသံဃာ၏ ပရိယတ္တိအင်အား ပဋိပတ္တိ အရှိန်အဝါကြောင့် သတင်းကြီး ကျော်ကြား လာတော့သည်၊ တိုက်သတင်း ကျော်လျှင် ဆရာတော်၏ သတင်းလည်း ကျော်တော့သည်၊ ကျော်လျှင် တာဝန်ပိုရခြင်းမှာ ဓမ္မတာပင် ဖြစ်၍ ၁၂၆၆-ခုနှစ် တတိုင်းပြည်လုံးရှိ ရှေကျင်ဂိုဏ်းဝင် သံဃာတို့အတွက် အထိန်း အချုပ် အကွပ်အက ဲ တာဝန်ကို နယ်သတ်မှတ်၍ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဝိနည်းဓိုရ(ဂိုဏ်းထောက်)ဟူ၍ တာဝန်အသီးသီးပေး၍ အုပ်ချုပ်စေသည်။

(၁) ရေစကြိုမြို့၊ ဂူဖြူတောရ ပုခမ်းဆရာတော်ကြီး၊

(၂) အလုံတိုက် ခင်မွန်တောရ သုံးဂိုဏ်းချုပ်ဆရာတော်ကြီး၊

(၃) အခါခပ်သိမ်း ဆင်ပြောင်ကြီးကဲ့သို့ ကိုယ်ထီးကေစာရီ သုံးနေ လေ့ရှိသော ပဲခိုးဆရာတော်ကြီး၊

(၄) မြန်အောင်မြို့၊ ဘုရားသုံးဆူ ဆရာတော်ကြီး၊

(၅) ဂူကိုးလုံးဆရာတော်ကြီး၊

(၆) မဟာဝိသုဒ္ဓါရုမဆရာတော်ကြီးများကို ရှေကျင်သံဃာ၏ ဦးစီး အကြီး နာယကသမုတ် တင်ထားအပ်သည်။

(၁) မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုမဆရာတော်ကြီး၊

(၂) သာယာဝတီ သုံးဆယ်မြို့ရှိ မောင်းထောင်ဆရာတော်၊

(၃) မန္တလေးမြို့ရှိ ဝိဇယမင်္ဂလာရုမဆရာတော်၊

(၄) ရွှေကျင်တိုက်မဆရာတော်၊
(၅) မဏိဇောတိကာရုမ ပတ္တမြားဆရာတော်၊
(၆) မုယ်ဇယ်ပင်ဆရာတော်၊

ဤဆရာတော်များကို ဂဏပါလက ဂဏရက္ခိတဂိုဏ်းစောင့် ဆရာတော်များဟု သမုတ် တင်ထားအပ်သည်။

ဤသို့ တပြည်လုံးအတွက် ဦးစီးဆရာတော်ကြီးများ သီးသန့်ထားပြီးနောက် နယ်ပယ်ခွဲခြားကာ ဂိုဏ်းချုပ်၊ဂိုဏ်းအုပ်၊ဝိနည်းဓိုရ(ဂိုဏ်းထောက်) ဟူ၍ အသီးသီး ထားလေသည်။

ဤသို့ ထားရာတွင် ရောဝတီတိုင်းအတွက် ထားအပ်ကုန်သော ဆရာတော်များမှာ–ပုသိမ်သင်းဘောကျင်းတောရဆရာတော်ကို ဂိုဏ်းချုပ်ထား၏သည်။

(၁) ပိတောက်ချောင်း ဆရာဦးပဏ္ဍိ၊
(၂) သုံးခွ မဟာဝုန်တောရ ဆရာဦးဇဝန၊
(၃) တံတားကျောင်းသစ် ဆရာဦးနာဂ၊
(၄) ကျောင်းကုန်း ဒကွိဏာရုမ ဆရာဦးကေသရ၊
(၅) ဆိပ်ကြီး ပန်းတနော် မုတ်ကျွန်းဆရာတော်

တို့ကို ဂိုဏ်းအုပ် ထားအပ်သည်။

(၁) ပုသိမ်မြို့ မန်းချောင်းဆရာ၊
(၂) ပုသိမ်မြို့ ဗိုလ်ကုန်းဆရာ၊
(၃) ကျောက်ချောင်း ဆရာဦးနန္ဒိမာ၊
(၄) ကျိုက်လတ်မြို့ ပုဗ္ဗာရုံဆရာ၊

(၅) ကျိုက်လတ်မြို့ ပစ္ဆိမဝရုံဆရာ၊

(၆) သုံးခွ၊ ကွမ်းခြံကုန်း ဦးဣန္ဒဝံသ

တို့ကို ဝိနည်းမိုရ် ဂိုဏ်းထောက်ဆရာတော်ဟူ၍ သမုတ်တင်ထားအပ်သည်။

ဤသို့ စသည်ဖြင့် ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်တို့ကို အသီးသီး သမုတ် တင်ထားအပ်လေသည်။

သက္ကရာဇ်ကား ၁၂၆၆-ခု ဖြစ်သည်၊ ၆၆-ခု သက္ကရာဇ်ကား စာအုပ်ရိုက် သက္ကရာဇ် ဖြစ်သည်၊ အစည်းအဝေး အမိန့်ပြန်တမ်း သက္ကရာဇ်ကို မသိပါ။ ယင်းသက္ကရာဇ်နှင့် ထိုထက် တနှစ်ခန့်စောသော သက္ကရာဇ်တခုခုမှ မလွဲတန်ရာပေ။

ဆုံခဲ့သော သက္ကရာဇ်အရ ဆုလျှင်ပင် ပစ္ဆိမဝရုံဆရာတော် အရှင်ကေလာသသည် ကျိုက်လတ် ပစ္ဆိမဝရုံသို့ ရောက်သည်မှာ (၇) နှစ်သာ ရှိပေသေးသည်၊ ဝါတော်ကား ၂၀-ရ ဖြစ်၏။

ဤမျှ နှစ်နုသေးပါလျက် အပေါ်အထင် ဂိုဏ်းဂဏာ၏ ပေးအပ်သော တာဝန် ရောက်လာခြင်းသည် တိုက်တာ၏ ဘိုးတက်မှု၊ ပုဂ္ဂိုလ်၏ အရည်အချင်း ပြည့်တင်းမှုတို့ကြောင့် ဖြစ်သည်မှာ ထင်ရှားလှပေသည်။

အမိန့်ပြန်တမ်း နောက်နားဌ အမှာစကား ထည့်ထားသည်၊ ယင်းအမှာကား-

"ဤနည်းတူ ဇယားကွက်၍ တက်စာ ချစာ ရစာ နှလုံးသွင်းနေကျ ကမ္မဋ္ဌာန်းများကို ကျင်းဝအာင် ရေးသား၍ ပို့တင်ရမည်၊ အထက်အထက် ဆရာတော်များထံသို့ စာပို့တင်သည့်အခါ အရိုအသေပြုရာ ရောက်သည်တဝကြောင်း၊ ကိုယ်စီကိုယ်ငှ အနည်းငယ်မျှ မခဲယဉ်းကြသည်တဝကြောင်းဖြစ်၍ ဝေါင်းတံဆိပ်ကပ်လျက်

ပို့တင်ရမည်၊ မန္တလေးမြို့သို့ ပို့တင်လျှင် "**အင်္ဂန်း**"ဟူသော သုဓမ္မာ မဟာဂဏ္ဍိုဂိုဏ်းအမည်ကို လိပ်မတပ်မူ၍ မဟာဝိသုဒ္ဓါရုမတိုက်ဟု ရှင်ဘုရင်မှည့်သော အမည်ကို လိပ်တပ်ရမည်၊ လျှာလေးလှ၍ မခေါ်တတ်လျှင်–

အရှေ့ပြင် မဟာဗိုလ်တိုက်ဟောင်း၊
အနောက်ပြင် မဟာဗိုလ်တိုက်သစ်၊
ရှေ့ကျင်တိုက်ဟောင်း၊
ရှေ့ကျင်တိုက်သစ် ဟု လိပ်တပ်ရမည်။

ဆိုခဲ့သော အချက်အလက် အကြောင်းခြင်းရာစာတို့ကို "ရှေ့ကျင် ဝံသာနု ရက္ခိတကျမ်း"မှ ထုတ်နုတ် ယူပါသည်။

သဘော်ကျင်းတောရဆရာတော်

ထုတ်ဆိုပြီးသည်အတိုင်း ပစ္စိမာရုံဆရာတော် ဂိုဏ်းထောက် ဝိနည်းခိုရ် အဖြစ်ဖြင့် ပါဝင်သော ရောဝတီတိုင်း အုပ်စု၌ သဘော်ကျင်းတောရ ဆရာတော်ကြီးသည် ဂိုဏ်းချုပ် ဖြစ်တော်မူ၏။ ဤဆရာတော်ကြီးသည် ပုသိမ်ရှေကျင်သာသနာကို အစပျိုး မြေထောင်မြှောက်ခဲ့၏။ နေလပမာ ထင်ရှားသောဆရာတော်ကြီးလည်း ဖြစ်သောကြောင့် ဆရာတော်ကြီး၏ အကြောင်းထုပ်တ် လုပ်ရပ်ဖြစ်စဉ်ကို ထိမ်ချန်၍ မဖြစ်ပေ။

အဆက်ဆက်သော သူတော်ကောင်းကို မြတ်နိုးကုန်သော ပုဂ္ဂိုလ်ဘို့၏ အသိ၌ ထင်ဟပ်နေရန် လိုအပ်လေသောကြောင့် ဤ၌ အခွင့်ဆိုက်၍ အကျဉ်းချုပ် ဖော်ပြလိုပါသည်။

ဆရာတော်ကြီး၏ ဖြစ်စဉ် ဆောင်ရွက်ချက်ကား ရှည်လျား များပြားလှပေ၏။ သီတင်းသုံး သာသနာပြုခဲ့သော နေရာပေါင်းလည်း များစွာရှိ၏။ အစုံအလင် မဟုတ်သော်လည်း ဆရာတော်ကြီးသည် အမည်သုံးမျိုးဖြင့် ကျော်ကြား၏၊ထိုသုံးမျိုး သဘော ပေါ်လာအောင် နေရာဌာနများစွာထဲမှ ဆက်စပ်သက်ဆိုင်သလောက်ကို ဤ၌ ဖော်ပြလိုပါသည်။

ဆ ရာ တော် သည် အလုံ မြို့နယ် ကျောက်ကာရွာ၌ ခမည်းတော် ဦးရှေသား၊ မယ်တော် ဒေါ်မယ်ဘောတို့၏ သားသမီး ၈ ၊ယောက်အနက် ဒုတိယသား ဖြစ်၏။ ၁၂၀၂ ခု၊ တော်သလင်းလဆန်း ၉ ရက်၊သောကြာနေ့ည၌ တချက်တီးကျော်အချိန်၌ ဖွားမြင်သည်။

ပထမ ရှေဂူနီ ဘုရားကြီး မြောက်ဘက်၊ ရှေဂူနီတိုက်ဆရာတော် ဦးဝဏ္ဏထံမှာ ပညာစသင်၏၊ ၁၆ နှစ်အရွယ်မှာ သာမဏေအဖြစ်ဖြင့် နေသည်၊

ဘွဲ့တော်မှာ ရှင်သုမနဖြစ်သည်၊ ရဟန်းဖြစ် သက်ပြည့်သော ၁၂၂၂ ခုနှစ်မှာ ယင်း ရှေ့ဂုနိဆရာတော်ကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်သည်၊ ယင်း ဆရာတော်ထံမှာ ၂ ဝါ နေခဲ့ပြီးနောက် အောက်ပြည်သို့ ရောက်လာကာ ပုသိမ် ကျောင်းကုန်းမြို့နယ် ပေါက်ဆိန်ပဲ့ရွာ ကျောင်း၌ တတိယ ဝါဆိုသည်၊ ၃ ဝါရသောအခါ မိမိဆရာရင်း ကျောက်ကာ ဆရာတော် ဦးဝဏ္ဏထံ ပြန်နေသည်၊ ၄ ဝါရသောအခါ ပလိပ်တောရကျောင်းသို့ သွား၍ ဝါဆိုသည်၊ ထိုနောက် ပုသိမ်နယ်သို့ ပြန်ကြွလာကာ ပုသိမ် အရှေ့ဘက်နယ် ဒကချောင်း ကျောင်းကုန်း၌ ၂ ဝါ နေထိုင်ပြီး အင်းစိန်နယ် ကျိုက္ကလို့၌ တောရဆောက်တည်နေသော ဆရာတော်ကြီးထံမှာ ဝါဆိုသည်၊ ရဟန်း ၈ ဝါရ၊ ၁၂၃၀ ပြည့်တွင် မန္တလေးမြို့ မန္တလေးတောင် မြောက်ဘက် ဓမ္မိကာရုမတိုက် ရှေကျင်ဆရာတော်ဘုရားကြီးထံ ရောက်၍ ထို၌ ၆ နှစ် ပတ်လုံး နေသည်။

ရှေကျင်ဆရာတော်ထံနေစဉ် မင်သားတို့ကို စာသင်ပေးသော တာဝန်ကိုလည်း ဆောင်ရွက်ခဲ့သည်၊ ၁၂၃၆ ခု၊ ၁၄ ဝါ ရပြီးသောအခါ စစ်ကိုင်းဘက် အုန်းတဇင်တောရကျောင်းသို့ ပြောင်းရွှေ့သည်၊ ထိုနောက် မန္တလေး အရှေ့ပြင် မဟာဝိသုဒ္ဓါရုမတိုက်သို့ ပြောင်းရွှေ့ကာ ၂ ဝါ နေခဲ့သည်၊ ထိုနောက် ယခင်နေခဲ့သော ပလိပ်တောရသို့ ကြွ၍ ၁၂၃၉ ခုနှစ် ဝါဆိုသည်၊ ထိုမှ အောက်ပြည်သို့ ကြွလာကာ ၁၂၄၀ ပြည့်နှစ်မှာ အိမ်မဲ၌ သီတင်းသုံးသည်၊ (အိမ်မဲစာချုန်ခံရပ်ရှိ ဒုါရကျောင်းတိုက်သည် ဆရာတော် သီတင်းသုံးခဲ့သော ကျောင်းဖြစ်သည်)။

အိမ်မဲမှ ပုသိမ်သင်္ဘောကျင်းတောရသို့ကြွ၍ ၃ နှစ် တောရနေပြီးနောက် မန္တလေးသို့ ကြွသွားပြီး ရှေကျင်တိုက်မကြီး၌ ၁၂၄၄ ခုနှစ် ဝါဆိုသည်၊ ၁၂၄၅ ခုနှစ်မှာ ထိုမှထွက်၍ မိမိဇာတိ ကျောက်ကာရွာသို့ ကြွ၍ ဂူကျောင်းဘုရား၌ ၂ ဝါ နေသည်၊ထိုမှ ပုသိမ်သို့ ကြွလာကာ သင်္ဘောကျင်း ဝက်လူး

ဘုရားအနီး သစ်ဆိမ့်ပင်ကျောင်းဌ သီတင်းသုံးသည်၊ ထို့နောက် ၁၂၄၇ ခုမှ ၅၁ ခုထိ ၄ နှစ်ပတ်လုံး ကျောင်းကုန်းသို့ ကြွနေပြန်သည်၊ ထိုမှတဖန် ပုသိမ် သဘော်ကျင်းသို့ ပြန်ကြွလာပြီး ပိတောက်ချောင်း တောရ၌ သီတင်းသုံးသည်။

ဤနေရာ၌ စုံစမ်း၍ သိရသော အချက်တို့ကို ဖော်ပြလိုပါသည်၊ ပထမ ဆရာတော်ကြီးသည် သဘော်ကျင်း ဝက်လူးဘုရား အနီး သစ်ဆိမ့်ပင် ကျောင်းဌ သီတင်းသုံးတော်မူသည်၊ နောက် ယင်းနေရာသည် လူသူနီးလာသည်၊ အနီးဌ ရဲစခန်း (ဂတ်)လည်း ဆောက်လာ၍ ဆရာတော် မပျော်မွေ့ဖြစ်လာသဖြင့် ဆရာတော်အား ယခု မှန်စီကျောင်းနေရာကို လှူ၍ ထိုဌ သီတင်းသုံးပြန်သည်၊ ထိုဌလည်း စိတ်တိုင်းကျ ချမ်းမြေ့မှုကို မရပြန်သော ကြောင့် ဗိုလ်ကုန်းကျောင်းနေရာသို့ ပြောင်းရွှေ့သီတင်းသုံးသည်၊ ဗိုလ်ကုန်းဟူသော အမည်ကား နောက်မှဖြစ်သော အမည် ဖြစ်သည်။

ထိုဌလည်း စိတ်တိုင်းမကျသေး၍ တောရဆောက်တည်ရန် နေရာကောင်းကို ရှာပြန်သည်၊ နေခဲ့သောကျောင်းကိုကား ဗိုလ်ကုန်းဆရာတော် အမည်တွင်မည့် အရှင်ဥာဏဝံသအား လွှဲအပ်သည်၊ အရှင်ဥာဏဝံသသည် စာပေကျမ်းဂန်လည်း တတ်ကျွမ်းသည်၊ အကျင့်အနေလည်း ကောင်းသည် ဖြစ်၍ ဆရာတော်ကြီး၏ နှစ်သက်ကြည်ညိုခြင်းကိုခံရသော ပုဂ္ဂိုလ်ဖြစ်သည်၊ အရှင်ဥာဏဝံသသည် သပ်သပ်ယပ်ယာ နေတတ်သည်၊ ကျောင်းမျှား ဆောက်လျှင်လည်း ရိုးရိုး လေးထောင့်ကျောင်းမျိုး မဟုတ်၊ ၆ မြောင့်၊ ၇ မြောင့် ဗိုလ်တဲဆန်ဆန် ဆောက်စေသည်၊ ကျောင်းပေါ် တိုင်တိုင်းမှာ ဟိုင်ကပ်နာရီ အစေ့အင ချိတ်ထားလေ့ ရှိသည်၊ နာရီတီးလျှင် တပြိုင်နက် ဆူသွားသည်ဟု ဆိုသည်။

အိပ်ရာ ခုတင်ကိုလည်း တလုံးတည်းမထား၊ လေး ငါးလုံး ထား၍ တလှည့်စီ လှည့်အိပ်သည်၊ အိပ်ရာတို့၌ ကြမ်းပိုးကို မရှာစေရဟု ဆိုသည်၊

ကြမ်းပိုးကို တလှည့်စီ လှည့်၍ အစာကျွေးသည့်သဘောမျိုး ဖြစ်၏။ ဤသို့စသော ထူးခြားသော နေထိုင်မှုတို့ကြောင့် လူမျိုးက ဗိုလ်ဆန်သည်ဟု မြင်လာကြကာ ကျောင်းကို "ဗိုလ်ကုန်းကျောင်း"ဟု ခေါ်လာကြသည်၊ ဆရာတော်လည်း ဗိုလ်ကုန်းဆရာတော် ဟု တွင်လေတော့သည်။

ဆရာတော်သည် အဘိဓမ္မတ္ထဒီပကကျမ်းနှင့် ပရိတ်ကြီး ဂဏ္ဌိတို့ကို ရေးသားခဲ့သည်၊ အဘိဓမ္မတ္ထဒီပကကျမ်းကား တခေတ်တခါက စာသင်သားတို့လက်ထဲမှာ မရှိမဖြစ်သလောက် ခေတ်စား တွင်ကျယ်ခဲ့၏။

မူလဆရာတော်ကြီးသည် ဗိုလ်ကုန်းဆရာတော် အမည်တွင်မည့် အရှင်ဉာဏဝံသအား ယင်း ဗိုလ်ကုန်းအမည်တွင်မည့် ကျောင်းကို လွှဲအပ်ခဲ့ပြီး စိတ်တိုင်းကျနေရာကို ရှာရာ လူသူ မနီးသော ပိတောက်ချောင်းအနီး တောအုပ်ကြီး၌ အကြိုက် နေရာကို တွေ့တော့သည်၊ ယင်း နေရာကား လူ သုံးလေးယောက်ဖက်လောက် ကြီးသော တောစာ သရက်ပင်ကြီး အောက် ဖြစ်သည်။

ယင်းသရက်ပင်ကြီး၏ ဒေါ်ရိပ်သည် ကျောင်း သုံးလေးကျောင်းစာမက ကျယ်ပြန့်သည်ဆို၏၊ ယင်း သရက်ပင်ကြီးအောက်၌ လေးတိုင်စင် ဝါးကျောင်းကလေးကို ဆောက်စေ၍ သက်နီးဟောင်းများဖြင့် ၃-ဖက်ကို ကာ၍ တဖက်ကို အပွင့်တားကာ အပေါ်၌လည်း သက်နီးဟောင်းကို အမိုးပြုလျက် တပါးတည်း ပိုလ္လပါတ်မုတင်ဖြင့် တရားအားထုတ်နေလေတော့သည်။

ဆရာတော်ကြီးကိုကား မင်းစိုးရာဇာမကျန် အကုန်ပင် ကြည်ညိုနေကြသည်ဖြစ်၍ တစတစ ကျောင်းဆောက် လှူဒါန်းလာကြသဖြင့် ကျောင်းကန် ဇရပ် ရေတွင်းတို့နှင့်တကွ ကျောင်းတိုက်တခု ဖြစ်လာလေသည်။

ယင်း သရက်ပင်ကြီးကို သက်လတ်ပိုင်းက လူမျိုးပင် မြင်တွေ့လိုက်ကြ၏၊ ဝေးလံခေါင်းပြောင်ရာ အပင်ကြီး လဲသွားလေသည်၊ ယင်းအပင်ကြီးမှ

ရသော သစ်အခွံ့ဖြင့် ဆောက်ထားသောကျောင်းလည်း ယင်း ပိတောက်ချောင်းတောရကျောင်းထဲ၌ ယခု ရှိနေပါသေး၏။

ဆရာတော်ကြီးသည် ၁၂၅၂-ခုမှ ၅၅-ခုအထိ ယင်းပိတောက်ချောင်းတောရ၌ သီတင်းသုံးပြီး ရွှေကျင်ဆရာတော်ဘုရားကြီး ပုံတော်မူသဖြင့် မင်းကွန်း ငွေတောင်တောရသို့ ကြွသွားကာ ၁၂၅၆-ခု ထို၌ ဝါဆိုလေသည်၊ (ရွှေကျင်ဆရာတော်ကြီးသည် ၁၂၅၅-ခုနှစ်၊ တပေါင်းလဆုတ် ၇-ရက်၊ည လဝန်းပေါ်ချိန် ပုံတော်မူသည်။)ထိုနောက် ပိတောက်ချောင်းတောရသို့ ပြန်ကြွလာပြီး ၁၂၅၇-ခုမှ ၆၀-ပြည့်အထိ သီတင်းသုံးသည်။

ထိုနောက်၊ သရက်ကုန်းမြို့မှ လယ်ပိုင်သဌေး ဦးဗိုးနှစ်-ဒေါ်ဖျော်တို့က ပရိယတ္တိ စာသင်တိုက်အဖြစ်ကို ရည်ရွယ်၍ မဟာဝိဇိတာရုံကျောင်းတိုက်ကြီးကို ဆောက်လုပ်ပြီးလျှင် ဆရာတော်အား လှူပြန်သဖြင့် ယင်း သရက်ကုန်းမြို့၊ မဟာဝိဇိတာရုံကျောင်းတိုက်ကြီး၌ ၂-ဝါတိုင်တိုင် ကြွရောက်ဝါဆိုလေသည်၊ ထိုနောက် ပိတောက်ချောင်းတောရသို့ ပြန်ကြွ သီတင်းသုံးပြန်သည်။

၁၂၇၃ ခုနှစ်မှာ ဒါယကာတို့လျှောက်၍ သာသနာ့အကျိုးကို ငဲ့ကာ သီးကွင်းနယ် ပျဉ်းမကုန်းရွာအထက်ကျောင်း ဓမ္မိကာရာမတိုက်သို့ ကြွရောက်သီတင်းသုံးသည်၊ ထိုနောက် ၁၂၇၄ မှ ၇၆ အထိ ပိတောက်ချောင်းတောရ၌ သီတင်းသုံးသည်။

၁၂၇၇ ခုမှာ စစ်ကိုင်းတောင်ရိုး ဂန္ဓာရုဆရာတော် အရှင်ဥတ္တရထေရထ ကြွရောက်သီတင်းသုံးသည်၊ အရှင်ဥတ္တရထေရ်ကား ရဟန္တာဟူ၍ ကျော်ကြားတော်မူသည်၊ အရှင်ဥတ္တရထေရ်သည် ပိတောက်ချောင်း တောရဆရာတော် အောက် မျှားစွာငယ်၏။

ထိုနောက် ပိတောက်ချောင်းတောရသို့ ပြန်ကြွ သီတင်းသုံးပြီး ၁၂၈၀ ပြည့်နှစ်မှာ ကပေါနှင့် စစ်ကိုင်းပေါင်ရိုး ဂန္ဓာရုံသို့ ပြန်ကြွသီတင်းသုံးအားထုတ်

ပြန်သည်၊ ဘဝဇာတ်သိမ်းမှုအတွက် အရေးကြီးလှသောကြောင့် အန္တိမ ဘဝသို့ ရောက်နေသော ဂန္ဓာရုံဆရာတော်နှင့် တိုင်ပင်၍ အားထုတ်ရန် ဂန္ဓာရုံသို့ ကြွခြင်းဖြစ်သည်ဟု ဆိုရပေမည်၊ ထိုနောက် ပိတောက်ချောင်း တောရသို့ ပြန်ကြွကာ ၁၂၇၁ ခုမှ ၇၃ အထိ ပိတောက်ချောင်း တောရ၌ သီတင်းသုံး အားထုတ်ယင်း ဝါတော် ၆၂ ဝါသက်တော် ၇၂ နှစ်၊ ၁၂၇၃ ခု၊ တန်ခူးလဆန်း ၁၂ ရက်၊ သောကြာနေ့၊ နေ့ ၂ နာရီ၊ ၂၄ မိနစ်တွင် ပျံလွန်တော် မူလေသည်။

ဆိုခဲ့သော ဆရာတော်ကြီး အရှင်သုမန ထေရ်မြတ်၏ ဘဝဖြစ်စဉ် သီတင်းသုံးခဲ့သော နေရာဌာနတို့ကိုကြည့်ခြင်းဖြင့် ကျောက်ကာဆရာတော်၊ သင်္ဘောကျင်း တောရဆရာတော်၊ ပိတောက်ချောင်းတောရ ဆရာတော် ဟူသည် ဤ အရှင် သုမနထေရ်မြတ်တပါးတည်းပင် ဖြစ်ကြောင်း မြင်ကြရ ကုန်၏။

ပုသိမ် ပတ်ဝန်းကျင်ရှိ လူတို့က ပိတောက်ချောင်းတောရ ဆရာတော်ဟု သိကြ ခေါ်ကြသည်၊ ပိတောက်ချောင်းသည်လည်း ပုသိမ် တဘက်ကမ်း သင်္ဘောကျင်းဘက်၌ရှိ၏ သင်္ဘောကျင်းခေါ်သောနေရာ၌လည်း သီတင်း သုံးခဲ့သောကြောင့် ရပ်ဝေး နယ်ပယ်တို့က သင်္ဘောကျင်းဆရာတော်ဟု သိကြသည်၊ ဤကား ဆရာတော်ဘုရားကြီး၏ ဖြစ်စဉ် အကျဉ်းတည်း။

ဆိုခဲ့သော ဂိုဏ်းဂဏအတွက် တာဝန်ခံ ဂိုဏ်းအုပ် အုပ်စု၌ ပါဝင်သော ပိတောက်ချောင်း ဆရာ ဦးပဏ္ဍိတ ဟူသည် ပုသိမ်မြို့ တဘက်ကမ်း ပိတောက်ချောင်း သံဖြူကျောင်း၌ သီတင်းသုံးခဲ့သောဆရာတော်ဖြစ်သည်၊ ယင်း ကျောင်း၏ မူလအမည်ကား ဗေဒိကျောင်း ဖြစ်၏၊ ကျောင်း ခေါင်မိုး သံဖြူ (သွပ်) အရောင်တလက်လက် တောက်သည်ကို အစဲ့ပြုကာ ပတ်ဝန်းကျင် လူတို့က ခေါ်ဝေါ်ကြသည်ဖြစ်၍ သံဖြူကျောင်းဟု နောင်

အမည်တွင် သွားသည်၊ ယင်းကျောင်းကား ပိတောက်ချောင်း တောရနှင့် တမိုင်ခန့်အကွာ၌ ရှိ၏။

ဆရာတော်ကြီး၏ အကြောင်း အတ္ထုပ္ပတ္တိ အစုံအလင်သည် အရှင်သိရိကုမာရထေရ် ရေးသားစီရင်ခဲ့သော ကျောက်ကာ ထေရုပ္ပတ္တိ စာတမ်း၌ ပါရှိပါသည်။

ကျောက်ကာဆရာတော်၊ သဘော်ကျင်းတောရဆရာတော်၊ ပိတောက်ချောင်း တောရဆရာတော်ဟူ၍ သုံးမည်ဖြင့် ကျော်ကြားတော်မူသော ဆရာတော် ဘုရားကြီး၏ အကြောင်း အတ္ထုပ္ပတ္တိကို ဆရာတော်ကြီး၏တပည့် ဖြစ်သူ အရှင်သိရိကုမာရထေရ် ရေးသားမှတ်တမ်းတင်ခဲ့၏၊ မှတ်တမ်းတင် ရေးသားခဲ့သော အရှင်မြတ်၏ အကြောင်းကိုလည်း သိထိုက်မှတ်ထိုက် ပါပေ၏။

သိရိကုမာရ အရှင်မြတ်သည် နှယ်နှယ်ရရ ပုဂ္ဂိုလ် မဟုတ်၊ မဂဓ၊သက္ကတ ဘက်စုံ ပညာရှင်ကြီး ဖြစ်၏၊ အရှင်မြတ်၏ လက်ရာ ကျမ်းပေါင်း ၃၆ ကျမ်း ရှိခဲ့သည် ဆို၏၊ ထိုအထဲမှ ဝုတ္တောဒယ ဆန်း နိဿယသစ်သည် ဆန်းဘက် ဆိုင်ရာ ပရိယတ္တိနယ်ပယ်၌ တံခွန်တဆူ ဖြစ်သည်ဟု အသိအမှတ် အပြုခံရ၏။

စာပေကျမ်းဂန် ပရိယတ္တိပြောင်မြောက်လိုသော ပုဂ္ဂိုလ်တို့၏ မူလကျကျ လိုအပ် သိအပ်သော အရာတို့ကား အဘိဓာန်၊ သဒ္ဒါ၊ အလင်္ကာ၊ ဆန်းဟူ၍ ရှိကြ၏၊ ယင်းလေးပါးတို့မှ တပါးပါး ချို့ငဲ့လျှင် လေးဘီးတပ်ယာဉ်၌ ဘီးတခုချို့ငဲ့သည်နှင့် တူနေ၏။

ဤနေရာ၌ သုတစကားတခုကို ထည့်ဆိုလိုက်ပါသည်၊ အခါတပါးက သပြေကန်ဆရာတော်ဘုရားကြီးနှင့် ရှေဟသ်ာတောရ စံကျောင်းဆရာတော် ဘုရားကြီးတို့ အာလာပ သလ္လာပ ပြောဆိုနေကြရာ၌ စံကျောင်းဆရာတော် ဘုရားကြီးက "မသိ မတတ်လျှင် မဖြစ်သော အဘိဓာန်၊ သဒ္ဒါ၊ အလင်္ကာ၊ ဆန်း ၄ ခုတို့အနက်အဘိဓာန်နိဿယကို အဘယာရာမဆရာတော်ရေးအပ်ပြီ၊

သဒ္ဒါကြီး ကစ္စည်း နိဿယကို ပစ္ဆိမာရုံ ဆရာတော်ကြီးနှင့် သပြေကန် ဆရာတော်တို့ ရေးအပ်ပြီ၊ အလင်္ကာ နိဿယကို တပည့်တော် ရေးအပ်ပြီ၊ ဆန်းနိဿယသစ်ကို သိရိကုမာရထေရ် ရေးအပ်ပြီ၊ တပည့်တော်တို့ ရှေကျင် ဂိုဏ်းက ဘက်စုံ ပရိယတ္တိ အခြေခံကို အလုံအလောက် ပြုပြီးပြီ''ဟု၍ စံကျောင်းဆရာတော်ဘုရားကြီးက မိန့်ဆိုတော်မူကြောင်း ကြားသိရဖူး၏၊ ဤသို့လျှင် တံခွန်စိုက်မှတ်တမ်းတင် အထဲမှာ အရှင် သိရိကုမာရထေရ်၏ ဝုတ္တောဒယ ဆန်းနိဿယသစ် ပါဝင်ရလေ၏။

အရှင်သိရိကုမာရမထေရ်မြတ်သည် မုံရွာနယ် ဝက်လူးအိုင်ရွာ၌ ၁၂၃၈ ခု၊ ဝါဆိုလဆန်း ၁၃ ရက် တနင်းလာနေ့ ညဉ့်တချက်တီးကျော်၌ ဖွားမြင်သည်၊ ကျောင်းသားငယ်အဖြစ်မှ သာမဏေ၊ ထိုမှ ပဉ္စင်းဘောင်သို့ ရောက်သည်၊ မြဘုံတောင် ဆရာတော်၊ ဆားလင်းကြီး အောင်မြရှေဘုံတိုက်၊ ဆားလင်းကြီး ဓမ္မိကာရာမတိုက်တို့၌ ပညာသင်ခဲ့သည်။

၁၂၅၇ ခုနှစ်၌ အောင်မြရှေဘုံဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်သည်၊ ထိုနောက် ခင်မွန်သုံးဂိုဏ်းချုပ် ဆရာတော်၊ မန္တလေး မဟာဝိသုဒ္ဓါရာမ ဆရာတော်၊ သုံးဆယ် မောင်းထောင်ဆရာတော်၊ ပုခမ်းကြီး ဂူဖြူတောရဆရာတော် စသော အကျင့်ထိပ်သီး ပရိယတ္တိမီးတောင် ဖြစ်တော်မူကြကုန်သော ဆရာတော်ကြီးတို့ထံမှ နည်းနာတို့ကို ခံယူလာခဲ့သည်၊ သီးကွင်း ပျဉ်းမကုန်း၊ ခတ္တိယ၊ ပေါင်းတလည်၊ မအူပင်တို့၌ သီတင်းသုံး သာသနာပြုခဲ့သည်၊ မအူပင် ဓမ္မာရုံကျောင်းတိုက် ဆရာတော်ဟု အမည်ပေါ်သည်။

၃၄ ဝါ၌ သထုံ ကေလာသတောင်သို့ တောထွက်သည်၊ ၃၆ ဝါ၌ ပြည် သိမ်တော်တောရသို့ ထွက်သည်၊ ထိုနောက် ဓမ္မပါလတောရ၌ တရားအားထုတ်ယင်း ၄၄ ဝါရ၊ သက်တော် ၆၃ နှစ်၊ ၁၃၀၁ ခုနှစ်၊ ဓမ္မပါလတောရ၌ ပျံတော်မူလေသည်။

အခြား ကျောက်ကာဆရာတော်

သဘော်ဘကျင်းတောရ ဆရာတော်ကို ခေါ်သော ကျောက်ကာ ဆရာတော်အပြင် ကျောက်ကာဆရာတော်တပါး ရှိသေးသည်၊ ဤဆရာတော်လည်း ကျောက်ကာရွာ၌ ၁၂၃၆ ခု၊ တပို့တဲ့ လပြည့်ကျော် ၈ ရက်တနင်္ဂနွေနေ့၌ ဖွားမြင်သည်၊ ခမည်းတော် မယ်တော်တို့ကား ကျောက်ကာရွာ ဦးရန်ရှင်း-ဒေါ်ဆုံတို့ ဖြစ်ကြသည်။

၁၂၅၂ ခု၊ ရွှေစည်းခုံဆရာတော်ထံမှာ သာမဏေပြုသည်၊ ဘွဲ့မည် ရှင်ဩဘာသ ဖြစ်သည်၊ ထိုနောက် မင်းရွာ ပိတောက်ပင်တောရကျောင်း ဆရာတော် ဦးခန္ဓိထံ၌ ပညာသင်ပြီး ၁၂၇၅ ခု၌ ခင်မွန်သုံးဂိုဏ်းချုပ် ဆရာတော်ကြီးထံသို့ ရောက်သည်၊ ၁၂၅၆ ခုနှစ်၊ ခင်မွန်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်သည်။

ထိုနောက် မန္တလေး မဟာဝိသုဒ္ဓါရုမ ဆရာတော်ထံသို့ ရောက်သည်၊ ဝိသုဒ္ဓါရုံတိုက်သို့ ရောက်သောအခါ သိက္ခာ ပြန်ထပ်သေးသည်၊ အရှင်ဩဘာသထေရ်သည် ခင်မွန်သုံးဂိုဏ်းချုပ် ဆရာတော်၊ မဟာဝိသုဒ္ဓါရုမ ဆရာတော် စသော ဆရာတော်ကြီးများထံမှာ ပညာသင်ယူ နည်းခံပြီး အလုံ ကျောက်ကာ၌ သီတင်းသုံး သာသနာပြုတော်မူသည်၊ ကျောက်ကာရွာ ဇာတိ ဖြစ်သည့်ပြင် ကျောက်ကာရွာ၌ပင် သီတင်းသုံးတော်မူသော ကြောင့် ကျောက်ကာဆရာတော်ဟု အမည်တွင်၏၊ ဦးရိုးတော်ဖြစ်သော အရှင်သုမနထေရ်ကား ကျောက်ကာရွာ၌ ဖွားမြင်၍ ကျောက်ကာရွာ၌လည်း သီတင်းသုံးသဖြင့် ကျောက်ကာဆရာတော်ဟု အမည်တွင်သည့်ပြင် အောက်ဒေသ ရောဝတီတိုင်း ပုသိမ် ရွှေကျင် သာသနာကို ထွန်းကားစေလျက် နေရာ ကျောင်းကန် များစွာတို့၌ သီတင်းသုံးခဲ့၏၊ ပုသိမ်သဘော်ဘကျင်းတောရနှင့် ပိတောက်ချောင်းတောရ ဘို့၌ ကာလကြာသောကြောင့် ယင်းအမည်တို့ဖြင့်လည်း ကျော်ကြားခြင်း ဖြစ်လေသည်။

ကျောက်ကာ ဆရာတော် အရှင် သြဘာသထေရ်သည် ၁၃၁၆ ခုနှစ်၌ ဂိုဏ်းက အပ်နှင်းသော ဂိုဏ်းချုပ်ဘာဝန်ကို ခံယူရလေသည်၊ ဆရာတော်သည် ၁၃၂၅ ခု၊ သက်တော် ဂ၉၊ ဝါတော် ၆၉ ဝါရ၌ ပျံလွန်တော်မူလေသည်။

ဤဆရာတော်သည် သဘော်ကျင်းတောရဆရာတော် ဟု ကျော်ကြားသော ကျောက်ကာဆရာတော်ကြီး၏ (အစ်မ၏သား) တူအရင်း ဖြစ်သည်၊ ဆရာတော်ကြီးရှိစဉ်က ဆရာတော်ကြီးထံ ပုသိမ် ပိတောက်ချောင်းတောရသို့ မကြာမကြာ ကြွလာလေ့ရှိသည်။

ဤဆရာတော်ကြီးလည်း ရှေကျင်ဂိုဏ်း၌ ပေါ်ထင် ကျော်စောသော ဂိုဏ်းချုပ် ဆရာတော်ကြီးပါပေတည်း၊ ဤ ကျောက်ကာဆရာတော်သည် ဦးရိုးတော်ဖြစ်သော ပိတောက်ချောင်းတောရ (ကျောက်ကာ)ဆရာတော် အောက် သက်တော် ဝါတော် ၃၄-ငယ်တော်မှသည်၊ ဥပဓိကား ဦးရိုးတော် ကျောက်ကာဆရာတော်ကဲ့သို့ပင် ဖြူဖြူတုတ်တုတ် အရပ်အိုင့်အိုင့် ဖြစ်သည် ဟု သိရ၏။

ယခု ပုသိမ်တဘက်ကမ်း သုံးမည်ဖြင့် ကျော်ကြားခဲ့သော ဆရာတော် ဘုရားကြီး သီတင်းသုံးတော်မူခဲ့သော ပိတောက်ချောင်းတောရ၌ သီတင်းသုံးတော်မူသော ဆရာတော် အရှင်ဇာနေယျထေရ်သည် ယင်း ဒုတိယ ကျောက်ကာဆရာတော်ထံသို့ ဒေါ်ဖူးအမြော် နှစ်စဉ်နီးနီး ရောက်ခဲ့သည်၊ ဆရာတော်ကြီး အရှင်သြဘာသထေရ်မြတ် ပျံတော်မမူမီ တနှစ် ၁၃၂၄ ခုနှစ်က ဆရာတော်ဘုရားကြီးထံသို့ အဖူးမြော်ရောက်သောအခါ ဆရာတော်ဘုရားကြီးက "မောင်ပဉ္စင်းတို့ နောက်နှစ်လာလျှင် တို့ကို မတွေ့တော့ဖူး၊ ယခု တွေ့ရခြင်းကို နောက်ဆုံး တွေ့ခြင်းလို့ မှတ်တော့" ဟု မိန့်ဆိုလိုက်ကြောင်း သိရ၏၊ ထိုစဉ်က ဆရာတော် အရှင်ဇာနေယျသည် သက်တော်

၅၄ နှစ်၊ ဝါတော် ၃၅ ဝါခန့်ပင် ရှိပြီဖြစ်သော်လည်း ဆရာတော်ဘုရားကြီးက တပည့်ရင်းတဦးအနေဖြင့် "မောင်ပဉ္စင်း"ဟု ခေါ်ခြင်းဖြစ်သည်၊ ဘာဝနာရင့် သမာဓိအဆင့်မြင့်လှသော၊ သို့မဟုတ် အရိယာခွင်ဝင်ပြီးသော ပုဂ္ဂိုလ်တို့သည် မိမိ၏ မရဏကာလကို ကြိုတင် သိစွမ်းနိုင်ကြကုန်၏ ဟူ၍ မှတ်ချက်ချစရာ တရပ်ပါပေ။

ပစ္ဆိမာရုံဆရာတော် ဂဏပါလက ဖြစ်ခြင်း

ပစ္ဆိမာရုံဆရာတော်သည် ၁၂ ဝါရ ၁၂၅၈ ခုနှစ်၊ ကျိုက်လတ် ပစ္ဆိမာရုံတိုက်ကို စတင်အုပ်ချုပ် သာသနာပြုလာခဲ့ရာ ၁၂၈၉ ခုသို့ ရောက်သော အခါ ဝါတော် ၄၃ ဝါ၊ ပစ္ဆိမာရုံကျောင်းတိုက်၌ ၃၁ ဝါ ရှိခဲ့လေပြီ၊ ထိုအခါ မြင့်မားလှသော ဂိုဏ်းပေးတာဝန်တခု ရောက်လာတော့သည်၊ ဤအကြောင်း ပေါ်လွင်အောင် အစဉ်ကို အနည်းငယ် ဖော်ပြပါမည်။

(၁) ရွှေကျင်ဆရာတော်ကြီးသည် ၁၂၅၅ ခုမှာ ပုံတော်မူသည်။

(၂) မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီးကို ၁၂၅၆ ခု၊ တပို့တွဲလမှာ သာသနာပိုင် တင်မြှောက်သည်၊ ဆရာတော်ကြီးသည် ၁၂၇၀ ခုနှစ်၌ ပုံတော်မူသည်။

(၃) ၁၂၇၀ ခု၊ တပေါင်းလမှာ ဒီပဲယင်းဆရာတော်နှင့် ကျိုက္ကစံ ဆရာတော်တို့ကို သာသနာပိုင် တင်မြှောက်သည်၊ ကျိုက္ကစံ ဆရာတော်သည် ၁၂၇၉ ခုနှစ်မှာ ပုံတော်မူသည်၊ ဒီပဲယင်း ဆရာတော်ကြီး တပါးတည်း အုပ်ချုပ်လာခဲ့ရာ ဒီပဲယင်းဆရာ တော်သည် ၁၂၇၉ ခုမှာ ပုံတော်မူလေသည်။

(၄) ထိုအခါ ၁၂၇၉ ခု၊ တပေါင်းလ၌ ဂိုဏ်းအစည်းအဝေးကြီး ပြုလုပ်ကာ သက်တော် ၇၂ နှစ်ရှိ ပတ္တမြားဆရာတော်ကြီးနှင့်

သက်တော် ၇၇ နှစ်ရှိ အလုံ ခင်မှန်ဆရာတော်တို့ကို သာသနာ ပိုင် တင်မြှောက်ကြသည်။

ပတ္တမြားဆရာတော်ကြီးကား သက်ရှယ်တော်ကြီး၍ တာဝန်ကိုမဆောင် ရွက်နိုင်သောကြောင့် အလုံဆရာတော်တပါးတည်း သာသနာပိုင် ပြုလုပ် ရလေသည်။

သာသနာပိုင်ဆရာတော်၏ တာဝန်ကို တဲ့ဖက်ဆရာတော်မျှားနှင့် ပူးတွဲ ဆောင်ရွက်နိုင်စေရန်-

(၁) သုဝဏ္ဏဝတီအုတ်ကျောင်း ဆရာတော် အရှင်အဂ္ဂမဟာဘိဝံသ၊
(၂) ဝါဆိုကျောင်း ဆရာတော် အရှင်စန္ဒာဘိဝံသ၊
(၃) စည်ရှင်ဆရာတော် အရှင်ကောသလ္လာဘိဝံသ-

တို့ကို အတိုင်ပင်ခံ တဲ့ဖက် မဟာနာယကမျှားအဖြစ် တင်မြှောက် ကြသည်။

အနောက်ဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာတော်ကို ဂိုဏ်းလုံးဝန်ဆောင် မဟာ နာယကအဖြစ်၊

အရှေ့ဝိသုဒ္ဓါရုံ တိုက်အုပ် ဆရာတော်ကို မိစ္ဆာဝါဒ နှိမ်နင်းရေး သာသနာပြု မဟာနာယကအဖြစ်၊

စစ်ကိုင်းတောင်ရိုး တောင်ဖီလာဆရာတော် အရှင်ပဏ္ဍိတသဏရ်ကို အထူးသာသနာပြု မဟာနာယကအဖြစ် တင်မြှောက်ကြသည်။

(၁) စလေမြို့ ဂူကြီးမော်ဆရာတော်၊
(၂) ပုသိမ် ကျောင်းကုန်းဆရာတော်၊
(၃) ကျိုက်လတ် ပစ္စိမာရုံဆရာတော်-

တို့ကို ဂဏပါလက သာသနာပြု မဟာနာယကအဖြစ် တင်မြှောက်ကြသည်၊ ပစ္ဆိမဘရုံဆရာတော် ဂဏပါလက ဖြစ်ရတော့သည်။

ဤသို့အားဖြင့် တာဝန်ယူ၍ သာသနာတော်၏အကျိုးကို ဆောင်ရွက်လာခဲ့ရာ ကာလရှေ့လာသည်အလျောက် ပုဂ္ဂိုလ်လည်း ပြောင်းလဲ ရှေ့လာလေတော့သည်။

၁၂၈၉ ခုနှစ်၊ စတုတ္ထသာသနာပိုင်အဖြစ်ကို လက်ခံလာခဲ့သော အလုံဆရာတော်ကြီးသည် ၁၂၉၀ ပြည့်နှစ်မှာ ပျံလွန်တော်မူလေသည်၊တနှစ်သာ သာသနာပိုင် တာဝန်ကို ဆောင်ရွက်နိုင်လေသည်၊ အလုံ ဆရာတော်သည် ၁၂၁၂ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊စနေနေ့ ဖွားမြင်၍ ၁၂၉၀ ပြည့်နှစ် နတ်တော်လဆုတ် ၃ ရက်၌ ပျံလွန်တော်မူ၍ သက်တော် ၇၈ နှစ်သာ ရှည်ခဲ့သည်။

မှတ်ချက်။ ။ကျိုက္ကစံ ဆရာတော်နှင့် ဒီပဲယင်း ဆရာတော် ၂ ပါးကို ၁၂၇၈ ခု တပေါင်းလ၌ တပြိုင်နက် သာသနာပိုင် တံဝင်မြှောက်ကြသည် ဖြစ်၍ ၂ ပါးစလုံးကိုပင် တတိယ သာသနာပိုင်ဟု အသိအမှတ်ပြုနိုင်၏၊ သို့ ပြုလျှင် အလုံဆရာတော်ကြီးသည် စတုတ္ထ သာသနာပိုင် ဖြစ်သည်။

အလုံဆရာတော် ပျံတော်မူလျှင် ၁၂၉၁ ခုနှစ်၊ မော်လမြိုင်မြို့၌ ကျင်းပသော ရှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီး၌ ရှိမ္ဘကားမြို့ ချမ်းသာကြီး ဆရာတော်ကို သာသနာပိုင် တင်မြှောက်ကြကုန်၏၊ ချမ်းသာကြီး ဆရာတော်သည် ပဉ္စမ သာသနာပိုင် ဖြစ်၏၊ ချမ်းသာကြီး ဆရာတော်ကား ၁၂၀၄ ခုနှစ်၊တပို့တွဲလဆန်း ၅ ရက်၊အင်္ဂါနေ့ ဖွားမြင်သည်ဖြစ်၍ သက်တော် ၈၇ နှစ်မှာ သာသနာပိုင် ဖြစ်တော်မူသည်၊ ဘွဲ့တော်မှာ အရှင်ဇလိန္ဒ ဖြစ်သော်လည်း ဇနိန္ဒ ပဏ္ဍိတ ဟူ၍ မှားရေးတတ်ကြသည်၊ သာသနာပိုင်သက် (၄)လသာ ရှည်ခဲ့သည်၊ ၁၂၉၁ ခုနှစ် ကဆုန်လမှာ သာသနာပိုင်ဖြစ်သည်၊ ဝါဆိုခေါင်လ သုဟ် (၁) ရက်နေ့မှာ ပျံတော်မူလေသည်။

ပစ္စိမာရုံဆရာတော် သာသနာပိုင်ဖြစ်ခြင်း

ချမ်းသာကြီး ဆရာတော် ပုံလွန်တော် မူပြီးနောက် ၁၂၉၄ ခုနှစ် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်၌ စည်းဝေးသော ဂိုဏ်းလုံးဆိုင်ရာ ရှေကျင် အစည်းအဝေးကြီးက ရှောဘိုနယ် လှတောကြီးဆရာတော်ကို ဥက္ကဋ္ဌ မဟာနာယက (သာသနာပိုင်) တင်မြှောက်ကြသည်၊ ဆဋ္ဌ သာသနာပိုင် ဖြစ်၏၊ ဤ လှတောကြီး ဆရာတော်သည် ၁၂၁၃ ခု၊ ဝါခေါင်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီ၊ မိနစ် ၅၀၊ ၃ စက္ကန့်တွင် ဖွားမြင်သည်ဖြစ်၍ သာသနာပိုင် တင်မြှောက်သော ၁၂၉၄ ခုမှာ အသက် ၈၁ နှစ်ပင် ရှိနေပြီ။

(၁) ကျိုက်လတ် ပစ္စိမာရုံ ဆရာတော် အရှင်ကေလာသ။
(၂) မဟာဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာတော် အရှင်ကောဿလ္လာဘိဝံသ။
(၃) မဟာဝိသုဒ္ဓါရုံ တိုက်ကြပ်ဆရာတော် အရှင်စန္ဒာဘိဝံသ။
(၄) အဘယာရာမ ရှေဂူတိုက်ဆရာတော် အရှင်အဂ္ဂမဟာဘိဝံသ။

ဤလေးပါးတို့ကို တဲ့ဖက်ဥက္ကဋ္ဌက မဟာနာယက တင်မြှောက်ကြသည်။

လှတောကြီးဆရာတော်က မိမိမှာ သက် ရှယ်ကြီးမြင့် ရင့်ရော်နေပြီဖြစ်၍ ဂိုဏ်းဂဏတာဝန်ကို ဆောင်ရွက်နိုင်စွမ်း မရှိတော့သဖြင့် ရှေကျင်ဂိုဏ်းကြီး၏ တာဝန်ကို ဗဟိုဌာနကနေ၍ ဆောင်ရွက်ကြရန် လွှဲအပ်တော်မူလေသည်။

သို့ လွှဲအပ်လိုက်သဖြင့် တဲ့ဖက်ဥက္ကဋ္ဌ မဟာနာယက လေးပါးအနက် အကြီးဆုံးဖြစ်သော ပစ္စိမာရုံဆရာတော်သို့ တာဝန်ပုံကျတော့သည်၊ ဂိုဏ်းဂဏ အစည်းအဝေး သမ္မုတိသံဃာထေရ်တို့ကလည်း ပစ္စိမာရုံဆရာတော်ကို ဥက္ကဋ္ဌ မဟာနာယက (သာသနာပိုင်)အဖြစ် တင်မြှောက်လိုက်သည်ဖြစ်၍

ပစ္စိမာရုံ ဆရာတော်ကြီးသည် ၁၂၉၄ ခု၊ ဝါဆိုလဆန် ရှေကျင်ဂိုဏ်းကြီး၏ ဥက္ကဋ္ဌ မဟာနာယက (သာသနာပိုင်) ဖြစ်လေတော့သည်။ သတ္တမ သာသနာပိုင် ဖြစ်၏။

ယိုးဒယားသို့ ကြွခြင်း

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုမတိုက်သည် အစဉ်အဆက် ရှေကျင်ဂိုဏ်းကြီး၏ ဗဟိုဌာနဖြစ်လာခဲ့၏၊ ဂဏဥက္ကဋ္ဌ (သာသနာပိုင်)ဖြစ်သော ပုဂ္ဂိုလ်သည် ဗဟိုဌာနဆန် သီတင်းသုံးလာခဲ့၏၊ ထိုကြောင့် ပစ္စိမာရုံ ဆရာတော်ကြီးသည် မဟာဝိသုဒ္ဓါရုမတိုက်၌ ဝါဆိုရလေသည်။

ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီးကို ၁၂၉၄ ခု၊ ဝါဆိုလ၌ ပြုလုပ်၏၊ ယင်း အစည်းအဝေး၌ ပစ္စိမာရုံ ဆရာတော်ကြီးကို ဥက္ကဋ္ဌ မဟာနာယက (သာသနာပိုင်)တင်မြှောက်လိုက်သည်ဖြစ်၍ ဆရာတော်ကြီးမှာ ကျိုက်လတ်ပစ္စိမာရုံသို့ ပြန်ကြွရန် အချိန်မရှိတော့ပေ၊ ဝါဆိုချိန် ကပ်နေပြီဖြစ်၍ နောက်ပါ တပည့်တို့ကိုသာ ပြန်လွှတ်လိုက်ရလေသည်။

ပစ္စိမာရုံ ဆရာတော်ဘုရားကြီး ရှေကျင်နိကာယ သာသနာပိုင်ဖြစ်သော ထိုနှစ်မှာပင် ယိုးဒယားက ပင့်၏၊စင်စစ် ရှေကျင်နိကာယသတင်း ယိုးဒယား၌ ပျံ့သင်းနေသည်ဖြစ်၍ မိမိတို့နိုင်ငံ၌လည်း ယင်း အဆက်အနွယ် တည်ရှိပြန့်ပွားစေလိုကြ၏၊ ယင်း အလို့ကို ပြည့်ဝစေရန် အားခဲလာခဲ့ကြရာ ပစ္စိမာရုံဆရာတော်ကြီး သာသနာပိုင်ဖြစ်သော နှစ်မှာ ပိုမိုအားတက်လာ၍ ရှေကျင်ဂိုဏ်း သာသနာပိုင်ကို ပင့်ကြလေတော့သည်။

ထိုနှစ် ပြာသိုလဆန်း ၄ ရက်နေ့မှာ ယိုးဒယားသို့ ကြွရလေသည်၊ ကြွရခြင်းမှာ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့၌ 'ဝပ်ပလုတ်'ခေါ်သော မြန်မာဘုန်းကြီးကျောင်း ရှိ၏၊ ဒါယကာတို့က ယင်းကျောင်း၌ သီတင်းသုံးနေသော သရာတော် ဦးဝိလာသနှင့် ညီနှင်းကာ သိမ်သမုတ်ရန် ရှေကျင်ဂိုဏ်း သာသနာပိုင်ကို ပင့်ခြင်းကြောင့် ဖြစ်သည်။

ယင်းပင့်လျှောက်ချက်အရ နောက်ပါ မန္တလေး ဝိသုဒ္ဓါရုံတိုက်မှ စည်ရှင် ဆရာတော် ဦးကောသလ္လ၊ တောင်ငူဝိသုဒ္ဓါရုံတိုက်မှ ဦးကုဏ္ဍလ တို့နှင့်အတူ သာသနာပိုင် ပစ္ဆိမာရုံ ဆရာတော်ကြီးသည် ယိုးဒယားသို့ ကြွတော်မူလေ၏။

ကြွစဉ်က လာရောက်ပင့်ဆောင်သော ဒါယကာတို့နှင့်အတူ ရန်ကုန်မှ သင်္ဘောဖြင့် ပီနံသို့ ကြွ၏၊ ပီနံရောက်ပြီး တဖက်ကမ်းသို့ကူး၍ မီးရထားဖြင့် ဘန်ကောက်သို့ ကြွရလေသည်၊ လမ်းတလျှောက်မှာ အကြိုအထောက်တို့နှင့် အဆင်ပြေအောင် စီစဉ်ထားကြကုန်၏။

ဘန်ကောက်မြို့သို့ ရောက်သော အခါ ကြီးကျယ်စွာ ကြိုဆိုကြ၏၊ ဘန်ကောက်သို့ ရောက်ပြီး သိမ်သမုတ်ခြင်းနှင့်တကွ သာသနာရေးကိုစွ အဝဝတို့ကို မလပ်မအားရအောင် ဆောင်ရွက်တော်မူကြကုန်၏၊ ကိုစွ ခပ်သိမ်း ပြီးစီး၍ မြန်မာပြည်သို့ ပြန်ကြွသောအခါ၌မူ ပင့်လာခဲ့စဉ်ကကဲ့သို့ ရေလမ်း ကုန်းလမ်း ခရီးတို့ဖြင့် မပို့ကြမူ၍ ဆရာတော်ဘုရားကြီးများ ပင်ပန်းခြင်း မဖြစ်စေရန် စီစဉ်ပို့ဆောင်ပေးသော သီးသန့်လေယာဉ်ဖြင့် ချမ်းမြေ့သာယာစွာ ကြွရလေသည်။

လေယာဉ်ကို အထူးမှမ်းမံ ထား၏၊ ဆရာတော်များ စိတ်မချမ်းမြေ့ဖွယ် လုံးဝ ကင်းအောင်နှင့် အတတ်နိုင်ဆုံး ကောင်းမွန်အောင် ဖန်တီး ဆင်ယင် ထားကြကုန်၏၊ လေဆိပ်၌ ထူထဲလှသော ပရိသတ်ကြီးက သောင်းသောင်း ဖြဖြ ဖူးမြော်ပူဇော်ကြ၏၊ အကမျိုးစုံ မကျန် အစွမ်းနိုင်ဆုံးသော ပူဇော် ခြင်းဖြင့် ပူဇော်ကြကုန်၏၊လေဓရိုးဖြင့် ရန်ကုန်သို့ ရောက်လာ၏၊ လေဆိပ်သို့ ရောက်သောအခါမှာ ရဟန်းရှင်လူ အပေါင်း သောင်းသောင်းအုတ်အော် ပူဇော်ကြိုဆိုကြလေကုန်၏။

ဥဒါန်း

(၃) ပစ္ဆိမာရုမိဂဏာဝ၀ိ၊ ပတိလက်ာ နိ၀ါသိနံ။
သျှာမဒေသိန ပျတ္ထာကာ၊ ကာကထာ သကဒေသိနံ။ ။

ပစ္ဆိမဘုရံတိုက်ခဲ့ ကျောင်းခဲ့များ

ဒုတိယ ပစ္ဆိမဘုရံ ဆရာတော်ကြီး၏ သာသနာပြု လုပ်ငန်းသည် အခြေခံ ကြည်လင် သန့်ရှင်းမှုနှင့် သတ္တိ ဂုဏ်ရည် ပြောင်မြောက်မှုတို့ကြောင့် တနေ့တခြား အရှိန်အဟုန်တိုးတက်လာ၏၊ ဆရာတော်ကြီး၏ ဂုဏ်သတင်း သည် မြေမဆန့်တမျှ သင်းပျံ့လျှံလာ၏၊ ထိုကြောင့်ပင် ဆရာတော်ကြီး၏ သြဝါဒကို ခံယူလိုသော ရဟန်း ရှင် လူ မျှားပြားလာသည်အားလျော်စွာ ရပ်ရွာ နယ်ပယ် မျှားစွာတို့က ဆရာတော်ကြီးအား ကျောင်းကန် တိုက် တာတို့ကို အပ်နှင်းလာကြလေကုန်၏။

ဆရာတော်ကြီးအား အပ်နှင်း၍ ဆရာတော်ကြီး၏ အအုပ်အချုပ် လက်အောက်ခံ ကျောင်းခဲ့ဘို့ကား မနည်းလှ၊ ဤ၌ သိရသမျှကို ဖော်ပြ ပါမည်။

(၁) ကျိုက်လတ်မြို့ ဃောသိတာရုံကျောင်း၊
(၂) ။ ပညာဇေယျုံကျောင်း၊
(၃) ။ ဇေတာဝန်ကျောင်းတိုက်၊
(၄) မြင်းမူနယ် ကျောဉ်မင်းရွာ ရှေကျင်ဝံသာရုံကျောင်းတိုက်၊
(၅) ။ သမန်းအေးရွာ အမတာရုံကျောင်း၊
(၆) ။ သမန်းအေးရွာ မစိုးရိမ်ကျောင်း၊
(၇) ကျိုက်လတ်နယ် ကျုံသိရွာ အဘိသီတာရုံကျောင်း၊
(၈) ။ စာပြုရွာသုနန္ဒာရုံကျောင်း၊
(၉) ။ ပဲခိုးစုရွာအတိသီတာရုံကျောင်း၊
(၁၀) ။ မင်ဇံစုရွာသုခိတာရာမကျောင်း၊
(၁၁) ။ ကတ်ကရုံရွာ ဥတ္တရာရုံကျောင်း၊
(၁၂) ။ ဘိုးတော်ဂနိတ်ရွာ သာသနာ့ရောင်ခြည်ကျောင်း၊
(၁၃) ။ မင်းခြံစု ရွာကျောင်း၊

(၁၄) ကျိုက်လတ်မြို့နယ် ကလတ်ယပ်ရွာ ထူပါရုံကျောင်း၊
(ကုလားရပ်ရွာ ဟူ၍လည်း ရေးကြသည်)
(၁၅) ရန်ကုန် တာဝမွေ ပစ္ဆိမာရုံကျောင်းတိုက်(အကြောင်းကို သီးသန့် ဖော်ပြထားသည်)
(၁၆) တုံဃတား ကျိုက်လတ်တောရကျောင်းတိုက် (သီးသန့် ဖော်ပြ ထားသည်)
(၁၇) စစ်ကိုင်းတောင်ရိုး တောင်စဉ်တိုက် ကျိုက်လတ်ချောင် (အကြောင်းကို သီးသန့် ဖော်ပြထားသည်)

ကျိုက်လတ်မြို့နယ်မှ ဘုံဒလိတ်ရွာကျောင်း၊
" ပန်ပဲစုရွာကျောင်း၊
" ကညင်ဝရွာကျောင်း၊
" ပန်ပဲစု၌ ဥတ္တရာရုံကျောင်း၊

ဤကျောင်း ၄-ကျောင်းတို့ကား ပစ္ဆိမာရုံကျောင်းတိုက်မှ သံဃာ ပိုမ္ပကို ဆက်မလုပ်၍ ယခုအခါ အညနိကာဃယဝင်ကျောင်းအဖြစ်သို့ ရောက်နေကြလေသည်။

ဦးဖိုးလှိုင် ၁၀၀-ကျပ်

တနေ့သောအခါ ဆရာတော်ကြီး၏ ဒကာရင်းတဦးဖြစ်သူ ဦးဖိုးလှိုင် ရောက်လာ၍ ဆရာတော်ကြီးက ခုဒ္ဒသိက္ခာ နိဿယကို ဒုတိယအကြိမ် ပြန်လည်ပုံနှိပ်လိုကြောင်း အမိန့်ရှိလေသည်။

ဦးဖိုးလှိုင်သည် စကားကက်ကတ် ဆန့်ကျင်ဘက်ပြောတတ်သောအလေ့ ရှိသတဲ့၊ လက်ဦး ဆန့်ကျင်ဘက်ပြောပြီးမှ နောက် တဒိုဒိုအိ အဆင်ပြေသော သူ ဖြစ်၏၊ အဆင်ပြေသွားလျှင် သဒ္ဓါတရား အလွန်တက်ကြွသူဖြစ်သည် ဟူ၏။

ဦးဖိုးလှိုင်က လျှောက်သည်၊ "ရှေးကရှိနေတဲ့ ကျမ်းဂန်တွေကိုပဲ ကျွန်အောင် ကြည့်ပါ၊ သင်ကြား ပို့ချကြပါဦးဘုရား၊ သင်လို ကြည့်ရှုပို့ချလို့မှ မကျွန်နိုင်လောက်အောင် ကျမ်းဂန်တွေ များနေပါလျက် ဟိုစာအုပ် ထုတ်ချင်၊ သည်စာအုပ် ထုတ်ချင်နှင့် လူတွေ စီးပွားကျပ်တည်းရတဲ့အထဲ စာအုပ်တွေထုတ်နေဖို့ မကောင်းပါဘူး၊ ထုတ်မနေပါနဲ့ဘုရားဟု လျှောက်သတဲ့။

ဆရာတော်ကြီးက ဦးဖိုးလှိုင်ကို ဆူတော့သည်၊ ဒကာဖိုးလှိုင် စာတလုံးဘုရားတဆူဆိုတာ နားလည်ရဲ့လား၊ ရှေးက ပါဠိတော်တွေ ရှိလာခဲ့တယ်၊ နောက်ခေတ် ရောက်လာတဲ့အခါ အဲဒီပါဠိတော်တွေကို နားမလည် ဖြစ်လာလို့ အဖွင့် အဋ္ဌကထာရယ်လို့ ဖြစ်လာရတယ်၊ တခါ အဋ္ဌကထာလောက်နှင့်မှ နားမလည်နိုင်လို့ ဋီကာလို့ ဖြစ်လာရတယ်၊ နောက်နောက်ခေတ်မှာ ဋီကာလောက်နှင့် နားမလည်နိုင်လို့ နိဿယတို့ ဂဏ္ဌိတို့ ဒီပနီ ဝိဘာဝနီ စတဲ့ အဓိပ္ပာယ်အဖွင့်ကျမ်း အမျိုးမျိုး ရေးလာကြရတယ်၊ သည်လိုမှ ရေးမလာကြယင် နောက်ပုဂ္ဂိုလ်တွေ မသိနားမလည်တဲ့အတွက် ပရိယတ္တိသာသနာ ကွယ်မယ်၊ မူလဖြစ်တဲ့ ပရိယတ္တိသာသနာ ကွယ်ယင် ပဋိပတ္တိရော ပဋိဝေဓပါ ကွယ်တော့မယ်၊ ဒါကြောင့် ကျမ်းတကျမ်း စာတလုံးဟာ ဘုရားတဆူနှင့် တူတယ်လို့ ဆိုတယ်၊ ဒကာ ဖိုးလှိုင်လို့ ရှေးက ကျမ်းတွေရှိပြီးသားမို့ နောက်ထပ် ကျမ်းမပြုရတော့ဘူးလို့ဆိုယင် ပရိယတ္တိသာသနာ ကွယ်ပြီးရော့မယ် စသည်ဖြင့် ဆရာတော်ကြီး ဆူပူမြည်တွန် မိန့်ဆိုလေသည်။

ဦးဖိုးလှိုင်က "ငဖိုးလှိုင်လဲ ဒီလောက်တော့ နားလည်ပါတယ်ဘုရား၊ ဒါပေမယ့် ဆရာတော်ရဲ့ အမြည်အတွန် မခံရတာကြာလို့ လျှောက်တာပါဘုရား ဟု လျှောက်ကာ စာအုပ်တန်ဖိုး ဘယ်လောက်ပဲရှိရှိ ဒကာဖိုးလှိုင် ၁၀၀-ကျပ်နှင့်တန်တဲ့ စာအုပ်ကို လှူပါတယ်ဘုရားဟု လျှောက်ကာ ဝတ္ထုငွေ ၁၀၀-ကျပ်ကို ကပ်ပြီးထံ အပ်နှံ လှူသွားလေသည်။

စင်စစ် ဒါယကာ ဦးဖိုးလှိုင်သည် သဒ္ဓါတရား ခေါင်းပါးသူမဟုတ်၊ သဒ္ဓါတရားနှင့် ပြည့်စုံသူ ဖြစ်သည်၊ ကျောင်းကန် ဆရာသမားတို့၏ ကိစ္စ၌ ရှေတန်းမှနေ၍ လှုဒါန်းနေသောပုဂ္ဂိုလ် ဖြစ်သည်၊ သို့သော် သူ့ဝါသနာက ဂွကျကျကလေးပြောလိုက်ရမှ အာသာပြေ တင်းတိမ်သော ဝါသနာ ဖြစ်လေသည်။

ပစ္စိမာရုံဆရာတော်ကြီး ပြုစုခဲ့သော ကျမ်းများ

ပစ္စိမာရုံ ဆရာတော်ဘုရားကြီးသည် ကျမ်းများကို ပို့ချသောအခါ ပို့ချချက်တို့ကို ပျောက်ပျက်မသွားရစေရန် တပည့်တို့ကို အရေးခိုင်းလေ့ရှိ၏။ ဤသို့ အရေးခိုင်းခြင်းဖြင့် စာမှန် အနက်မှန် မပျောက်ရုံသာမက စာတက် တပည့်တို့၌လည်း မျှားစွာ အကျိုးတိုးတက် ထွန်းကားလေသည်။ ဤသို့ ပို့ချယင်း ရေးသားသွားသော နိဿယကျမ်းကြီးများနှင့် အထွေထွေသိထားရန် လိုအပ်သော သာသနာတော်၌ အထောက်အကူဖြစ်မည့် ကျမ်းတို့ကိုလည်း ရေးသားလေ့ရှိလေသည်၊ ဒီကျဉ်းချုပ်၍ ဆရာတော်ကြီး၏ ဂ ကိုယ်တော်လက်ရာ ကျမ်းတို့ကို ထုတ်လိုက်ပါမည်။

(၁) ဂန္ဌာဘရဏဋီကာ နိဿယ၊
(၂) ဝိဘာဝနီဋီကာ နိဿယ၊
(၃) ကခ်ီအဋ္ဌကထာ နိဿယ၊
(၄) ခုဒ္ဒသိက္ခာ မူလသိက္ခာ နိဿယ၊
(၅) ကစ္စည်း နိဿယ၊
(၆) ဗျာကရဏစာဆုံးကျမ်း၊
(၇) ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ နိဿယ (ပါဒုတ)
(၈) ပါတိမောက္ခဝိဘာဝနီ၊
(၉) ဝိနယဝိဘာဝနီ၊

(၁၀) ဝိနယမဇ္ဈိုသက၊
(၁၁) အဘိဓမ္မာအဆီခဲ မဂ်လာအဆီခဲ၊
(၁၂) ပဟဋ္ဌဘေဒနီကမ္မဋ္ဌာန်း၊
(၁၃) အနတ္တကမ္မဋ္ဌာန်း၊
(၁၄) ပါရမီမဇ္ဈိုသက၊
(၁၅) ကုမာရသိက္ခန၊
(၁၆) မူလဒီပနီ–စသည်တို့ ဖြစ်ကုန်၏။

ထိုပြင် ထိုမှ ဤမှ မေးလျှောက်၍ ဖြေဆို ဆုံးဖြတ်သော အဆုံးအဖြတ်ပေါင်းလည်း အမြောက်အများ ရှိကုန်၏၊ ထိုပြင် ပုံနှိပ်အဖြစ်သို့ မရောက်သေးပဲ ပျောက်ပျက်ကုန်သော ကျမ်းတို့လည်း များစွာပင်။

ဤနေရာ၌ ယူကျုံးမရ နှမြောတသဖွယ် ကောင်းလှသော ပျောက်ဆုံးမှုတခုကို ဖော်ပြပါမည်။

ဆရာတော်ကြီးသည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နိဿယကြီးကို ရေးသားခဲ့၏၊ ပထမ ဒုတိယ တတိယ ဟူ၍ ကျမ်းတဲ့သုံးတဲ့ ခွဲလျက်ရှိရာ ပထမတဲ့နှင့် ဒုတိယတဲ့တို့သည်ကား ပုံနှိပ်ပြီး၍ လူထုမျက်မှောက်သို့ ရောက်ခဲ့ကြရလေသည်၊ တတိယတဲ့ကိုကား ပုံမနှိပ်ရသေးပေ။

ယင်း တတိယတဲ့ လက်ရေးမူကို ဆရာတော်ဘုရားကြီးစာကို အလွန်မြတ်နိုးသော အရေးပိုင် ဦးဖိုးစက ဆရာတော်ဘုရားကြီးထံမှာ လျှောက်ထား၍ ယူကြည့်နေသည်၊ နောက် အရေးပိုင် ဦးဖိုးစက ပြန်ပို့ရန် ကျိုက်လတ်ဦးရှိသော သားမက်ထံ ပို့လိုက်သည်၊ ယင်းစာမူသည် ပစ္ဆိမာရုံ တိုက်သို့ ရောက်သည်၊ ဆရာတော်ကြီး၏ လက်ရုံး ဝေယျာဝစ္စကြီး တပါးက ပုံနှိပ်မှန် ပုံနှိပ်တိုက်သို့ ပို့လိုက်သည်၊ ကာလလည်း ကြာသွားပြီ၊ ပို့လိုက်သောတိုက် သုခမွဝတီလား၊ ဟံသာဝတီလား ဟူ၍ပင် မမှတ်မိတော့ပေ၊ တိုင်းပြည်လည်း စစ်ဘေး စစ်ဒဏ်ကြောင့် ပျက်ခဲ့ရပြီ၊ ခေတ်အမျိုးမျိုး

ကိုလည်း ကျော်လွှားခဲ့ရပြီ၊ လူဟောင်းကြီးများလည်း ကွယ်လွန်ကုန်ကြပြီ၊ ယင်းစာမူကို အသို့ ရှာတောဲ့အံ့နည်း။

ယင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နိဿယကြီးကို မကျဉ်းမကျယ် အဓိပ္ပာယ် ပေါ်စေသော အနက်ပေးနည်းဖြင့် စီရင်ထားအပ်သောကြောင့် ပရိယတ္တိ ပဋိပတ္တိ နှစ်နယ်လုံးက ပုဂ္ဂိုလ်များ လိုလား နှစ်သက်ကြကုန်၏၊ ပြန်လည် ပုံနှိပ်မည်ဆိုလျှင်လည်း ခေတ်လက်တို့က ခပ်သွက်သွက်ကောက်ယူခြင်းကို ခံကြရမည့် ကျမ်းတို့ ဖြစ်ကြကုန်၏၊ သို့သော် တဲ့မစုံသောပြဿနာက ကြားက ခံနေသောကြောင့် ထပ်မံ ပုံနှိပ်ရန် အခက် ဖြစ်နေရလေသည်။

ဆရာတော်ဘုရားကြီးသည် စာပေရှင်းချက် အဆုံးအဖြတ်ကို ရေးရာ၌ မဟာဝိသုဒ္ဓါရုမ ဆရာတော်ဘုရားကြီး၏ တပည့် ဟု ထုတ်ဆိုနေစရာမလို၊ တိုတိုစိစိနှင့် လိုရင်းသို့ရောက်အောင် ဖိုတတ်လေသည်၊ ကြည့်ပါ၊ အများ မျက်စိအောက်မှာ ဖုံးနေသောအရာကလေးတခုကို ဆရာတော်ကြီး ဖော်ပြ ထား၏။

"သမ္မာသဒ္ဒါ ရှေသုတ်အလို ရဿပုဒ်ရင်း၊ နောက်သုတ်အလို ဒီဃပုဒ်ရင်း နှစ်သုတ် မညီကြ" ဟူ၍ ဖြစ်၏။

(ပစ္ဆိမာရုံကစ္စည်း နိဿယ ရဿံသုတ် အဖွင့်)

ဒီဃံ၊ သုတ်ဖြင့် နောက်ဗျည်းကြောင့် ရှေသရကို ဒီဃပြု ဟူရာ၌ သမ္မာ ဓမ္မံ ရုပ်ပြီးကို ထုတ်ပြ၏၊ ဤအလို ရဿနှင့် "သမ္မ"သည် ပုဒ်ရင်း ဖြစ်၏။

နောက် ရဿံသုတ်ဖြင့် နောက်ဗျည်းကြောင့် ရှေသရကို ရဿအပြုကို ဆိုရာ၌ ကွစိရုပ် ရဿမပြုရသောပုံစံအဖြစ် ယင်း"သမ္မာ"ကိုပင် ပြပြန်၏၊ ဤအလို ဒီဃနှင့် "သမ္မာ"သည် ပုဒ်ရင်းဖြစ်နေ၏၊ ဤသို့ အထုတ်မညီ ဖြစ်ခဲ့သော ကစ္စည်းပြယုဂ်ကို ဆရာတော်ကြီး အတိုကောက်၍ ထောက်ပြ လိုက်၏။ (ပစ္ဆိမာရုံကစ္စည်း နိဿယသစ်၌ ရှုပါ)

ဆရာတော်ကြီး ရေးသား မိန့်ဆိုပုံတို့သည် တိုတောင်းသည်ဟု ထင်ဖွယ် အချိုနေရာ၌ ရှိနေသော်လည်း အဓိပ္ပာယ်မသိနိုင်လောက်အောင် မြုပ်သည်ကား မဟုတ်၊ အချိုနေရာ၌ တိုသောကြောင့်ပင် ကောင်းနေသည်ကို တွေ့နိုင်လေသည်။

တိုတိုစိစိနှင့် အဖိုးတန်လှသော အဆုံးအဖြတ် အမှာအထားတို့ကို သုံးတတ်၏၊ စကားနည်းသော်လည်း အဖိုးတန်ပုံကို ကြည့်ရာ၏၊ သန္ဓိ "အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော"သုတ်ပုံစံ၌ အနုပဃာတော ပါ၏၊ ယင်းစကားနှင့် ပတ်သက်၍ ဆိုထားပုံ–

"ချာသ၌ အနုဥပဃာတော"ဟု ပုဒ်ဖြတ်၏၊ နန်းကျောင်း နိဿယ၌ အဖန်တလဲလဲ ကပ်၍ညှဉ်းဆဲခြင်း ဟု အနက်ပေး၏၊ "အနုပဝါဒေါ အနုပဃာတော၊ ပါတိမောက္ခေစ သံဝရော"ဟူသော သြဝါဒပါတိမောက်ဂါထာနှင့် မညီ၊ ဤမှတပါး အနုပဃာတော ပါဠိတော်ရှိလျှင် သင့်ပေလိမ့်မည် ဟူ၍ မိန့်ဆိုထား၏။ (ဗျာကရဏစက္ခုကျမ်း)

အနုပဃာတော၊ သူတပါးတို့ကို မညှဉ်းဆဲ မနှိုက်စက်ရန် ဟောသော ပါတိမောက်ဒေသနာ ဖြစ်ပါလျက် အဖန်တလဲလဲ ကပ်၍ညှဉ်းဆဲခြင်း ဟု အနက်ပေး၍ အသို့ ဖြစ်ချေအံ့နည်း ဟူသော သဘောကို ဆရာတော်ကြီး ထောက်ပြထား၏။

အဆိုတခု သုတပ္ပားစရာကိုလည်း ထုတ်ပြတော်မူပါသေး၏။

"စာကိုယ်၌ "သတ္ထာရာ"ရှိ၏၊ ချာသ၌လည်း "အာရ"ပြု၍ အာကို ဣတ္တိလိင်မဟုတ်သောကြောင့် "ဃ"မမှည့်ရဟု ရုပ်တွက်၏၊ 'ဘာရာ' ရှိလျှင် အာကာရန္ဒ ပုလ္လိင်ဖြစ်၍ ကိ ရုပ်နှင့် သာ၍လိုက်၏၊ သာရာ၏အနက်ကို သဘောမဝိုက်မိ၍ "သတ္ထာရာ"ပြင်ကြဟန်ရှိ၏၊ သတ္ထာရာဖြစ်နေမှ ဒေသိတော အယံ ဓမ္မောကို ထည့်ကြဟန်တူ၏ ဟု ဝိသုဒ္ဓါရုံတိုက် ပညာရှိ စာချဆရာများ ကြံစည်ကြသည်။"

(ပစ္ဆိမာရုံကစည်း နိဿယသစ် အာဃောသုတ်အဖွင့်)

သံသာသွေ့ကဝစနေသု စ၊ ဤသုတ်သည် ဣတ္ထိလိင်ကို ဆိုသောသုတ် ဖြစ်သည်၊ ဤသုတ်ကိုထောက်၍ "သာဂမောသေ"ဟူသော ရှေးသုတ်ကို ပုလ္လိင် နပုလ္လိင်ဟု သိရ၏၊ ထို့ကြောင့် ဆရာတော်ကြီးက ယင်းသုတ်၏ပုံစံ ဒဏ္ဍီသကို တောင်ခေါ်ရှိသော ယောကျား နပုံးအား '၏'ဟူ၍ အနက် ပေး၏။ အလွန် တိကျပေသည်။

သံသာသွေ့ကဝစနေသုစ၊ သုတ်၌ အင်္ဂါသုံးရပ်ရှိ၍ ကိုယ်ရုပ်သုံးခုထုတ်၏၊ ယင်းသုံးခုအနက် သိသာလှပါလျက် မှားချက်နှာနေသော အရာတခုကို ဆရာတော်ကြီး ထုတ်ပြထား၏။

ဤသုတ် အင်္ဂါသုံးရပ်တို့တွင် တရပ်သည် ဝိဘတ်ကို ပြုထားသော သံ,သာ တို့ကြောင့် "သ" လာရသည်ဖြစ်ရာ၊ သို့သဝိဘတ်ပင် ဖြစ်သော်လည်း သံ,သာ အပြုမဟုတ်သောကြောင့် သ,မလာရသော ပုံစံသည် အဂ္ဂိမှ၊ အဂ္ဂိနော။ ပါဏိမှ၊ ပါဏိနောတို့သာ ဖြစ်သင့်၏။ သို့ပါလျက် "ဉာသ်ဌကား အဂ္ဂိနာ၊ ပါဏိနာဟူသော ပါဋ္ဌပျက်ကိုမြင်၍ နာဝိဘတ်နှင့် ရုပ်တူက၏"ဤသို့ သတိပေးကာ အမှန်ကို ညွှန်ထားပေသည်၊ ထို့ကြောင့် ဆရာတော်ကြီး စိရင်တော်မူအပ်ခဲ့သော ကျမ်းတို့၌ စကားအဆို တိုတောင်းသော်လည်း အနှစ်သာရ ပြည့်လျှံနေသည်ကို တွေ့ရကုန်၏။

ဥဒါန်း

(၄) ကတာနိ နေကသတ္တာနိ၊ ဒီပတုလျာနိ သာသနေ။
ရှေကျင်နိကာယမိပတိ၊ ပစ္စိုမာရုမသာမိနာ။ ။

(၅) ဝိနယေ သုတ္တာဘိဓမ္မေ၊ ပစေတ္ဌာန နယံ နယံ။
ဗျာကရဏော စ သုခတ္ထံ၊ သတ္ထုမန္ဒော ဂတံ ဂတံ။ ။

ပစ္စိမာရုမသာမိနာ ပါဠိယာသဟ အဋ္ဌကထာဒီအာစရိယဝါဒါနုရူပေါ နယော ပစေတ္တာန သတ္ထုံ ဂတန္တိ သမ္မဒေဝ၊ ပစေတ္တာန နယော နယောတိ ဝတ္တေ နယန္တိ လိင်္ဂဝိပွလ္လာသေန ဝုတ္တံ။ ယထာ ကလဟဝိဝါဒသုတ္တေ "ဝိဘဝံ ဘဝဠ္ဘာပိ ယမေတမတ္ထ"န္တိ၊ လိင်္ဂါနုဂတေန ပန "ဝိဘဝေါ ဘဝေါစာပိ ယော ဧသ အတ္ထော"တိ။

ရှေသက်ကျ ပစ္စိမာရုံ

ပစ္စိမာရုံ ဆရာတော်ကြီးသည် ဂိုဏ်းဂဏက ဂဏာဓိပတိ သာသနာပိုင်တင်မြှောက်ထားသည်ဖြစ်၍ ဗဟိုဌာနဖြစ်သော မန္တလေးမြို့ မဟာဝိသုဒ္ဓါရုမဌ် သီတင်းသုံးရသော်လည်း ကျိုက်လတ် ပစ္စိမာရုံကျောင်းတိုက်ကို လျစ်လျူပြုမထားပေ၊ အလှည့်အလည် သီတင်းသုံးတော်မူ၏၊ သာသနာပိုင်၏ တာဝန်အရပ်ရပ်ကို တဲ့ဖက်မဟာနာယကများက ဆောင်ရွက်ကြသည်ဖြစ်၍ ဆရာတော်ကြီးသည် ပစ္စိမာရုံကျောင်းတိုက်ဌပင် သီတင်းသုံးသည်ကသာ များလေသည်၊ အရှယ်တော်လည်း ရင့်လာပြီဖြစ်၍ ပရိယတ္တိကျမ်းဂန်ဖိုချမှဌ် အားလျှော့ကာ ဝိပဿနာဓုရဌ် စူးစိုက် အားတင်းလျက် ပစ္စိမာရုံတိုက်ဌ် သီတင်းသုံးနေယင်း သက်တော် ဂဝ-ကျော် ဇရာအဘွင်းသက္ကရာဇ် ၁၃၁၀-ပတ်ဝန်းကျင်မှာ ဗျာဓိလည်း တစတစ ချဉ်းလာလေသည်။

၁၃၁၀-ခုမှာ ဗျာဓိတရားက အပေါ်စီးရလာသဖြင့် ဆရာတော်ဘုရားကြီးဌ် နိဗ္ဗိဒါဉာဏ် ပိုရ၍ ပြင်းထန်ထက်မြက် တွန်းကန်ပိုလိုက်ချက်ကြောင့် မုစ္စိတုကမျတာဉာဏ် အထူး ထင်ပေါ်လာသည်အလျောက် ခန္ဓာဟောင်းပေါ်ဌ် လုံးဝ စုံမက်မှုမရှိ ဖြစ်လာသည်၊ မြန်မြန် ခန္ဓာဝန်ကို ချလိုစိတ်ပြင်းထန်နေပုံပေါ်သည်၊ ထို့ကြောင့်လည်း ပျံတော်မူလျှင် အလောင်းထည်ရန် အသင့်ပြုလုပ်ထားသော ခေါင်းတွင်းသို့ ဝင်ကျိန်းလေ့ရှိသည်၊ ပြင်ထားသော ကြာကလပ်သလွန်ပေါ်မှာ တက်ကျိန်းသည်စသော အပြု

အမှုတို့ကို ပြုကျင့်တော်မူလေသည်၊ အကျဉ်းထောင်မှ လွတ်လိုသောသူသည် မိမိထွက်ပေါက်လမ်းကို မြင်ရသောအခါ အလွန် အားရပျော်ရွှင်ဘိသကဲ့သို့ ခန္ဓာဟောင်းကို မလိုမုန်းတီးစိတ်ပြင်းထန်နေသော ဆရာတော်ကြီးသည် ခန္ဓာပြောင်းသောအခါ အသုံးပြုရန် စိမ်ထားသော ထိုသလွန်ခေါင်းတို့၌ နေရခြင်းကို အလွန် နှစ်လိုအားရခြင်း ဖြစ်ပုံပေါ်သည်။

၁၃၁၁-ခုသို့ ရောက်သောအခါမှာကား ဆရာတော်ကြီးသည် ရည်မှန်းချက် အလိုပြည့်ဝတော့သည် ဟု ဆိုမည်လား၊ ဝေဒနာ အပြင်းအထန် နှိပ်စက်တော့၏၊ ဆရာတော်ကြီးသည် သတိတော်အုပ် ထိန်းချုပ်လျက်ပင် သီတင်းကျွတ်လဆန်း ၁၀-ရက်နေ့၌ ပစ္ဆိမာရုံတိုက်တာနှင့် တပည့်ကြီးငယ် ဒါယကာ-ဒါယိကာမတို့ကို စွန့်ပယ် ရှောင်ရှားမြဲ ရည်မှန်းထားသော မနောမဏိမိအရ ကြွသွားတော်မူလေတော့သတည်း။

ပစ္ဆိမာရုံ သာသနာပိုင်ဆရာတော်ကြီး၏

သြဝါဒမျှား

ဆရာတော်ဘုရားကြီးသည် သက်တော် ၇၇-နှစ်ရောက်သောအခါမှစ၍ ကိစ္စအဝဝတို့ကို တပည့်ကြီးတို့အား လွှဲထား၍ တပါးတည်းသာလျှင် တရားကို နှလုံးသွင်းနေတော်မူလေသည်၊ ရံဖန်ရံခါ အဖူးအမြော် အကန်တော့ ရောက်လာကြသော ဒါယကာ-ဒါယိကာမတို့အား နှုတ်တက်၊ ရအောင် သင်ကြားပေး၍ ရှတ်ဆိုစေသည်၊ ရံဖန်ရံခါ လက်လှမ်းမီသလောက် တပည့် ဒါယကာတို့ကို စုရုံးစေ၍ ရက်ပိုင်းဖြင့် ဖြစ်စေ၊ လပိုင်းဖြင့် ဖြစ်စေ ငါးပါးသီလ လုံခြုံစေရန် အလှူခံတော်မူ၏။ ဆိုမည့် မေတ္တာပို့တို့ကို သင်ပေး ရှတ်ဆိုစေတော်မူလေသည်။

ဟိမဝန္တံ သုနိဿာယ၊ ဧေန္တိ သဗ္ဗသာလကာ။
မဟာဒါနံ သုနိဿာယ၊ ဧေန္တု ဓမ္မပါလကာ။

ဟိမဝန္တံ၊ ဆီးနှင်းဝေဖြာ ဟိမဝန္တာတောင်မင်းကို။ သုနိဿာယ ကောင်းစွာအမှီ ပြုရ ကုန်သည်ဖြစ်၍။ သဗ္ဗသာလကာ၊ ကြွင်းမဲ့ညီသုံ အလုံးစုံသော သစ်ပင်တို့သည်။ ဧေန္တိ ယထာ၊ ကြီးပွားရကုန်သကဲ့သို့။ တထာ၊ ပုံစံနှိုင်းယှဉ် ထိုအတူသာလျှင်။ မဟာဒါနံ၊ သီန်းတန် သန်းတန်မက ပါဏာတိပါတာ အစ ငါးဖြာငါးဝ ကြီးကျယ်သော မဟာဒါနကို။ သုနိဿာယ၊ ကောင်းစွာ အမှီ ရကြကုန်သည်ဖြစ်၍။ ဓမ္မပါလကာ၊ နယ်နှင့်တကွ ဓမ္မပါလ ကျိုက်လတ်မြို့သူ မြို့သား ကမ္ဘာသူ ကမ္ဘာသားတို့သည်။ ဧေန္တု၊ ပစ္စုပ်သံသာ နှစ်ဖြာအကျိုး တိုးတက်စည်ကား ကြီးပွားကြပါစေ ကုန်သတည်း။

စက္ကဝတ္တိ သုနိသာယ၊ ဧနွိ စာတုဒီပိကာ။
မဟာဒါနံ သုနိသာယ၊ ဧနွေ ဓမ္မပါလကာ။

စက္ကဝတ္တိ၊ ဘုန်းကံ ကြီးမား စကြာမင်းတရားကို။ သုနိသာယ ကောင်းစွာအမှီ ရကြကုန်သည်ဖြစ်၍။ စာတုဒီပိကာ၊ လေးကျွန်းသူ လေးကျွန်းသားတို့သည်။ ဧနွိ ယထာ၊ ကြီးပွားရကုန်သကဲ့သို့။ တထာ၊ သာလျှင်။ မဟာဒါနံ၊ ကို။ သုနိသာယ၊ ၍။ ဓမ္မပါလကာ၊ တို့သည်။ ဧနွေ၊ ကုန်သတည်း။

သုဇမ္ပတိ သုနိသာယ၊ ဧနွိ တာဝတိံသကာ။
မဟာဒါနံ သုနိသာယ၊ ဧနွိ ဓမ္မပါလကာ။

သုဇမ္ပတိ၊ သုဇာသက်နှင်း သိကြားမင်းကို။ သုနိသာယ၊ ကုန်၍။ တာဝတိံသကာ၊ တာဝတိံသာ နတ်မြို့သူ နတ်မြို့သားတို့သည်။ ဧနွိ၊ ယထာ၊ (ယခင်အတိုင်း ဆိုလေ။)

မဟာပြဟ္မံ သုနိသာယ၊ ဧနွိ ပြဟ္မကာယိကာ။
မဟာဒါနံ သုနိသာယ၊ ဧနွိ ဓမ္မပါလကာ။

မဟာပြဟ္မံ၊ မဟာပြဟ္မာမင်းကို။ သုနိသာယ၊ ကုန်၍။ ပြဟ္မကာယိကာ ပြဟ္မာငယ်အမျှားတို့သည်။ ဧနွိယထာ၊ (ယခင်အတိုင်းဆိုလေ)

ကပ်ကျော် မဂ်လာ သစ္စာလေးပါး သစ္စာပြုဖြင့်လည်း သစ္စာပြု ဆုတောင်းစေတော်မူသည်။

၁။ ရူပ်နာမ်ပရမတ်၊ တဖျတ်ဖျတ်အသေသည် ဒုက္ခသစ္စာပါတကား၊ အမှန်ကြီးတခုပါတကား။

၂။ ဒုက္ခသစ္စာကိုဖြစ်စေတတ်သော ရှေးဘဝကတဏှာသည် သမุဒယ သစ္စာပါတကား၊ အမှန်ကြီးတခုပါတကား။

၃။ ထိုနှစ်ပါးတို့၏ မဖြစ်ကြောင်း နိဗ္ဗာန်သည် နိရောဓသစ္စာ ပါတကား၊ အမှန်ကြီးတခုပါတကား။

၄။ နိရောဓသစ္စာကို ထိုးထွင်းမျှသိတတ်သော အကျင့်သည် မဂ္ဂသစ္စာ ပါတကား။ အမှန်ကြီးတခုပါတကား။

ဣမိနာ သစ္စကမ္မေန သုခိတာ ဟောန္တု ပါဏိနော။

ဣမိနာ သစ္စကမ္မေန၊ သိ ပယ် ဆိုက် ပွား လေးပါးယခု ဤသစ္စာ ပြုမှုကြောင့်။ ပါဏိနော၊ ဓမ္မပါလ ကျိုက်လတ်မြို့သူမြို့သား၊ နယ်သူနယ်သား၊ နိုင်ငံသူနိုင်ငံသား၊ ရဟန်းရှင်လူများနှင့်တကွ အစိုးရမင်းများတို့သည်။ သုခိတာ၊ ကပ်ဘေးလွတ်ကင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဆရာတော်ကြီးသည် ရုံဖန်ရုံခါ မိမိထံပါးသို့ ဆည်းကပ်ရောက်လာကြကုန်သော တပည့်ကြီးယေါ်တို့အား ဆုံးမသြဝါဒမိန့်ကြားတော်မူ၏။

သာသနံ အာလမ္မိတ္ဝာန၊ ပထမံ ဒုတိယံ တထာ။
တတိယံ အာလမ္မေယျာထ၊ သုခေတ္တေ ဗုဒ္ဓသာသနေ။

သုခေတ္တေ၊ အနာဂါမ်ခေတ် ရဟန္တာခေတ် ရှိသေးသည်ဖြစ်၍ ခေတ်ကောင်းကြီးဖြစ်ပေသော။ ဗုဒ္ဓသာသနေ၊ ဂေါတမနွယ်ဖွား ရှင်တော်ဘုရားကြီး၏ သာသနာ၌။ ပထမံ၊ ရှေးဦးစွာသော။ သာသနံ၊ အဓိသီလသိက္ခာသီလ သာသနာတော်မြတ်ကို။ အာလမ္မိတ္ဝာန၊ တံကဲပမာ ဆွဲမှီရာပြုကြကုန်သည်ဖြစ်၍။ ဒုတိယံ၊ နှစ်ခုမြောက်သော။ သာသနံ၊ အဓိစိတ္တသိက္ခာ သမာဓိသာသနာတော်မြတ်ကို။ အာလမ္မေယျာထ၊ တံကဲပမာ ဆွဲမှီရာပြုကြကုန်လော။ တထာ၊ ထိုအတူ။ ဒုတိယံ၊ နှစ်ခုမြောက်သော အဓိစိတ္တသိက္ခာ သမာဓိသာသနာတော်ကို။ အာလမ္မိတ္ဝာ၊ တံကဲပမာဆွဲမှီရာ ပြုကြကုန်သည်ဖြစ်၍။ တတိယံ၊ သုံးခုမြောက်သော။ သာသနံ၊ အဓိပညာသိက္ခာ ပညာ

သာသနာတော်မြတ်ကို၊ အာလမ္မေယျာထ၊ တံကဲပမာ ဆွဲမှီရာ ပြုကြပါကုန်လော။

ရထောပမာ။ ။ပထမာဒိအာဇကော်နေ၀၊ ရထမာရုယ္ဟ သာသနံ။
သာခုကံ ၀ေသေယျာထ၊ ၀ုဠုသန္ဓိ၀ေစာဂဟာ။

ပထမာဒိအကော်နေ၀၊ ပထမတန်းစသော လက်မှတ်ဖြင့်သာလျှင်။ ၀ါ၊ သမ္မာသမ္မုဒ္ဓဆုမြတ် ပထမတန်းလက်မှတ်၊ ပစ္စေကဆုမြတ် ဒုတိယတန်းလက်မှတ်၊ သာ၀ကဆုမြတ် တတိယတန်းလက်မှတ်ဖြင့်သာလျှင်။ သာသနံ၊ အုံ့ဖွယ်ရှစ်ဖြာ သာသနာတော်ဟူသော။ ရထံ၊ကြီးကျယ်ခမ်းနား မီးရထားကို။ အာရုယ္ဟ၊ တက်စီးကြကုန်၍။ ၀ုဠုသန္ဓိ၀ေစာဂဟာ၊ သိက္ခာကြီးမား သူတော်ကောင်း ဆရာတော်ကြီးများတို့၏ စကားကို နာယူကြကုန်လျက်။ သာခုကံ၀၊ ကောင်းစွာသာလျှင်။ ၀ေသေယျာထ၊ နေကြကုန်လော။ ၀ါ၊ နေနိုင်ကြပါစေကုန်သတည်း။

နာ၀ိကောပမာ။ ။နဇ္ဇော ပရိသုဝုဋ္ဌတ္တာ၊ မဟောဃေ၀ပိ သမာဂမေ။
ဥဇုကံ ဖိယာရိတ္တောဟိ၊ပါယာသိ နာ၀ိကော ယထာ။
ကတတ္တာ နာနာကမ္မာနံ၊ ဣဋ္ဌာနိဋ္ဌေ၀ပိ အာဂတေ။
ယောနိသောမနသိကတ္တာ၊ စရေယျ ပဏ္ဍိတော တထာ။

နဇ္ဇာ=နဒီယာ၊ ဟည်းဟည်းမြည်လတ် စီးသွားတတ်သည့် သကတ်ဂုဏ်ဟိတ် ကြောင်းနိမိတ်ကြောင့် နဒီနာမ အမည်ရသောမြစ်၏။ ဥပရိ၊အထက်ဒေသာ ရပ်အညာက။ သုဝုဋ္ဌတ္တာ၊ အလျင်ထန်သည်း မိုးကြီး ပြင်းစွာရွာသည်၏အဖြစ်ကြောင့်။ မဟောဃေ၊ လှိုင်းတံပိုးဟုန်ထ ကြီးမားလှသော ရေအလျဉ်သည်။ သမာဂမေ၀ပိ၊ ခကောင်းစွာ လာငြားသော်လည်း။ နာ၀ိ-ကော၊ ဦးကိုင်ပဲ့စီး လေ့သူကြီးသည်။ ဥဇုကံ၊ လမ်းမှန်မထောင့် ဖြောင့်

မတ်စ္ဌာသာလျှင်။ ဖိုယာရိတ္တေဟိ၊ တက်မ ထိုးဝါးတို့ဖြင့်။ ပါယာသိ ယထာ၊ လိုရာဆိပ်ကမ်း ရောက်စ္ဌမ်းနိုင်သကဲ့သို့။ တထာ၊ ထိုအတူ၊ နာနာဂကမ္မာနုံ၊ ထူးလည်ထွေလာ အဖြာဖြာသောကုသိုလ်ကံ အကုသိုလ်ကံတို့၏(ဝါ)တို့ကို။ ကတတ္တာ၊ ပြုအပ်သည်၏အဖြစ်ကြောင့်။ ဣဋ္ဌာနိဋ္ဌေ၊ အသွယ်သွယ် အဝဝ ဣဋ္ဌအနိဋ္ဌအာရုံသည်။ အာဂတေပိ၊ ရောက်လာငြားသော်လည်း။ ပဏ္ဍိတော၊ ကျိုးကြောင်းမြင်သိ ပညာရှိသည်။ ယောနိသော၊ အသင့်အားဖြင့်။ မနသိ ကတ္ဝာ၊ နှလုံးသွင်း၍။ စရေယ္ယ၊ ကျင့်စ္ဌမ်းနိုင်ရာ၏။

အတ္တနောဝ ဝသံ နေန္တာ၊ မာသဒါ ယန္တိ သံ ဝသံ။
ပရေသမ္မိ ဝသံ နေန္တာ၊ သဗ္ဗဒါ ယန္တိ သံ ဝသံ။
နာဝါနာဝါသု သဏ္ဌိတံ၊ ဖိယံ ဖိယံ သမူပမံ။
ကရ ကရ ဝ သမ္ဘုဒ်၊ စရေစရေယ္ယ သာဓုကံ။

အတ္တနောဝ ဝသံ၊ ကိုယ့်အလို ကိုယ့်ဆန္ဒ ကိုယ့်သဘောကျသို့သာလျှင်။ နေန္တာ၊ ဆဲ့ဆောင်ကုန်သောသူတို့သည်။ သဒါ၊ အခါခပ်သိမ်း။ သံ ဝသံ၊ ကိုယ့်အလို ကိုယ့်ဆန္ဒ ကိုယ့်သဘောကျသို့။ မာယန္တိ၊ မရောက်နိုင်ကြကုန်။ ပရေသမ္မိ၊ သူတပါးတို့၏လည်း။ ဝသံ၊ အလိုဆန္ဒ၊ သဘောကျသို့။ နေန္တာ၊ ဆောင်ကုန်သောသူတို့သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သံ ဝသံ၊ ကိုယ့်အလို ကိုယ့်ဆန္ဒ ကိုယ့်သဘောကျသို့။ ယန္တိ၊ ရောက်နိုင်ကြကုန်၏။

နာဝါနာဝါသု၊ ကြီးကြီးငယ်ငယ် သွယ်သွယ်ဝ၀ လှေသင်္ဘောဟူသမျှ ထို၌။ သဏ္ဌိတံ၊ ကောင်းစွာမသွေ တည်လျက်နေသော။ ဖိယံ ဖိယံ၊ ကြီးကြီး ငယ်ငယ် သွယ်သွယ်ဝ၀ တက်ဟူသမျှကို။ သမူပမံ၊ ကောင်းမွန်လှစွာ ဥပမာ ကို။ ကရံ ကရံ ဝ၊ ပညာမြော်ရှုကောင်းစွာပြု၍သာလျှင်။ သမ္ဘုဒံ သမ္ဘုဒန္တော၊ အကျိုးအကြောင်း အဆိုးအကောင်းကို ကောင်းစွာသိသောပညာရှိသည်။ သာဓုကံ၊ ကောင်းမွန်လှစွာ။ စရေ စရေယ္ယ၊ မသွေမဖင့် ပြုကျင့်ရာ၏။

ဆရာတော်ဘုရားကြီးသည် တခါတရံ မိမိ၏ ဇရာဒုဗ္ဗလ အရွယ်တော်ကျ၍ စာပေကျမ်းဂန်ကြည့်ရှုမှု၊ ရေးသားမှုတို့ကို မပြုနိုင်၍ သံဝေဂတရားပြင်းထန်စွာ ဖြစ်ပွားနေသည်အလျောက်၊ တပည့်ဒကာတို့ကို သံဝေဂဉာဏ်ပွားစေရန်ရည်သန်၍ သြဝါဒတရား မြွက်ကြားတော်မူပါသေး၏။

ဇိဏ္ဏာ စက္ခုစ သောတဉ္စ၊ နကိစ္စံ သုဝဟန္တိ မေ။
ဇိဏ္ဏောဝ သကဋ္ဌော ဘာရံ၊ သာယံ လောကဿ မမ္မတာ။

မေ၊ ငါ၏။ စက္ခုစ၊ မျက်စိသည်လည်းကောင်း။ သောတဉ္စ၊ နားသည်လည်းကောင်း။ ဇိဏ္ဏာ၊ ဆုတ်ယုတ်ယိုယွင်း အိုမင်း ကြကုန်သည်ဖြစ်၍။ ကိစ္စံ၊ ကြီးငယ်ကိစ္စ ဟူသမျှကို။ နသုဝဟန္တိ၊ ကောင်းစွာ မဆောင်ရွက်နိုင်ကုန်။ ကိမိဝ၊ ပမာပုံဆို အဘယ်လို နည်းဟူမူကား။ ဇိဏ္ဏော၊ ဆွေးမြည့်ယိုယွင်း အိုမင်းလေပြီးသော၊ သကဋ္ဌော၊ လှည်းရထားသည်။ ဘာရံ၊ ဝန်ကို။ နသုဝဟတိ ဣဝ၊ ကောင်းစွာမဆောင်နိုင်သကဲ့သို့ပေတည်း။ သာယံ၊ ဓမ္မတာ၊ ထိုသဘော တရားသည်။ လောကဿ၊ သတ္တလောကကြီး၏။ ဓမ္မတာ၊ သဘောတံတွာ ဓမ္မတာကြီးပါပေတည်း။

ဇိဏ္ဏာ အဒ္ဓိ နဟာရုစ၊ နကိစ္စံ သုဝဟန္တိ မေ။
ဇိဏ္ဏောဝ သကဋ္ဌော ဘာရံ၊ သာယံ လောကဿ ဓမ္မတာ။

မေ၊ ငါ၏။ အဒ္ဓိ နဟာရုစ၊ အရိုး အကြော တို့သည်လည်း။ ဇိဏ္ဏာ၊ ဆုတ်ယုတ်ယိုယွင်း အိုမင်းကြကုန်သည်ဖြစ်၍။ ကိစ္စံ၊ ကြီးငယ်ကိစ္စ ဟူသမျှကို။ နသုဝဟန္တိ၊ ကောင်းစွာ မဆောင်ရွက်နိုင်ကုန်။ ဇိဏ္ဏောဝ သကဋ္ဌော ဘာရံ စသည် ယခင်အတိုင်းဖြစ်၏။

ရုံဖန်ရုံခါ အကြီးအကဲလုပ်သူ ခေါင်းဆောင်ရှေ့ရှက် လုပ်သူဘို့ ရောက်လာတတ်ကြ၏၊ ထိုသူတို့အား အလျှဉ်းသင့်လျှင် ရာဇဝါဒဇာတ်တော်လာ ဂါထာတို့ဖြင့် သြဝါဒပေးတော်မူတတ်လေသည်။

ဂဝံ စေ တရမာနာနံ၊ ဥဇုံ ဂစ္ဆတိ ပုဂ္ဂေါ။
သဗ္ဗာ ဂါဝီ ဥဇုံ ယန္တိ၊ နေတ္တေ ဥဇုံ ဂတေ သတိ။
ဝေမေ၀ မနုဿေသု၊ ယော ဟောတိ သေဋ္ဌသမ္မတော။
သော သစေ ဓမ္မံ စရတိ၊ ပဂေ၀ ဣတရာ ပဇာ။
သဗ္ဗံ ရဋ္ဌံ သုခံ သေတိ၊ ရာဇာ စေ ဟောတိ ဓမ္မိကော။ ။

တရမာနာနံ၊ မြစ်ကို သက်ဆင်း ကူးသွားကြကုန်သော။ ဂဝံ၊ နွားအပေါင်းတို့တွင်။ ပုဂ္ဂေါ၊ ရှေ့ဆောင်နွားလားသည်။ စေ ဥဇုံ ဂစ္ဆတိ၊ အကယ်၍ကား ဖြောင့်ဖြောင့်သွားသည်ဖြစ်အံ့။ နေတ္တေ၊ ရှေ့ဆောင် နွားလားသည်။ ဥဇုံ ဂတေ၊ ဖြောင့်ဖြောင့်သွားသည်။ သတိ၊ ဖြစ်လတ်သော်။ သဗ္ဗာ ဂါဝီ၊အလုံးစုံသော နွားမတို့သည်။ ဥဇုံ ယန္တိ၊ဖြောင့်မတ်စွာသိုက်ကြကုန်၏။ဝေမေ၀၊ ဤအဟူသာလျှင်။ မနုဿေသု၊ လူတို့တွင်။ ယော ရာဇာ၊ အကြင်မင်းသည်။ သေဋ္ဌသမ္မတော၊ အကြီးအမြတ် သမုတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။သော ရာဇာ၊ ထိုမင်းသည်။ သစေ ဓမ္မံ စရတိ၊ အကယ်၍ကား တရားကျင့်သည်ဖြစ်အံ့။ ဣတရာ ပဇာ၊ မင်းမှတပါး အခြားသူတို့သည်။ ပဂေ၀၊ အဘယ်မှာဆင်ခြေ တရားမကျင့်ဟု ဆိုစရာ ရှိတော့အံ့နည်း။ ရာဇာ၊ မင်းသည်။ ဓမ္မိကော၊ တရားကျင့်သည်။ စေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ သဗ္ဗံ ရဋ္ဌံ၊ တနိုင်ငံလုံးသည်။ သုခံ သေတိ၊ သွားထိုင်ရပ်လျောင်းလေးပါးပေါင်းမှာ ချမ်းသာစွာ နေထိုင်ရသည်သာဖြစ်၏။

ဆရာတော်ဘုရားကြီးသည် အသက်ကယ်ရေး လွတ်ရေး ဇီဝိတဒါနမှုပြုခြင်းကို အထူးဆောင်ရွက်တော်မူ၏။ ဒေါ့ခွင့်ဒေါခါ ကြုံတိုင်း ကြုံတိုင်း

သေဘေးဆိုက်လုဆဲ ဖြစ်နေသော ငါးတို့ကို လွှတ်စေတော်မူ၏၊ သို့ လွှတ်သောအခါ ကိုယ်တိုင်လည်း ဆုတောင်း၏၊ တပည့်တပန်း ဒါယကာတို့ကိုလည်း ရွတ်ဆိုဆုတောင်းစေတော်မူ၏။

ဝ ၀ဝ ဝ ဝ ၀ဝ
မစ္ဆာနံ ဇီဝိတ ဒမ္မိ၊ မမ ဇီဝိတ ပစ္စယာ။
နိဗ္ဗာနသာစ အတ္ထာယ၊ ဟောတ္ဝေ ပါယမုတ္တကံ။

မမ၊ ကရုဏာပွား ဘုရားတပည့်တော်၏။ ဇီဝိတပစ္စယာ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ မျှားစွဲအသက် ပါရမီဆက်၍ ပွားရန်အတွက် တာရှည်မပျက်လိုသော အကြောင်းကြောင့် လည်းကောင်း။ နိဗ္ဗာနသာ၊ ခန္ဓာဝန်လက်စသိမ်း၍ ငြိမ်းအေးရာမှန် ပြည်နိဗ္ဗာန်၏။ အတ္ထာယစ၊ အကျိုးငှာလည်းကောင်း။ မစ္ဆံနံ၊ ငါးဟင်းဖြစ်ခါနီး ငါးကျော် ဖြစ်ခါနီး ကြီးကြီးငယ်ငယ် အသွယ်သွယ်သော ငါးသတ္တဝါ အပေါင်းတို့အား။ ဇီဝိတံ၊ တကိုယ်လုံးတွင် အချစ်ဆုံး အခင်ဆုံး အမြတ်နိုးဆုံးဖြစ်သော အသက်ဇီဝိတိန္ဒြေကို။ ဒမ္မိ၊ ပါဏာတိပါတာ ဝေရမဏိ ဟူသော သီလမက ဇီဝိတဒါနဖြစ်အောင် လှူဒါန်းပါ၏ အရှင်ဘုရား။ ဧဝံ ဣမိနာ ပုညကမ္မေန၊ ဤဇီဝိတဒါန ကောင်းမှုကုသိုလ်ကံကြောင့်။ အပါယမုတ္တကံ၊ ကြောက်စရာ လန့်စရာ ထိတ်စရာအရေး အပါယ်ဘေးမှ လွှတ်အေးချမ်းသာသည်။ ဟောတု၊ ယခုဘဝမှစ၍ နိဗ္ဗာန်ရသည်ဘဝတိုင်အောင် ဖြစ်ပါစေသတည်း။

ဆရာတော်ကြီးသည် လူတိုင်းလူတိုင်း မရဏာသတိ အမြဲရှိစေလိုသည်၊ လူတို့သည် သေရေးကိုမကွေး မရဏာသတိ ကင်းဝေးမှုကြောင့် လောဘ အလိုလိုက်၍ မှားနေကြသည်၊ ဒေါသအလိုလိုက်၍ မိုက်နေကြသည်၊ မရဏာသတိ မြဲမြဲရှိနေလျှင် ထိုသို့ မိုက်မှားနိုင်ကြမည်မဟုတ်ဟု အမြင်တော်ရှိသည့်အတိုင်း တပည့် ဒါယကာတို့အား အခွင့် သာတိုင်း သာတိုင်း မရဏာသတိကို ဟောကြားရွတ်ဆိုစေသည်။

တောကြီးမြို့ငယ်၊ မြေသုသာန်၊ မြူပ်ရန်နီးလျှပြီ၊ တနေ့ထက်တနေ့ နီးလျှပြီ၊ တနေ့ထက်တနေ့ နီးလျှပြီ။

သင်းချိုင်းမြေစာ၊ ဖြစ်ဖို့ရာ၊ ချိန်ခါနီးလျှပြီ၊ တနေ့ထက်တနေ့ နီးလျှပြီ၊ တနေ့ထက်တနေ့ နီးလျှပြီ။

ဝိနည်းနှင့်ဆိုင်သော ဩဝါဒ

ဝိနည်းပြစ်အာပတ်ကို ငယ်သည်ဟူ၍ မလေးမစား မပြုအပ်ကြောင်း ဆရာတော်ဘုရားကြီးသည် တပည့်ရဟန်းတို့အား အခွင့်အခါ ကြုံလျှင် ဝိနည်းနှင့် ပတ်သက်သော ဩဝါဒကို မိန့်ကြားတော်မူလေ့ ရှိလေသည်။

"သဠေစ ဝိတိက္ကန္တဠေ အန္တမသော ဒုက္ခဋ္ဌ ဒုဗ္ဘာသိတမ္ပိ သဂ္ဂမဂ္ဂဖလာနံ အန္တရာယံ ကရောတိ" ဟူသောတေရသကဏ်ဋ္ဌကာနှင့်အညီ စေတနာနှင့်တကွ သင့်သောအာပတ်သည် ဒုက္ကဋ် ဒုဗ္ဘာသိပင် ဖြစ်ဆေ၊်လည်း နတ်ရွာမဂ်ဖိုလ်တို့၏ အန္တရာယ်ကို ပြုနိုင်သောကြောင့် အာဏာဝိတိက္ကမဖြင့် သင့်သော အာပတ်မှ အထူး ရှောင်ကြဉ်ရမည်။

"သာပတ္တိကာဃ ဘိက္ခဝေ နိရယံ ဝါ ဝဒါမိ တိရစ္ဆာနယောနိံ ဝါ" ဟူ၍ ဟောတော်မူသည်နှင့်အညီ အာပတ်နှင့်တကွ စုတေသော ရဟန်းသည် နိရယဂတိ တိရစ္ဆာနဂတိတို့တွင် တပါးပါးသို့ ရောက်နိုင်လေသည်။

ဂရုကအာပတ်သင့်သောရဟန်းသည် သေခါနီးနေ၍ အာပတ်ကို ကုစားရန် အခွင့်အခါမရှိသော်လည်း ကျန်းမာလာလျှင် ပရိဝါသ်မာနတ်ဆောက်တည်မည်ဟု ရည်ရွယ်ချက်တား၍ အာဝီကရဏပြုထားလျှင် သဂ္ဂ မဂ္ဂ ဖလ အန္တရာယ်ကိုမပြုနိုင်။

အာဝီကတာ ဟိ ဘဝသု ဟောတိ–ဟူရာ၌ အာဝီကတာတိ အာဝိက–တာယ ပကာသိတာယာတိ အတ္ထော။ ဘဝသုဟောတိတိ ပထမဗျာနာဒီနံ

အဓိဂမာယ ဖာသု ဟောတိ–ဟူ၍ ဖွင့်ဆိုသောကြောင့် ပရိဝါသ် မာနတ်ကို ရောဂါပျောက်လျှင် ဆောက်တည်အံ့ဟု နှလုံးသွင်း၍ အာဝီကရဏပြုထားခဲ့လျှင် ဤအတောအတွင်း စုတေခဲ့သော်လည်း ဒုဂ္ဂတိသို့ မရောက်နိုင်ဟု မိန့်ကြားသတိပေးတော်မူ၏။

ထိုပြင် ပေါ့ပေါ့ထင်၍ ရောက်နေတတ်သော အာပတ်တခုအတွက် မပြတ် မပြတ် သတိပေးဆုံးမတော်မူ၏။ မာတုဂါမနှင့် သဟသေယျကို မဆိုထားဘိ အနုပသမ္ပန် သဟသေယျမျှပင် “မဖြစ်ရအောင် နေ့စဉ် နံနက်စောစော ဘုရားဝတ်တက်မှအပြန် မိမိနေရာသို့ မဝင်စေပဲ အရုဏ်တက်သည်တိုင်အောင် စကြဏ်လျှောက်၍လည်းကောင်း၊ တနေရာရာတွင် ထိုင်၍လည်းကောင်း ရဟန်းတရားကို အားထုတ်စေ၏။ အရုဏ်တက်ပြီးမှ မိမိနေရာသို့ ဝင်စေသည်၊မိမိနေရာသို့ဝင်သော်လည်း “အနုဇ်ဝနာမိ ဘိက္ခဝေ ဒိဝါပဋိသလ္လီယေန ဒ္ဝါရံ သံဝရိတုံ” ဟူသောသာပတ္တိကအနုဇာနနဖြင့် ဒိဝါသေယျသိက္ခာပုဒ်အတွက် အရုဏ်တက်သည်မှစ၍ နေဝင်သည်တိုင်အောင် တိုက်ခန်းတံခါးကို ပိတ်ပြီးမှ ခေါင်းချလှည်းခြင်း၊ ခေါင်းချ စာကြည့်ခြင်းကို ပြုရမည်–ဟု ဆုံးမတော်မူသည်။

ဤသို့ စသော ကျမ်းဂန်စကား ဆရာတော်မြတ်ကြီးတို့ထံမှ နာယူ မှတ်သားလာခဲ့သော ပရမ္မရာစရိယဝါဒ စကားတော်တို့ကို အခွင့်အခါ ကြုံတိုင်း တပည့်တို့အား ဟောကြား သတိပေးဆုံးမတော် မူတတ်ပေသည်။

စစ်ကိုင်း နှင့် စကိုင်း

စစ်ကိုင်း(စကိုင်း)ဟူသော စကားကို အကြိမ်ကြိမ်ရေးလာခဲ့ပြီ၊ စစ်ကိုင်းဟူ၍လည်းကောင်း၊ စကိုင်းဟူ၍လည်းကောင်း အရေးနှစ်ထွေထင်လာခဲ့၏၊ စစ်ကိုင်းဟုရေးခြင်းကား စန္ဒမုခီဘီလူးမစောင့်နေသော စစ်ပင်ကိုင်းသည်၊ ကို အစဲ့ပြု၍ဖြစ်သည်–ဟူသော စကားကို အခိုင်ယူသောကြောင့် ဖြစ်သည်၊ ယင်း စကားကိုပင် အခိုင်ယူ၍ ပယ်သူငယ်စား ရှင်မြတ်ခေါင်သည် ၉၃၆–ခု သခင်ကြီးမျှင်းခ္ခ–

"စစ်ပင်ကိုင်းကြောင့် စစ်ကိုင်းတွင်သည် ပြည်ရှင်မြတ်ဌာနတည့်သခင်" ဆိုထားလေသည်။

ယင်း သခင်ကြီး ချင်းလာအဆိုကို တွင်းသင်းမင်းကြီးသည် ရာဇဝင်သစ်၌ ထုတ်ပြထား၏၊ အဆိုတခုအဖြစ်ဖြင့် ထုတ်ပြသော်လည်း တွင်းသင်းမင်းကြီးကား စသတ်နှင့် စစ်ကိုင်းကို ရာဇဝင်တအုပ်လုံး၌ လုံးဝမသုံး "စကိုင်း"ဟူ၍သာ သုံးနှုန်းရေးသားလေသည်။

ဒုတိယမင်းခေါင်လက်ထက် ဂ၅၉–ခုတွင် ရှင်မဟာသီလဝံသထေရ်ရေးသော ရတနာပိမာန်ကျောင်း ကျောက်စာ၌–

"စီစဉ်ဖြင်ညီး၊ ဆန်းလပြီး၍၊ မင်းထီးခြောက်ဆက်၊ စမ္ဘယ်လျက်လျှင်၊ မပျက်ဓိမုင်း၊ စိုးကြပ်ထိုင်းသား၊ စကိုင်းကြီးတောင်၊ မော်ကျောက်ဆောင်လျှင်" ဟူသည်ကိုလည်းကောင်း၊ "မြင်းမိုယပ်ခိုင်း၊ နှင်းပန်းနှိုင်းလျက်၊ စကိုင်းပင်းယ၊ အင်းဝအောင်စည်၊ မင်းပွဲပြည်ကို" ဟူသည်ကိုလည်းကောင်း၊

၉၉၁–ခု၊ ဝရာဘိသံဃနာထ ဆရာတော်ရေး မဏိကုဏ္ဍလနိဂုံးဌ် ဆိုထားသော "စကိုင်း ပံယာဝပုရေသု" ဟူသည်ကိုလည်းကောင်းအထောက်အထားလုပ်ကာ စသတ်မပါသော "စကိုင်း" ကိုသာလိုလားပေသည်၊ ရေးပေသည်။

"သာသနာတော် တထောင် ရှစ်ရာ ခြောက်ဆယ်လေးခု သက္ကရာဇ် ခြောက်ရာရှစ်ဆယ်နှစ်ခု၊ တန်ဆောင်မုန်းလဆန်းနှစ်ရက် တနင်းလာ နေ့မကာရလက်အခါ၌ သီရိသခ်ဓာသမီး မျောက်သားသည် စကိုင်းအနောက် စကြ်ံကျောင်းကို ဆောက်လုပ် လှူတော်မူသည်"

(စကြ်ံကျောင်း ကျောက်စာ)

သတိုးမင်းဖျား မင်း ဖြစ်တော်မူလျှင် ငါ့ဦးရီးတော် နော်ရထာမင်းရဲ လှူတော်မူသည့်မြေသည် လှူရင်းအတိုင်းတည်စေ–ဟု ကျောက်စာ ထိုးမှတ်၏။ ကျောက်စာကား–

"အနော်ရထာမည်သောမင်းရဲသည် ဇေယပူရမည်သော စကိုင်းပြည်၏ အညာလက်ပံကြင်းမည်သော အရပ်နှိုက် ကုလားကျောင်း နှစ်ဆောင်ပြုတော်မူ၏၊ သက္ကရာဇ် ၇၁၁–ခု၊ ရှေတောင်တက်ပြီး၊ တန်ဆောင်မုန်းလဆုတ် ၁၃–ရက် ၁–နေ့ မိမိပြုသောကျောင်းတော်ကို စကိုင်း၏ အရှေ့ ငရုကြီး ငရုငယ် မြေမရင်းသန် ၅၅၅–ပယ်လှူတော်မူ၏။

ဆိုခဲ့သော ကျောက်စာတို့နှင့်တကွ အမြားအခြားသော ကျောက်စာတို့၌လည်း စသတ်မပါသော စကိုင်းသာလျှင် ထင်လျှက်မျိုပေ၏။

ဤသို့လျှင် အာဂမ အထောက်အထားအရ စသတ်မပါသော "စကိုင်း" သည်သာလျှင် ခိုင်ခဲ့နေသည်ကို တွေ့ကြရပေ၏။

ရှေးရှေး ပုဂ္ဂိုလ်ကြီးတို့သည် အမည်ပညတ်တခုခုပေါ်လျှင် ဆီလျော်အောင် ဝတ္ထုဇာတ်ကြောင်း ရှတ်တရက် လုပ်နိုင်ကြသည်ကို မချီးကျူးပဲ မနေအပ်ပေ။

သူဟောင်းတို့၏ ဝတ္ထုဇာတ်ကြောင်းတို့၌ နတ်၊ ဘီလူး၊ သိကြား၊ ဇော်ဂျီ တခုခုမပါလျှင် မပြီးသလောက်ရှိသည်။ တခေတ်ထက် တခေတ် နောက်နှောင်း ပုဂ္ဂိုလ်တို့က ဒဏ္ဍာရီဝတ္ထုဟူ၍ မြင်လာတတ်ကြကုန်၏၊ ထိုကြောင့် စန္ဒမုခီ ဘီလူးမနှင့် စစ်ပင်ကို စဉ်းစားနေစရာ မဟုတ်တော့ပေ၊ သဒ္ဒါဗျုပ္ပတ် ပုဒ်ပါ၌ဖြင့်သာ အနက်ကိုကြည့်ရာ၏။

အဘယ်ကြောင့် "စကိုင်း" ခေါ်သနည်း၊ ပုဒ်ခဲကြည့်ရန် လိုလာ၏၊ စတလုံး ကိုင်းတလုံးရှိရာ ဦးစွာ "ကိုင်း"ကို ကြည့်ကြကုန်အံ့။

'ကိုင်း'ဟူသည် ကောက်၊ ကုပ်၊ ကုန်း၊ ကွေး၊ ညွှတ်၊ ကွေ့ ၊ ဝိုက်၊ ဝိုင်းတို့နှင့် သဘောချင်းတူ၏၊ လယ်ယာကိုင်းကျန်း ဟူရာ၌ပင် ကိုင်း၏သဘောကို မြင်နိုင်ပေသည်၊ ကောက်စပါးစိုက်သောလယ်၊ နှမ်းပဲစသည်စိုက်သောပေါဘတို့၏အနေအထား၊ အခြေအနေကို မြင်ထားကြပြီး "ကိုင်း"ဟူသည် ချောင်းကမ်းစပ်၊ မြစ်ကမ်းစပ်၊ ရေလယ်သောင်ထွန်း မြေနုဖြစ်သည်ဟူ၍ အကြမ်းဖျင်း မြင်ထားကြ၏၊ အနေအထားကိုကြည့်လိုက်လျှင် 'ကိုင်း'၏ သဘောပေါ်လာနိုင်ပေသည်၊ ကိုင်းသည် ညွှတ်၊ ကွေး၊ ဝိုက်၊ ဝိုင်းပင် မဟုတ်လော၊ ဝိုင်းဟုဆိုသဖြင့် အစနှင့်အဆုံး ထိပ်ချင်းတိုက်ရမည်ဟု ဆို၍ မဖြစ်၊ ထောင့်နှင့် အစန့်မဟုတ်လျှင် အဝိုင်းဖြစ်၏၊ စက်ဝိုင်း စက်ဝိုင်းခြမ်းတို့ကို ကြည့်နိုင်သည်။

"စ" ၏ သဘောကိုကြည့်ရာ၏၊ "စ" ၏ နောက်ပေါ်သည်ထက် ပေါ်လာအောင် ကျွန်ုပ်တို့၏ အနှယ်တူတို့နှင့် ညှိကြည့်ရာ၏၊ အနှယ်တူတို့၏ ဧကားသည်လည်း ကျွန်ုပ်တို့၏ဧကားပင် ဖြစ်၏။

ကျွန်ုပ်တို့၏အနှယ် မဂ္ဂ တို့က ဆိုးနှင်းကို "စမ်"ဟု ခေါ်၏။ ပိဋကတ်တို့က မြစ်ချောင်းကို "စင်" ဟု ခေါ်၍၊ ချမ်းအေးခြင်းကို ဆမ်ဟု ခေါ်၏၊ အသံထွက် ချမ် မြစ်၏၊ ဗမာ့အဘိဓာန် ဆိုး၊ ချမ်းတို့နှင့် နှိုင်းယှဉ်ကြည့်ရာ၏။

လခဲချင်းတို့က မြစ်ချောင်းကို "စဝ" ခေါ်၏၊ အသံထွက် "ချဝ" ဖြစ်၏၊ ချောင်းနှင့်ယှဉ်ကြည့်။

ဗမာတို့ကလည်း အရည်ကို "သံ" ဟု ခေါ်၏၊ စနှင့် သကို သတိပြု၊ သွေးသံ၊ ချွေးသံ၊ မိုးနှောင်းသံထင် တို့ဌာရှိသော သံသည် အရည်ဟောဖြစ်၏၊ မိုးနှောင်းသံထင် ဟူသည် မိုးနှောင်း၍ နှင်းရည်ထင်သောအခါဟု ဆိုသော စကားဖြစ်၍ နောင်ကာလကို ဝစနာလင်္ကာရပြု၍ ဆိုသောစကားဖြစ်သည်။

ရေပြတ်သော တပေါင်းလကို "သံတောင်းလ"ဟု ခေါ်၏၊ ဗေဒင်ဌသုံးသော ရာဟုဂြိုဟ် သံတောင်းနှင့်မဆိုင်၊ ဤ "သံ" တို့သည် ယခင်ဆိုခဲ့သော စမ်၊ ဆမ် တို့နှင့် ဆက်စပ်ကြ၏။

ဤမျှလောက် ကြည့်လိုက်ခြင်းဖြင့် စမ်၊ စံ၊ ဆမ်၊ သံ တို့သည် ရေနှင့်လည်းကောင်း၊ နှင်းနှင့်လည်းကောင်း၊ အအေး အစိမ့် အစို အစုတ်နှင့်လည်းကောင်း သက်ဆိုင်ကြောင်း မြင်သာပါပြီ။

အေးမြချမ်းစိမ့်သော ရေကျသော အရာကို "စမ်း"ဟု ခေါ်၏၊ စမ်းနှင့် ချမ်း ထပ်တူဖြစ်၏။

ဤစကားတို့မှ အချို့ကို ကျွန်ုပ်လုပ်ထားသော "ဝံသတို့၏ဝံသ"စာအုပ်ဌာလည်း ဆိုထား၏၊ ဤထက်အကျယ်ကို သိလိုပါလျှင် ပညာရှိကြီး ဦးဖိုးလတ်လုပ်ထားသော မြန်မာစကား အဖွင့်ကျမ်းဌာ ရှုစားကြပါကုန်လော။

ဤမျှလောက် ကြည့်လိုက်လျှင် "စ"၏ အနက်သည် ရေနှင့်ဆိုင်ကြောင်း မြင်နိုင်ပါပြီ။

စကု၊ ဂလင်း၊ ဃလ၊ စမုန်း၊ စမာ၊ စကြော ဟူသည်တို့ဌာ "စ"သည်လည်း ရေနှင့်ဆိုင်သော "စ"ဖြစ်ကြောင်း သိလောက်၏၊ "ဈ"သည် ရေနှင့်ဆိုင်သော စကားဖြစ်ကြောင်းသိရသဖြင့်၊ ယင်း "စ"ကို ယခင်ဆိုခဲ့သော

ကိုင်းနှင့် တွဲလိုက်လျှင် "စကိုင်း" ဖြစ်၏၊ ယင်း နေရပ်၏ ထူးခြားသော ဂုဏ် ဝိသေသ တခုသည် အဘယ်နည်း "ရေလျှဉ်ဝိုင်း" ပင် မဟုတ်လော။

ဤသို့သော မူလအခြေခံ အမှန်နှင့်တကွ သိရှိပိုင်နိုင်လေသောကြောင့် တွင်းသင်းတိုက်ဝန် မဟာသရေစည်သူ ဦးထွန်းညိုသည် စသတ်ကိုမသုံး၊ စကိုင်းဟူ၍သာ ရေးသားခဲ့၏၊ တွင်းသင်းရာဇဝင်တော်ကြီးက သက်သေပြနေ၏။

တွင်းသင်းမင်းကြီးသည်သတ်ပုံမျိုး၊ သတ်ပုံခေါင်းဆောင်ကြီးဖြစ်သည် ဝိဘဇ္ဇဝါဒက ခေါ် (ခွဲထား) ကျမ်းနှင့် ခွဲထားကာရန် မြောက်မြားစွာဖြင့် အသတ်အစပ်တို့ကိုပြကာ ပျိုများစွာ တို့ကိုလည်း စီရင်ခဲ့၏၊ မင်းကြီး ဦးထွန်းညိုသည် စိန္ဒကျော်သူ ဦးသြ၏ အမေ့နောင် ဦးရီးအရင်းဖြစ်သည်၊ ဦးသြသည် ကဝိလက္ခဏာကို ရေးစဉ်က အသက် အလွန်ငယ်သေးသည် ၁၆ နှစ် ခန့်သာ ရှိသေးသည်၊ စာအဆင့်ကား မြင့်လှ၏၊ ဦးရီးတော်မင်းကြီး ဦးထွန်းညို၏ ပယောဂ မကင်းဟု ထင်ကြကုန်၏၊ ဆိုကြကုန်၏။

မှန်လျှင် အားမနာသော ဦးထွန်းညို

တွင်းသင်းမင်းကြီး ဦးထွန်းညိုသည် အမှန်ကို ကိုင်မိလျှင် အစဉ်အလာ ဖြစ်သည်ကောဟု ငဲ့လိုဟန် မပေါ်ပေ၊ တခု ထုတ်ကြည့်ကြဦး။

နို့သစ်၊ နို့ထမ်း၊ ရက်တက်၊ ထောပေး၊ ထောပတ်ဟူ၍ ဂေါရသ နွားမှဖြစ်သော အရသာ ငါးပါးတို့အနက်

ထောပေးသည် နဝနီတံ–နောနီတံ=ဆီအု ပင်ဖြစ်၏။

ခေတ်စကား မလိုင် (Creem)ဖြစ်သည်၊ ဤ၌ ဆိုစရာကား နို့ထမ်း ပင်ဖြစ်သည်။

နို့ထမ်းဟူသည် ဝဲသောနို့ (နို့ချဉ်)ဖြစ်၏၊ ယင်း နို့ခဲ နို့ချဉ်ကို 'နို့ထမ်း'ဟု ရေးလာခဲ့ကြ၏။

"နို့သစ် နို့ထမ်း ရက်တက် ထောပေး ထောပတ် အရသာငါးပါး စားစိမ့်သောဌာ နွားလည်း ငါလှု၏"

(ပုဂံမင်းဝိုင်းကျောင်း ကျောက်စာ)

ခံထမ်း၊ မှုထမ်း၊ နို့ထမ်း၊ ပန်းထမ်းရှာ
(ဝဏ္ဏဗောဓနသတ်အင်း)

ဤသတ်အင်းသည် သတ်ညွှန်း သတ်အင်းတို့တွင် ရှေးအကျဆုံးဟု မှတ်သားထားအပ်သော သတ်အင်းဖြစ်သည်။

ဤသို့လျှင် မ,သတ်နှင့် နို့ထမ်းဟု ရေးလာခဲ့ကြ၏။ နောက်နောင် အခါထမ်းနေရာမှာ "ဓမ်း"ကို သွင်း၍ နို့ဓမ်းဟု ရေးလာကြသည်၊ အဘယ်ကြောင့် ဤသို့ ရေးလာသနည်း၊ ပါဠိ၌ 'ဒဓိ'ဟု ရှိသည်ကိုကြည့်၍ 'ဓမ်း"ဟု ရေးလာသလော၊ အကယ်၍ ထမ်းဟူသော ဓနိတမှ အသံလျော့ဆင်းလာလျှင် "ဒန်း"ဟူ၍သာ ဖြစ်လာနိုင်၏၊ "ဓမ်း"ဟူ၍ ဓနိတ ဖြစ်မလာနိုင်တော့ပေ၊ သို့ပါလျက် "ဓမ်း"ဟု ရေးခြင်းသည် "ဒဓိ" ကို မျက်စောင်းထိုး၍ ဖြစ်လေသည်ဟု ထင်စရာ ဖြစ်နေသည်၊ ကုဏ္ဍလကို မျက်စောင်းထိုး၍ နားဌောင်းဟု ရေးတတ်သော မဆီမဆိုင်သော ရေးပုံကို အတုလိုက်သလော ဟုလည်း တွေးထင်စရာ ဖြစ်သည်။

ဒဓိကို ကုလားက "ဒဟိ"ဟု ခေါ်သည်၊ ဒသံနှင့် ဟိသံတွဲလျှင် "ဓိ" ဖြစ်သည်၊ ယင်းကိုပင် အခြေခံ၍ ဓိမ်ဟု ခေါ်ရာမှ ဓမ်း ဖြစ်သည်ဟု ဆိုမည်လော သို့ဆိုပြန်လျှင်လည်း "ကြောင်လျှပင် ငြမ်းဆင်တတ်သည်"နှင့် တူလှ၏၊ စင်စစ် ထမ်းနှင့်လည်း အနက်မထွက် 'ဓမ်း' ဖြစ်စရာလည်း ကောက်ကွေ့ ကတ်သတ်လှ၏၊ ထို့ကြောင့် ထမ်းကိုလည်းကောင်း ဓမ်းကိုလည်းကောင်း တွင်းသင်းတိုက်ဝန် ဦးထွန်းညိုမယူ။

အရည်ကျဲနေသော နို့သစ်မှ အချိန်လွန်လာသဖြင့် အချဉ်ဖြစ် ခဲလာသောနို့ကို ခေါ်သောအမည်ဖြစ်၍ ပျစ်ထန်းထန်းဖြစ်သောနို့၊ နို့ပျစ် နို့ခဲဟု ဟူ၍သာ အနက်ရှိကြောင်း....

"ရှေလင်ပန်းနှင့်၊ နို့ထန်းထမင်း၊ ဟင်းလည်းဆိမ့်ချို"
(ဝေသန္တရာပျို-၇၂)

ဟူ၍ နသတ်နှင့် ထန်းဟု စပ်ဆို ဖော်ပြလေသည်၊ အမှန်ဟု ယူဆ ပိုင်နိုင်လျှင် အခိုင်အမာပြုပုံ သာဓကတရပ် ဖြစ်သည်။

အချုပ် ဆိုလိုရင်းကား ရှေးရေး သာဓကလည်း ခိုင်လုံ၏၊ သဘာဝလည်း မှန်၏၊ ယင်းသို့သော အရာကို ကိုင်မိလျှင် ဟူးဟူး ရူးရူး စကားပေါ်တိုင်း သူမလိုက်၊ စသတ်မပါသော "စကိုင်း" ဟူသော အရေးအသားကိုသာ အသိအမှတ်ပြုလေသည်။ ကျွန်ုပ်တို့မှာကား မင်းကြီး ဦးထွန်းညိုကဲ့သို့ သတ္တိ ပြောင်နိုင်ရည် မရှိ၊ ဘုရင့်ပုဆိုး တိမ်ခိုးလုပ်ရ၏၊ မကြိုက်လည်း ရောပေါင် မြောင်ရ၏။

တတိယပစ္ဆိမာရုံဆရာတော်ကြီး အရှင်သောဘိတ

ရွှေကျင်ဂိုဏ်းကြီး၏ သတ္တမ ဥက္ကဋ္ဌ မဟာနာယက (သာသနာပိုင်) ဖြစ်သော ပစ္ဆိမာရုံဆရာတော်ဘုရားကြီးသည် ၁၃၁၁-ခု၊ သီတင်းကျွတ်လဆန်း(၁၀)ရက်နေ့၌ ပျံလွန်တော်မူ၏၊ စျာပနကိစ္စ ပြီးသောအခါ အထိမ်းအမှတ်စေတီ တည်၏။ တပေါင်းလဆုတ် ၃-ရက်နေ့မှာ ထီးတင်ကိစ္စ ပြီး၏။

အရှင်သောဘိတထေရ်သည် ကိစ္စခပ်သိမ်းပြီးသောအခါ တုံ့တေးတောကျောင်းသို့သွား၍ တ၀ါအနားယူတရားအားထုတ်နေပြီး ပစ္ဆိမာရုံကျောင်းတိုက်သို့ ပြန်လာကာ တိုက်တာကို အုပ်ချုပ်ရလေသည်။

အရှင်သောဘိတထေရ်၏ ယခု ပစ္စက္ခ တဘ၀ လုပ်ရပ်နှင့် ဖြစ်စဉ်ကို ကြည့်ကြပါကုန်ဒုံ၊ ဆရာတော်လောင်းလျှာကို ၁၂၅၂-ခု၊ နှစ်ဦး ကဆုန်လဆန်း ၁-ရက် သောကြာနေ့၌ ဖွားမြင်၏၊ ခမည်းတော် မယ်တော်တို့မှာ ခရမ်းမြို့ ဦးစံကျူး-ဒေါ်ယုတို့ ဖြစ်ကြ၏။ ငယ်စဉ်က မိမိဇာတိ ခရမ်းမြို့ကိုင်းကျူးကုန်းကျောင်းဆရာတော် ဦးဥတ္တမထံ၌ စတင်ပညာသင်၍ ထိုဆရာတော်ထံ၌ပင် သာမဏေအဖြစ်သို့ ရောက်သည်။

ထိုနောက် ကျိုက်လတ်မြို့နယ် ပဲခိုးစုရွာ သီတာရုံကျောင်းဆရာတော် ဦးအာစာရ ထံသို့ ပြောင်းရွှေ့ပညာသင်ပြီး ထိုဆရာတော်ထံ၌ ရဟန်းအဖြစ်သို့ ရောက်၏။ မိမိ ဥပဇ္ဈာယ်ဖြစ်သော သီတာရုံကျောင်းဆရာတော် ဦးအာစာရထံ၌ပင် ပညာဆက်လက်သင်ကြားနေပြီးနောက် ရဟန်း ၆-၀ါ ရသောအခါ ကျိုက်လတ်မြို့ ပစ္ဆိမာရုံကျောင်းတိုက် ဆရာတော် အရှင်ကေလာသထံသို့ ရောက်လာသည်။

နိုင်ငံတော် သြဝါဒါ၊ ရိယ
ပစ္စိမာရုံ နာယကဆရာတော်ဘုရားကြီး
ဘဒ္ဒန္တ ယောဘိတ ထေရ်

ဆရာတော်ထံမှာ ဝိနည်းအဘိဓမ္မာတို့ကို သင်ယင်း ကျောင်းသား သာမဏေနှင့် ရဟန်းထိန်းတာဝန်ကိုလည်း ဆောင်ရွက်ရသည်၊ ပစ္ဆိမာခုံ၌ သုံးနှစ် သုံးဝါနေပြီးနောက် ၉-ဝါရမှာ ပခုက္ကူသို့ သွားရောက်စာလိုက်၏၊ ပခုက္ကူ၌တဝါနေပြီးနောက် ဆရာတော်ကြီးပြန်ခေါ်၍ ပစ္ဆိမာရုံသို့ပြန်လာရသည်။

ဆရာတော်ကြီးက မန္တလေး အနောက် ဝိသုဒ္ဓါရုံတိုက်သို့ ပို့အပ်လိုက်သဖြင့် သွားရ၏၊ ဒီပဲယင်းဆရာတော်ကြီး၏လက်ထက်အခါဖြစ်၏၊ ဝိသုဒ္ဓါရုံ စံကင်းဆရာတော်ကြီးထံမှာ ဆန်း၊ ဆီးပင်ကျောင်းဘုန်းကြီးထံမှာ ညဝါ၊ ဆရာတော် ဦးအဂ္ဂဓမ္မထံမှာ ဝိနည်းနှင့်အဘိဓမ္မာတို့ကို လိုက်ရ၏။

ဆရာတော် ဦးအဂ္ဂဓမ္မသည် အဘယာရာမသို့ ပြောင်းသွားသောအခါ မှာလည်း ထိုတိုက်သို့သွား၍ စာလိုက်၏၊ ထိုစဉ်က ဆရာတော် ဦးအဂ္ဂဓမ္မသည် ပရမတ္ထသရူပဘေဒနီကို ညဝါလုပ်၍ ပို့ချ၏၊ အနီးစခန်း ဦးပဏ္ဍိတက စာဆိုသည်၊ အရှင်သောဘိတသည် မန္တလေး၌နေစဉ် အဘယာရာမတိုက်သိမ်ကို သမုတ်ရာ၌လည်း ကိုယ်တိုင် ပါဝင်ခဲ့ရ၏။

ရဟန်း ၁၂၊ ၁၃ ဝါတို့၌ အမရပူရ(တောင်မြို့)၌ ညဝါ လိုက်နေခဲ့၏၊ ၁၄-ဝါမြောက်မှာ ပစ္ဆိမာရုံသို့ပြန်လာပြီး ၁၈-ဝါ ရသည်အထိ ပစ္ဆိမာရုံ၌ စာပေပို့ချနေ၏၊ ထိုစဉ်က နေ့ ၄-ဝါ ည ၄-ဝါအားဖြင့် တနေ့ စာ ၈ ဝါ အထိပင် ပို့ချသည်ဟု သိရ၏၊ ထို ၈-ဝါအထဲ သံဃာများ ဆွမ်းခံသွား ချိန်မှာ ဒါယကာတို့အား သင်ကြားပေးသော စာဝါ မပါဝင်ပေ။

နည်းယူထိုက်သော သူတော်ကောင်းစရိုက်

ပညာရှိ သူတော်ကောင်းကြီးတို့၏ မှတ်ပိုက်သိမ်းသို့ ကြည်ညိုဖွယ် တခုကို ထုတ်ဆိုပါမည်၊ တနေ့သောအခါ ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီး သည် အနည်းငယ် နေမကောင်းဖြစ်သတဲ့၊ ထိုအခါ တပည့်ကြီးများ

ချဉ်းကပ်မေးမြန်း ဝတ်ပြုကြ၏။ ဆရာတော်ကြီးက 'ဒီနေ့ တို့နေမကောင်းလို့ စာ မကြည့်ဖြစ်ဖူး၊ ငါ့ရှင်တို့ ကြည့်ကြသည့်အထဲ အထူးရှိ ပြောကြစမ်း''ဟု မိန့်သတဲ့။

ထိုအခါ ယခု ဆရာတော်ကြီး အရှင်သောဘိတက ပဌာန်းပို့ချနေတုန်းဖြစ်၍ ဥပနိဿယပစ္စည်း "ပါဏာတိပါတဝေရမဏိသိက္ခာပဒံ ဒေတိ" စသော ပါဠိတော်၏အဖွင့် အဌကထာကို ကြည့်သည်ဖြစ်၍ "တပ္ပဋိဃတတ္ထာယာတိ တဿ ပဋိဃာဟနတ္ထာယ၊ ဝိပါကောကာသဿ အနုပ္ပါဒနတ္ထာယာတိ အတ္ထော" ဟူသော အဖွင့်ကို ကြည့်ကြောင်း လျှောက်ရာ ဆရာတော်ကြီးက "အဖိုးတန်လိုက်တဲ့အဖွင့်" ဟု အမိန့်ရှိသတဲ့။

သူတော်ကောင်းတို့၏ စိတ်ထား မည်သို့ရှိကြောင်း အချိန်ကာလကို အချည်းနှီးသောစကားကို ပြောဆို၍ မကုန်စေပဲ အကျိုးရှိသော မြင့်မြတ်သောအလုပ် အပြောအဆိုဖြင့်သာ ကုန်စေလိုကြောင်း ပေါ်ထင်နေပေသည်။ တနေ့တလေ နေထိုင် မကောင်း၍ ပိဋကတ်စာပေနှင့် ကင်းနေရခြင်းသည် မအောင့်နိုင် မသိုသိပ်နိုင်လောက်သော ခံစားချက်ကြီးတခု အနေသို့ ရောက်နေပေသည်။

ဝသီဟောင်းကို ပြောင်းရန် မလွယ်

အရှင်သောဘိတထေရ်သည် ၁၇-ဝါရပြီးနောက် ဝါသနာရင်းကို မစွန့်နိုင်သဖြင့် ပစ္ဆိမာရုံတိုက်မှ တုံ့တေးတောကျောင်းသို့ ထွက်ကာ ယင်းဌ၌ ၃-ဝါ တရားအားထုတ်နေလေသည်။ ဆရာတော် အရှင်သောဘိတ တုံ့တေးတောရသို့ တောထွက်သောအခါ မိမိနှင့် စရိုက် ဝါသနာတူဖြစ်သော အရှင်ဇာနေယျနှင့် အတူတကွ ဖြစ်သည်။

ဆရာတော်များ တောထွက် သီတင်းသုံးစဉ်အခါ ယင်း တောကျောင်းနေရာ၌ရှာနသည် ကျားနေ ဆင်အောင်း ဆိုရလောက်အောင် တောကြီး

မြက်မဲ ဖြစ်ခဲ့ပေရာ၏၊ ယခုပင်လည်း တောနက်မြိုင်ချောင်အသွင်မပျက်လှ သေးပေ။ (ယင်း တံတားတောရကျောင်းကို နောက်၌ ဆိုလတ္တံ့)

တံတားတောကျောင်း၌ သုံးဝါ သီတင်းသုံးပြီးသောအခါ ပစ္ဆိမာရုံ ဆရာတော်ကြီး လိုက်လာ၍ စစ်တောင်းဖက်သို့ ထွက်သွားပြီး ကျောက်ဂူ ကျောင်း၌ နေ၏၊ ထို၌ ဝိသဘာဝဝတ္ထု ရောရှယ်ကိုးထွေး မကင်းဝေးဟု ထင်မှုကြောင့် ရှောင်ထွက်ကာ ဘီလူးကျွန်း ဘေးမဲ့တောင်၌ နေလေသည်။

ဆရာတော် အရှင်သောဘိတကား ပဋိပတ္တိဘာဝနာမှ၌ စိတ်အား သန်၏၊ အရည်ဝါသီ တောမှီပုဂ္ဂိုလ်အဖြစ်၌ ပျော်မွေ့၏၊ တိုက်ထဲသို့ ပြန်ခေါ်မည်ကို စိုးရိမ်၏၊ ထို့ကြောင့် ပစ္ဆိမာရုံကျောင်းတိုက်မှ ဆရာ တော်ကြီး လိုက်လာသောအခါ ထွက်ခွာသွားခြင်း ဖြစ်လေသည်။

ဘီလူးကျွန်း ဘေးမဲ့တောင်၌ နေပြီးနောက် ကရင်ပြည်နယ် မဲ့ဖလံ တောင်၌ သွားရောက် တရားအားထုတ်နေ၏၊ ထိုမှတခါ ပြောင်းရွှေ့၍ မုတ္တမတောင် ဆီဆုံနှင့် ကျဲခြုံရှားအကြားမှာ တဝါနေခဲ့၏၊ ထိုနောက် အထက် အောင်လံမှ ပတ်သက်သော ပုဂ္ဂိုလ်များ၏ ပင့်လျှောက်ချက်အရ အောင်လံ ဆားကျောင်း၌ တဝါ သီတင်းသုံးခဲ့သေး၏။

ဆရာတော်သည် အစာဟာရ ခေါင်းခေါင်းပါးပါးနှင့် ခန္ဓာကိုယ် မပြိုမလဲရုံတမည်ထား၍ တရားကိုသာ အားထုတ်နေ၏၊ နေရာဌာန ရာသီ ဥတု အပြောင်းအလဲ ဒဏ်ချက်တို့ကလည်း နှိပ်စက်လာသဖြင့် ရောဂါစွဲငြိ လာလေတော့သည်။

အသက်နှင့် ခန္ဓာကိုယ်ကို ပဓာနမထားသည်မှန်သော်လည်း လုပ်ရမည့် တာဝန် မပြည့်စုံသေးသောကြောင့် စွဲကပ်လာသောရောဂါကို ပယ်ရှား ပစ်ရန် တာဝန်ရှိလာသည်လည်း တကြောင်း၊ မိမိ၏ နေရပ် ဒေသရှိ ဆွေမျိုးရင်းများ ဒကာ ဒကာမများကို တတုံ့တလှည့်ပြန်ကြည့်ငဲ့ထောက်

ချီးမြှောက်ရန် သင့်သည်လည်း တကြောင်းကြောင့် ဖွားရာဌာန ခရမ်းသို့ ပြန်ကြ၍ ဆေးဝါးကုသ သီတင်းသုံးတော်မူလေသည်။

ရောဂါ ရှင်းရှင်းပျောက်ကင်းသောအခါ တုံ့တေးတောကျောင်းသို့ သွား၍ ပစ္ဆိမာရုံဆရာတော်ဘုရားထံ၌ ခစားနေလေ၏၊ ထိုအခါ ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီးသည် တုံ့တေးတောကျောင်း၌ တောရ ဆောက်တည် သီတင်းသုံးတော်မူ၏၊ တောရဆောက်တည်၍ နေသော်လည်း ပိဋ္ဌကတ် ကျမ်းဂန်ကြည့်ရှု ပို့ချမှုကိုကား လက်လွှတ်မထားပေ၊ ရှေးရှေးက အကျင့် စာရ သီလထိပ်ခေါင်တင် ဖြစ်တော်မူကြကုန်သော ဆရာတော်ကြီးတို့သည် လည်း ရောက်လေရာမှာ စာပေကျမ်းဂန်ပို့ချမှုကို မလစ်ဟင်းအောင် ဆောင်ရွက်တော်မူကြကုန်၏၊ ရှေကျင်ဆရာတော်ဘုရားကြီးသည် လှေတော် ဖောင်တော်ဖြင့် ကြွရာခရီး၌ပင် စ၁ပေပို့ချမှုကို မလပ်စေရကြောင်း "စာသင်ပျိုတို့အကျိုးကို မြော်ကိုးခြင်း"ဟု ခေါင်းစီးအောက်၌ ဆိုခဲ့ပြီ။

ပစ္ဆိမာရုံဆရာတော်ဘုရားကြီးသည် တုံ့တေးတောရ၌ သီတင်းသုံးနေစဉ် ပါရာဇိကဏ်အဋ္ဌကထာကို ပို့ချနေပေ၏၊ ထိုအခါ အရှင်သောဘိတသည် လည်း ဆရာတော်ကြီးထံမှာ စာဝါလိုက်၏၊ သီတင်းဝါလကျွတ်၍ ဆရာ တော်ကြီး ကျိုက်လတ်သို့ ပြန်ကြွသွားသောအခါ အရှင်သောဘိတသည် မုပ္ပလင် ဘက်သို့ ထွက်ကြွသွားလေသည်။ မုပ္ပလင်မှ ခုနစ်မိုင်ခန့်ဝေးသော အစိုးရ ကွာလေကျောက်ကျင်း၌ ဆွမ်းခံစားကာ တပါးတည်း တရား အားထုတ်နေလေသည်၊ ကျောက်ကျင်း၌ အလုပ်လုပ်ကြသော သူတို့၏ နေရာ တဲအိမ်တို့၌ ဆွမ်းခံ၍ ရသမျှဖြင့် ရောင့်ရဲမျှတနေ၏။

ထိုအတောအတွင်း ဂျပန်ဝင်လာ၏၊ လူမျိုး ကစင့်ကလျားပြေးလွှား ပုန်းခိုကြကုန်၏၊ ဆရာတော်သည်လည်း စစ်တောင်းမှ ခုနစ်မိုင်ခန့် ဝေးကွာ သော ခရွဲတောကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံး၏၊ ထို၌ ခုနစ်ဝါ ကြာခဲ့သည်၊ ခရွဲတောကျောင်း၌နေစဉ် ခရွဲရွာနှင့် ၁၁-မိုင်ခန့်ဝေးသော

ကျွန်းတောင်သို့လည်း ရံခါ သွားရောက်နေသေး၏၊ ထို၌လည်း တောရနေသော ဆရာတော်အခ္ခါ ရှိ၏၊ ထိုကျွန်းတောင်အရပ်၌ တောင်ကြို တောင်ကြား၌ ကရင် ရွာကလေးများ ရှိနေ၏၊ ထို ရွာကလေး တို့သည် ဆရာတော်၏ ဂေါစရဂါမ ပိဏ္ဍာစာရဝတ်ကို ဖြည့်ရာဌာနဖြစ်ကြလေသည်။

ထိုနောက် သန်လျင်သို့ ကြွလာပြီး သန်လျင်ရှိ ဘောလုံးကွင်း ဓမ္မိက ကျောင်း၌ ဝါဆိုနေခိုက် ပစ္ဆိမာရုံ(သာသနာပိုင်) ဆရာတော်ဘုရားကြီး မကျန်းမာ၍ လာပင့်သဖြင့် နဝင်မီ ကျိုက်လတ်သို့ လိုက်လာခဲ့ပြီး ဆရာတော်ကြီးကို ပြုစုနေရာ ဆရာတော်ကြီးသည် ၁၃၁၁–ခု သီတင်းကျွတ်လဆန်း(၁၀)ရက်နေ့၌ ဆရာတော် အရှင်သောဘိတ၏ မျက်မှောက်လက်ပေါ်၌ ပံ့လွန်တော်မူလေသည်။

ထိုနောက် ဆရာတော်ဘုရားကြီး၏ ဗျာပနကိစ္စအဝဝကို ပြီးဆုံးအောင် ဆောင်ရွက်ပြီးလျှင် ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ်စေတီတဆူ ဖြစ်မြောက်အောင်ကြိုးစားတော့သည်၊ ပစ္ဆိမာရုံကျောင်းတိုက်၏ အရှေ့ဘက် အုတ်တံတိုင်းအနီး တိလောကမာရဇိန်သွန်းဘုရားကြီး၏ အာရာမ်အတွင်း၌ တည်သည်၊ ယင်းစေတီသည် ၁၃၁၁–ခု တပေါင်းလပြည့်ကျော် ၃–ရက်၌ ထီးတင်ခြင်းနှင့်တကွ ကိစ္စခပ်သိမ်း ပြည့်စုံစွာပြီးဆုံးခြင်းသို့ ရောက်၏၊ စေတီတော်၏ ကမ္ဘည်းနာမကား "ရှေသက်ကျ" ဖြစ်၏။

ကိစ္စခပ်သိမ်း ပြီးဆုံးသောအခါ ပင်ပန်းလှပြီဖြစ်၍ တွံတေးတောကျောင်းသို့ ကြွကာ တဝါအနားယူ တရားအားထုတ်နေပြီး ပစ္ဆိမာရုံသို့ ပြန်လာ၍ တိုက်တာ၏ တာဝန်ကို စောင့်ရှောက်အုပ်ထိန်းနေ၏၊ ပစ္ဆိမာရုံတိုက်၌ နာယကအဖြစ်ဖြင့် အုပ်ချုပ်လာခဲ့သည့်ကာလသည် ယခု ၁၃၄၃–ခု အထိ အနှစ်သုံးဆယ် ကျော်ခဲ့လေပြီ။

ဆရာတော်ကြီး အရှင်သောဘိတထေရ်မြတ်သည် လက်ဦးစ၍ တောထွက်၍ အရညဝါသီအဖြစ်ကို ခံယူသောနေရာသည် တွံတေးတောကျောင်း

ဖြစ်၏။ အရည်ဝါသီအဖြစ်ကို စွန့်၍ ပရိယတ္တိစာသင်တိုက်ကို အုပ်ချုပ်သာသနာပြုလုပ်ငန်းကို လုပ်ရတော့မည့် အခွင့်ကြုံလာသဖြင့် အရည်ဝါသီအဖြစ်ကို မစွန့်မီ နောက်ဆုံးအနေဖြင့် အရည်ဝါသီအဖြစ် သီတင်းသုံးခဲ့ရာ ဌာနသည်လည်း တုံ့တေးတောကျောင်းပင် ဖြစ်လေသည်၊ စင်စစ် တုံ့တေးတောကျောင်းသည် ဆရာတော်ဘုရားကြီး၏ အရည်ဝါသီဘဝ အစနှင့် အဆုံးကို ဖော်ပြရာဌာန ဖြစ်လေသည်၊ သည်သာမက ဒုတိယကမ္ဘာစစ်မဖြစ်မီ သာသနာပိုင် ပစ္ဆိမာရုံဆရာတော်ဘုရားကြီး တုံ့တေး၌ သီတင်းသုံးနေစဉ်ကလည်း ဆရာတော်ဘုရားကြီးထံမှာ လာရောက်နေရသေးသောကြောင့် အလယ်၌လည်း တုံ့တေးတောရကျောင်း၌ပင် သီတင်းသုံးသေး၏၊ ထို့ကြောင့် တုံ့တေးတောကျောင်းသည် ဆရာတော် အရှင်သောဘိုတထေရ်မြတ်၏ အစ အလယ် အဆုံး သုံးပါးလုံးသော အရည်ဝါသီအဖြစ်ဘိုသိက်ခံရာ အောင်မြေဌာန(ဇယမင်္ဂလိက)နေရာဖြစ်သည် ဟု ဆိုထိုက်ပေ၏။ ယင်း တုံ့တေးတောကျောင်းကို နောက်၌ ဆိုလတ္တံ့။

ဥဒါန်း

သာမိသောဘိုတ ထေရဿ၊ အရည်ဝါသဇာနနေ။
အာဒိမဇ္ဇ ဝေမဇ္ဈေ၊ တုန္ဒဘာရည် ဂတံ ဘဝေ။ ။

ဆရာတော်ကြီးသည် ယခု သက်တော် ၉၀–ကျော်ပင် ဖြစ်သော်လည်း ကျန်းမာရေးလည်း ကောင်း၏၊ သတိအမှတ်အသားလည်း တိမ်းပါသည် မရှိပေ၊ သက်ကြီး ရွယ်အိုတို့၏ ဓမ္မတာအတိုင်း အသံတုန် လက်တုန်သည်မှ တပါး အခြားသော ချွတ်ယွင်းချက် ဖြစ်မြောက် ထင်ပေါ်အောင် ရှိသည်ကို မတွေ့ရရ၍ လာရောက်ဖူးမြော်သူတိုင်း၏ တအံ့တသြ ချီးမွမ်းကောင်းချီးပေးသံကိုသာ ကြားကြရလေကုန်၏။

ဆရာတော်ကြီး၏ ဘ၀ဖြစ်စဉ် သီတင်းသုံးနေထိုင်လာခဲ့ပုံတို့ကို ကြည့်လိုက်လျှင် ကေစာရီ တောရမှီသော ပုဂ္ဂိုလ်အဖြစ်၌ မည်မျှ စိတ်ဝင်စားစိတ်အားထက်သန်သည်ကို ကောင်းစွာ သိရှိနိုင်ပေသည်။

ဆရာတော်ကြီးသည် ပရိယတ္တိသာသနာကို စည်ပင်ဖွံ့ထွား တိုးပွားစေလိုသောဆန္ဒ ပြင်းပြသည်လည်း တကြောင်း၊ ဆရာသမား၏ လက်ဦတ်လက်ရာ သာသနာပြု အမွေအနှစ်ကို မပျက်ပြား မယုတ်လျော့ရလေအောင် ဆောင်ရွက်လိုလားသည်လည်းတကြောင်းကြောင့် တပည့် ပရိသတ် သံဃာသိုက်မြိုက်စွာနှင့် တိုက်တာအတွင်း သီတင်းသုံးနေရသော်လည်း တောတွင်း၌ တရားအားထုတ်နေသည့်အနေမျိုးကိုရအောင်ကား အလစ်မထားကြိုးစားလျက်သာ ရှိပါ၏။

ဆရာတော်ကြီးသည် ကိတ်ဆိတ်ရာ၌ ဘာ၀နာကမ္မဋ္ဌာန်း စိုးဖြန်းမှုဖြင့် မွေ့လျော်တတ်သည့်အလျောက် အခွင့်သာအချိန်ရတိုင်း ကိုယ်ထီးလွတ်ရာ၌ ဘာ၀နာမှုကို ပြုလေ့ရှိ၏၊ စကားပြောဆိုခြင်း စသည်ဖြင့် အချိန်ကို အကုန် မခံလိုပေ၊ ပရိသတ်နှင့် မကင်းနိုင်သော်လည်း ကင်းနိုင်သမျှ ကင်းအောင် ဖန်တီး၍ တိတ်ဆိတ်ရာ တိုက်ခန်းတွင်း၌ တရားထိုင် ဘာ၀နာပွားနေတတ်လေသည်။

ယင်းအကျင့် ယင်း၀သီ(အထုံ)ကို သိရှိကုန်သော တပည့်တို့ကလည်း ဆရာတော်ကြီး၏ ဘာ၀နာမှုကို အနှောင့်အယှက် မဖြစ်စေရအောင် အထူးသဖြင့် ဆင်ခြင် စောင့်စည်းကြကုန်၏၊ ဆရာတော်ကြီးသည် တိုက်တာအတွင်းမှာပင် ကမ္မဋ္ဌာန်းတရားကို လွတ်လပ်စွာ ပွားများ အားထုတ်နိုင်ပေ၏၊ ဆရာတော်ကြီး သီတင်းသုံးသော ကျောင်းအနီး၌ သီးသန့်ကမ္မဋ္ဌာန်းကျောင်းငယ် ကျောင်းကြီး ရှိနေကြလေသည်။

ဆရာတော်ကြီးသည် မိမိ သီတင်းသုံးမြဲနေရာ၌ မရှိလျှင် ဆရာတော်ကြီး ဘယ်ကို ကြွသလဲဟု မေးရန် မလိုပါ၊ ကမ္မဋ္ဌာန်းကျောင်းထဲမှာ တရားနှင့်

မ္ဘေနေသည် ဟု တပည့် ကြီး ငယ် ပရိသတ်တို့ နားလည်ထားကြကုန်၏၊ သို့လျှင် ဆရာတော်ကြီးသည် ပရိယတ္တိစာသင်တိုက်ထဲ၌ပင် သီတင်းသုံးနေရသော်လည်း တောအရပ်၌ ကေစာရီလှည့်လည် ကျင့်ကြံအားထုတ်နေရသည့် အသွင်မျိုး ပေါ်အောင် တပည့် တပန်းတို့ ဝိုင်းဝန်း ဖန်တီးပေးမှုကြောင့် သာ ဆရာတော်ကြီးအတွက် ပျော်မွေ့နိုင်ခွင့် ရှိလေသည်။

ဆရာတော်ကြီးသည် သပိတ်တလုံး သုံးထည်သော သင်္ကန်းဖြင့် ပေါ့ပါးသော အသက်မွေးမှု၌ ပျော်မွေ့လာခဲ့သော ပုဂ္ဂိုလ် ဖြစ်သည် အလျောက် ယခု သက်တော် ကိုးဆယ်ကျော် အရွယ်ပင် ဖြစ်သော်လည်း သူ့တပါး အပြုစု အယုယကို လိုလားပုံ မပေါ် ကိုယ်ထူကိုယ်ထ အရည ဝါသီတောမှီပုဂ္ဂိုလ်ဓလေ့ဖြင့် ယနေ့အထိနေလေ့ရှိသည်ကို တွေ့ကြရကုန်၏။

တပည့်ကြီးတို့က ဆရာတော်ကြီး၏ ထံပါး၌ ရဟန်းဖြစ်စေ သာမဏေ ဖြစ်စေ ကျောင်းသားဖြစ်စေ တဦးဦး မပြတ်ရှိနေအောင် ဖန်တီးထားကြကုန်သော်လည်း ဆရာတော်ကြီးကား သာမည်ကိစ္စမျိုး၌ သူ့တပါးကို တာဝန်ပေးလေ့ မရှိပေ။

ဆရာတော်ကြီးသည် ယခုသက်ရွယ် ကိုးဆယ်ကျော်နေသည်ပင်ဖြစ်သော်လည်း တပည့်သံဃာများနှင့် မရှိအတူ ရှိအတူ ဆွမ်းစား ကျောင်းမှာပင် ဆွမ်းဘုဉ်းပေးလေ့ရှိ၏၊ ဤအပြု ဤအကျင့်သည် တိုက်တာသံဃာစည်းလုံးမှုကို ပြုရာ၌ အထူးအောင်မြင်စေသော အမှုဖြစ်သဖြင့် မှတ်သားအတုယူ ချီးကျူးထိုက်ပါပေ၏။

ဆရာတော်ကြီး၌ရှိသော ချီးကျူးအံ့ဩဖွယ် ကြည်ညိုဖွယ်တို့သည် ထုတ်ဖော်၍ ဆုံးနိုင်ဖွယ်မရှိ ကျွန်ုပ်သည်လည်း ကုန်အောင် ထုတ်ဖော်နိုင်စွမ်း ရှိသူ မဟုတ်ပါပေ။

ဝိနည်းအရာ တင်းမာ၏

ဆရာတော်ကြီးသည် ဝိနည်းနှင့်ပတ်သက်လျှင် တင်းတင်းရင်းရင်း တိတိပြတ်ပြတ် မိန့်ဆိုတတ်သည်၊ တခါက ရန်ကုန် ပစ္စိမာရုံကျောင်းသို့ ရောက်လာရာ နံနက်ဝတ်တက် ပျက်ကွက်သည်ကို တွေ့ရ၍ ရုံဖွယ်လိလိ ရှုကြည့်အပြစ်ဆိုဘူး၏၊ ဤအကြောင်းကို အရှင်နာရဒါဘိဝံသအကြောင်းကို ဆိုရာ၌ တွေ့လတ္တံ့။

တခါက ကျိုက်လတ်မြို့၌ ဒါယကာတဦးက ပစ္စိမာရုံတိုက်ရှိ သံဃာကုန်ကို အိမ်သို့ ပင့်၍ ဆွမ်းကပ်လှူ လုပ်ကျွေးလို၏၊ ယင်း ဒါယကာမိသားစုကား သဒ္ဓါတရား ထက်မြက် တက်ကြွသူများ ဖြစ်ကြ၏၊ ပစ္စိမာရုံကျောင်းတိုက်နှင့်ကား အဆက်အသွယ်မရှိခဲ့သေးပေ၊ ပစ္စိမာရုံတိုက်နှင့် ရင်းနှီးသော ဒါယကာတို့၏ အကူအညီဖြင့် တိုက်တွင်းရှိ သံဃာတို့ကို အိမ်သို့ပင့်၍ ဆွမ်းကပ်လေသည်။

ဆွမ်းကပ်ပြီးသောအခါ ဖွယ်ဖွယ်ရာရာ အချိုပွဲပြင်၍ကပ်၏၊ ထိုအချိုပွဲ၌ ယွန်းလက်ဖက်အုပ်မှာထည့်၍ လက်ဖက်ပါလာသည်၊ ဆရာတော်ကြီး အရှင်သောဘိတ ထေရ်က လက်ဖက်အုပ်က လက်ဖက်ကို ပန်းကန်မှာ ထည့်ကပ်ဟု အမိန့်ရှိသဖြင့် လက်ဖက်အုပ် အကုန်လုံးမှ လက်ဖက်တို့ကို ပန်းကန်သို့ ပြောင်းထည့်ကပ်ကြကုန်၏။

လူတွေ့ တီးတိုး ဝေဖန်ကြ၏၊ ယွန်းလက်ဖက်အုပ် လုပ်တဲ့အထဲ နောက်ချိုးပါတယ်၊ ဒါ့ကြောင့် ရုံတာနဲ့တူတယ်ဟု အချို့ပြောဆိုကြ၏၊ အချို့က လည်း နောက်ချိုးဆိုတဲ့အထဲမှာ နွားမချိုးလဲ ပါမှာပဲ၊ ဒါ့ကြောင့် ရှောင်တာနဲ့တူတယ်ဟု ပြောဆိုကြ၏၊ အမျိုးမျိုး ကိုယ့်အထင်နှင့်ကိုယ် ပြောဆိုဝေဖန်ကြသတဲ့။

ယင်း ဒါယကာတို့သည် နောက်မှ နှီးခွက် သစ်သားခွက်မှာထည့်၍ ရဟန်းတို့ မစားအပ်ကြောင်း သိသွားကြလေကုန်၏။

ယင်း ဒါယကာ မိသားစုသည် ပစ္ဆိမာရုံတိုက်ကို အထူးကြည်ညိုကြလေသည်၊ ယခုရှိ ဆွမ်းစားကျောင်းကြီးနှင့်တကွ သီလဝိသောဓနီ သိမ်ရှေက တန်ဆောင်းတိုကိုလည်း ဆောက်လုပ်လှူဒါန်းကြကုန်၏။

ဦးယုံဆောင် ဒေါ်ခင်သန်း သမီး ရီရီလှိုင် တင်တင်မြင့်ဟူသော ကောင်းမှုရှင် ကမ္ဘည်းကို ရောက်ဖူးသူတိုင်း တွေ့ကြလေကုန်ပြီ။

ရတနာသုံးပါးခို ကြည်ညိုကြကုန်သော ရဟန်းသံဃာတို့ကို ဆည်းကပ်လုပ်ကျွေး လှူဒါန်းကြကုန်သော သဒ္ဓါတရားရှိသူ လူအပေါင်းတို့သည် ရဟန်းတို့အား အပ် မအပ်ကို သိထားရန် သင့်လှပေသည်၊ သိမှသာလျှင် မိမိတို့၏ သဒ္ဓါတရားကို လွတ်ရာခို အကြိုအတွယ်မရှိ လွတ်လပ်စွာ ကွန့်သွားနိုင်မည် ဖြစ်ပေသည်၊ ရဟန်းတို့အား မအပ်သောခွက် အပ်သောခွက်တို့ကို သိထားကြရန် လိုပါသည်။

ရဟန်းတို့အား သံ၊ ကြေးနီ၊ မြေအားဖြင့် ခွက်သုံးမျိုးသာ အပ်သည်၊ ရဟန်းတို့ သုံးဆောင်နေကျ ဆိုခဲ့သော ခွက်တို့ဖြင့် ထည့်၍ လူတို့အား မကျွေးအပ် ရှင်လောင်းတပါးကိုသာ ကျွေးကောင်းသည်။

ရှေ ငွေ ပတ္တမြား ဇကြာင်မျက်ရွဲ ဖန်စစ် ဤခွက် ငါးလုံးသည် သုံးသပ်ရုံမျှ မအပ်၊ သစ်သားခွက်ကား ထည့်၍မစားအပ်၊ ကြေးဖြူခွက် စဉ်ခွက် နှစ်လုံးကားသံဃာ့ဥစ္စာ ဖြစ်မူ အပ်၏၊ စဉ်ခွက်ဟူသည်ကား ချက်၍ ပြူအပ်သော ဖန်မှန်ကို ဆိုသည်၊ အိုးအုံ ဗူးအုံတို့မှာ တာဝကာလိက တကြိမ်စားမျှ အပ်သည်၊ ပေါင်း အကပ်ပယ ခွက်ကိုးလုံး။

ထို့ကြောင့် ယခုကာလ ပုဂ္ဂလိက ဇွန်း ကွမ်းအစ် ဖန်ခွက်တို့ဖြင့်ဟင်းလျှာ ဆေး ကွမ်း လက်ဖက်စသည်တို့ကို စားသောက်ကြသည်ကား မအပ်ဟု ဆိုရန် ရှိသည်။

ဖက်ခွက်လည်း · အိုးအုံဗူးအုံကဲ့သို့ · တာဝကာလိက တခါစားမျှ အပ်သည်၊ ယခုကာလ သူအခွ၊ကား ဖက်ခွက်တို့၌ တွယ်ထားသော တဲ အပ်ဝါးခြမ်းကို နုတ်၍ ဖြုတ်၍ စားကြကုန်၏၊ ပရိုပရ အညာဏမျှသာ ဖြစ်သည် မနုတ်သော်လည်း အပြစ်မရှိ။ (ဝိနယ ကောသလ္ဍ)

ဥဒါန်း

(က) ဒီဃာယုကော ဓုနာဇီဝေါ၊
ဝနေကစာရ ဆန္ဒိကော။
ဘာဝနာဘိရတော ဓီရော၊
ကောနု သော ကောစိ စေ ဝေဒေ။ ။

(ခ) သောဘိတော ယော ထေရော ကျိုက်လတ်၊
ပစ္ဆိမာရာမ နာယကော။
ဘာဝနာယ ရတော တိဏ္ဏော၊
နိကာယော သောတိ ဟံ ဝေဒေ။ ။

သောကြာနှင့် အင်္ဂါဖြစ်သော ကဆုန်ဆန်းတစ်

၁၂၅၂-ခု ကဆုန်လဆန်း တရက်သည် သောကြာလည်းဖြစ် အင်္ဂါလည်း ဖြစ်၏။

၁၂၅၂-ခု ကဆုန်လဆန်းတရက်၌ ပစ္စိမာရုံတိုက် တတိယမြောက် ဆရာတော်ဖြစ်သော ဦးသောဘိတကို ဖွားမြင်၏၊ ထိုနေ့သည် သောကြာဖြစ်၏။

၁၂၅၂-ခု ကဆုန်လဆန်းတရက်၌ တိလောကမာရဇိန် ဘုရားကြီးကို သွန်း၏၊ ထိုနေ့သည် အင်္ဂါဖြစ်၏၊ ထို့ကြောင့် ၁၂၅၂-ခု ကဆုန်လဆန်း တရက်သည် သောကြာလည်းဖြစ်၏၊ အင်္ဂါလည်းဖြစ်၏။

ရက်စွဲတခုတည်း၌ နေ့နှစ်နေ့ ဖြစ်နေ၏၊ ဖြစ်ပုံကား ၁၈၉၀-ပြည့် ဧပြီလ ၁၃၊ ၁၂၅၁-ခု တန်ခူးလဆုတ် ၁၀-ရက် တနင်္ဂနွေနေ့သည် သင်္ကြန်ကျရက်ဖြစ်၍ ကဆုန်လဆန်းတရက် သောကြာနေ့သည် ၁၂၅၂-ခု နှစ်ဦးပိုင်း၌ ပါဝင်၏။

၁၈၉၁-ခု၊ ဧပြီ ၁၃၊ (၁၂၅၂-ခု၌ ကဆုန်လဆန်း ခုနစ်ရက်) တနင်းလာနေ့မှာ သင်္ကြန်ကျ၏၊ ထို့ကြောင့် ကဆုန်လဆန်းတရက် အင်္ဂါနေ့သည် ၁၂၅၂-ခုနှစ် နှစ်နှောင်းပိုင်းမှာ ပါဝင်နေ၏။

အတိုချုပ် ကဆုန်လဆန်းတရက်သည် ၁၂၅၂-ခု နှစ်ဦးပိုင်းမှာလည်း ပါဝင်၏၊ နှစ်နှောင်းပိုင်းမှာလည်း ပါဝင်၏။ နှစ်ဦးပိုင်း၌ ပါဝင်သော ကဆုန်လဆန်းတရက် သောကြာနေ့၌ ဆရာတော်ဦးသောဘိတကို ဖွားမြင်၏၊ နှစ်နှောင်းပိုင်း၌ ပါဝင်သော ကဆုန်လဆန်းတရက် အင်္ဂါနေ့၌ တိလောကမာရဇိန် ဘုရားကြီးကို သွန်း၏၊ ၁၂၅၂-ခုအတွင်းမှာချည်း ဖြစ်၏၊ ဆရာတော်ဖွားမြင်ရက်နေ့က ဘုရားကြီးသွန်းသော ရက်နေ့ထက် ၃၅၄-ရက် စော၏။

ဗမာ့နှစ်ကူးသင်္ကြန်သည် တန်ခူးလဋ္ဌ အမျှားအားဖြင့် ဖြစ်၍ ရံခါ ကဆုန်လဋ္ဌလည်း ဖြစ်တတ်လေရာ ယင်း သင်္ကြန်နှစ်ကူးကို အစဲ့ပြု၍ "နှောင်း"ဟူသောစကား "ဦး"ဟူသောစကား ဖြစ်ရလေ၏၊ သင်္ကြန်မကျ နှစ်မကူးမီဖြစ်သောအပိုင်းဋ္ဌ ပါဝင်သောရက်စုကို နှောင်းဟုခေါ်၍ နှစ်ကူး ပြီး၍ နှစ်သစ် နှစ်ဦးဋ္ဌ ပါဝင်သော ရက်ပိုင်းကို "ဦး"ဟု ခေါ်ဆိုကြ၏၊ တန်ခူးလဋ္ဌ သင်္ကြန်ကျ နှစ်ကူးလျှင် နှောင်းတန်ခူး ဦ.တန်ခူးဟူသော စကား ဖြစ်လာရ၏။

ဥပမာ တန်ခူးလဆန်း ၁၀–ရက်ဋ္ဌ သင်္ကြန်ကျ နှစ်ကူးသည် ဆိုပါစို့၊ နှစ်မကူးမီ ၁၀-ရက်မတိုင်မီ ရက်ပိုင်းသည် နှောင်းတန်ခူး ဖြစ်၍ ၁၀ ရက်မှ နောက်ဖြစ်သော ရက်ပိုင်းသည် ဦးတန်ခူး ဖြစ်လေသည်၊ နှစ်ဦး တန်ခူး ဟု ဆိုသော စကား ဖြစ်သည်။

၁၂၅၂–ခုနှစ်ဋ္ဌ သင်္ကြန်သည် ကဆုန်လဆန်း"၇"ရက် တနင်းလာနေ့မှာ ကျ၏၊ ထိုကြောင့် တိလောကမာရဇိန် ဘုရားကြီးကို သွန်းသော ကဆုန် လဆန်းတရက် အင်္ဂါနေ့သည် ၁၂၅၂–ခုနှစ်ဟောင်းဋ္ဌ ပါဝင်လေသော ကြောင့် "နှောင်းကဆုန်"ဖြစ်၏။ နှစ်ကူးပြီး၍ ၁၂၅၃–ခုဘက်ဋ္ဌ ပါဝင်လေ သော ကျန်ကဆုန်ရက်ပိုင်းကို "ဦးကဆုန်"ဟု ခေါ်ရ၏။

တိုက်အုပ်ဆရာတော် အရှင်ဥက္ကံသ ထေရ်

အရှင်ဥက္ကံသသည် ၁၂၆၂-ခု တပေါင်းလဆန်း ၈-ရက် တနင်္ဂနွေနေ့ ခရမ်းမြို့၌ ဖွားမြင်၏၊ ခမည်းတော် မယ်တော်တို့မှာ ခရမ်းမြို့ ဦးစံကျူး ဒေါ်ယုတို့ ဖြစ်ကြ၏၊ ယခု နာယကဆရာတော်ကြီး အရှင်သောဘိတ ထေရ်နှင့် ညီအစ်ကိုအရင်း ဖြစ်၏၊ ဖွားဘက်သားချင်း ၅-ယောက်အနက် အငယ်ဆုံးသား ဖြစ်၏။

ပထမ၊ ဒုတိယ၊ တတိယနှင့် ပဉ္စမတို့မှာ သားယောကျ်ားတို့ ဖြစ်ကြ၍ စတုတ္ထမှာ သမီး မိန်းမ ဖြစ်၏၊ တတိယသားသည် ပစ္ဆိမာရုံတိုက် ယခု နာယကဆရာတော်ကြီး အရှင်သောဘိတထေရ်ဖြစ်၍ အငယ်ဆုံး ပဉ္စမ သားသည် အရှင်ဥက္ကံသ ဖြစ်သည်။

အရှင်ဥက္ကံသ လောင်းလျှာ သူငယ်သည် ကျောင်းနေလောက်သော အချိန်မှစ၍ ခရမ်းနယ် အေးရွာ ဘုန်းတော်ကြီးကျောင်း၌ နေ၍ ပညာသင်သည်၊ ၁၂-နှစ်သားအရွယ်မှာ သာမဏေဖြစ်ပြီး သာမဏေအဖြစ်ဖြင့် အေးရွာကျောင်း ဘုန်းတော်ကြီးထံမှာပင် ပညာသင်နေခဲ့၏၊ သာမဏေဘဝဖြင့် အေးရွာကျောင်း၌ ၅-ဝါနေခဲ့ပြီး ၁၂၈၀-ပြည့်နှစ် အသက် ၁၈ နှစ်မှာ ကျိုက်လတ် ပစ္ဆိမာရုံကျောင်းတိုက် ဆရာတော်ကြီးအရှင်ကေလာသ ထံသို့ ရောက်လာ၏၊ ၁၂၈၁ ခုနှစ် ဒုတိယဝါဆိုလမှာ ပစ္ဆိမာရုံကျောင်းတိုက်၌ ပစ္ဆိမာရုံဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းအဖြစ်သို့ ရောက်၏။

ပစ္ဆိမာရုံတိုက်သို့ ရောက်သည်မှစ၍ မည်သည့်အရပ်တပါးသို့မျှ ဝါဆို ဝါကပ် မသွားမူ၍ ဆရာတော်ကြီး၏ ထံပါးမှာပင် ပညာရည်နို့ကို သောက်စို့ကာ အလုပ်အကျွေးပြု၍ နေပေသည်၊ အရှင်အာနန္ဒာထုံးကို



ပစ္စိမာရုံ တိုက်အုပ်ဆရာတော်ဘုရားကြီး
ဘဒ္ဒန္တ ဥက္ကံသ ထေရ်

နှလုံးမူသော ပုဂ္ဂိုလ်ဟု ဆိုက လွဲလှမည်မဟုတ်ပေ၊ သို့သော် ခြားနားချက်ကား ရှိ၏၊ အရှင်အာနန္ဒာကား မြတ်စွာဘုရား ကြွတော်မူရာတိုင်းလိုက်၏၊ အရှင်ဥက္ကံသကား ပစ္ဆိမာရုံဆရာတော်ကြီးသွားရာသို့မလိုက်ပဲ တိုက်ထဲမှာသာ နေသည်၊ နေရာမြဲ ကျောင်းမြဲသောပုဂ္ဂိုလ်ကိုရှာလျှင် အရှင်ဥက္ကံသကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို တွေ့ရန် လွယ်လှမည် မထင်ပေ။

ဆရာတော်ဘုရားကြီးကလည်း စိတ်မထေမပြား အရပ်တပါးသို့ မသွားမူ၍ မိမိတိုက်တာအတွင်း၌သာ မြဲသော တပည့် အရှင်ဥက္ကံသကို အားကိုးအားထားပြု၏၊ ကျမ်းဂန်နိဿယည်း ဝိနည်း သိက္ခာ နည်းနာ အရပ်ရပ်ကို အန်ထုတ် ခံ့ကျေးတော်မူ၏။

ပစ္ဆိမာရုံကျောင်းတိုက်၌ ဆရာတော်ဘုရားကြီးလက်အောက်မှာ ပထမဦးဝိလာသအုပ်ချုပ်လာခဲ့၏၊ ထိုအခါ ဦးတိနယနသည် တိုက်ကြပ်ဖြစ်၏။ ဦးဝိလာသ မရှိသောအခါ ဦးတိနယနသည် တိုက်အုပ်အဖြစ်ဖြင့် ဆောင်ရွက်၏၊ ထိုအခါ အရှင်ဥက္ကံသသည် တိုက်ကြပ်ဖြစ်၏၊ နောက် ဦးတိနယနသည် အခြားသို့ ပြောင်းသွား၏၊ ဦးတိနယန မရှိသောအခါမှစ၍ တိုက်အုပ်၏ တာဝန်နှင့်တကွ တိုက်တွင်း ပြုရမည့် တာဝန်ခပ်သိမ်းကို အရှင်ဥက္ကံသ က ဦးဆောင် လုပ်ကိုင်လာခဲ့၏၊ နောက်ထပ် တိုက်အုပ်ဟူ၍ တင်မြှောက်ခြင်း မပြုပဲ ထား၏။

၁၂၉၇ ခုသို့ရောက်သောအခါ ဆရာတော်ဘုရားကြီးက တာဝန်ခွဲဝေအပ်နှင်း၏၊ ဆရာတော်ဘုရားကြီး တာဝန်အပ်နှင်းပုံကို မန္တလေး ဝိသုဒ္ဓါရုံတိုက်မှ စည်ရှင်ဆရာတော် အရှင်ကောသလ္လာဘိဝံသထေရ် ရောက်ရှိနေသည်ဖြစ်၍ ဆရာတော်ဘုရားကြီးက စည်ရှင်ဆရာတော်ကို ရေးစေ၏၊ ယင်းစာကား တွေ့ရမည်အတိုင်း ဖြစ်၏။

ဒုတိယကမ္ဘာစစ် ခေတ်ပျက်ထဲသို့ ရောက်လာတော့သည်၊ ထိုအခါမှာလည်း အရှင်ဥက္ကံသပင် တိုက်၏ တာဝန်ခပ်သိမ်းကို ကွပ်ကဲ ထမ်းဆောင်

နေ၏၊ ဆရာတော်ကြီးအောက် အရှင်ဥက္ကံဆသည် ပစ္ဆိမာရုံတိုက်တွင်း၌ အကြီးဆုံး ဖြစ်၏၊ အရှင်ဥက္ကံ၏ နောင်တော် ဆရာတော် အရှင်သောဘိတထေရ်ကား တောရပ်နေ ဧကစာရီကျင့်မှု၌သာ အထူး စိတ်ဝင်စားသည်ဖြစ်၍ တိုက်တွင်း၌ ရှိလှသည် မဟုတ်ပေ၊ ထို့ကြောင့် ဆရာတော် ဘုရားကြီး၏ ဝတ်ကြီး ဝတ်ငယ်နှင့် တတိုက်လုံး၏ တာဝန်ကို အရှင်ဥက္ကံသ ဦးဆောင်လုပ်ကိုင်နေရလေသည်။

အရှင်ဥက္ကံသကို တိုက်အုပ်ဟူ၍ အမျှား သိထားကြ၏၊ ထိုအတိုင်းလည်း ခေါ်ဝေါ်ကြ၏၊ ဆရာတော်ကြီးလည်း ကျေနပ်သဘောကျသဖြင့် ဆိတ်ဆိတ်နေတော်မူ၏၊ ထို့ကြောင့် အရှင်ဥက္ကံသသည် သံဃအနုမတိ တိုက်အုပ် အလိုလို ဖြစ်နေလေတော့သည်၊ တိုက်တာတွင်းရှိ သံဃာများ၏ ချမ်းသာရေးသည် မိမိအရေးဖြစ်သည်ဟု သဘောထား ဆောင်ရွက်နေသောကြောင့် တိုက်တွင်း၌ရှိကြသော စာသင် စာချ သံဃာများနှင့် တကွ ကျောင်းသားမကျန် အဖက်ဖက်က ပြည့်ဝချမ်းသာကြပေကုန်၏၊ အရှင်ဥက္ကံသသည် တိုက်တာတွင်းရှိ ရှင်ရဟန်းတို့၏ လေးစားမြတ်နိုးမှုကို အထူးခံရလေသည်။

မိမိသည် ဆရာသမားများကို ကျိုးကျိုးနွံနွံ ပြုစုလာခဲ့သော်လည်း မိမိကိုယ်တိုင်ကား သူတပါး၏ အပြုစု အယုယကို ခံလိုစိတ်ရှိပုံ မပေါ်ပေ။ ယခု ၁၃၄၃ ခု၌ သက်တော် ၈၂-နှစ်ပင် ရှိပြီဖြစ်သော်လည်း ကိုယ်ထူ ကိုယ်ထစနစ်ကို နှစ်သက်လျက် ရှိ၏၊ ဆွမ်းခံလည်း ကွ၏၊ အကြောင်းမဲ့ ဆွမ်းခံရက်ပျက်သည်ဟူ၍ မရှိပေ။

အရှင်ဥက္ကံသ၏ စိတ်သန္တာန်၌ သံဃာ၏ ချမ်းသာခြင်းသည် မိမိ၏ ချမ်းသာခြင်းပင် ဖြစ်သည်ဟု ရှိပုံရ၏၊ ထို့ကြောင့် အမျှား ချမ်းသာရေး သံဃာ၏ ချမ်းသာရေးကိုသာ ဦးစားပေး ဆောင်ရွက် လုပ်ကိုင်လေ့ရှိ၏၊ ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးကား ရှားပါးမည်အမှန်ဖြစ်၏။

ဤပုဂ္ဂိုလ်မျိုး၏လက်အောက်၌ လာရောက်နေထိုင်ပညာသင်ကြားကာ သာသနာတာဝန်ကို ထမ်းဆောင်ကြရကုန်သော ရဟန်းသာမဏေတို့သည် အလွန် ကံထူးကြပေသည်ဟူ၍သာ ဆိုလိုက်ချင်ပါ၏။

တိုက်အုပ်ဆရာတော် အရှင်ဥက္ကံသထေရ်သည် ယခု ဤစာကို ရေးသော ၁၃၇၃-ခုနှစ်၌ သက်တော် ၈၂-နှစ်ပင် ရှိပြီဖြစ်သော်လည်း သန်မာ ဖျတ်လတ်လျက်သာ ရှိ၏၊ ကျန်းမာခြင်းနှင့် ပြည့်စုံလှပါပေ၏။

ဥဒါန်း

(၉) ဥက္ကံသော တေ၀ ဥက္ကံသော၊ ထေရော ပစ္ဆိမရာမိကော။
မတိမာ တပေါ သဒ္ဓါလု၊ ဒယာလု မုဒု ခန္တိမာ။ ။

(၁၀) သံဃဖာသုံ ဥဒ္ဒိက္ခတိ၊ သကတ္ထ မိ၀ နိစ္စလံ။
၀ါယာမောပိ တတ္ထေရဿ၊ သံဃတ္ထာယ နိရန္ဘရံ။ ။

ကျိုက်လတ်ပစ္ဆိမာရုံတိုက်ကို အုပ်ချုပ်ရန် လွှဲအပ်ခြင်း

ကျိုက်လတ်ပစ္ဆိမာရုံတိုက် အုပ်ချုပ်ရေးကို ၁၂၉�># ခု နတ်တော်လဆန်း ၁-ရက် ဆရာတော်ဘုရားကြီး၏ အမိန့်အရ မန္တလေး ဝိသုဒ္ဓါရုံတိုက် စည်ရှင် ဆရာတော် ဦးကောသလ္လာဘိဝံသရေးသည်။

ဆရာတော်ကြီးသည် အရှယ်တော်ကြီးပြီဖြစ်၍ ဝိဝေကသုခဖြင့် သီတင်းသုံးတော်မူရန် အချိန်တန်ပြီဖြစ်ရကား တိုက်တာ သံဃာတို့ကို အုပ်ချုပ်စောင့်ရှောက်မည့်လက်ထောက် တပည့်ကြီးများကို သီးခြားရွေးကောက်တင်မြှောက်ထားသင့်ပြီဖြစ်၍ ဖော်ပြလတ္တံ့သော စာရင်းပါ ပုဂ္ဂိုလ်များကို ဆရာတော်ဘုရားကြီးကိုယ်စား ပစ္ဆိမာရုံနာယက ပစ္ဆိမာရုံဓမ္မဝါစက စာချုပ်ဂိုလ်အဖြစ် သမုတ်တင်ထားအပ်ကုန်၏။

(က) ပစ္ဆိမာရုံနာယကများ

(၁) ဦးသောဘိတ
(၂) တုံဃေတား ဦးဇာနေယျ } ၎င်းပုဂ္ဂိုလ် နှစ်ပါးတို့ကို ပစ္ဆိမာရုံနာယကများဟူ၍ သမုတ်အပ်ကုန်၏။

(ခ) ပစ္ဆိမာရုံဓမ္မဝါစက ဝန်ဆောင်ပုဂ္ဂိုလ်များ

(၁) ဦးနန္ဒက
(၂) ဦးနာရဒါဘိဝံသ
(၃) ဦးယမက } ၎င်းပုဂ္ဂိုလ် သုံးပါးတို့ကို ပစ္ဆိမာရုံဓမ္မဝါစကများ ဟူ၍ သမုတ်အပ်ကုန်သည်။

(ဂ) တိုက်ကြပ်တာဝန်ဆောင်ပုဂ္ဂိုလ်

(၁) ဦးဥက္ကံသကိုကား ရှေးအတိုင်း တိုက်ကြပ်ဟု သမုတ်အပ်သည်။

ဤလွှဲအပ်တာဝန်ပေးချက်တို့သည် ၁၂၉၈-ခု ယခု ၁၃၄၃-ခုမှ ပြန်၍ ရေသော် လွန်ခဲ့သော ၄၅-နှစ် ဒုတိယပစ္ဆိမာရုံ ဆရာတော်ကြီးသက်တော် ထင်ရှားရှိတုန်းက ဖြစ်၏၊ ဆရာတော်ကြီးကား ၁၃၁၁-ခုမှာ ပျံလွန်တော်မူသည်၊ ဆရာတော်ကြီး ပျံတော်မမူမီ ၁၃-နှစ်ကာလက ပေးအပ်သော တာဝန်ဖြစ်၏၊ ယခုကား တုံ့တေး ဦးဇာနေယျ ပျံတော်မူလေပြီ၊ ဦးနာရဒါ ဘိဝံသသည် ရန်ကုန်ပစ္ဆိမာရုံတိုက်ကို အုပ်ချုပ်နေရ၏၊ ဦးယမကသည် စစ်ကိုင်းတောင်ရိုး တောင်စဉ်တိုက် ကျိုက်လတ်ချောင်ကို အုပ်ချုပ်နေရ၏။

ယင်းပုဂ္ဂိုလ်တို့အနက် ယခုအခါ ကျိုက်လတ်ပစ္ဆိမာရုံတိုက်၌ နာယကဆရာတော်ကြီး ဦးသောဘိတ၊ တိုက်အုပ်ဆရာတော် ဦးဥက္ကံသနှင့် ဂဏဝါစကဥက္ကဋ္ဌ ဦးနန္ဒက သုံးပါးတို့သာ ရှိကြလေကုန်၏။

ဆရာတော် အရှင်နန္ဒက

အရှင်နန္ဒကဖြစ်မည့် လောင်းလျှာသူငယ်သည် ၁၂၆၃-ခု၊ ဝါခေါင်လဆုတ် ၂-ရက် စနေနေ့ ကျိုက်လတ်မြို့နယ်၊ ကလတ်ယပ်ရွာ၌ ဖွားမြင်သူဖြစ်သည်၊ မိဘတို့ကား ကလတ်ယပ်ရွာနေ ဦးလုံးနှင့် ဒေါ်ကျော့တို့ ဖြစ်ကြ၏။ ၁၃-နှစ်သားအရွယ် ၁၂၇၆-ခုမှာ ပစ္စိမာရုံတိုက်သို့ ရောက်လာသည်၊ သာမဏေအဖြစ်ဖြင့် ပညာသင်ကြားနေသည်၊ ထိုစဉ်အခါက နောင် သာသနာပိုင်ဖြစ်မည့် ဆရာတော် အရှင်ကေလာသ နာယကဖြစ်၍ တိုက်အုပ်ဘုန်းကြီးအဖြစ် ဦးဝိလာသ အရှင်မြတ်က တာဝန်ထမ်းဆောင်နေသည်၊ ဦးဝိလာသ နောက် ဦးတိနယန တိုက်အုပ်ဖြစ်ခဲ့သေးသည်။

သာမဏေအဖြစ်နှင့် နေစဉ်အတွင်း ၁၂၈၀-ပြည့်နှစ်မှာ ရှင်လိန်ပြန်၍ ကျောင်းသား အဖြစ်ဖြင့် ဆရာတော်ဘုရားကြီးနောက် လိုက်ရသဖြင့် စစ်ကိုင်းတောင်ရိုးသို့ ရောက်ခဲ့ရသည်။ (တောင်စဉ်တိုက် ကျိုက်လတ်ချောင်အကြောင်းဌာလည်း ပါခဲ့ပြီ)

ကျိုက်လတ်ရေကန်ကြီးကို ၁၂၇၅-ခုနှစ်မှ စတူး၏၊ ရှင်နန္ဒက ပစ္စိမာရုံတိုက်သို့ ရောက်လာသော ၁၂၇၆-ခုနှစ်မှာလည်း တူးတုန်းပင် ရှိသေးသည်၊ ပစ္စိမာရုံတိုက်၌ သဲထုကြွတက်(သဲမှုတ်)ခြင်းကား ရပ်သွားပြီ၊ ၁၂၇၅-ခုမှ စမှုတ်သည်၊ ၇၆-ခုမှာ ရပ်သွားသည်၊ ဤအဖြစ်တို့ကား အရှင်နန္ဒက ထေရ်၏ မျက်တွေ့တို့တည်း။

သာမဏေအဖြစ်ဖြင့် ခုနစ်နှစ်မျှ စာသင်နေပြီး၊ ၁၂၈၂ ခု၊ နတ်တော်လမှာ ပစ္စိမာရုံတိုက် ယခင်ထုတ်ပြခဲ့သော အမတဂါမိ ဒုတိယသိမ်၌ ပဉ္စင်းဘောင်သို့ ရောက်သည်၊ ဥပဇ္ဈာယ်ကား ပစ္စိမာရုံဆရာတော်ကြီး အရှင်ကေလာသ ထေရ်မြတ် ဖြစ်၏၊ ပစ္စိမာရုံတိုက်၌ ဝါဆိုပြီး နောက်နှစ်

ပစ္စိမာရုံ ဂဏာဝါစက ဥက္ကဋ္ဌ
ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ နန္ဒက ထေရ်

ဗန်းမော်သို့သွားရ၍ ဗန်းမော်၌ ၂ ဝါမြောက် ဝါဆိုသည်၊ ရဟန်း ၂ ဝါရပြီး မန္တလေး ဝိသုဒ္ဓါရုံတိုက်သို့ သွားသည်၊ ဝိသုဒ္ဓါရုံတိုက်၌ ၂-ဝါနေခဲ့ပြီး ရဟန်း ၄ ဝါရ၊ ၁၂၄၆ ခုနှစ် ကျိုက်လတ် ပစ္ဆိမာရုံသို့ ပြန်လာခဲ့သည်၊ ထိုအခါမှစ၍ ပစ္ဆိမာရုံတိုက်၌ စာချ၊ ဓမ္မကထိက အဖြစ်ဖြင့် နေလေတော့သည်၊ အနှစ်ဘုံးဆယ်ကျော် ပစ္ဆိမာရုံတိုက်၌ စာပေပို့ချနေပြီး နောက် (သာသနာပိုင် ပစ္ဆိမာရုံဆရာတော်ကြီး ပျံတော်မူပြီး ၆ နှစ် ကြာပြီ) ၁၃၁၇ ခုမှာ သီဟိုဠ်သို့ သွား၍ တဝါနေသည်၊ ၃၅-ဝါရပြီးပြီ၊ သီဟိုဠ် ကိုလမ္ဘိုမြို့ ဦးသိရိဓမ္မတည်ထောင်ခဲ့သော ဝိသုဒ္ဓါရုံတိုက်၌ နေသည်။

ဦးသိရိဓမ္မကား သီဟိုဠ်ရဟန်းတော်ဖြစ်၏၊ မန္တလေး ဝိသုဒ္ဓါရုံတိုက်၌ ပညာသင်ကြားခဲ့သည်၊ ဝိသုဒ္ဓါရုံတိုက်မှပင် ပထမကြီးအောင်၏၊ ထိုစဉ်က ဝိသုဒ္ဓါရုံတိုက်၌ စာတော် နာမည်ကျော်တပါး ဖြစ်၏၊ ဝိသုဒ္ဓါရုံဆရာတော် ဘုရားကြီး၏ ထေရုပဋ္ဌာန်ကို ပါဠိဂါထာဖွဲ့သက်သက်ဖြင့် ရေး၏၊ ယင်းဂါထာတို့၏ နိဿယကို ဦးပဏ္ဍိတ က ရေးသည်၊ ဦးပဏ္ဍိတကား နောင် "လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး" ဖြစ်မည့် ပုဂ္ဂိုလ်တည်း၊ ဦးသိရိဓမ္မသည် သူ့ဆရာရင်းက ပြန်ခေါ်၍ သီဟိုဠ်သို့ ပြန်သွားကာ ကိုလမ္ဘိုမြို့၌ ဝိသုဒ္ဓါရုံအမည်ဖြင့် ကျောင်းတိုက် တည်ထောင်သာသနာပြုသည်၊ ဦးသိရိဓမ္မ ကျောင်းတိုက်ကို အစဲပြု၍ ပင်းကျောင်းတိုက်တည်ရှိသော လမ်းကိုလည်း "သိရိဓမ္မဝါဟ" လမ်းဟူ၍ပင် ခေါ်ကြလေသည်။

အဘယာရာမ ဆရာတော် အရှင်အဂ္ဂမဓမ္မ ထေရ်မြတ် သီဟိုဠ်၌ နေစဉ်ကလည်း ဦးသိရိဓမ္မကျောင်း၌ပင် နေခဲ့၏၊ အရှင်သိရိဓမ္မသည် သီဟိုဠ်၌ ရှေကျင်ဂိုဏ်းဟူ၍ ဂိုဏ်းသီးဖွဲ့လိုက်လေသည်၊ သို့သော် ပရိသတ်အင်အား ပရှိ၍ ထုန်းပေါက်အောင်မြင်ခြင်းကား ဗျားစွာ မရှိခဲ့ပေ။

သီဟိုဠ်၌ ရှေကျင်ဂိုဏ်းဟု သို့သော်လည်း အကျော်အကြား အများသိသောဂိုဏ်းအဖြစ်သို့ မရောက်ခဲ့ပေ၊ သီဟိုဠ်၌ ပင်ရှိသေးနေသော ဂိုဏ်းတို့

ကား သျှမ်း(သျှာမ)ဂိုဏ်း၊ ရုမညဂိုဏ်း၊ အမရပူရဂိုဏ်းတို့ ဖြစ်ကြ၏၊ ထိုဂိုဏ်းတို့အထဲ သျှမ်းဂိုဏ်းသည် အင်အားအကောင်းဆုံးဖြစ်၏၊ သျှမ်းဂိုဏ်းသံဃာတို့၏ ထူးခြားချက်မှာ သက်နှံးကို မည်သည့်အခါမျှ မရုံ၊ မျက်ခုံးမွှေးကိုလည်း ရိတ်သည်၊ ဖိုနပ်(သို့မဟုတ်)ခြေအိတ်အဖြူကိုသာ သုံးသည်၊ ယင်းထူးခြားချက်ဖြစ်အင်ကို မြင်၍-

"မျက်ခုံးရယ်မပါ လက်ရုံးမှာ ထီးကိုချိတ်ပါလို့
ခြေအိတ်အဖြူ စီးတယ် သျှမ်းဂိုဏ်း ဘုန်းကြီး"

ဟူသော အဆိုကို ဗမာရဟန်းတော်များ ဆိုတတ်ကြလေသည်၊ လက်ရုံးခ်ိ ထီးကိုချိတ်သော အပြုအမူကိုကား သျှမ်းဂိုဏ်းမှာသာ မဟုတ်၊ အခြားဂိုဏ်းသံဃာတို့လည်း ပြုကြလေသည်။

အရှင်နန္ဒက သီဟိုဠ်နေစဉ် ကိုလမ္ဘိုမြို့ ဦးသိရိဓမ္မတည်ထောင်ခဲ့သော ဝိသုဒ္ဓါရုံတိုက်ခ်ို နေ၏၊ ဦးသိရိဓမ္မကား မရှိတော့ပြီ၊ အရှင်နန္ဒက သည်ဓမ္မကထိက ပုဂ္ဂိုလ် ဖြစ်ကြောင်းကို သိကြသောအခါ တရားဟောရန် ပင့်ကြ၏၊ ဟိုရှာ သည်ရှာ မျှားစွဲလိုက်၍ ဟောရ၏၊ မဟာဗောဓိအသင်းတိုက်ခ်ို ဟောသောအကြိမ်မှာ ပရိသတ် အလွန်များသည်၊ ဗမာရဟန်းတော်တပါး တရားဟောမည်ဟု ကြော်ငြာထားသောကြောင့် ပရိသတ်များစွာ လာကြခြင်း ဖြစ်၏။

တရားဟောရာခ်ို အုံ့ဖွယ်ရှစ်ဖြာ သာသနာအရှေ့ကြောင်းကို ထည့်ဟောလိုက်ရာ ယင်းအကြောင်းကို မကြားဘူးသေး၊ ရေးပေးပါဟု တောင်းဆိုကြသောကြောင့် ရေးပေးရသေးကြောင်း ဆရာတော် ဦးနန္ဒက မိန့်ဘူး၏။

အရှင်နန္ဒက တရားဟောသောအခါ မြန်မာစကားဖြင့်သာ ဟောရ၏၊ သီဟိုဠ်သို့ ရောက်သည်မှာ မကြာသေး၍ သီဟိုဠ်ဘာသာကို ကျွမ်းကျွမ်းကျင်ကျင် မတတ်သေးကြောင့်ပင် ဖြစ်သည်။ သို့သော် ဘာသာပြန်ပေး

နိုင်သောပုဂ္ဂိုလ်ရှိ၍ သီဟိုဠ်ပရိသတ် နားလည်၏၊ ဘာသာပြန်ပြောသော ပုဂ္ဂိုလ်ကား သီဟိုဠ်သား ရဟန်းတော် အရှင်ဉာဏာဝါသ ဖြစ်၏၊ သူသည် ဗမာပြည်၌ နေဘူး ပညာသင်ဘူးသည်၊ ဗမာစကား ဗမာစာကို ကောင်းစွာ တတ်ကျွမ်းသူ ဖြစ်သည်။

သီဟိုဠ်၌ တဝါ တနှစ်နေပြီးနောက် ပစ္စိမာရုံတိုက်သို့ ပြန်လာကာ မူလလုပ်မြဲအတိုင်း စာချ ဓမ္မကထိက လုပ်နေလေသည်၊ ထိုနောက် ၁၃၂၅ ခုနှစ်၊ စစ်ကိုင်းတောင်ရိုး တောင်စဉ်တိုက် ကျိုက်လတ်ချောင်၌ တဝါနေ၏၊ ပြီးလျှင် ပစ္စိမာရုံတိုက်သို့ပင် ပြန်လာခဲ့၏၊ ၁၃၃၅ ခုနှစ်မှာ ရှမ်းပြည် ကျောက်မဲ၌ တဝါဆို၏၊ ထိုမှ နောက်ကာလတို့၌ကား ပစ္စိမာရုံကျောင်းတိုက်၌သာ အမြဲနေလေတော့သည်။

ဆရာတော် အရှင်နန္ဒကထေရသည် ယခု ၁၃၄၃ ခုမှာ သက်တော် ၈၁ နှစ်၊ ဝါတော် ၆၁ ဝါရှိပြီ၊ ရက်မပျက် ဆွမ်းခံကြွ၏၊ မျက်စိမှုန်ဝါး ဒေါသနည်းနေသည်မှတပါး အခြား ဝေဒနာ သိသိသာသာ မရှိကြောင်း သိရ၏။

အသက်အရွယ်ကြောင့် တရား ကြာကြာဟောလျှင် မောပန်းမည်ပင် ဖြစ်သော်လည်း အသံသြဇာမှာ ငယ်မှုမပျောက်ဟု ထင်ကြ၏၊ စာပေပို့ချ ရေးဋ္ဌ ဝါသနာရင့်သူပင် ဖြစ်သော်လည်း ယခုအခါ ဇရာအရွယ်ဖြစ်နေ၍ စာပေပို့ချမှုကို ရပ်ဆိုင်းထားရလေသည်။

အရှင်နန္ဒကသည် ရှေကျင်သာသနာပိုင် ပစ္စိမာရုံဆရာတော်ဘုရားကြီး၏ လက်ရုံးတပည့်ကြီးတဦး ဖြစ်၏၊ ပစ္စိမာရုံဆရာတော်ဘုရားကြီးသည် မိမိ လက်ရုံး ဟပည့်ကြီးမျှားကို မိမိရေးသားသော ကျမ်းတို့၌ ဖော်ပြလေ့ရှိ၏၊ ၁၂၇၇ ခုနှစ်မှ စတင်ရေး၍ ၁၂၈၂ ခုနှစ်မှာ ပြီးသည်ဟု ဆိုသော ပစ္စိမာရုံ ကစ္စည်းနိဿယသစ် နိဂုံး၌ ဆိုကားပုံ–

ဝရသာမိ ပညဝန္တံ၊ အာစိဏ္ဏံ စ သုပေသလံ။
နန္ဒကံ တိက္ခဉာနံ စ၊ လိခါပေသိ သုသာခုကံ။

အရှင်ဝရသာမိ၊ အရှင်အာစိဏ္ဏ၊ အရှင်နန္ဒက တို့ကို မိမိပို့ချသည့်အတိုင်း ရေးစေသည်ဟု ဆိုထား၏။ အရှင်နန္ဒက၏ ဝိသေသနကို တိက္ခဉာနံ (ဉာဏ်ထက်မြက်သော)ဟု မိန့်ဆိုထား၏။

အရှင်နန္ဒကသည် သာမဏေဝယ် ရဟန်းဝယ်ဘဝကပင် အကျော်တရဖြစ်ခဲ့ရ၏၊ ဦးရန်လင်းသည် ယင်းအချက်တို့ကို မှတ်တမ်းပြုထား၏၊ ယင်းမှတ်တမ်းအရ ဖော်ပြပါမည်။

"ကျိုက်လတ်မြို့တွင် ပထမဦးဆုံး စာပြန်ပွဲကို ကျင်းပသောနှစ်ကား ၁၂၇၉-ခု တန်ဆောင်မုန်းလ ဖြစ်သည်၊ ပစ္ဆိမာရုံကျောင်းတိုက်၌ သီတင်းသုံးနေသော ပစ္ဆိမာရုံဝါစက အရှင်နန္ဒကသည် ငယ်စဉ် ၁၆-နှစ်အရွယ်ကိုရင်အဖြစ်ဖြင့် ဝိနည်းစာပြန်ပွဲ အောင်မြင်သဖြင့် ကျိုက်လတ်မြို့တွင်းသို့ ပထမဦးစွာ လှည့်လည် ဂုဏ်ပြုခံရသည်၊ ၁၂၇၃-ခုနှစ်၌ ၉-လမ်း သင္ဃေးဦးမောင်ကြီး ကြီးမှူး၍ကျင်းပသော ဝိနည်းစာတော်ပြန်ပွဲ၌ ရဟန်းတဝါရ ဖြစ်သော အရှင်နန္ဒကသည် ဝိနည်းငယ်လေးစောင် အာဂုံပြန်နှင့် ကခ်ုါရေးဖြေစာမေးပွဲတွင် ပထမ (နံပါတ်-၁)ရ၍ မြို့တွင်းသို့ လှည့်လည်ဂုဏ်ပြုခြင်း ခံရသည်။

အလျဉ်းသင့်ခိုက် မစ္ဆိမာရုံကျောင်းတိုက်နှင့်ပတ်သက်သော ဦးရန်လင်း၏ မှတ်တမ်းကိုလည်း ကြည့်နိုင်ပါသေး၏။

"ကျိုက်လတ်မြို့ ပစ္ဆိမာရုံတိုက်တွင် ဘုံကထိန်သက်နှင်း ကပ်လှူပွဲကို နှစ်စဉ် တန်ဆောင်မုန်းလဆန်း (၇)ရက်နေ့တွင် ပြုလုပ်သည်။

ပစ္ဆိမာရုံတိုက်၌ ၁၃၂၆-ခု တန်ဆောင်မုန်းလဆုတ် (၅)ရက်မှစ၍ ဝိနည်းစာပြန်ပဲ ပြုလုပ်သည်၊ နှစ်စဉ် ထိုရက်တွင် စာပြန်ပဲကျင်းပရန် ဆရာတော်ကြီးများ ဆုံးဖြတ်ထားသည်။

(ဦးရန်လင်း၏မှတ်စုမှ ကောက်နုတ်သည်)

ဥဒါန်း

(၁၁) နန္ဒကော သိဟော နန္ဒကော၊ စရံ ဂဟန ပေဌကော။
ဂန္ဓဝါစေ မဟုဿာဟော၊ ဥဒဂ္ဂေါ ဓမ္မဒေသနေ။

(၁၂) ခမာဂုဏေန သမ္ပန္နော၊ လဟုဇိဝန မာမကော။
သန္တိကာယိန္ဒြိယော သန္တ၊ ဝါစော. မုဒု မနော သဒါ။

ဆရာတော် အရှင်နန္ဒကထေရ်၏ အမေးသုံးချက်

ကျွန်ုပ်သည် ဤစာအုပ်ကိုရေးရာ၌ လိုအပ်သော အချက်အလက်များကို မျက်မြင်လေ့လာရန်နှင့် ရှေးမိထေရ်ကြီး ပုဂ္ဂိုလ်ကြီးတို့ထံ၌ လျှောက်ထား မေးမြန်းရန်အတွက် ၁၃၄၃-ခု၊ ပြာသိုလဆန်းက ကျိုက်လတ်မြို့ ပစ္ဆိမာရုံသို့ သွားခဲ့၏၊ ထို၌ ဆရာတော်ကြီးများထံမှာ လည်းကောင်း၊ သုတနှင့်ပြည့်စုံသော ရှေးမိပုဂ္ဂိုလ်ကြီးများထံမှာလည်းကောင်း၊သိလိုသော အချက် အလက်တို့ကို လျှောက်ထား မေးမြန်း မှတ်သားနေလိုက်ရာ ရက်ပေါင်း လဝက်နီးပါး ကြာသွားခဲ့သည်။

ကျွန်ုပ်သည် ရန်ကုန်သို့ပြန်ရန် ပြာသိုလဆန်း ၁၃-ရက် နံနက်စောစော ၅-နာရီကျော်လောက် သဘော်ဆိပ်သို့ ဆင်းမည်ဖြစ်၍ ၁၂-ရက်နေ့ ညနေ ဆရာတော်ကြီးများကို လိုက်လံကန်တော့သည်၊ ကျွန်ုပ်သွားကန်တော့သော အခါ သက်တော် ၈၁-နှစ်ရှိ အရှင်နန္ဒကထေရ်က "ဒီစာကို ဖတ်စမ်း" ဟု၍ စာရွက်ဘဝကိုပေး၏၊ ကျွန်ုပ်မှာ ပညာ ချက်မှန်အသင့် ပါ၊ လ၊ လ၊ သည်နှင့်

"တပည့်တော်မှာ မျက်မှန်မပါပါဘုရား" "ဒါဖြင့် အဲဒီစာကိုယူသွား" ဟု ပေးလိုက်သဖြင့် စာရွက်ကို အင်းကျီအိတ်ထဲမှာ ထည့်ထားလိုက်၏၊ စာကို မဖတ်မီသေး၊ နောက်နေ့ သဘော်ဘေါ်မှာ သတိရ၍ စာရွက်ကို အိတ်မှထုတ်၍ ဖတ်၏၊ ဖော်ပြလတ္တံ့သော ပုစ္ဆာသုံးပုဒ်ကို တွေ့ရ၏။

(၁) အသုဘတွင်၊ သရဏဂုံတင်၊ ခေါ်တွင်သမုတ်ပါ။
ဘယ်သူ့ကိုပင်၊ သရဏဂုံတင်၊ စိတ်တွင်မသိပါ။

(၂) ရုပ်ပွားတော်မှာ၊ တိုင်းအတာ၊ ခေါ်ရာဉာဏ်တော် သမုတ်ပါ။
ဘယ်ဉာဏ်တော်အား၊ ရည်ရွယ်မျှား၊ ခေါ်ခြားမသိပါ။

(၃) နံစော်ဟောင်ပုပ်၊ အိမ်အစုတ်၊ သမုတ်အိမ်သာခေါ်။
အိမ်သာမသာ၊ ဘယ်လိုဟာ၊ ခေါ်ရာမသိပါ။
ဦးနန္ဒက၏ လေးနက်သော ပုစ္ဆာသုံးချက် ပြာသိုလတက် ၁၁-ရက်

ဟူ၍ ရေးထားသည်ကို တွေ့ရ၏၊ ဘယ်အတွက်မေးသည်ဟူ၍ အနုစိတ်မသိသော်လည်း ဖြေစေလို၍ မေးသည်ဟူ၍ကား အကြမ်း နားလည်၏၊ အဖြေကို စဉ်းစားသည်၊ စိတ်ထဲမှာ ဖြေထားသည်၊ စာဖြင့်ကား မရေးဖြစ်ခဲ့သေး၊ နောက်ဆရာတော်ကြီးများအကြောင်းကို ဒေါ်အေးစဉ်လုပ် ရေးလာရာ ဆရာတော်အရှင်နန္ဒကထေရ်၏အကြောင်း ရောက်သောအခါ ဆိုခဲ့သော ပုစ္ဆာတို့ကို သတိရလာ၏၊ ဤနေရာ၌ အခွင့်ကောင်းဟု ယူဆကာ ယင်းပုစ္ဆာ သုံးချက်တို့၏အဖြေကို ရေးထည့်လိုက်ခြင်း ဖြစ်ပါသည်။

ဘယ်သင်းကို သရဏဂုံတင်သနည်း

ပုစ္ဆာ ၁။ အသုဘတွင်၊ သရဏဂုံတင်၊ ခေါ်တွင် သမုတ်ပါ။
ဘယ်သူ့ကိုပင်၊ သရဏဂုံတင်၊ စိတ်တွင် မသိပါ။

အသုဘတွင် သရဏဂုံတင်ခြင်းသည် ဘယ်သူ့အား တင်သနည်းဟု မေးခြင်း ဖြစ်သည်။

အဖြေ။ ။ဘဝတပါးသို့ ပြောင်းသွားသူ၌ သရဏဂုံ ကျသွားပြီ ဖြစ်၍ ဘဝသစ်၌ သရဏဂုံတည်ရှိနေစေရန် ရည်ရွယ်၍တင်ခြင်း ဖြစ်သည်၊ ဝိညာဉ်ကမ္မဇရုပ် ချုပ်ပြီးသော အလောင်းကောင်၌ တင်သည် မဟုတ်၊ သရဏဂုံသီလသည် အသိတရား၌သာ တည်နိုင်သည်၊ အသိကင်းနေသော အသေကောင်၌ မတည်နိုင်ပေ။

အဖြေကား ဤမျှသာ လိုယင်းဖြစ်၏၊ သို့သော် ယင်းသဘောကို ပို၍ ပေါ်လာအောင် ထပ်ဆင့် ဆိုချင်ပါသေးသည်၊ မသေမီက သရဏဂုံ သီလ ဆောက်တည်ကျင့်သုံးနေ၍ သူ၌ သရဏဂုံသီလ တည်ရှိနေသော်လည်း အသက်မရှိသည်နှင့်တပြိုင်နက် သရဏဂုံသီလ ကျသွား ပျက်ပြယ်သွားလေတော့သည်၊ ဤနေရာ၌ ဝိသုဒ္ဓိမဂ်လာ ရဟန္တာဖြစ်လုနီး ထေရ်မြတ်ကြီးတပါး၏ မိန့်ဆိုချက်ကို ကြည့်ကြကုန်အုံ့။

မဟာထေရ်ကြီးတပါးသည် ရောဂါနှိပ်စက်ခြင်းကို အပြင်းအထန် ခံနေရ၏၊ မိမိလက်ဖြင့် အစာကိုလည်း မစားနိုင်၊ ကျင်ကြီး ကျင်ငယ်တို့ဖြင့်လည်း အလိမ်းလိမ်းဖြစ်နေ၏၊ ထိုမထေရ်ကြီးကိုမြင်၍ ရဟန်းငယ်တပါးက "သခ်ၢိရနယ်မှာ အသက်ရှင်နေရခြင်းသည် ဆင်းရဲလှပေစုတကား"ဟု ဆိုလိုက်၏၊ အသက်ရှင်နေရသည်ထက် သေရသည်က ကောင်းပါသေးသည်ဟု ဆိုလိုသောစကား ဖြစ်၏။

မထေရ်ကြီးက 'ငါ့ရှင် ယခု ငါသေလျှင် နတ်ရွာသုဂတိလောက်ကို ရမည်ကား မချတ် ဖြစ်သည်၊ နတ်ပြည်ရောက်ဖို့အတွက်ကား သံသယ ဖြစ်စရာ မလိုပေ၊ သို့သော် ငါ သီလ အပျက်မခံနိုင်၊ သီလဖြင့် သေဒုံ၊ သီလ အပျက်ခံ၍ သီလပျက်ပြီးမှ ရအပ်သော နတ်စည်းစိမ်ကို ခံစားရခြင်းသည်

သိက္ခာကိုစွန့် လူထွက်ပြီး လူ့စည်းစိမ်ကို ခံစားသည်နှင့် တူသည် ငါရှက်လှ သည်"ဟုဆိုကာ အိပ်ရာ၌ပင် လည်းလျောင်း၍ ထိုရောဂါဝေဒနာကို ရှုပွားကာ ရဟန္တာအဖြစ်သို့ ရောက်သွားလေသည်။

ရဟန္တာမဖြစ်ပဲ သေလျှင် သီလရော သရဏာဂုံပါ ပျက်သွားသည်၊ ဘဝသစ်သို့ သီလ သရဏာဂုံမပါတော့ပေ၊ ထိုကြောင့် ငါရဟန္တာမဖြစ်ပဲ မသေလိုဟုဆိုသော စကားဖြစ်သည်၊ ရဟန္တာ၌ကား သီလပျက်သည် မရှိ၊ နောက်ဘဝဖြစ်စရာလည်း မရှိသောကြောင့် သီလပျက်သွားသည်ဟု ဆိုစရာ စကား မရှိတော့ပေ။ (ဝိသုဒ္ဓိမဂ် အဋ္ဌပဒ ၂၀)

ရဟန္တာမဖြစ်ပဲသေလျှင် သီလရော သရဏာဂုံပါ ပျက်သွား ကျသွား သည်ဖြစ်၍ ဘဝသစ်၌ ရောက်နေသော ထိုသူ၌ သီလရောသရဏာဂုံပါ မရှိ တော့ပေ၊ တို့ကြောင့် ထိုသူသည် သီလသရဏာဂုံကို ခံယူနိုင်သော ဘဝ၌ ဖြစ်ပါမူ ထိုသူ၌ ပျက်ပြယ်ကျသွားသော သရဏာဂုံကို ပြန်တင်ပေးသည် ဟူသော အနေဖြင့် အသုဘ၌ သရဏာဂုံတင်ကြခြင်း ဖြစ်လေသည်။

ဝေါဟာရ သုံးပုံ တိကျ မှန်ကန်လှပေသည်၊ သရဏာဂုံ ထပ်သည်၊ သရဏာဂုံတင်သည်ဟူ၍ နှစ်မျိုးရှိရာ သာမဏေများ သရဏာဂုံယူသည်ကို သရဏာဂုံထပ်သည်ဟု ဆိုကြ၏၊ မှန်ပါသည် သာမဏေ၌ နဂိုကလည်း သရဏာဂုံရှိနေသည်၊ ထိုကြောင့် နောက်ယူသည်ကို ထပ်သည်ဟု ဆိုခြင်း ဖြစ်သည်။

သေသူ၌ကား သရဏာဂုံကျသွားလေပြီ၊ ယိုကြောင့် ဘဝသစ်သို့ရောက် သူ၌ သရဏာဂုံကို အသစ်တင်ပေးသည်ဟု ဆိုခြင်းဖြစ်သည်၊ အထပ်နှင့် အတင် ဝေါဟာရသုံးပုံ အလွန် သေချာပေသည်။

ဤနေရာ၌ အလျဉ်းသင့်၍ စကားတခုကို ဆိုလိုက်ချင်ပါသည်၊ မိမိတို့၏ ကျေးဇူးရှင် အကျင့် သီလနှင့် ပြည့်စုံတော်မူလှသော ဆရာတော်ကြီး တပါးပါးပျံလွန်တော်မူလျှင် "ဝိနယဂရုက သိက္ခာကာမ သံသာရဘီရုက"

စသည်ဖြင့် ဂုဏ်တင်ကြ၏၊ အလွန်ကောင်းပါသည်၊ ပဋ္ဌိမာရုံဆရာတော်ကြီး ကဲ့သို့သောဆရာတော်ကြီးမျိုးဆိုလျှင်ကျွှမ္မမက "ခုတင်ခရ, ဘာဝနာဘိရတ, ကမ္မဋ္ဌာနာရမ္ဘ, ဝိပဿနာဉာဏမိဂမ" စသည်ဖြင့် ဂုဏ်တင်စရာ မျှားစွာ ရှိပါသေး၏။

တခါက အသင်းအဖွဲ့တခုက ဆရာတော်ကြီးတပါး၏ အထိမ်းအမှတ်ပွဲ တခုလုပ်၏၊ ယင်းဆရာတော်ကြီးကား ဆိုခဲ့သော ဂုဏ် ဝိသေသနတို့နှင့် အကုန်ထိုက်တန်ရုံမက ထိုထက်ပိုသော ဝိသေသနတို့နှင့်လည်း ထိုက်တန်တော်မူပါပေ၏၊ ယင်းဆရာတော်ကြီး၏ အထိမ်းအမှတ်ပွဲ ပြုလုပ်ရာ၌ ဆရာတော်ကြီး၏ဂုဏ်ကို ချီးကျူးလားရာ၌ကား "တာဝတိံသာနတ်နန်းသို့ ကြွမြန်းတော်မူလေသော" ဟူသော စကားကို သုံးထားလေသည်၊ ကျွန်ုပ်က ယင်းအသင်းအဖွဲ့၌ပါဝင်သောမိတ်ဆွေတဦးအား ပြောမိသေး၏၊ "ခင်ဗျားတို့ ဆရာတော်ကြီးကို ချီးကျူးဂုဏ်တင်တာလား ရှုတ်ချ ကဲ့ရဲ့တာလား"

တာဝတိံသာ သာမဟုတ် မည်သည့်နတ်ပြည်မျှ ထိုကဲ့သို့သော ဆရာတော်ကြီးနှင့် မထိုက်တန်သည်ကို အထူးသတိပြုသင့်လှပေသည်။

မြို့လောက်မျှ အပြစ်အစွန်း အငြိမခံ ဒေါတ်ငတ် အပြတ်ပြတ် သန့်ဌေ့ သလ္လေခကျင့်ဝတ်နှင့် ဓုတင်အရပ်ရပ်ကို ဇွဲသတ္တိကောင်းကောင်းနှင့် ကျင့်လာခြင်းသည် နတ်စည်းစိမ်ကို မက်ချိမဟုတ်၊ သို့ပါလျက် ထိုကဲ့သို့သော ပုဂ္ဂိုလ်ကြီးမျိုးတွေကို နတ်ပြည်သို့ပို့ ချီးကျူးနေခြင်းသည် ,စင်စစ် ဂုဏ်တင်ရာမရောက်သည့်ပြင် ယခင် ထုတ်ပြခဲ့သော ဝိသုဒ္ဓိမဂ်လာ ဆရာတော်ကြီးဆိုသော စကားအတိုင်းသော် ဆရာတော်ကြီးများအဖို့ ရှက်ဖွယ်ပင်ကောင်းပါ၏သးသည်။

ရှင်ဘုရင်သေလျှင် နတ်ရှာစံသည်၊ နတ်ပြည်လားသည်ဟု ဆိုသော စကားသည် အလွန် လျှောက်ပတ်ပါသည်၊ ရှင်ဘုရင်သည် လူ့စည်းစိမ်၊

လူ.ပြည်ဌ်ရှိသော ကာမစည်းစိမ်ကို အပြည့်အဝခံစားနေ၊ သေသောအခါ ထိုထက်သာသော နတ်စည်းစိမ်ကို ရသွားသည်၊ ခံစားရသည်ဟုဆိုလျှင် လျှောက်ပတ်၏၊ ဂုဏ်ရှိ၏။

အသက်ကိုမျှ ပဓာနမထား သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ဟူ၍ အားခဲကျင့်ကြံ အားထုတ်လာသော ဆရာတော်ကြီး တပါးသည် သေပြီးနောက်မှ နတ်ပြည်ရောက်ရသည်၊ နတ်စည်းစိမ်ကို ခံစားရသည်ဟု ဆိုခြင်းသည် 'ယိုသူမရှက်-မြင်သူရှက်' ဆိုဘိသကဲ့သို့ ကြားရသူအဖို့ နားရှက်ဖွယ် ကောင်းလှပါပေ၏၊ ဤစကားရပ်တို့ကို ဝိပဿနာ အမြုတေ၌ လည်း ဆိုခဲ့ပြီ။

ဝေါဟာရစစ်ချက်။ ရှုတ်ချ ဟူသော စကားကို ထပ်တလဲလဲ သုံးလာခဲ့၍ ယင်းစကား၏ ဇာစ်မြစ်ကိုကြည့်ရန် စိတ်ကူးပေါ်လာ၏၊ ကျွန်ုပ်တို့သည် မိမိတို့၏ ဘာသာဝေါဟာရ၌ ဖြစ်ဖြစ်၊ မိမိသင်ထားသော မည်သည့် ဘာသာ၌မဆို ပုဒ်ခေါတ်ပစ္စည်းခဲ့ခြင်း စသည်ဖြင့် စိစစ်ခြင်းကို ပြုသင့်ကြပေသည်၊ ပုဒ်၏ ရင်းမြစ်နှင့်တကွ သိမှသာလျှင် အနက်သဘောကိုလည်း ရည်ရည်လည်လည် သိနိုင်ပေသည်၊ ပါဠိကျမ်းဂန်အဖွင့်အဋ္ဌကထာ၌ကာပြု ဆရာမြတ်ကြီးတို့သည်လည်း အရှုပ်အထွေးကို ပုဒ်ခေါတ်စစ်၍ ဆုံးဖြတ်တော်မူကတတ်ကြကုန်၏။

ရှုပ်ဟူ၍လည်းကောင်း၊ ရှုတ်ဟူ၍လည်းကောင်း မြန်မာ့ဝေါဟာရ၌ အရေးအသားနှစ်မျိုးရှိရာ၊ ပေ့လည်ထွေးယှက်ခြင်းအနက်ကို ရှုပ်ဟု ရေးခြင်းဌ်ကား အတူးဆိုစရာမလိုပေ၊ ရှုတ်ဟူသောစကား၌သာ ယောင်လည်လည် ဖြစ်စရာရှိတတ်ပေသည်၊ ယင်းစကားကို စစ်ကြည့်ရန်လိုလာ၍ စစ်ကြည့်ကြစို့။

"သုဒ္ဓမှကာရိုက်သို့ပြောင်းလိုသော် ပဠုမကွာရာနှင့် အဝဂ်မှာ ဟဆဲ့ရ၏" (အတိုကောက်စည်းမျဉ်း) ယင်း စည်းမျဉ်းအရ ဟဆဲ့ထားသောကြောင့်

ကာရိုက်ဖြစ်ကြောင်းကိုကား တစိုးတစိမြင်ထားကြ၏၊ ဟဆွဲသော်လည်း ကာရိုက်မဟုတ်သော အရာလည်း ရှိပေသည်၊ ကာရိုက်ဖြစ်လျှင် သုဒ္ဓကို ရှာရပေမည်၊ သုဒ္ဓကား "ရုတ်"ဖြစ်သည်ကို တွေ့ရပေမည်။

ရှုတ်ချဟုဆိုလျှင် ယုတ်လျော့နိမ့်ကျသွားအောင် ပြုမူပြောဆိုခြင်းဟူ၍ ကား အနုက်ထင်၏၊ ရုတ်နှင့် ရုပ်နှစ်ခုတို့တွင် ယင်းအနုက်မျိုးကို "ရုပ်" ကလည်း ပေါ်စေနိုင်သည်၊ ရုပ်သိမ်းသည်ဟူက ပြန့်ကျဲထွက်သွားသော အရာကို မိမိဘက်သို့ ပြန်လည်သိမ်းသွင်းခြင်းပင်ဖြစ်၏၊ ကျုံ့ယုံ့စုစည်း ခြင်းသဘောဖြစ်၏၊ ထီးကို ရုပ်သည်ဟုဆိုရာ၌ ပိုရှိသာ၍ မြင်လွယ် ထင် လွယ်သည်၊ ပြန့်ကားနေသော ထီးရွက်ကို ကျုံ့ယုံ့စုစည်း လိုက်ခြင်းကို "ရုပ်"ဟု ဆိုကြောင်း နားလည်လွယ်၏။ ကျုံ့ယုံ့ စုစည်း ခြင်းသည် သေးသိမ်သွားအောင် ပြုခြင်းပင်ဖြစ်၍ ယင်းကျုံ့ယုံ့ခြင်း အနုက်ဟော "ရုပ်"မှ နှိမ့်ချခြင်းအနုက်ဟော "ရှုပ်"ဖြစ်သလောဟူ၍ စဉ်းစားဖွယ်ကား ရှိ၏၊ သို့သော် သုဒ္ဓမှ ကာရိုက်သို့ ပြောင်းခြင်းသည် အကမ္မကကြိယာသာ ဖြစ်၏၊ သကမ္မကကြိယာနှင့် မဆိုင်ပေ၊ ရုပ်သိမ်းခြင်း အနုက်ဟော "ရုပ်" ကား သကမ္မကကြိယာသာဖြစ်၏၊ ထိုကြောင့် ရုပ်သိမ်းစုစည်းခြင်းအနုက် ဟော ရုပ်မှ ရှုပ်ဖြစ်သလောဟု တွေးတောရန် မလိုပေ၊ ရုတ် သို့မဟုတ် ရှုတ်ဖြင့်လည်း နိမ့်ကျအောင် ပြုလုပ်ခြင်းအနုက်ကို တိုက်ရိုက်မရနိုင်ပေ။

ကာလအဆင့်ဆင့် ရှေ့လာသည့်အလျောက် သိမှတ် ရေးသားလာ သော လူတို့၏ အမှတ်လည်း ရှေ့လာတတ်ပေသည်၊ ဤသို့သော အရာ မျှားစွာရှိ၏၊ဥပမာ တယှန်– တယှဉ်– တယှဉ်းမှ တရှဉ်းဖြစ်လာသည်၊တယှန် တယန်မှ တရန်ဖြစ်လာသည်။ (တစုံကိုဆိုသောစကား) ဟောတ်–ဟစ်–ယှစ်မှ ရှစ်ဖြစ်လာသည်၊ (အဌသင်္ချာ)။ ဟိ–ယိုမှ ရှိဖြစ်လာသည်၊ ဤသို့ စသော ယမှ ရသို့ ပြောင်းလာသော အရာမျှားစွာရှိ၏၊ (ယှန်နှင့် ယှဉ်တို့တွင် ယှန် သည် မူလရေး၊ ယှန်မှ ဟှဉ်ဖြစ်လာသည်၊ ပုထုဇနမ်မှ ပုထုဇဉ် ဖြစ်လာ သကဲ့သို့တည်း။)

ရှုတ်ချ ဟူသည် ဂုဏ်သိက္ခာယုတ်လျော့ ကျဆင်းသွားအောင် ပြုမူပြောဆိုခြင်းကို ဆိုသည်ဖြစ်၍ ယုတ်ကျစေသည် ယှုတ်ချသည်ဟူသော စကားသည်သာ မူရင်း ဖြစ်ကြောင်း မြင်ကြရ၏၊ မူရင်း ယမ္မ ရသို့ ကူးယူလာတတ်သော မူဒေရ ယှုတ်ချကို "ရှုတ်ချ" ဟု ရေးနေကြသည်၊ အကယ်၍ မူရင်းကို ဒေလွတ်မခံပဲ "ယှုတ်ချ" ဟု ရေးကြမည်ဆိုက "တံခွန်နှင့်ဘုရား" ဟုသာ ဆိုစရာ ဖြစ်လေတော့သည်၊ ဤသို့ ယနှင့် ရတို့ လုံးလုံးထွေးထွေး ဖြစ်ရခြင်းခို၏ တရားခံကား ယနှင့် ရကို တသံတည်း တဌာန်တည်းဟူ၍ မှတ်ထင်တတ်သော အထင်ပင် ဖြစ်လေသည်။

ရူပ်ပွားတော်၏အမြင့်ကို ခေါ်သော ဉာဏ်နှင့်

ပုစ္ဆာ ၂။ ရူပ်ပွားတော်မှာ၊ တိုင်းအတာ၊ ဉာဏ်တော် သမုတ်ပါ။
ဘယ်ဉာဏ်တော်အား၊ ရည်ရွယ်မျှား၊ ခေါ်ခြားမသိပါ။

ရူပ်ပွားတော်၏ အမြင့်ကို အဘယ်ကြောင့် ဉာဏ်တော်ခေါ်သနည်း၊ ဘယ်ဉာဏ်နည်းဟု မေးခြင်း ဖြစ်သည်။

အဖြေ။ ။ ဣဒ္ဓိဝိဓအဘိညာဉ်ကိုရည်ရွယ်၍ ရူပ်ပွားတော်၏အမြင့်ကို ဉာဏ်တော်ဟုဆိုခြင်းဖြစ်၏၊ မြတ်စွာဘုရားသည် ဒြပ်သဏ္ဌာန် အမြင့်အနိမ့်ကို လိုသလောက် ထားရှိဖြစ်သည်၊ မြင့်လို မြင့်နိုင်သည်၊ နိမ့်လို နိမ့်နိုင်သည်၊ ငယ်လို ကြီးလိုတိုင်းလည်း ငယ်နိုင်ကြီးနိုင်သည်၊ ယင်းသို့ ပြုနိုင်ခြင်းသည် အဘိညာဉ်၏ အစွမ်းဖြစ်သည်၊ ယင်းအဘိညာဉ်သည် အဘိညာဉ်ငါးပါး ခြောက်ပါးတို့တွင် ဣဒ္ဓိဝိဓအဘိညာဉ် ဖြစ်သည်။

ရူပ်ပွားတော်၌ အနိမ့်အမြင့်သဏ္ဌာန်အမျိုးမျိုးရှိနေခြင်းသည် ဘုရားရှင်က အဘိညာဉ်တန်ခိုးတော်ဖြင့် ပြုလုပ်ထားသည်ဟူသော အနေမျိုး ရောက်အောင် ဉာဏ်တော်ကြောင့် ဖြစ်သည်ဟူသော ရည်ရွယ်ချက်ဖြင့် အနိမ့်အမြင့်ကို ဉာလ်တော်ဟုဆိုခြင်းဖြစ်လေသည်၊ မှန်ပါသည်–ရူပ်ပွားတော်ဟု

ခေါ်ထားသော စကားဖြင့် ယင်းစကား ခိုင်မြဲနေ၏၊ ရုပ်ပွားဟူသည် မြတ်စွာဘုရား၏ ရုပ်ပုံတော် ပွားနေသည်၊ မြတ်စွာဘုရား ကိုယ်တော်တိုင် ဖန်ဆင်း၍ ပွားအောင်ပြုထားသည်ဟူသော အနေဖြင့် ခေါ်ဝေါ်သော ဥပစာစကား ဖြစ်ပေသည်။

အဖြေကား ဤမျှသာဖြစ်သည်၊ ဤစကားနှင့်ပတ်သက်၍ ဆိုဖွယ်ကား ရှိပါသေး၏၊ တန်ခိုး ဘုန်းဟူသောစကားတို့သည် အတူတူပင် ဖြစ်ကြ၏၊ ယင်းဘုန်းသည် ခြောက်ပါး ရှိ၏။

ဣဿရိယ – ဣဋ္ဌ အနိဋ္ဌအာရုံတို့ကို မိမိ လိုသလိုရှုနိုင်အောင် စိတ်တော်ကို အစိုးရတော်မူခြင်း။

ဓမ္မ – လောကုတ္တရာတရား ကိုးပါးဟူသော ဓမ္မဘုန်းရှိခြင်း။

ယသ – ဂုဏ်သတင်း ကျော်စောခြင်း၊ ခြွေရံသင်းပင်းမျှားပြားခြင်း။

သိရီ – ၃၂–ပါးသောလက္ခဏာကြီး ၈၀–သော လက္ခဏာငယ်တို့ဖြင့် တင့်တယ်သော အသရေရှိခြင်း။

ကာမ – မိမိအကျိုး သူတပါးအကျိုးကို လိုလားတော်မူသည့်အတိုင်း ပြီးမြောက်စေတော်မူခြင်း။

ပယတ္တ – သူမတူနိုင်အောင် ထူးကဲသော ဝိရိယ ရှိတော်မူခြင်း။ ဤခြောက်ပါးတို့သည် ဘုရားရှင်၏ ထူးကဲသော ဘုန်းတော်တို့ဖြစ်ကြ၏။

ယင်းခြောက်ပါးတို့အနက် ဣဿရိယ ဘုန်းတော်မှ ဆင့်ပွား၍ ဘုန်းတော်ရှစ်ပါး ဖြစ်လာပြန်၏။

၁။ အဏိမာ – အနုမြူပမာ အလွန်သေးငယ်အောင် ကိုယ်တော်ကို ဖန်ဆင်းနိုင်သော တန်ခိုးတော်။

၂။ **လဃိမာ** – ကောင်းကင်၌ စကြဝဠာနိုင်သည်အထိ ပေါ့ပါးအောင် စွမ်းနိုင်သော တန်ခိုးတော်။

၃။ **ပတ္တိ** – စိတ်မြန်သလောက် ရောက်သလောက် ကိုယ်က ရောက်နိုင်သော တန်ခိုးတော်။

၄။ **ပါကမ္မ** – ပုံပန်းသဏ္ဌာန် အမျိုးမျိုးဖြစ်အောင် ဖန်ဆင်းနိုင်သော တန်ခိုးတော်။

၅။ **မဟိမာ** – ကိုယ်တော်ကို လိုသလောက် ကြီးအောင် ဖန်ဆင်းနိုင်သော တန်ခိုးတော်။

၆။ **ဣသိကာ** – သတ္တဝါတို့ကို မိမိအလိုသို့ပါအောင် ဆွဲဆောင်နိုင်သော တန်ခိုးတော်။

၇။ **ဝသိတာ** – တန်ခိုးအမျိုးမျိုးဖြစ်အောင် ပြုလုပ်ရာ၌ အလွန် ကျွမ်းကျင်နိုင်နင်းတော်မူခြင်း ဟူသော စွမ်းအားတန်ခိုးတော်။

၈။ **ယတ္ထကာမဝသာယိတာ** – မည်သည့် တန်ခိုးကို ပြုသည် ပြုသည် ဖြစ်စေ ပြီးစေလို ရပ်လိုသောအခါ လျင်မြန်စွာ ချက်ချင်း ပြီးစေနိုင် ရပ်နိုင်သော စွမ်းအားတန်ခိုးတော်။

ဤရှစ်ပါးသော တန်ခိုးတော်တို့သည် ဣဒ္ဓိဝိဓ ဟူသော အဘိညာဉ်ကို အခြင်းအရာအလျောက် အမည် အမျိုးမျိုးခွဲခေါ်သော အမည်ထူးတို့ ဖြစ်ကြကုန်၏၊ စင်စစ် အဘိညာဉ်ပင်ဖြစ်သည်၊ အဘိညာဉ်ဟူသည် သမာဓိ၏ စွမ်းအားကြောင့် ဖြစ်သောဉာဏ်ပင် ဖြစ်၏။

ထိုကြောင့် မြတ်စွာဘုရား၏ပုံတော်အမြင့် အနိမ့်ဖြစ်ခြင်းသည် မြတ်စွာဘုရား၏ ဣဒ္ဓိဝိဓအဘိညာဉ် အစွမ်းကြောင့် ဖြစ်သည်။ ဘုရား ဖန်ဆင်း

ထားသည်ဟူသော တင်စားသောစကားဖြင့် အနိမ့် အမြင့်ကို ဉာဏ်တော်ကြောင့် ဖြစ်သောကြောင့် ဉာဏ်တော်ဟု ပြောဆိုခေါ်ဝေါ်ကြခြင်း ဖြစ်လေသည်။

ယိုအိမ်ကို ဘာ့ကြောင့် အိမ်သာခေါ်

ပုစ္ဆာ။ ၃။ နံစော်ဟောင်ပုပ်၊ အိမ်အစုတ်၊ သမုတ်အိမ်သာခေါ်။ အိမ်သာ မသာ၊ ဘယ်လိုဟာ၊ ခေါ်ရာ မသိပါ။

ပုပ်လျှောင် နံစော်သောယိုအိမ်ကို အဘယ်ကြောင့် အိမ်သာခေါ် သနည်း၊ သာသလော မသာလောဟု မေးခြင်းဖြစ်သည်။

အဖြေ။ ။ကျင်ကြီး ကျင်ငယ် ထိုးကျင့်နှိပ်စက်ခြင်း ဒုက္ခဝေဒနာမှ သက်သာမှုကို ရစေသော အိမ် (ကုဋီ) ဖြစ်သောကြောင့် အမသာ(ဝ)ဟု ဆိုသည်။

အဖြေကား–ဤမျှသာ လိုရင်းဖြစ်သည်၊ သို့သော် ယင်း'သာ'ဟူသော စကား၏အနက်ပြန့်ပွားလာပုံနှင့် အသုံးကျယ်ပြန့်လာပုံတို့ကို ဆိုစရာ ရှိပါသေးသည်။

"သာ"ဟူသော စကားလုံးကို သက်နှင့်တွဲ၍ သက်သာ၊ ချမ်းနှင့်တွဲ၍ ချမ်းသာ၊ ယာနှင့်တွဲ၍ သာယာ၊ ခံနှင့်တွဲ၍ ခံသာ စသည်ဖြင့် သုံးနှုန်းပြောဆိုတတ်ကြ၏၊ ယင်းစကားတို့၏ ဇာစ်မြစ်ကို စစ်လိုက်လျှင် "သာ" တခုကိုသာ တွေ့ရပေမည်၊ ထင်ရှားပေါ်အံ့၊ ဥပမာ–လူတယောက်သည် ပြင်းထန်သော အပူဒဏ်ကို ခံနေရသည် ဆိုပါစို့၊ ထိုအပူသည် လျှောကျသက်ဆင်းသွားလျှင် ထိုပုဂ္ဂိုလ်၌ သက်သာဖြစ်၏၊ သက်ကျသွား၍ သာသည်ဟု သဘောထင်၏၊ ယင်း သက်သာကို အလုပ်သက်သာ၊ ဈေးနှုန်းသက်သာ စသည်ဖြင့် မျှားစွာ သုံးနှုန်းကြ၏။

ချမ်းသာ၏ သဘောပေါ်နေပြီ၊ ခံသာဟူသည်လည်း မခံနိုင်လောက်သော ခံစားမှု မဟုတ်၊ ခံနိုင်လောက်သော ခံစားမှု(ဝေဒနာ)ဟု ဆိုခြင်း

ဖြစ်၍ အနက်ထင်ပြီးသားပင် ဖြစ်၏၊ ယင်း သက်သာ ချမ်းသာ ဟူသည် လူတို့ အလွန် စုံမက် နှစ်သက် တောင်းတ အပ်သော အရာဖြစ်၍ ရလျှင် ကျေနပ်သော ခံစားခြင်းနှင့် တွေ့ကြုံရ၏၊ ထိုကြောင့် နေရာထိုင်ခင်း သာယာ၊ ရာသီဥတု သာယာ စသော စကားများ ဖြစ်လာကြလေသည်၊ "သာ"ဖြစ်စရာနေရာ "သာ"ဖြစ်စရာ ရာသီဥတု စသည်ဖြင့် အနက်ကို ယူနိုင်သည်။

သာလွန်၊ ကဲသာ စသည်တို့ဌာရှိသော "သာ"သည်ကား သာမန် ကြည့်လျှင် လွန်ကဲခြင်းအနက်ဟော သီးခြား "သာ"ဟု မြင်ဖွယ်ရှိသော်လည်း သဘောကို ကြည့်လိုက်လျှင် ယခင်ဆိုခဲ့သော သာ မျိုးပင် ဖြစ်သည်ကို တွေ့ရပေမည်၊ ဥပမာ-လူနှစ်ယောက်ပြိုင်ကြရာတွင် တယောက်သည် ရှုံး၏၊ တယောက်သည် နိုင်၏၊ ရှုံးသူနှင့် နိုင်သူတို့၏ ခံစားချက်မည်သို့စီ ရှိမည်နည်း၊ နိုင်သူ၌ "သာ"ဟူသော ခံစားချက် (သုခဝေဒနာ) ဖြစ်မည်၊ ထိုကြောင့် သူ့ကို သာသောသူဟု ဆိုရ၏။

စကားတို့မည်သည် သဝိညာဏကဌာနဖြစ်သော သဘောကို အဝိညာဏက သို့လည်းယူ၍သုံးတတ်ကြ၏၊ ဥပမာ-သက်ရှိလူတို့သည် အထက်မျက်တောင် မျက်ခမ်းကို လှုပ်တတ်ကြ၏၊ ယင်းအပြုအမူကို မျက်တောင်ခတ်ဟူ၍ ခေါ်၏၊ ယင်းစကားသည် သဝိညာဏက၏ အပြုအမူဖြစ်သော်လည်း ယင်းအမူအရာနှင့်တူသော အဝိညာဏက၏ ဖြစ်ပုံကိုလည်း မီးမျက်တောင်ခတ် ဟု သုံးနှုန်းတတ်ကြ၏၊ ဤစကားကဲ့သို့ပင် သုံးနှုန်းသော လက်တံကစားနေသည်၊ လှည်းခုန်နေသည် စသော စကားတို့ များစွာ ရှိကြလေသည်။

ယင်းစကားကဲ့သို့ပင် သဝိညာဏကဌာနဖြစ်သော 'သာ'ဟူသောစကားကို အဝိညာဏကသို့ပို၍ အလေးချိန်သာသည်၊အပူရှိန်သာသည် စသည်ဖြင့် များစွာသုံးနှုန်းကြလေသည်၊ သို့ သုံးနှုန်းရာ၌ သာ ဟူသော စကားသည် ပိုလွန်

ခြင်းကို ဆိုသည်ဟု သံဃာတည်ကြည့်သော် မြင်ဖွယ်ဖြစ်သော်လည်း ဇာစ်မြစ်မူလကို ကြည့်လိုက်လျှင် သက်သာ ချမ်းသာ တို့ဌ ရှိသော် သာ မျိုးပင် ဖြစ်ကြောင်း မြင်ရလေသည်။

သံဃာ၏သဘောပေါ်ပါပြီ၊ တရားကိုယ် သုခဝေဒနာဖြစ်၏၊ ယိုအိမ် (ကုဋ္ဌီ)၏ သာဖြစ်ပုံကို လှယ်လှယ်ဆိုရလျှင် လူတို့သည် နေ့စဉ်နှင့်အမျှ (သို့မဟုတ်)မကြာလှသောအချိန်အခါနှင့်အမျှ ကျင်ကြီး ကျင်ငယ်ကြောင့် ဖြစ်သောဒုက္ခဝေဒနာကိုခံနေကြရ၏၊ထိုဝေဒနာဒဏ် လျော့ကျသွားအောင် မည်သို့ ပြုမည်နည်း၊ ယိုအိမ်စခန်းသို့ မြန်းရလေတော့မည်၊ ယင်း စခန်းသို့ ရောက်သောအခါ နာကျင် အောင့် တောင့်ခြင်းကို ဖြစ်စေသော ယင်း ကျင်ကြီး ကျင်ငယ်တို့ကို စွန့်ထုတ်လိုက်၏၊ အသို့ ဖြစ်သွားပြီနည်း၊ သာ ဖြစ်သွားပြီ၊ သက်သာသွားပြီ၊ ချမ်းသာသွားပြီ မဟုတ်လော၊ ထို့ကြောင့် ယင်းအိမ်(ကုဋ္ဌီ)သည် သာကို ဖြစ်စေသောအိမ်၊ သာ ဖြစ်ရာအိမ်၊ သာအိမ် ဖြစ်၏၊ အိမ်ကြီး အိမ်ကောင်း အိမ်ဖြူ စသည်တို့ကဲ့သို့ ဝိသေသနကို နောက်ကထားရ၍ ယင်းသာအိမ်ကို "အိမ်သာ"ခေါ်ခြင်း ဖြစ်ပါသတည်း။

အဖြေစကားတခု လုပ်လိုက်ပါဦးမည်၊ သို့သော် ယင်း အဖြေမျိုးကို ဤ၌ မယူပါ၊ လှည့်ကွေ့၍ ပြောလျှင် ဖြစ်နိုင်သော စကားတခုဟု ထုတ်ပြ ရုံသာ ပြခြင်းဖြစ်သည်။

"တုံ့တွံ့လည်းကောင်း၊ ရှိတုံ့ရှောင်း၊ ကျိုးကြောင်းပြန်၍ ပြ"ဟူသော ကျမ်းဂန်စကား နိယံအရ တုံ့နှင့် တွံ့နှင့် ရှိလျှင် (၄၁ အလို၄၁ရှိလျှင်) အကျိုးနှင့်အကြောင်းကို အပြန်အလှန်ပြုနိုင်သည်။ ဥပမာ–နတ်ရှာသုဂတိ အလို၄၁ ကောင်းမှုပြုသည်ဆိုပါစို့၊ ယင်းစကားခ၌ နတ်ရှာသုဂတိသည် အကျိုး၊ ကောင်းမှုသည်အကြောင်း ဖြစ်၏၊ ယင်းစကားကို ပြောင်းပြန် လှန်လိုက်လျှင် နတ်ရှာသုဂတိကြောင့် "(နတ်ရှာသုဂတိကို ရလိုသော ကြောင့်) ကောင်းမှုကို ပြု၏"ဟူ၍ဖြစ်ရာ နတ်ရှာသုဂတိသည် အကြောင်း

ဖြစ်၍၊ ကောင်းမှုသည် အကျိုးဖြစ်သွားလေသည်၊ ဤသို့လျှင် အကြောင်းနှင့် အကျိုး နှစ်ပါးအနက် အကျိုးကို အကြောင်းပြု၍ အကြောင်းကို အကျိုးပြု၍ အပြန်အလှန်ဆိုနိုင်ကြောင်း "တုံ့တုံ့ လည်းကောင်း၊ ရှိတုံ့ရှောင်း၊ ကြောင်းကျိုးပြန်၍ ပြ" ဟူ၍ နိယံပြုတော်မူကြကုန်၏။

"အိမ်သာ ညှော့များ" ဟူ၍ အစဉ်အလာစကားတခု ရှိလာခဲ့၏၊ အိမ်သာသောကြောင့် ညှော့များသည်ဟူရာ၌ အိမ်သာယာခြင်းသည် အကြောင်း၊ ညှော့များခြင်းသည် အကျိုးဖြစ်၏၊ ယင်းစကားကို ပြန်လိုက်လျှင် "ညှော့များသောကြောင့် အိမ်သာသည်" ဟူ၍ ဖြစ်လာ၏၊ စင်စစ် ညှော့များသောကြောင့် အိမ်သာယာသည်ကား မဟုတ်၊ သဘာဝယုတ္တိနှင့်မညီပေ၊ သို့သော် ဆိုခဲ့သော အကျိုးနှင့်အကြောင်းကို ပြောင်းပြန်ပြုသည် ဟူသော စကားကို ကိုင်၍ ယိုအိမ်(အိမ်သာ)ဟူသည် လူအဝင်အထွက်များသည် ညှော့များသည်ဟု ဆိုနိုင်၏၊ ထိုသို့ ညှော့များသည်ကို အကြောင်းပြု၍ "အိမ်သာ" ခေါ်သည်ဟုဆိုလျှင် စကား ကား ဖြစ်၏၊ သဘာဝယုတ္တိ မဟုတ်၊ "တုံ့တုံ့" အရာလည်း မဟုတ်သောကြောင့် ယင်းသို့သော အဖြေမျိုးကို ဤ၌ လက်မခံ။

ပစ္စိမာရုံ သံဃ ဖာသုကာရီ ဥက္ကဋ္ဌ
ဘဒ္ဒန္တ မဟာဝံသ

အရှင်မဟာဝံသ

၁၂၇၉-ခု တန်ဆောင်မုန်းလပြည့်ကျော် ၄-ရက် ကြာသပတေးနေ့ အထက်ဒေါင့်ကြီးရွာ၌ ဖွားမြင်သည်၊ မယ်တော် ခမည်းတော်တို့မှာ ကျိုက်လတ်မြို့နယ် အထက်ဒေါင့်ကြီးရွာနေ ဦးသာလှနှင့် ဒေါ်မယ်တို့ဖြစ်ကြသည်။

ကျောင်းနေလောက်သော အရွယ်မှ စ၍ မိမိ၏ ရွာ ဘုန်းတော်ကြီးကျောင်း၌ ပညာသင်လာခဲ့သည်၊ ၁၇-နှစ်သားအရွယ်မှာ ပစ္ဆိမာရုံတိုက်သို့ရောက်ကာ သာသနာပိုင် ပစ္ဆိမာရုံဆရာတော်ဘုရားကြီးထံမှာ သာမဏေပြု၍ ပညာသင်ကြားနေသည်၊ ၁၃၀၀-ပြည့်နှစ် ပစ္ဆိမာရုံတိုက်၌ သာသနာပိုင် ပစ္ဆိမာရုံဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်သည်။

ပစ္ဆိမာရုံကျောင်းသို့ ရောက်၍ သာမဏေ ပြုသည်မှစ၍ ယခုအထိ မည်သည့် အရပ်တပါးသို့မျှ သွားရောက်၍ ဝါဆို ဝါကပ်နေဘူးသည်ဟု မရှိခဲ့ပေ၊ တိုက်တွင်းရှိ ဆရာသမားတို့ထံမှသာ စာပေကျမ်းဂန်တို့ကို သင်ကြားသည်၊ စာပေသင်ယင်း ဆရာသမားတို့၏ ဝတ်ကြီး ဝတ်ငယ်နှင့် တိုက်တာ၏ တာဝန်တို့ကို ဆရာသမားများ ပေးသလောက် တွန့်တိုပြုခြင်ခြင်း မရှိ၊ အပြည့်အဝပြုလုပ် ဆောင်ရွက်နေလာခဲ့၏၊ ဆရာသမားတို့၏ ညွှန်ကြားပေးအပ်သော တာန်ဝန်မှန်သမျှတို့ကို မကျန်မလပ်ရအောင် ဆောင်ရွက် လုပ်ကိုင်နိုင်စွမ်းကြောင့် ဆရာသမားများ အထူး ယုံကြည်အားကိုးခြင်းကို ခံရသည်။

တိုက်တာတခုလုံး၌ အရေးအကြီးဆုံးသည် ဘောဇနသပွာယဖြစ်ရေးပင်ဖြစ်ရာ ယင်းကိစ္စအရေးသည်လည်း ဆွမ်းစားမကျောင်း၌ တည်ရှိပေ၏။

"အိမ်ထောင် တခု၏ စီးပွားရေး အခြေ အနေကို မီးဖိုချောင်ကထိန်းသည်" ဟု၍ ပြောစမှတ်ပြုကြ၏၊ ယင်းစကားကို ဆင်ခြေလောင်းစရာ

မလိုပေ၊ မီးဖိုချောင် စည်းကမ်းမဲ့လျှင် ရသမျှ မီးဖိုချောင်မှ ယိုထွက်သွားမည် အမှန်ဖြစ်၏။

ယင်းစကားကဲ့သို့ပင် ကျောင်းတိုက်တခုလုံး၏ အခြေအနေ တိုက်တွင်းသံဃာတို့၏ ဘောဇနသပ္ပာယဖြစ်ရေး ချမ်းသာစွာ သီတင်းသုံး အားထုတ်နိုင်ရေးသည် ဆွမ်းစားကျောင်းကို မှီခိုအားကိုးကြရပေသည်၊ ဆွမ်းစားကျောင်း၏ တာဝန် တတိုက်လုံးရှိ ပရိသတ်တို့၏ အာဟာရ မျှရေးအတွက် ဆောင်ရွက်ရသော တာဝန်သည် မည်မျှ ကြီးလေးမည်နည်း။

လေး ၈ ၊ ဆယ်ဦး ရှိသော မိသားစုတခု၏ စားသောက်ရေး တာဝန်သည်ပင် မည်မျှကြီးလေးသည်ကို ကိုယ်တိုင်သိထားပြီးသား ဖြစ်ကြသဖြင့် ရာဖြင့် ရေတွက်ရသော ပရိသတ်ကြီးအတွက် ဆွမ်းဘောဇဉ် လုံလောက်မျှတရေးတာဝန်ကို အထူး ပြောပြနေစရာ လိုတော့မည် မဟုတ်ပေ။

ဤမျှ ကြီးလေးသော တာဝန်ကြီးကို ဦးစီးဆောင်ရွက်ရေးဌ သဒ္ဓါတရား ပြည့်ဝရေးသည် အရေးကြီး၏၊ သဒ္ဓါတရား ရှိရုံ ပြည့်ဝရုံနှင့်လည်း မပြီးသေး၊ ထက္ကလုံ့လရှိရန်လည်း လိုပါသေး၏၊ ဤမျှနှင့်လည်း မပြီးသေး၊ တတ်ကျွမ်း နားလည်သော အရည်အချင်းနှင့် ဆင်ခြင် တိုင်းဆတတ်သော ဉာဏ်ရည်၊ စိမ်ခန့်ခွဲတတ်သော စွမ်းရည်တို့နှင့်လည်း ပြည့်စုံရန် လိုပါသေး၏။

အရှင်မဟာဝံသထေရ်သည် ဆိုခဲ့သော အရည်အချင်း စွမ်းရည်တို့နှင့် လုံးလုံးဝဝ ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်၏၊ ပြည့်စုံကြောင်းကိုလည်း ဆရာတော်ကြီးများက သိတော်မူကြကုန်၏၊ အထူးလည်း ယုံကြည်အားကိုးကြကုန်၏၊ ထို့ကြောင့် အရှင်မဟာဝံသထေရ်အား တတိုက်လုံးရှိ ပရိသတ်ကြီး၏ အသက်သွေးကြောဖြစ်သော ဘောဇနမျှရေး ဆွမ်းစားကျောင်းတာဝန်ကို လွှဲပုံအပ်ထားတော်မူကြခြင်း ဖြစ်လေသည်။

အရှင်မြတ်သည် စွမ်းလည်း စွမ်းနိုင်ပါပေ၏၊ ယိုကွက် ဟာကွက် မရှိ၊ သိပ်သည်း ပိရိ မျှတ လောက်ငေ ချမ်းသာအောင် ဖန်တီးနိုင်ပါပေ၏။

"မရ, မင, မဝ"ဟူသော အသံသည် အရှင်မဟာဝံသထေရ်၏ နာဝ်ခ် မလျောက်ပတ်သော အသံ၊ မဝင်ဆန့်သော အသံ၊ မခံယူသော အသံ ဖြစ်၏၊ အကုန်လုံး ရ, င, ဝ စေရမည်ဟူသော အဓိဋ္ဌာန်သည် ထို အရှင်ခ် မြဲနေသည်လော ဟု ထင်မှတ်ဖွယ်ရာ ရှိ၏၊ ထင်မှတ်ကြရလေကုန်၏။

ဥဒါန်

(၁၃) မဟာဝံသော ထေရော ခမာ၊ သဒ္ဓါသီလေန ပူရိတော။
သမစိတ္တော သမာစာရော၊ ဒယာလုသာဝု မာမကော။ ။

(၁၄) ဌာနာဌာနေသု စတုရော၊ ဝိဘာဝေ စ ဝိစက္ခဏော။
ဇာဝရိယော သတော ဝရော၊ ဂရဟ ခလု ကုဋ္ဌတ။ ။

အရှင်အရိယဝံသ

အရှင်အရိယဝံသသည် ကျိုက်လတ်မြို့နယ် ဝါးကောက်ရွာ ဦးထွန်းတင်ဒေါ်သန်းယဉ် တို့၏ တဦးတည်းသောသားဖြစ်သည်၊ ၁၂၉၅-ခု တပေါင်းပြည့်ကျော် ၅-ရက် တနင်္ဂနွေနေ့၌ ဖွားမြင်သည်။

ကျောင်းနေလောက်သောအရွယ်မှစ၍ မိမိရွာရှိ "အတက်လမ်းညွှန်" မူလတန်းကျောင်း၌ ပညာသင်သည်၊ စတုတ္ထတန်းအရောက်၌ ဘိုကလေး မူလတန်းကျောင်း၌ နေခဲ့ပြီး ရှေကျင်ဂိုဏ်း သာသနာပိုင် ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီးလက်ထက် ၁၃ နှစ်အရွယ်မှာ ပစ္ဆိမာရုံကျောင်းတိုက်သို့ ရောက်သည်၊ ကျောင်းတိုက်၌ ကျောင်းသားအဖြစ်ဖြင့်ပင် ကျောင်းသားတို့ တတ်သင့်သော စာ ပညာရပ်တို့ကို သင်ကြားနေပြီး အသက် ၁၆ နှစ်မှစ၍ သာမဏေအဖြစ် မြဲတော့သည်။

၁၃၁၄-ခု ကဆုန်လဆုတ် ၅-ရက်မှာ ပစ္ဆိမာရုံတိုက်၌ တတိယမြောက် ဆရာတော်ကြီး အရှင်သောဘိတဏေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်သည်၊ ရန်ကုန်ရှိ ပစ္ဆိမာရုံကျောင်းတိုက်ကို အလှူခံပြီးသော ၁၃၂၃-ခု နှစ်၌ ထိုကျောင်း၌ အုပ်ချုပ်သော မိမိ၏ ဆရာဖြစ်သော ဆရာတော် အရှင်နာဂရဒါဘိဝံသ နှင့် အတူ လိုက်၍ ရန်ကုန် ပစ္ဆိမာရုံ ကျောင်းတိုက်၌ တဝါနေခဲ့သည်မှတပါး အခြားအရပ်ဒေသကျောင်းတို့၌ ဝါဆို ဝါကပ် နေဘူးသည်ကျူ၍ မရှိခဲ့၊ ကျိုက်လတ် ပစ္ဆိပာရုံကျောင်းတိုက်၌သာ နေလေ သည်။

ဆရာသမားများသည် ပရိယတ္တိထိပ်ခေါင်တင် ဝိနယကုက္ကုစ္စကဆရာ စဉ်ဆက် နည်းနာကျပြီးသော ဆရာသမားများဖြစ်ကြ၍ အရပ်တပါးသို့ သွားရောက် ပညာသင်ကြားရန် အကြောင်းမပေါ်ခဲ့ပေ၊ ဆရာသမားများ ကလည်း ရင်အုပ်မကွာ တိုက်တာတွင်းခ်ိသာ နေစေလိုသော ဆန္ဒရှိတော် မူကြသဖြင့် တခြား တရပ်သို့ သွားရောက်ခြင်း ကင်းခဲ့ရခြင်း ဖြစ်ပေသည်။

ပစ္စိမာရုံ ဂဏဝါစက
ဘဒ္ဒန္တ အရိယဝံသ

ဤသို့လျှင် တိုက်တာနှင့် မကွေ့ မကွာ ဆရာသမားကြီးများ၏ မျက်မှောက်၌ ကြီးပြင်းလာရသည်ဖြစ်၍ တိုက်အုပ် တိုက်ကြပ် ဆရာစဉ်ဆက်တို့၏ အုပ်ချုပ်သော နည်းနာ ဆုံးမသော သြဝါဒတို့ကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ရရှိလာခဲ့သည်ဖြစ်သောကြောင့် အုပ်ချုပ်ရေး ဆက်ဆံရေး သွန်သင်ဆုံးမရေးတို့၌ ဆရာသမားကြီးများ၏ ယုံကြည်စွာ လွှဲအပ်မှုကို လက်ခံနိုင်ခြင်း ဖြစ်ပေသည်။

နောက်က နေလျှင် ရှေ့သို့ရောက်၊
အောက်က နေလျှင် အထက်သို့ရောက်။

ဟူသော စကားတို့သည် ဂါရဝနှင့် နိဝါတကို ညွှန်းဆိုသော စကားတို့ ဖြစ်ကြသည်၊ ဂါရဝနှင့် နိဝါတသည် အလွန် အရေးကြီးပါသည်၊ ဆရာသမားကြီးများက အရှင်အရိယဝံသကို ဤမျှ အားကိုးတော်မူကြခြင်းနှင့် တိုက်တာ သံဃာတို့၏ ညွှတ်ပျောင်းလေးစားမှုကို အပြည့် အဝခံယူရခြင်းသည် ယင်းဂါရဝ နိဝါတ မဂ်လာ ပြည့်ဝမှုကြောင့် ဖြစ်သည်မှာ ထင်ရှားလှပေသည်။

ပစ္ဆိမဘဝရှံတိုက် တတိယနာယကဖြစ်တော်မူသော ယခု ၁၃၄၃-ခုနှစ်၌ သက်တော် ၉၂-နှစ်ရှိ ဆရာတော်ကြီး၊ သက်တော် ဂ၂-နှစ်ရှိ တိုက်အုပ် ဆရာ အရှင်ဥက္ကံသ၊ သက်တော် ဂ၁-နှစ်ရှိ စာချဆရာတော် အရှင်နန္ဒက သက်တော် ၇၆-နှစ်ရှိ အရှင်နာရဒါဘိဝံသ တို့၏ လက်အောက်၌ ကြီးပြင်းလာရသည်သာမက နာယက ဆရာတော် ဘုရားကြီး ကိုယ်တိုင် ရဟန်းဒါယကာလည်း ပြု၊ ဥပဇ္ဈာယ်လည်း ပြုကာ ရဟန်းဘောင်သို့ ပို့ပေးတော်မူအပ်သော သားတပည့်လည်း ဖြစ်ပေ၏။

၁၃၁၄-ခုနှစ်က ဆရာတော် ဘုရားကြီး၏ အမျိုးအပြင်ဖြင့် ပဋ္ဌင်းဘောင်သို့ ရောက်ပြီးသော်လည်း ပစ္စည်းလေးပါး ထောက်ပံ့မှုဖြင့် ပဋ္ဌင်းဒါယကာပြုချင်ပါလျက် မပြုလိုက်ရသည်ကို တတွေးတွေး ဝမ်းတ ဖြစ်ကြ

ရကုန်သော ဒါယကာမကြီး ဒေါ်ကြီး ဒေါ်ငယ်နှင့် သမီး တူမ မကျင်ငွေ၊ မကျင်တင် တို့က ဒါယကာပြုကြသဖြင့် ၁၃၃၇-ခုနှစ် တပေါင်းလဆန်း ၇-ရက်နေ့မှာ တကြိမ် သိက္ခာထပ်ရပြန်ပါ၏။

ထို့အတူပင် ဦးလှအေး ဒေါ်ကျင်စိန်နှင့် မိသားစုကလည်း မိမိတို့၏ ရည်မှန်းထားသော သာသနဒါယဇ္ဇအမွေ ရလိုမှုအာသာဆန္ဒကို ပြည့်စေသောအားဖြင့် ၁၃၇၂-ခုနှစ် တန်ခူးလဆန်း ၇-ရက်နေ့မှာ ပစ္စည်းပရိက္ခရာ အစုံအလင်နှင့် သိမ်ဝင် သိက္ခာတင်စေကြပြန်ပါကုန်၏၊ ဤသို့အားဖြင့် အရှင်အရိယဝံသသည် သာသနအမွေကို ရရှိလိုသူတို့၏ ဒါလိုနှင့် အညီ သုံးကြိမ်တိုင်ပင် ဥ.တ္တိကမ္မဝါသိက္ခာတင်မှုကို ခံယူခဲ့ရလေ၏။

ဆရာသမားတို့သည် သက်တော် ဝါတော် ကြီးရင့်တော်မူလာကြပြီဖြစ်၍ ဝိုက်တာအုပ်ချုပ်ရေးမှစ၍ တာဝန်အရပ်ရပ်ကို ကိုယ်စားအဖြစ် ဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်ကို လိုအပ်လာ၏၊ အကယ်၍သာ ကိုယ်စားပြုနိုင်သော ပုဂ္ဂိုလ် မရှိက အသက်တော် ဝါတော်ပင် ကြီးလင့်ကစား ဓမ္မဝိဝေကကို အပြည့်အဝ ရယူနိုင်ကြရန် လွယ်မည် မဟုတ်ပေ၊ယခုမှာကား ကိုယ်စားပြုအပ် လျောက်ပတ်သော အရှင်အရိယဝံသထေရ် ရှိနေသောကြောင့် မိမိတို့အတွက် တာဝန် တက်သင့်သလောက် မတက် ဖြစ်ရလေသောကြောင့် တပည့်မွေး ကောင်းတော်မူကြပေသည်ဟု မြင်ရစရာဖြစ်ပေသည်။

အရှင်အရိယဝံသသည် တိုက်တာ ဆရာသမားတို့၏ ရင်အုပ်မကွာ ကြီးပြင်းလာခဲ့၍ ဆရာသမားတို့၏ နည်းနာအဝဝကို လက်ဆုပ်လက်ကိုင် ရရှိထားသူ ဖြစ်သည်လည်းတကြောင်း၊ နဂိုမာတ်ခံ ဆရာသမားအကျိုးတိုက်တာနှင့် သာသနာတိုးတက်ရေးကိုခ၊ သဒ္ဓါတရားထက်သန်သူဖြစ်သည်လည်း တကြောင်းကြောင့်သာလျှင် မညည်းမည္ဟု တာဝန်ခပ်သိမ်းကို ပြုစုမ်းထမ်းရွက်နိုင်ပေသည်ဟု ဆိုရပေမည်။

အရှင်အရိယဝံသသည် နံနက် ၄-နာရီ မထိုးမီကပင် အိပ်ရာမှ ထ၍ ၄-နာရီမှာ ဘုရားဝတ်တက်ရန် တုံးခေါက်ခြင်းနှင့်တကွ ကျောင်းသားသာမဏေ ရဟန်းငယ်တို့၏ ဝတ်တက် မပျက်ကွက်ရေး စည်းကမ်း သေဝပ်ရေးတို့ကိုပါ အပြည့်အဝ နေ့စဉ် ကြပ်မ လုပ်ဆောင်၏၊ တိုက်တာတွင်းဌ်ခေါ်း တိရစ္ဆာန်တို့ကြောင့် မသန့် မပြန့် ဖြစ်နေသော အရာတို့ကို သန့်ပြန့်စေခြင်းနှင့်တကွ တာဝန်ခပ်သိမ်းကို အကွက်စိအောင် ဆောင်ရွက်သည့်ပြင် အရုဏ်ဆွမ်းစားပြီးနောက် ဆွမ်းခံမသွားမီ စာဝါလည်း ပို့ချလိုက်သေးသည်၊ ဆွမ်းခံလည်း ရက်မပျက်၊ စာလည်း တနေ့ သုံး လေး ငါးဝါ ပို့ချသေး၏၊ တတ်လည်း တတ်နိုင်သော ပုဂ္ဂိုလ်ပါပေဟု မြင်သူတိုင်း သိသူတိုင်း မချီးမွမ်း မအံ့သြပဲ နေနိုင်မည် မဟုတ်ပေ။

ဤသို့ မညည်းမည္ဟု ထာဝစဉ် ပြုလုပ်ဆောင်ရွက်နိုင်ခြင်းသည် သမ္မာသမ္ဗုဒ္ဓပြည့်ဝသည့်ပြင် ထက်သန်သော သဒ္ဓါတရား၊ တက်ကြွသော ဝီရိယစာတ်ခံ ရင့်သန်သောကြောင့် ဖြစ်သည်မှာ ဆိုစရာ မလိုပေ။

၁၅။ ပစ္ဆိမာရာမိကတ္ထာယ၊ သာသနဿ ဝိရုဇ္ဈိယာ။
ဥဿဟတိ ဝီရော အရိယ၊ ဝံသာဘိဓာန ဗုဒ္ဓိမာ။ ။

၁၆။ သကမံသေ တိဋ္ဌာပေသိ၊ ဘာရာစေရာန မံသတော။
အာဘေရာနဉ္စ သံဃဿ၊ သုခတ္ထာယ ကရေ ဓုဝံ။ ။

ကျိုက်လတ်မြို့

ဤစာကိုရေးခြင်းသည် ပစ္ဆိမာရုံ ကျောင်းတိုက်နှင့် ယင်းကျောင်းတိုက်ကို တည်ထောင်ခဲ့သော ပုဂ္ဂိုလ်အစဉ်အဆက် ထိန်းသိမ်း သာသနာပြုလာခဲ့သော ပုဂ္ဂိုလ်တို့နှင့် ဆက်နွယ်ပြန့်ပွားလာသော ကျောင်းတို့၏ အကြောင်းကို သိရှိရသမျှ ဖော်ထုတ်ရန် ရည်ရွယ်ချက်ဖြစ်သည်၊ သို့သော် ပစ္ဆိမာရုံကျောင်းတိုက်ကိုဆိုလျှင် တိုလောက မာရဇိန်ဘုရားကြီးနှင့် ပုဗ္ဗာရုံကျောင်းတို့ကို အဆက်အစပ် မကင်းသဖြင့် ချန်ထားလျှင် သရုပ်မပေါ်နိုင်သောကြောင့် ထိုဘုရားကြီးနှင့် ပုဗ္ဗာရုံကျောင်းတို့၏ အကြောင်းကိုလည်း သိသင့်သမျှ သိရသလောက် အကျဉ်းဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ထိုဘုရား ထိုကျောင်းတို့ကို ဆိုပြန်လျှင် တည်ရာဖြစ်သောအရပ်ဌာနကို ဖော်ပြရန် လိုလာပြန်သဖြင့် မိမိစုံစမ်း သိရှိသမျှကို ထုတ်ဖော်ပြလိုပါသည်၊ ကျွန်ုပ်ဖော်ပြမည့် ရှေးက ကျိုက်လတ်မြို့၏ အဖြစ်သနစ် အကြောင်းခြင်းရာတို့သည် ဦးရန်လင်းထံမှ ရရှိသော အကြောင်းခြင်းရာတို့ ဖြစ်ကြပါသည်။

ဦးရန်လင်းကား ၁၂၅၉-ခု၊ တန်ခူးလဆန်း ၄-ရက် ဗုဒ္ဓဟူးနေ့ နံနက် ၁၁-နာရီအချိန်ဖွားသော ပုဂ္ဂိုလ်ဖြစ်၍ ရှေးကို အတော်မီလိုက်သော ပုဂ္ဂိုလ်ဖြစ်သည်၊ ဦးရန်လင်းသည် မိဘမျှား ပြောပြသည်တို့ကို မှတ်တမ်းပြုထား၏၊ ယင်းမှတ်တမ်းနှင့် ဦးရန်လင်း၏ကိုယ်တွေ့ ရှေးဖြစ်ရပ်တို့ကို ဤ၌ ဖော်ပြလိုပါသည်။

မိမိတို့၏ မျက်မှောက်ခေတ် မျက်မြင်ကိုယ်တွေ့ဖြစ်သော အကြောင်းအရာတို့ကိုကား ဆက်စပ်လာသဖြင့် မကင်းနိုင်သောအရာဖြစ်လျှင် အနည်းအကျဉ်း ထည့်သွင်းလိုက်ရသည်မှတပါး အခြား ပစ္စက္ခကိုယ်တွေ့တို့ကို ဤ၌ ဆိုရန် ရည်ရွယ်ချက်မထားပါ၊ သိရန်လည်း လွယ်၏၊စုံစမ်းရန်လည်း မခက်

ခဲပေါ်ရှေးကျသော အကြောင်းအရာကို သိရန်ကား ဤဌာသမဟုတ်၊နေရာ ဌာနတိုင်းဌ အခက်အခဲရှိလှသည်ကို သိထားပြီးသား ဖြစ်ကြ၏။

စင်စစ် ဤစာကို ရေးသူသည် ကျိုက်လတ်မြို့၏သမိုင်းကို ရေးသည် မဟုတ်ပါ၊ သို့သော် တခေတ်ထက်တခေတ် ပို၍ ပို၍ အလှမ်းဝေးလာခဲ့ပြီ ဖြစ်သော ရှေးအဖြစ် အကြောင်းအရာတို့ကို နောက်နှောင်းသူတို့အဖို့ ပို၍ ပို၍ ခက်ခဲမည်ဖြစ်၍ ရှေးဖြစ်အကြောင်းအရာ အချို့တို့ကို မိမိရရှိသမျှ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဦးရန်လင်းသည် ဦးပြုံးချို၏အစ်ကို ဦးဖိုးဦး၏သား ဖြစ်သည်၊ သူ၏ ဖခင် ဦးဖိုးဦး ပြောပြချက်တို့ကို သူကိုယ်တိုင် မှတ်တမ်းပြုထား၏၊ ယင်း မှတ်တမ်းအရ ဖော်ပြပါမည်။

ဦးဖိုးဦးက သူ၏ကိုယ်တွေ့တို့ကို သားအား ပြောပြ၏၊ ပြောပြပုံ—

"၁၂၄၅-ခုက (လွန်ခဲ့သော ၉၀-နှစ်က ဖြစ်သည်) ယခု စျေးနေရာဟာ သင်းချိုင်းနေရာ ဖြစ်တယ်၊ တရုတ်တန်းနောက် မြေကွက်လပ်က မြေကို တူးယူပြီး ကုန်းမြေဖြစ်အောင်ဖို့ပြီး စျေးရုံ ဆောက်တယ်၊ အခု ဗေဗေတို့ဆိုင်နေရာဟာ (ယခု ဆီစျေးရုံ အတွင်းမှာ ဖြစ်သည်) တရုတ်သင်းချိုင်း ဖြစ်တယ်၊ ကမ်းနားဘက် ထမင်းဆိုင်တန်းဟာ မြန်မာသင်းချိုင်း ဖြစ်တယ်၊ အခုတောင် ခေါင်းတွေ ပေါ်နေသေးတယ်။ (လွန်ခဲ့သော ၉၀-နှစ်က အတွေ့)

အရှေ့ဘုရားလမ်း ဦးတူ၏ အိမ်တန်းဟာ ဟိုတုန်းကသင်းချိုင်း ဇရပ်ဖြစ်တယ်၊ အဲဒီတုန်းက လမ်းတလမ်းတဲရှိတယ် မြေလမ်း၊ ၁၂၅၀-ပြည့်နှစ်ကျမှ စက္ကရီတေရီမစ္စတာဗို့ခ် ရောက်လာတယ်၊ သူမရောက်ခင်က စာရေးကြီး ဦးစိန်ဗူး စီမံလုပ်ကိုင်နေတယ်၊ မစ္စတာဗို့စ်ရောက်လာပြီး သူကိုယ်တိုင် အတွင်းရေးမှူးလဲ့လုပ် အိုဗာစီယာလဲ့လုပ်ပြီး အလုပ် ၂-မျိုးအတွက် လစာ ၂-မျိုး

ယူတယ်၊ သူ အစီအမံ ကောင်းတယ်၊လမ်းတွေကို ဒီလုံးခင်းဖို့ ယခု ခြောက်အိမ်တန်းတောင်ဘက်လယ်ကွင်းက မြေတွေကို ယူပြီးတော့ ဒီလုံးဖုတ်စေပြီး ကုလားနွားလှည်း အစီးသုံးဆယ်လောက်နှင့် နေ့ရော ညပါ သယ်တယ်၊ လမ်းလုပ်ကုလား တရာလောက်နှင့် လုပ်လိုက်တာ လေးလလောက်ကြာတော့ အရှေ့ပိုင်းမှာ ဒီလုံးလမ်းဖြစ်သွားရော၊ အဲ့ဒီတုန်းက ဟိုဘက်ကမ်းက လမုပင်မှာ မျောက်တွေ ရှိတယ်၊ ကရင်အိမ်လေးငါးအိမ် ရှိတယ်”

ဆိုခဲ့သော ဦးဖိုးဦး၏ ပြောပြချက်အရ ၁၂၄၅-ခုနှစ်နှင့် ထိုထက် ရှေးကျသော အခါက အခြေအနေကို ကျွန်ုပ်တို့သိကြရပြီး ဆက်လက်၍ သိရန် ရှိသေး၏၊ နားထောင်ပါဦး။

“၁၂၄၀-ပြည့်နှစ်က (ဦးဖိုးဦး မီလိုက်သောနှစ်ကို ဆိုခြင်းဖြစ်သည်) ယခုအုန်းတောနေရာဟာ ဖိုးတောဆိုတဲ့ အဖိုးကြီးနေတဲ့ အုန်းခြံကြီးရှိတယ်၊ ဒါကြောင့် အုန်းတောလို့ ခေါ်ကြတယ်၊ အဲသည် အုန်းတော တံတားကြီးရဲ့ ညာဖက်မှာ “**အုပ်စေတီပျက် တဆူရှိတယ်**။” စေတီပျက်ရဲ့ဘေးမှာ အုန်းပင်တပင် ရှိတယ်၊ အုန်းပင်ဗယ်ဘက် ကမ်းနားမှာ ကျောက်မီကျောင်းတကောင် ရှိတယ်၊ အဲဒီချောင်း အရှေ့ဘက် ကမ်းပေါ်မှာ နတ်စင်ရှိလို့ ဦးရှင်ကြီးပဲ့ကပြီး “၃၇” မင်း နတ်ပဲ့ပသတင်းမြှောက်ကြတယ်၊ ဒီလို နှစ်တိုင်းပသနေတဲ့အဆဲ ဘနှစ်သောအခါ ပဲ့ကပြီး “၃၇” မင်း က,မယ်လုပ်နေတုန်း ဦးမင်းကျော်ဝင်ပူးပြီး “မင်းတို့ငါ့မြို့တော်ရှင့်ကို ဂရုမစိုက်လို့ မင်းတို့လူကြီးရဲ့မိန်းမကို (ဦးဖိုးဦး၏ဇနီးကို ဆိုသည်) မီးမဖွားနိုင်အောင်လုပ်ပြီး သတ်လိုက်တာ မှတ်ထား”လို့ ကြိမ်းလိုက်တာနဲ့ ကိုပြုံးချိန်နှင့် ကိုကျော်ဒွန်းတို့က ငါ့မရိုးသက်တာ သိရောပေါ့ကွာဆိုပြီး နတ်စင်ကို ဓားနဲ့ခုတ်ပြီး

ရေထဲ မျှောလိုက်ကြတယ်။ "အောက်ကရွာကလေးမှာလဲ အမြဲ ဦးမင်းကျော် ပူးကတ်တဲ့ ဒေါ်ကြောင်းဆိုတဲ့ မိန်းမကြီးရှိတော့ မိန်းမကြီးက ဆယ်ယူပြီး မြို့ဦး လက်ပံပင်ကြီး အနောက်မှာ နတ်စင်ဆောက်ထားတယ်၊ဒေါ်ကြောင်းနတ်စင်လို့ခေါ်ကြတယ်၊ အဲဒီနတ်စင်မှာ နတ်ပွဲတင်ဖို့ခေါ်လို့ ဖေဖေလိုက်ပြီး တင်ပေးရသေးတယ်"

ဤဆိုခဲ့သော ပြောပြချက်တို့သည် ကိုယ်တော့မျက်မြင်ဖြစ်သူက ပြောပြချက်တို့ဖြစ်ကြ၍ အဖြစ်မှန်ဖြစ်သည်ဟု ကျွန်ုပ်တို့ မှတ်ကြရကုန်၏၊ဆက်လက်၍ ပြောပြန်သေး၏။

"ဖေဖေတို့ ဟိုတုန်းက ပွဲကတဲ့နေရာဟာ ခု မြို့အုပ်ရုံး ဆောက်ထားတဲ့နေရာဖြစ်တယ်၊ ဟိုတုန်းက ရုံးမရှိသေးဘူး ၁၂၅၀-ပြည့်နှစ်ကျမှ ရုံးဆောက်တယ်"

ဤအထက်ပါ ဆိုခဲ့သော ဦးပြုံးချို၏အစ်ကို ဦးရန်လင်း၏ ခမည်းတော် ဦးဖိုးဦးကိုယ်တော့အဖြစ် ပြောပြချက်တို့ကို သိရသဖြင့် ထိုစဉ်အခါက ကျိုက်လတ်မြို့အခြေအနေကို တွေးယူသိနိုင်ပါပြီ။

ဤ၌ အချက်တခုသည် ကျွန်ုပ်နှင့်တကွ နောက်နှောင်းသူတို့အတွက် အကျိုးများလောက်အောင် အထောက်အကူပြုထားသည်ကို တွေ့ရ၏။

ကျိုက်လတ်ဟု အဘယ်ကြောင့်ခေါ်ကြောင်း အရာတော် ဦးသောမ၏ ပါမောင်ဒီပနီလာစကားဌ ဆိုခဲ့ပြီး ကျိုက်(ကျတ်)-ဘုရားစေတီ၊ လတ်-ပြို့ပျက်သည်၊ စေတီပြို့ကိုအစွဲပြု၍ "ကျိုက်လတ်" ဟူသော အမည် ဖြစ်သည်၊ "စေတီပြို့မြို့ဟုဆိုကြောင်း အများသိထားပြီးသား ဖြစ်ပြီ၊ ယင်း စေတီပြို့သည် အဘယ်မှာနည်း အဘယ်စေတီပြို့ကို ဆိုပါသနည်းဟူသော အချက်ကား အလွန်သိရန် လိုအပ်သော အချက်ဖြစ်၏၊ ယင်းစေတီပြို့ကား-

ဖိုးတောမည်သော အဖိုးကြီး၏ အုန်းခြံကို အမှီပြု၍ အုန်းတောဟု ခေါ်သည်၊ ယင်း အုန်းတော တံတားကြီး၏ လက်ယာဘက်မှာ အုတ်စေတီပြိုကြီး ရှိ၏၊ ယင်း စေတီပြိုကို အစဲ့အမှီပြု၍ ကျိုက်လတ် (စေတီပြို) မြို့ဟု ဆိုသည်ဟု ကောက်ချက်ချအပ်၏၊ ယင်း ဖိုးတောကို အစဲ့ပြု၍ ကျိုက်လတ်မြို့၏ အနောက်ဘက်၌ ဖိုးတောကုန်းဟု ရှိခဲ့၏၊ ယင်း နေရာကို ယခု ကွင်းပေါက်ပိုင်းဟု ခေါ်ကြောင်း သိရ၏။

စေတီပြိုကား အခြားနေရာတို့၌လည်း ရှိကောင်း ရှိပေမည်၊ သို့သော် ကျိုက်လတ်ဟူသော အမည်ကိုဖြစ်စေသောစေတီပြိုကား အုန်းတော တံတားကြီး၏ လက်ယာဘက်ရှိ စေတီပြိုဖြစ်ကြောင်း ဦးရန်လင်းက ရှေးမိလူကြီးတို့၏ စကားအရ အတိအလင်း ပြောပြသောကြောင့် ယင်း စေတီပြိုသည်သာလျှင် 'ကျိုက်လတ်'ဟူသော အမည်ကိုမှည့်ရန် အကြောင်းခံ စေတီဖြစ်ကြောင်း သိကြရကုန်၏၊ ယင်း စေတီပြိုကား ယခု မရှိတော့ပြီ၊ ကမ်းပြိုရာ၌ ပါသွားပြီ။

ထိုစဉ်အခါ ကျိုက်လတ်၏အရှေ့အနေကား ယခုလက်ရှိ ကျိုက်လတ်နှင့် တခြားစီဖြစ်၏၊ ဤ၌သာ မဟုတ်၊ အခြားသောမြို့ရွာတို့၌လည်း ဤအတိုင်းပင် ဖြစ်၏၊ အရှေ့အနေ ပြောင်းလာရခြင်း၏ အကြောင်းရင်းကား လူဦးရေတိုးပွားလာခြင်းပင် ဖြစ်၏။

ယခုအခါကား ကျိုက်လတ်မြို့သည် စည်ကားပါ၏၊ ဘုရားတန်ဆောင်းကျောင်းကန် အဆောက်အဦးကြီးများကို ကြည့်ခြင်းဖြင့်ပင် ကျိုက်လတ်မြို့၏ စီးပွားရေး အရှေ့အနေနှင့် မြို့နေ လူထု၏ သဒ္ဓါတရားအင်အားကို ကောင်းစွာ သိနိုင်ပေသည်။

ကျိုက်လတ်တမြို့လုံးသို့ ရေပေးသော ရေသန့် မိုးရေကန်ကြီး ရှိ၏၊ ယင်းကန်ကြီးသည် အလျား ပေ ၂၀၀၀၊ အနံ ပေ ၇၄၀၊ အနက် ပေ ၁၀ ရှိလေသည်။

၁၈၇၅ ခုနှစ်တွင် သုံးခွခရိုင်ကိုတည်ထောင်ခဲ့သည်၊ထိုစဉ်က ကျိုက်လတ်နှင့် မအူပင်တို့သည် သုံးခွခရိုင်ထဲတွင် ပါဝင်ကြသည်၊ ၁၈၉၃ ခုနှစ်မှာ ယင်း သုံးခွခရိုင်၏ တစိတ်တဒေသကို မြောင်းမြခရိုင် အမည်ဖြင့် ခွဲထုတ်ခဲ့သည်၊ တဖန် ၁၉၀၃ ခုနှစ်မှာ ဖျာပုံခရိုင်ဟု တခရိုင် ခွဲထုတ်ပြန်သည်၊ ထိုအခါမှစ၍ ကျိုက်လတ်မြို့နှင့် နယ်သည် ဖျာပုံခရိုင်အတွင်း ပါဝင်လေသည်။

၁၉၀၀ ပြည့်နှစ်မှာ ကျိုက်လတ်မြို့၌ တောင်းကော်မတီဖွဲ့၍ မြို့ပြကို စောင့်ရှောက်သည်၊ ၁၉၀၅ ခုနှစ်မှာ မြို့နီစီပယ်အဖွဲ့ကို ဖွဲ့၍ ထိန်းသိမ်းလာခဲ့သည်၊ ကျိုက်လတ်မြို့နယ်၏ အကျယ်အဝန်း စတုရန်း မိုင် ၂၇၇ ရှိ၏၊ ကျေးရွာပေါင်း ၉၃ ခု ရှိ၏။

ကျိုက်လတ်၌ ထူးကဲသော အပြုတခုမှာ နှစ်စဉ် တပို့တွဲလ၌ ရေငန်ပိုင် ဦးရှင်ကြီး ပူဇော်ပွဲကို တရပ်ကွက်နှင့် တရပ်ကွက်၊ တလမ်းနှင့် တလမ်း ဆိုသကဲ့သို့ အပြိုင်အဆိုင် ပြုလုပ်ခြင်းပင်ဖြစ်၏။

ကျိုက်လတ်မြို့၏ ထူးခြားချက်

ကျိုက်လတ်မြို့၌ ထူးခြားချက် တခုရှိ၏၊ ၁၂၆၈ ခုနှစ်လောက်က လယ်တီဆရာတော်ဘုရားကြီး ကြွရောက် တရားဟောခဲ့၏၊ မိမိတို့ကို လုပ်ကျွေးနေသော ကျေးဇူးရှင် နွားသား ကျွဲသားတို့ကို ရှောင်ကြဉ်ကြရန် အဓိကထားရှု ဟောတော်မူသောကြောင့် မြို့လုံးကျွတ် အမဲသား (နွားသား ကျွဲသား)ကို ရှောင်ကြဉ်ခဲ့ကြ၏။

နောက်ထပ် ပစ္စိမာရုံ ဆရာတော်ဘုရားကြီးကလည်း ဆက်လက်ဟောပြဆုံးမပြန်သဖြင့် ယင်းအသားအတွက် သားသတ်ရုံဟု ရှိသော်လည်း လိုင်စင်ဆွဲ၍ သတ်သူ မရှိ ဖြစ်လေသည်၊ ပစ္စိမာရုံ ဆရာတော်ဘုရားကြီးသည် ကိုယ်တိုင် ဦးဆောင်၍ ဇီဝိတဒါန အသင်းကြီးကိုလည်း တည်ထောင်ခဲ့၏၊ ယင်း အသင်းကြီးက ကယ်ဆယ်ရေးကိစ္စအဝဝတို့ကို ဆောင်ရွက်၏၊ ယင်း

အသင်းကြီး ယခုလည်း ရှိပါသည်၊ ဤသို့လျှင် တရားပြည့်ဝစောင့်ထိန်းကြ သောကြောင့် ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီးက "ဓမ္မပါလ"မြို့ဟု အမည်သစ် တပ်တော်မူခဲ့၏၊ မြို့သူမြို့သားတို့ကလည်း မိမိတို့ မြို့ကို "ဓမ္မပါလ ကျိုက်လတ်မြို့"ဟူ၍ သိမှတ်ထားကြကုန်၏။

ကျိုက်လတ်မြို့၏ ကျက်သရေဆောင်

ကျိုက်လတ် မြို့၌ သာသနာရောင်ကို ထွန်းပြောင် တောက်ပအောင် ဆောင်ရွက်နေသော ထည်ဝါခမ်းနားသော ကျောင်းတိုက်ကြီးများနှင့် မြို့ကျက်သရေကို ခေါင်ချုပ်အဖြစ်ဖြင့် ထွန်းပပေးနေကုန်သော ဗုဒ္ဓရုပ်ပွား တော်ကြီးများလည်း ရှိကြပေကုန်၏။

တိုလောဂမာရဇိန်ရုပ်ပွားတော်ကြီးသည်ရှေးအကျဆုံးဖြစ်၏၊ဘုရားဖူး ပရိသတ်လည်း မပြတ် စည်ကားလေ၏၊ ယင်း ဘုရားကြီးအပြင် အခြား ရုပ်တု တော်ကြီးများမှာ ၁၂၆၄ ခုနှစ်က ဦးကံထူး၊ ဦးကြာဖူးတို့ ဦးဆောင်တည် ထားခဲ့သော ဥာဏ်တော် ၁၈ တောင် အမြင့်ရှိ ကျွန်းသစ်ဖြင့် ထုလုပ်ထား သော ရုပ်တော်မူ ဘုရားကြီးနှင့်။

၁၂၈၁–နှစ်မှာ မန္တလေးမှ ပင့်လာကာ ၁၂၈၁ ခု၊ နတ်တော်လဆန်း တရက်နေ့ ကျိုက်လတ်သို့ ရောက်သဖြင့် ထိုနေ့ကို အစပြု တည်ထား ကိုးကွယ်သော စန္ဒာမုနိမည်သော ထိုင်တော်မူ ရုပ်ပွားတော်ကြီးတို့ ဖြစ်ကြ၏၊ စန္ဒာမုနိ ရုပ်ပွားတော်ကြီးကို ရှေသားချောင်းရှာ စက်သဌေး ဦးထွန်း–ဒေါ်စုန္ဒာ သား ဦးဘသင်တို့က ဦးဆောင်တည်ကြကုန်၏၊ ဦးထွန်းနှင့် ဒေါ်စုတို့မှာ သား ဦးဘချို၊ ဦးဘအို၊ ဦးဘသင်ဟု သုံးယောက် ရှိသော်လည်း ဒေါ်ယော်ဆုံးဖြစ်သော ဦးဘသင်သည်သာ ဘုရားတည်ရေး ကိစ္စ၌ တက်တက်ကြွကြွဆောင်ရွက်လေသည်။

အခဲမကြေသော ဆင်၏ ရန်ငြိုး

ကျိုက်လတ်မြို့သည် အခြားသောမြို့များကဲသို့ပင် ရှေးအခါက ရွာကြီး တရွာမျှသာ ရှိခဲ့၏၊ ကျားနေဆင်အောင်း တောကြီးများ ဝိုင်းဝိုင်းပတ် ခြုံလျက်ရှိ၏၊ ကျိုက်လတ်မြို့၏ တဘက်ကမ်းဌ သမက်ပြေချောင်းရိုး တော တန်းကြီး ရှိခဲ့၏၊ ထိုတောဌ ဆင်များ ခိုအောင်းနေကြ၏။

ဆင်မကြီး တကောင်ဌ ဆင်သားပေါက်ငယ် တကောင် ရှိနေသည်ကို သိထားကြ၏၊ သဌေး ဦးစောရသည် ထိုဆင်ပေါက်ငယ်ကို လိုချင်နေသည်၊ တနေ့သောအခါ ပဲများတင်မြောက် ပသကြသည်၊ ဆင်ထွက်လာအောင် ရည်ရွယ်ချက်ဖြင့် ပသပူဇော်ခြင်းဖြစ်ပုံရ၏၊ ထန်းသီးကြေခိုက် ကျီးပျံခိုက် ဖြစ်သည်လား မဆိုနိုင်၊ ဆင်မကြီးသည် သားငယ်နှင့်တကွ ထွက်လာလေ သည်၊သစ်ပင်ကြီးပေါ်မှ ချောင်းနေသော သေနတ်သမားက ဆင်မကြီးကို ပစ်လိုက်လေသည်၊ သေနတ်ဒဏ်ရာကြောင့် ဆင်မကြီး လဲကျမည့်အခြေ အနေ ဖြစ်နေစဉ် ဆင်ပေါက်ငယ်ကလေးက ဟိုဘက်ဘေး သည်ဘက်ဘေး လှည့်၍ ဖေးမမည့်ဟန် ပြုသေးသည်ဆို၏၊ သို့သော်လည်း ဆင်မကြီးကား သေနတ်ဒဏ်ကြောင့် ဗုံးဗုံးကျရလေတော့သည်။

ထိုအခါ ဦးစောရတို့လူစုက ဆင်ပေါက်ငယ်ကို ဖမ်း၍ ချည်နှောင်ဆဲယူ ကြကုန်၏၊ ဆင်ကလေးက သူ့အမေ ဆင်မကြီးကို ပြန်ကြည့်ကာ မျက်ရည် တွေ့တွေ့နှင့် ကန်တန်တန် လုပ်နေသေးသည်၊ သို့သော် ရိုက်နှက်သော ဒဏ် ချက်ကြောင့် အားမတန် မာန်လျော့လိုက်ပါရလေတော့သည်။

ဦးစောရသည် ဆင်ကလေးကို မွေးထား၏၊ ဆင်ကလေး အတော် ကြီးလာသောအခါ ဦးစောရသည် လုံကိုယမ်း၍ ဆင်ကလေးနှင့် မြို့ထဲ လှည့်လည်တတ်လေသည်၊ ဆင်လားမြောက်နေသော ဆင်ကလေးသည် အကွက်ကောင်းကို ကြည့်နေ၏၊ တနေ့သောအခါ နေရာလွတ်တခု၌ ဆင် ကလေးက ဦးစောရကို နှာမောင်းနှင့် ပွေ့၍ ပေါက်လိုက်သည်၊ သို့သော်

မြောင်းထဲသို့ ကျသွားသောကြောင့် ဦးစောရကား မသေပေ၊ ဦးစောရသည် ဒေါသမျက် ပြင်းစွာထွက်၍ ဆင်ငယ်ကို သေနတ်နှင့် ပစ်သတ်လိုက်လေသည်။

ဦးစောရ၏ သခ္ခါင်းဂူ ယခုအထိ ရှိနေ၏၊ ဦးစောရသည် အချိန်ရောက်၍ ကွယ်လွန်သောအခါ အလောင်းကို ခနောင်မိလ္လာလမ်းဟောင်းထိပ် သူပိုင်မြေကွက်လပ်၌ ဂူသွင်းမြှုပ်နှံထားလေသည်။

ဤစကားရပ်တို့ကို သက်ကြီးစကား သက်ငယ်ကြားအနေဖြင့် မှတ်သားထားသော လူကြီးများ၏ ပြောပြချက်အရ သိရခြင်းဖြစ်သည်။



ရန်ကုန် ပစ္စိမာရုံ နာယကဆရာတော်
ဘဒ္ဒန္တ နာရဒါဘိဝံသ

အရှင်နာရဒါဘိဝံသ

ရှင်နာရဒါဘိဝံသသည် ၁၂၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် စနေနေ့၌ဖွားမြင်သည်၊ကျိုက်လတ်မြို့နယ် ဝါးကောက်ရွာ အဖဦးဉာဏ်ပွင့်-အမိ ဒေါ်ရှေပုံတို့၏သား ဖြစ်သည်၊ ငယ်စဉ်က ရွာကျောင်း၌ လေးတန်းအောင်သည်အထိ နေခဲ့ပြီးနောက် ပဲခိုးစုရွာ သီတာရုံကျောင်း၌ သာမဏေဖြစ်သည်၊ ၁၄ နှစ်သားအရွယ်မှာ သာမဏေအဖြစ်ဖြင့် ယခု ပစ္ဆိမာရုံတိုက် နာယကဖြစ်တော်မူသော ဆရာတော်ကြီး အရှင်သောဘိုတနှင့် လိုက်ပါ၍ ပစ္ဆိမာရုံ ကျောင်းတိုက်သို့ ရောက်သည်။

သာမဏေပင် ဖြစ်သော်လည်း သဒ္ဒါ သင်ကြားတို့ကို အာဂုံ ရပြီးသားဖြစ်သဖြင့် ပစ္ဆိမာရုံဆရာတော်(သာသနာပိုင်)က ရဟန်းတော်များနှင့်အတူ ဝိနည်း ပါဠိတော်များကို ဆိုဝါအဖြစ်ဖြင့် တက်စေသည်၊ ဝိနည်း စာမေးပွဲ၌ သေခါယနှင့်အတူ မူလသိက္ခာကိုပါ ဖြေဆိုအောင်မြင်သဖြင့် ဆရာတော်ကြီး မူလသိက္ခာကို ပို့ချသောအခါ ပို့ချသည့်အတိုင်း လိုက်ရေးစေသည်၊ ယင်း မူလသိက္ခာနိဿယကို နောက် ပုံနှိပ်ထုတ်ဝေ၏၊ ယင်း ပုံနှိပ် စာအုပ်၌ ရှင်နာရဒ ရေးသည်ဟု ထည့်ထားသည်၊ စင်စစ် ဆရာတော်ကြီး၏ ပို့ချသည့် မူအတိုင်းသာဖြစ်သည်၊ဆရာတော်ကြီးက ရေးသားသူ၏အမည်ကို ထည့်စေ၍ ရှင်နာရဒ ရေးသည်ဟု ထည့်ထားခြင်းဖြစ်သည်ဆို၏။

ရှင်နာရဒသည် ဉာဏ် ပညာ ထက်သော သာမဏေတပါးပင် ဖြစ်၏၊ သာမဏေအဖြစ်ဖြင့် ပထမပြန်စာမေးပွဲကို ဝင်ရောက်ဖြေဆိုနိုင်ရန် အရည်အချင်း အပြည့်အဝ ရှိခဲ့သည်ကား ဟုတ်၏၊ သို့သော် ဆရာတော်ကြီးက ပထမပြန် စာမေးပွဲ ဝင်ရောက်ဖြေဆိုခြင်းကို နှစ်သက်တော် မမူပေ၊ ဤသို့သော အယူအဆ သဘောထားသည် ပစ္ဆိမာရုံဆရာတော်ကြီး၌သာ ရှိသည် မဟုတ်၊ အခြားအခြားသော မျှားစွာသော ရှေး ဆရာတော်ကြီးများ၌လည်း ရှိခဲ့ပေသည်။

ရှေးဆရာတော်ကြီးများ၌ ထိုကဲ့သို့သော အယူအစဲ့ရှိနေခြင်းမှာ မိမိတို့ကဲ့သို့ သူတပါးတို့ကို ထင်ထားမှုနှင့် မိမိတို့၏ ဇဲ့သတ္တိ သဒ္ဓါတရားများ၊ သူတပါးတို့၌လည်း ရှိသည်ဟူသော အထင်အမြင်နှင့် သင်ရကြားရမည့် ကျမ်းဂန် အမြောက်အမြား ရှိနေပါလျက် စာမေးပွဲ၌ ပြဋ္ဌာန်းစာလောက် ကလေးကိုသာ ကူက်၍ သင်နေခြင်းကို မလိုလားစိတ်ကလည်း ပြင်းထန်မှုကြောင့် ဖြစ်လေသည်။

ခေတ်ကာလအလိုက် ပုဂ္ဂိုလ်တို့၏ စရိုက်နှင့် လျှော့ပါးလာသော သဒ္ဓါတရားတို့ကို မကြည့်လျှင် ဆရာတော်ကြီးတို့၏ အတွေးအထင်အမြင်သည် အလွန် မှန်လှပါပေသည်၊ ဥပမာ မူလသိက္ခာ၊ ခုဒ္ဒသိက္ခာ ဆိုကြပါစို့၊ ယင်းကျမ်းတို့သည် ဝိနည်းငါးကျမ်းကို ငုံထားသော ကျမ်းငယ်တို့ ဖြစ်ကြသည်ကား မှန်၏၊ သို့သော် စာမေးပွဲ ပြဋ္ဌာန်းစာ၌ မပါသောကြောင့် ယင်းစာတို့ကို ခေတ် စာသင်သားတို့ တို့ပင်မတို့ကြပေ၊ ဆရာတော်ကြီးများကား ယင်းစာတို့ကိုသာ ပို့ချလိုကြကုန်၏၊ အာဂုံလည်း မပြတ် ဆောင်ထားလိုကြကုန်၏။

ရှေး ဆရာတော်ကြီးများသည် သဒ္ဒါငယ် ခပ်များများတို့ကို အာဂုံဆောင်လာကြ၏၊ သင်လာခဲ့ကြ၏၊ ပို့ချခဲ့ကြ၏၊ ပထမပြန်စာမေးပွဲ ခေတ်စားလာသော နှောင်းခေတ်မှာ စာမေးပွဲ ပြဋ္ဌာန်းစာ၌ မပါသောကြောင့် ယင်း သဒ္ဒါငယ်တို့ကို တို့ပင် မတို့ကြတော့ပေ၊ နိယံ၊ ဓာတုတ္ထသင်္ဂြိဟ်၊ မောဂ္ဂလာန်၊ဂဠုံပ္ပ၊သဒ္ဒနီတိ စသည်ဖြင့် များစွာသော ကျမ်းတို့သည်လည်း ထိုအတူ အမှောင်တိုက်မှာသာ ကိန်းဝပ်ကြရကုန်၏၊ ဒေခ္ခါတို့ကား ရှားရှားပါးပါး တိမ်မြုပ်ရမည့်အဖြစ်သို့ ရောက်ကြရကုန်၏၊ ယင်းဖြစ်ချက်တို့ကို ရှေးဆရာတော်ကြီးများ မလိုလားကြကုန်၊ ထိုကြောင့် ပထမပြန်စာမေးပွဲ ဝင်မှုဖြင့် စာကွက်ကျား သင်ကြားခြင်းကို အားမပေးလိုကြခြင်း ဖြစ်လေသည်၊ ဤသို့လျှင် စာမေးပွဲသည် ဆရာတော်ကြီးများ၏ အလိုဆန္ဒနှင့် ဖိလာဖြစ်နေလေသောကြောင့် ရှင်နာရဒသည် စာမေးပွဲ ဖြေဆိုနိုင်လောက်

သော အရည်အချင်း အပြည့်အဝ ရှိပါလျက် ဆရာတော်ကြီး၏ ကြည်ဖြူမှုကို မရရှိသောကြောင့် ပထမပြန်စာမေးပွဲကို ပစ္ဆိမာရုံကျောင်းတိုက်၌ နေစဉ်က မဖြေဆိုခဲ့ရခြင်း ဖြစ်လေသည်။

ရှင်နာရဒသည် အသက် ၁၈ နှစ်သား အရွယ်မှာ မိမိဆရာ အရှင်သောဘိတ ပခုက္ကူသို့သွား၍ စာလိုက်လိုသဖြင့် ရှင်လင်ပြန်၍ ကျောင်းသားအဖြစ်ဖြင့် အရှင်သောဘိတနှင့်အတူ ပခုက္ကူသို့ လိုက်၍ နေရပြန်လေသည်၊ ပခုက္ကူမှ ပြန်လာသောအခါ ပဉ္စင်းပြုရန် အသက်လည်းပြည့်ပြီဖြစ်၍ ၁၂၈၈ ခုနှစ်မှာ ပစ္ဆိမာရုံတိုက်၌ ဆရာတော်ကြီး အရှင်ကေလာသထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်လေသည်။

ရှင်နာရဒ ရဟန်းပြုပြီးသောအခါ အရှင်သောဘိတသည် မန္တလေးသို့ စာသင်ကြားပြန်၍ အရှင်သောဘိတနှင့်အတူ မန္တလေးသို့လိုက်ပြီး အနောက်ဝိသုဒ္ဓါရုံတိုက် ညောင်စဉ်ကျောင်း၌ နေလေသည်။

အရှင်နာရဒနှင့် စာမေးပွဲ

အရှင်နာရဒသည် ရဟန်းဖြစ်ပြီးသောအခါ မန္တလေးသို့ ရောက်၏၊ ထိုအခါ မိမိဆန္ဒအရ စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ကို ရပြီဖြစ်သောကြောင့် ဝိသုဒ္ဓါရုံတိုက်မှ နေ၍ ပထမပြန်စာမေးပွဲကို ဝင်ဖြေသည်၊ ပထမငယ်နှင့် ပထမလတ်ကို ဆက်တိုက် အောင်သွားပြီးနောက် ပထမကြီး၌ တနှစ်ကျနေပြီး ဒုတိယနှစ်မှာ အောင်လေသည်၊ သက္ကသီဟ စာမေးပွဲကိုလည်း ဝင်ရောက် ဖြေဆိုသည်၊ အာဂုံပြန်အစမ်း၌ကား နှစ်တိုင်းပင် အောင်သော်လည်း ရေးဖြေမှာ ကျနေသဖြင့် ငါးနှစ်တိတိ ဇဲကို မလျှော့ပဲ ဖြေခဲ့၏၊ သို့သော် ရည်မှန်းချက်သို့ မရောက်ခဲ့ပေ၊ အသက်ပြည့်သွားသဖြင့် ဖြေဆိုမှုကို ရပ်စဲလိုက်ရလေတော့သည်၊ ဝိသုဒ္ဓါရုံတိုက်တွင်း၌ ပြုလုပ်သော ဝိနည်းစာမေးပွဲ၌ကား ဂုဏ်ထူးနှင့် အကျော်တန်းအထိ အောင်မြင်ခဲ့လေသည်၊ ဘွဲ့ကား "ဝိ-တ-မ" ဖြစ်၏။

သက္ကသီဟ စာမေးပွဲ၌ စာသင်တန်းဖြေခွင့်ကို အသက် ၂၇ နှစ်သာ ထားသည်၊ ထိုထက် အသက်ပိုလျှင် ဖြေဆိုခွင့် မရှိတော့ပေ၊ ထိုကန့်သတ် သောနှစ် အတောအတွင်း စာသင်တန်းအောင်ခဲ့လျှင် စာချတန်းအတွက် ငါးနှစ် အချိန်ပေး၏၊ ငါးနှစ်အတွင်းမှာ အဌကထာ ၃ ကျမ်း မပြီးမြောက် မအောင်မြင်လျှင် အထောက်အပံ့ကို ရပ်စဲလိုက်သည်၊ သို့သော် စာမေးပွဲ ကိုကား နှစ်လွန်အဖြစ်ဖြင့်ဖြေခွင့် ပေး၏၊ ထိုနှစ်လွန်အဖြစ်ဖြင့် အောင်သော ပုဂ္ဂိုလ်ကိုလည်း ဘွဲ့လက်မှတ်ပေး၏၊သို့သော် အထောက်အပံ့နှင့် ဆုကိုကား မပေးတော့ပေ။

အရှင်နာရဒသည် သက္ကသီဟ စာမေးပွဲ၌ သက်တမ်း ဆုံးသွားသဖြင့် ရဟန်း ၉ ဝါရမှာ ပစ္ဆိမာရုံတိုက်သို့ ပြန်လာပြီး ရန်ကုန်၌ ကျင်းပသော စေတီယင်္ဂဏစာမေးပွဲကို ဝင်ရောက်ဖြေဆို၏၊ စေတီယင်္ဂဏစာမေးပွဲ၌ကား စာသင်တန်း၌ အသက် ၃၀ အထိ ကန့်သတ်သည်၊ ယင်း စေတီယင်္ဂဏ စာမေးပွဲကို စာသင်တန်းနှင့် စာချတန်း နှစ်ခုလုံးကို သုံးနှစ်အတွင်းမှာ ပြီးဆုံးအောင်မြင်လေသည်။

ထိုကာလအတောအတွင်းမှာ အစိုးရက ကျင်းပသော ဓမ္မာစရိယ စာချ တန်း ပေါ်လာသဖြင့် ယင်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုသည်၊ ထိုစဉ်က စာမေးပွဲ၏ မူမှာ ပါရာဇိကဏ်၊ အဌသာလိနီ၊ သုတ်သီလက္ခန် ဟူ၍ ကျမ်း ရင်း သုံးကျမ်း ပြဋ္ဌာန်းသည့်ပြင် အပိုဂုဏ်ထူး အဖြစ်ဖြင့် ခြောက်ကျမ်း အားဖြင့် စုစုပေါင်း ကိုးကျမ်း ပြဋ္ဌာန်းထားသည်၊ အားလုံး စာမေးပွဲ ကျင်းပရက် ၁၈ ရက် ဖြစ်၏၊ ပါဠိတော် အနက်ပေး ကိုးကျမ်းအတွက် ကိုးရက်၊အဌကထာဖြေဆိုရန် ကိုးရက်အားဖြင့် ၁၈ ရက် ဖြစ်သည်၊ဂုဏ်ထူး အပိုကျမ်းများ မည်မျှပင် အောင်သည်ဖြစ်စေ၊ ကျမ်းရင်း သုံးကျမ်း မအောင်မြင်က ဘွဲ့လက်မှတ်ကိုလည်း မရ၊ ဆုလည်း မရပေ၊ အရှင်နာရဒ ကား ကျမ်းရင်း ပါရာဇိကဏ် အဌကထာမှတပါး အခြား ခုနစ်ကျမ်း

အောင်မြင်ခဲ့သော်လည်း ကျမ်းရင်း ပါရာဇိကဏ်အဋ္ဌကထာ မအောင်မြင်၍ လက်မှတ်မရ ဖြစ်ရလေသည်၊ မအောင်မချင်း ထပ်၍ ဖြေဆိုနိုင်ခွင့် ရှိသော်လည်း ဖြေဆိုရန် အားမထုတ်တော့ပဲ မိမိတိုက်တာတွင်း၌ စာပေပို့ချမှုကိုသာ အားတက်သရော စောက်ချ ကြိုးစားအားထုတ်လေတော့သည်၊ ပစ္ဆိမာရုံတိုက်တွင်း၌ အနှစ် ၂၀ လောက် စာပေပို့ချနေခဲ့၏၊ ထိုနောက် ရန်ကုန်မြို့၌ ပစ္ဆိမာရုံတိုက်ခွဲတခု ဖြစ်ပေါ်လာသည်။

ရန်ကုန် ပစ္ဆိမာရုံကျောင်းတိုက်ကို ၁၃၂၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၇ ရက် ဗုဒ္ဓဟူးနေ့ ညဉ့် ၈ နာရီ၊ မိနစ် ၃၀ အချိန်တွင် ကျောင်းဒါယကာ ဦးဖိုးယု၊ ကျောင်းဒါယိကာမ ဒေါ်စောရီတို့က ကျိုက်လတ် ပစ္ဆိမာရုံတိုက် ဆရာတော်ကြီး ဦးသောဘိတ၊ တံတွေး ကျိုက်လတ်ကျောင်း ဆရာတော် ဦးဇာနေယျ၊ ကျိုက်လတ် ပစ္ဆိမာရုံ စာချဆရာတော် ဦးနာရဒါဘိဝံသတို့၏ မျက်မှောက်၌ ပစ္ဆိမာရုံ အာရာမိကသံဃာအား လှူဒါန်းကြသည်။

ကျောင်းဒါယကာ ဦးဖိုးယုသည် ဆရာတော် အရှင်နာရဒါဘိဝံသနှင့် ငယ်စဉ်က ကျောင်းနေဖက် သူငယ်ချင်း ဖြစ်ခဲ့သည်၊ယခု လှူဒါန်းအပ်သော၌ ရန်ကုန် ပစ္ဆိမာရုံတိုက်ခွဲ၌ အရှင်နာရဒါဘိဝံသကို ထားပါရန် ဆရာတော်များကို လျှောက်ထားသဖြင့် ဆရာတော်ကြီးများ၏ လွှဲအပ် တာဝန်ပေးချက်အရ ရန်ကုန် ပစ္ဆိမာရုံ ကျောင်းတိုက်၌ ဆရာတော် အရှင်နာရဒါဘိဝံသ အုပ်ချုပ် သီတင်းသုံးရလေသည်၊ အရှင်နာရဒါဘိဝံသထေရ် ရန်ကုန် ပစ္ဆိမာရုံတိုက်ခွဲ၌ သီတင်းသုံးလာခဲ့သည်မှာ ၁၃၂၂ ခုနှစ်မှစ၍ ယခု ၁၃၄၃ ခုနှစ်အထိ နှစ်ပေါင်း ၂၁ နှစ်ပင် ရှိခဲ့လေပြီ။

ရန်ကုန် ပစ္ဆိမာရုံကျောင်းတိုက်ကို လှူဒါန်းပုံနှင့်တကွ ပစ္စည်းစာရင်းကို နောက်၌ ဖော်ပြပါမည်။

အရှင်နာရဒါဘိဝံသသည် ရန်ကုန် ပစ္ဆိမာရုံကျောင်း၌ နေစဉ် စစ်ကိုင်းတောင်ရိုး ကျိုက်လတ်ချောင်း၌လည်း ဟဝါ သွားဆိုလိုက် ပါသေး၏၊

သက္ကရာဇ် ၁၃၂၄ ခုနှစ်က ဖြစ်၏၊ ထိုနှစ်ကား ရန်ကုန် ပစ္ဆိမာရုံကျောင်းတိုက်ကို အလှူခံပြီးသော တတိယနှစ် ဖြစ်၏၊ ထိုနှစ်၌ ယခု ကျိုက်လတ် ပစ္ဆိမာရုံကျောင်းတိုက်ဆရာတော်ကြီး အရှင်သောဘိတထေရ်သည် ရန်ကုန် ပစ္ဆိမာရုံ၌ ဝါလာဆို၏၊ သို့လျှင် ဆရာတော်ကြီး ကွယ်လာ ဝါဆိုတော်မူသော ကြောင့် အရှင်နာရဒါဘိဝံသမှာ လူးသာ လှည့်သာ ထွက်ခွါခွင့်ရလေသော ကြောင့် စစ်ကိုင်းတောင်ရိုး၌ သွားရောက်သီတင်းသုံးခြင်း ဖြစ်လေသည်။

အရှင်နာရဒါဘိဝံသသည် ဆရာသမားတို့၏ ပေးအပ်သော တာဝန်အရ ကျောင်းတိုက်တာကို အုပ်ချုပ်နေရသော်လည်း တိတ်ဆိတ်စွာ ကေစာရီကျင့်မှုကို လိုလားသော ဆန္ဒဝတ်ခံရှိနေသူဖြစ်၍ ပရိသတ်ပြွမ်းသော ဂါမ ဝါသီ အဖြစ်မှ လွတ်မြောက်ရန် ထွက်ပေါက်ကို တစေ့တစောင်း ရှုကြည့်နေပေသည်၊ ထို့ကြောင့် အခွင့်သာလျှင် သာသည့်အတိုင်း စစ်ကိုင်းသို့ သွားရောက်သီတင်းသုံးလိုက်ခြင်း ဖြစ်သည်ဟု မြင်ရပေသည်။

အရှင်နာရဒါဘိဝံသသည် ပရိယတ်နှင့် ပဋိပတ်ဟူသော ဓုရ နှစ်ရပ်ကို မလပ်စေသော ပုဂ္ဂိုလ်ဖြစ်ကြောင်း အတွင်းသိပုဂ္ဂိုလ်များ နားလည်ထားကြ၏၊ အရှင်သည် နေ့စဉ် မှန်မှန် တရားထိုင် ဘာဝနာမှုကို ပြု၏၊ စာပေကျမ်းဂန်ကို နေ့တိုင်း ပို့ချ၏၊ အချိန်ရလျှင် ကျမ်းဂန်စာပေကို ကြည့်ရှုလေ့လာနေ၏၊ လိုအပ်ပါလျှင် ထုတ်နုတ်၍လည်း ရေးသား၏၊ အရှင်မြတ်ရေးသားထားအပ်သော ကျမ်းတို့ကား နည်းလှမည်မဟုတ်ကြပေ၊ သို့သော် ပုံနှိပ်စာအုပ်အဖြစ်ဖြင့် လူထုမျက်မှောက်သို့ ရောက်ပြီးသော စာအုပ်ကား "သင်္ဂြိဟ် မြန်မာပြန်ကျမ်း" ဖြစ်၏၊ သင်္ဂြိဟ် မြန်မာပြန်ဟု ဆိုသော်လည်း သင်္ဂြိဟ်ကျမ်းကို မြန်မာဘာသာဖြင့် ပြန်ရေးသားထားရုံမျှမျိုး မဟုတ်၊ သင်္ဂြိဟ်သရုပ်ကို တပုဒ်မကျန် အနုစိတ်ခွဲထုတ်ဖော်ပြထားသော ကျမ်း ဖြစ်သဖြင့် အခြေပြု စာသင်သားတို့၏ ကြားခ၌ အလွန်တာသွားသောကျမ်း ဖြစ်လေသည်။

ဆရာသမားစကားကို လေးစားခြင်း

ဆရာသမားတို့၏ မိန့်ဆိုမှာထားသော အမိန့်အမှာစကားသာ ဖြစ်ခဲ့လျှင် အရှင်နာရဒါဘိဝံသသည် အလေးအမြတ်ပြု၏၊ တိမ်းစောင်းသွေဖည်မှု မရှိအောင် လိုက်နာကျင့်သုံး လုပ်ဆောင်၏၊ မည်မျှ ဆရာ့စကားကို လိုက်နာသည်ကို သာဓကတခု ပြပါမည်။

အခါတပါးက ယခု ပစ္ဆိမာရုံကျောင်းတိုက်၏ နာယကဖြစ်တော်မူသော ဆရာတော် အရှင်သောဘိတထေရ်သည် ကျုံစုတ်ရွာ၌ အလှူကိစ္စရှိ၍ ညအိပ်ညဉ့်နေ ကြွရလေသည်၊ မိမိကို လာရောက်ကြိုဆိုရန် နေ့ရက်ကို လာရန်ခရီးစဉ်နှင့်တကွ မှာကြားခဲ့၏၊ထိုနေ့ရောက်သောအခါ အရှင်နာရဒသည် ကူးတို့သမ္မန်ဖြင့် သွားမည်ပြုရာ အခြားသော ခရီးကို နားလည်သူတို့က အရှင်ဘုရား သမ္မန်ဖြင့် ချောင်းရိုးအတိုင်း ကွေ့ပတ်၍ မကြွပါနှင့်၊ ခရီးဝေးလှပါသည်၊ မအူပင်သို့ သွားသော မော်တော် ရှိပါသည်၊ ကျုံစုတ်မှာ ချပေးပါသည်၊ မော်တော်နှင့် ကြွပါဟု လျှောက်ကြကုန်၏၊ ကူးတို့သမ္မန်နှင့် လာခဲ့လို့ ဆရာတော်ကြီးက မှာခဲ့သည်ဟုဆိုကာ အရှင်နာရဒသည် ခရီးဝေးသော ချောင်းရိုးအတိုင်း ကူးတို့သမ္မန်နှင့် ကြွလေသတဲ့၊ ဆရာသမားမိန့်ကြားမှာထားသောစကားကို ဤမျှပင် လေးစားလိုက်နာသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ကျိုက်လတ်မှ သိသူတို့ ပြောပြ၍ သိရပေသည်။

ဆရာသမားတို့က စာပေနှင့် ပတ်သက်၍ ဖြစ်စေ၊ ဝိနည်းရေးရာနှင့် ပတ်သက်၍ ဖြစ်စေ မိန့်ဆိုမြွက်ကြားဘူးသော အချက်အလက်များရှိလျှင် မမေ့မပျောက်အောင် မှတ်သား၍ စကားစပ်တိုင်း "တို့ဆရာတော်ကြီးက ဒီလို အမိန့်ရှိဘူးသည်"ဟု ဆိုကာ ထို စကားတို့ကိုသာ ပြောဆိုနေတတ်လေသည်။

အရှင်သည် ရပ်စကား ရွာစကား ဟိုဟိုသည်သည် ထွေလီလေးပါး စကားတို့ကို ပြောဆိုမနေတတ်ပေ၊သူ့ထံ ရောက်လျှင် မည်သည့်ဆရာတော်

ကြီးက မည်သည့်နေရာမှာ မည်သို့သော စကားကို မိန့်ဆိုခဲ့သည်၊ မည်သည့် ကျမ်းဂန်၌ မည်သို့ ဆိုထားသည်ကို တွေ့ရသည် စသည်ဖြင့် ဆရာ့စကား၊ ထေရ်ကြီး ဝါကြီး ပုဂ္ဂိုလ်တို့၏ မိန့်ဆိုသောစကားနှင့် ကျမ်းဂန်စကားတို့ ကိုသာ ပြောဆိုလေ့ရှိသည်၊ အချိန်ရှိ၍ စကားပြောခွင့်ကြုံသမျှ ယင်းသို့ သော စကားတို့ဖြင့်သာ အချိန်ကို ကုန်စေသည်။

ထေ့လီလေးပါး ခေတ်စကား၊ နိုင်ငံရေးစကား စသော အမျှားသူတို့ ပြောဆိုနေတတ်သော စကားတို့ကို ပြောလေ့ ပြောထ မရှိပေ၊ ထိုကြောင့် လူအမျှားက အလွန်ရိုးသော ဆရာတော်ဟု သိမှတ်ကင်ပွန်းတပ်ထားကြ ကုန်၏၊ ကျွန်ုပ်တို့လည်း ထိုအတိုင်းပင် သိနားလည်ထားပေသည်၊ အဘယ့် ကြောင့်ဆိုသော် ယင်း ဆရာတော် အရှင်နာရဒါဘိဝံသထံမှ ရှေးဆရာတော် ကြီးတို့၏ အကြောင်းနှင့် စာပေစကားမှလွဲ၍ အခြားသော စကားတို့ကို မကြားရသောကြောင့် ဖြစ်၏။

ကွယ်ရာကောင်းမှ အဆွေကောင်း

အရှင်မြတ်၌ ရည်မှန်မြင့်မြတ်သောစိတ်ထား အပြည့်အဝ ရှိ၏၊ ယင်း စိတ်ထားအတိုင်း စောင့်ရှောက်ထောက်ညှာသောအရာ မျှားစွာ ရှိခဲ့သည့် အထဲမှ တခုကို ထုတ်ဆိုပါမည်၊ ရန်ကုန် ကြည့်မြင်တိုင် ဥယျာဉ်တိုက်တွင်းရှိ သံပန်းကျောင်း၌ ဖျာပုံသား ကျိုက်လတ်ပစ္စိမာရုံတိုက်ထက် ဦးသေ့ကာရီ မည်သော ဘုန်းကြီး နေခဲ့၏၊ သူပိုင်ကျောင်းလည်း ဖြစ်၏၊ ယင်း ဘုန်းကြီး သည် အရှင်နာရဒါဘိဝံသနှင့် တတိုက်တည်း အတူနေခဲ့သော အဆွေဖြစ်၏၊ ယင်းဘုန်းကြီးကား ပျံတော်မူလေပြီ၊ မကျန်းမာဖြစ်စဉ်က အရှင်နာရဒါဘိ ဝံသသည် ပိဟ်ဆွေကောင်းပီပီ အတတ်နိုင်ဆုံး ကူညီအားပေးခဲ့၏၊ပျံတော် မူသောအခါ ထိုဘုန်းကြီးပိုင် ဝတ္ထုနှင့်တကွ အဖိုးတန်ဟု ယင်ရသမျှတို့သည် နီးရာ ဦးရာ ပုဂ္ဂိုလ်တို့ လက်သို့ ရောက်ကုန်ပြီ၊ အရှင်နာရဒါဘိဝံသက သင်ကြိုဟ်ရ၏၊ ယင်း ဘုန်းကြီး ပျံတော်မမူမီ သူပိုင် ကျောင်းကို သက်သေ

သက္ကာယ အစုံအလင်နှင့် တရားဝင်စာချုပ်ပြုကာ အရှင်နာရဒါဘိဝံသအား လွှဲအပ်ခဲ့လေသည်။

သက်သေအဖြစ် လက်မှတ် ရေးထိုး ထားကြသော ဘုန်းတော်ကြီး ဆယ်ပါးခန့်ကလည်း အရှင် နာရဒါဘိဝံသကို အလွန်ကြည်ညိုကြသည်ဖြစ်၍ ယင်း ကျောင်းကို အရှင်နာရဒါဘိဝံသ၏ သဘောတူညီချက်မှ 'လွှဲ၍ မဲ့အစွန်း မခံလိုကြပေ၊ အမှန်မှာ ယင်း ကျောင်း၌ အရှင်နာရဒါဘိဝံသ နေမည်လည်း မဟုတ်ပေ၊ အခြား ပုဂ္ဂိုလ်တပါးက နေလိုသည်ဟု ဆိုလာ သဖြင့် အရှင်နာရဒါဘိဝံသ က သဘောတူ လက်မှတ်ထိုး၍ လွှဲအပ်လိုက် လေသည်၊ ယင်း နေမည့်ပုဂ္ဂိုလ်သည် အရှင်နာရဒါဘိဝံသနှင့် လုံးဝအဆက် အစပ်ရှိသူ မဟုတ်ခဲ့ပေ၊ ဤသို့ လွှဲအပ်ခြင်း မပြုရန်. ပြောသူတို့ကလည်း ပြောကုန်၏၊ သို့သော် အရှင်နာရဒါဘိဝံသကား ကြည်ဖြူစွာ လွှဲအပ်နေခဲ့ခင်ဗျ ပြုသည်သာမက သက်ဦးများပင် တနှစ် နှစ်စုံကျ နှစ်စဉ် ထောက်ပံ့ပေ သေး၏။

ဤနေရာ၌ အသို့ကောက်ချက်ချမည်နည်း၊ မိမိနေမည်လည်း မဟုတ်၊ လိုလည်း မလိုလား၊ မိမိပိုင် ကျောင်းတကျောင်းဟူ၍လည်း အမှတ်အသား မပြုလို၊ ယင်း ကျောင်း၌ မိမိနှင့်ပတ်သက်ခြင်း မရှိသော ပုဂ္ဂိုလ်တပါး နေပြီးဖြစ်၍ ဥပေက္ခာပြုလိုက်ရုံသာ ရှိသည် မဟုတ်လော။

အရှင်မြတ်ကား ဤသို့ သဘောမထားပေ၊ ပထမ မိမိအား လွှဲအပ် ခဲ့သော ပုဂ္ဂိုလ်၏ စိတ်ထား စေတနာနှင့် မိမိကို ယုံကြည်အားကိုးချက်တို့ကို အလေးဂရု ပြု၏၊ ထို့ကြောင့် ထိုလွန်လေပြီးသော အဆွေတဦး၏ နေရာ၌ ဆက်လက်နေထိုင်သော ပုဂ္ဂိုလ်အပေါ် မေတ္တာထား၏၊ စွမ်းနိုင်သမျှလည်း ထောက်ပံ့ကူညီ၏၊ အရှင်၏ စိတ်စေတနာ ရည်မှန်မြင့်မြတ်ပုံသည် တွေးလေ အဖိုးတန်လေ လေးနက်လေ ဖြစ်ပါပေသည်၊ အဆွေခင်ပွန်းကောင်းဟူ၍ မည်ဆိုသော ပုဂ္ဂိုလ်မျိုးကို ဆိုသင့်ကြောင်း အရှင်နာရဒါဘိဝံသ ကို ကြည့်

လိုက်လျှင် အဖြေပေါ်တော့သည်၊ ရှေတွင် ကောင်းရုံမျှနှင့် အဆွေကောင်းဟု မဆိုထိုက်သေး၊ကွယ်ရာမှာကောင်းဖို့ အရေးကြီး၏၊ အရှင်နာရဒါဘိဝံသကား သေ့ပြီးနောက်ဌာလည်း ကောင်းသည်။

ဆရာတော်ကြီးအဆုံးကို နားပူအောင် ခံရခြင်း

တခါက ကျိုက်လတ် ပဋ္ဌိမာရုံကျောင်းကိုက်မှ ဆရာတော်ကြီး အရှင်သောဘိတထေရ်မြတ်သည် အရှင်နာရဒါဘိဝံသ အုပ်ချုပ်နေသော ရန်ကုန် ပဋ္ဌိမာရုံကျောင်းသို့ ကြွလာသည်၊ ကြွလာသောအခါ နံနက် ဝတ်တက် ပျက်ကွက်နေသည်ကို တွေ့ရသဖြင့် အရှင်နာရဒါဘိဝံသ အပါအဝင် ကျောင်းရှိ သံဃာအကုန်ကို ခေါ်၍ ဆုပူအပြစ်တင်၏၊ အချိန် အတန်ကြာအောင် အပြစ်ဆို ရှုတ်ချမိန့်ဆိုနေ၏၊ ထိုစကားတို့အထဲ "တို့ မင်းတို့ကျောင်းလာရတာ ရှုံလာပြီ"ဟူသော စကားလုံး ပါဝင်လေသည်၊ ဤစကားသည် နက်ကျယ်သော အဓိပ္ပာယ်ပါဝင်သော စကား မြစ်လေသည်။

ညဝတ်တက်၊ နံနက် ဝတ်တက် နှစ်ခု အနက် ဝတ်တက်ချင်း တူသော်လည်း နံနက် ဝတ်တက်အတွက် လက်ငင်းအကျိုးတခု ပိုမိုလေသည်၊အရုဏ်မတက်မီ လေးနာရီမှာ ထကြ ဝတ်တက်ကြရသဖြင့် သဟာသေယျ အဖြစ်မှ လွတ်ကြရခြင်း အကျိုးတခုကို လက်ငင်း ရရှိသဖြင့် နံနက် ဝတ်တက်မှုကို သီလဝန္တပုဂ္ဂိုလ်ကြီးများ ပို၍ အလေးအနက် ပြုကြလေကုန်၏၊ နံနက် ဝတ်တက် ပျက်ကွက်နေသဖြင့် သင်တို့၌ သဟာသေယျ အာပတ် အညစ်အကြေး အလူးလူး ဖြစ်နေစရာ ရှိ၏၊ထိုကြောင့် "ရှုံလာပြီ"ဟူ၍ မိန့်ဆိုခြင်း ဖြစ်လေသည်။

သဟာသေယျ အာပတ်သည် ပါစိတ်ပင်ဖြစ်သော်လည်း အခြား ပါစိတ်တို့နှင့် မတူ၊ အလျဉ်ရလျှင် ဆက်လက်သင့်ရောက်ရန် ပို၍ နီးစပ်လွယ်ကူသည် ဖြစ်၍ ယင်း အာပတ်ကို ရှေးကပုဂ္ဂိုလ်ကြီးများ "အာပတ် ချဉ်ဖတ်"ဟူ၍ ခေါ်ဆိုကြလေကုန်၏၊ ချဉ်ဖတ်သည် ပထမ စတည်စဉ်က ရက်ကြာမည်

ဖြစ်သော်လည်း အလျှဉ်ရပြီးသော အိုးဌ် နောက်ထပ် ထည့်သော အသီး အရွက်တို့သည် မကြာမီပင် ချဉ်လာကြလေသည်။

သဟာသေယျ အာပတ်သည်လည်း ပထမအကြိမ်ဌ် လူသာမဏေတို့နှင့် တမိုးတရံတည်းသော အဆောက်အဦဌ် အတူအိပ်လျှင် ၃ ရက်မြောက် ညဉ့် အရုဏ်တက်လျှင် အာပတ်သင့်တော့သည်၊ ထိုအာပတ်ကို ဒေသနာကြား ဖြေဖျောက်လိုက်လျှင် ပျောက်၏။ သို့ ပျောက်သော်လည်း အလျှဉ်ရပြီး ဖြစ်သောကြောင့် နောက်ထပ်အိပ်လျှင် အရုဏ်တက်တိုင်းတက်တိုင်းအာပတ် ရောက်တော့၏။ ထိုကြောင့် ယင်း အာပတ်ကို "အာပတ်ချဉ်ဖတ်" ဟူ၍ အမည်တပ်ခေါ်ကြခြင်း ဖြစ်လေသည်။ ယင်း အာပတ်မျိုး တကြိမ် ရောက်မိလျှင် မိမိသန္တာန်ဌ် အလျှဉ်အခံ ရှိနေပြီဖြစ်သောကြောင့် နောက်ထပ် အာပတ်ရောက်ရန် အလွန်လွယ်သည် ဖြစ်၍ ယင်း အာပတ်ကို သီလဝန္တ ပုဂ္ဂိုလ်ကြီးများ အထူးဂရုစိုက် ရှောင်ရှားကြလေကုန်၏။

အရှင်နာရဒါဘိဝံသသည် ဆရာတော်ကြီး အရှင်သောဘိတထေရ်မြတ် ထံမှာ ကျောင်းသားငယ်ဘဝမှစ၍ အနီးကပ် နောက်ပါ တပည့် ဖြစ်လာ ခဲ့သဖြင့် အလွန်လေးစား ကြောက်ကြိမ်းခန့်ညားလေသည်၊ ဆရာတော်ကြီး ပြစ်တင်ရှုတ်ချ ဆူပူလျှင် နေစရာမရှိအောင် ချောက်ချား တုန်လှုပ်သော ပုဂ္ဂိုလ်ဖြစ်၏။ ယခု ဆရာတော်ကြီး ဆုံပြီ၊ ရှုံးလာပြီအထိ ပြောဆိုသည်ကို ခံရလေပြီ၊ အရှင်နာရဒါဘိဝံသ အသို့ရှိမည်နည်း၊ နောက်ထပ် နံနက် ဝတတကပျက်ကွက်ဝဉ်းမည်လော။

ဒေါသီလဝတီကြည်ညိုပါလို အားမရ

စစ်ကိုင်းတောင်ရိုး ကျိုက်လတ်ချောင်ဌ်နေသော ချောင်ဆရာမကြီး ဒေါသီလဝတီသည် ဗဟုရင်နာရဒါဘိဝံသကို အလွန်ကြည်ညှိ၏၊ ဒေါသီလ ဝတီ ကား ယခု ဒုတိယက် ဝင်-ရှိပြီ၊ ဦးနာရဒလေးဟု စကားဌ် ထည့်ပြော တတ်၏၊ ဦးနာရဒလေးဟာ အလွန်အေးသည်၊ စကားလဲနည်း၊ ပြုံးပြုံး

ပြုံးပြုံးနှင့် စကားအနည်းအကျဉ်းပြောသည်၊ သူ့အဖို့ လောကနှင့် ပတ်သက်သော ဘာပြဿနာမှ မရှိ၊ အလွန် အနေအထိုင် အပြောအဆို သန့်ရှင်းသော ပုဂ္ဂိုလ်ဖြစ်ကြောင်း စကားစပ်လျှင် ထည့်ပြောတတ်လေသည်၊ ဒေါ်သီလဝတီ ပြောသော စကား အလွန်မှန်ပါသည်၊ အရှင်နာရဒါ ဘိဝံသကို ရဟန်း မဆို၊ လူ မဆို တွေ့ဘူး ဆက်ဆံဘူးသော ပုဂ္ဂိုလ် တော်တော်များများက အရှင်နာရဒါဘိဝံသ၌ ဒေါသ မာန ဟန်ပန် လုံးဝ မရှိကြောင်း ပြောဆိုသည်ကို ကြားရ၏။

အတူနေ တပည့်တို့ကလည်း အော်ငေါက် မောင်းမဲ ပြောဆိုသည်ကို မကြားဘူးကြောင်း ပြောကြ၏၊ စာချရာ၌လည်း မာန်မဲ့ ငေါက်ငန်းသည် မရှိ၊ ပြုံးပြခြင်းမှတပါး အခြား အမူအရာ မရှိကြောင်း ပြောဆိုကြ၏။

ဒေါ်သီလဝတီက အရှင်နာရဒါဘိဝံသအပေါ်မှာ မကျေနပ်ချက် တခု ကား ရှိ၏၊ အစိုးရဝမ္မာစရိယတန်း၌ ကျမ်းရင်း နှစ်ကျမ်းနှင့် ဂုဏ်ထူး ငါးကျမ်းပင် အောင်ပြီးဖြစ်ပါလျက် ကျမ်းရင်း ပါရာဇိကဏ် အဌကထာ တကျမ်း ကျန်နေမှုကြောင့် အခြား အောင်သမျှ ကျမ်းတို့အတွက် အကျိုး ခံစားခွင့် မရှိဖြစ်နေသည်၊ သည်တကျမ်းကို အောင်အောင် ထပ်ဖြေလိုက် ပါလား မဖြေဘူး၊ ဤကား ဒေါ်သီလဝတီ မကျေနပ်သော အချက် ဖြစ်၏။

အောင်စေလိုသောဆန္ဒ ပြင်းထန်စွာရှိမှုကြောင့် ဒေါ်သီလဝတီကဲ့သို့ သော ဆရာမကြီးတဦးကပင် အားမရ ဖြစ်နေရသော်လည်း အရှင်နာရဒါဘိ ဝံသကား ပြုံးပြုံးကလေးသာ နေလေ၏၊ အဘယ်ကြောင့်နည်း အရှင်ကား ဂုဏ်ပကာသနကို မက်မောသူ မဟုတ်၊ ဆရာသမားတို့၏ အလိုကျ သာသန တာဝန်ကို ဆောင်ရွက်နေရလျှင်လည်းကောင်း၊ တဦးတည်း တိတ်တိတ် ဆိတ်ဆိတ် ဘာဝနာမှု ပြုနေရလျှင်လည်းကောင်း၊ ကျမ်းဂန်စာပေ လေ့လာ ကြည့်ရှုနေရလျှင်လည်းကောင်း ကင်းတိမ်နေသော ပုဂ္ဂိုလ်မျိုးဖြစ်သော

ကြောင့်ပင်တည်း၊ အတိုချုပ် ဒေါ်သီလဝတီ၏ ဆန္ဒနှင့် အရှင်နာရဒါ ဘိဝံသ၏ဆန္ဒကို ယှဉ်ကြည့်လိုက်လျှင် အောက်ပါအတိုင်း တွေ့ရှိနိုင်၏။

ဒေါ်သီလဝတီ – ဒီကျမ်းကလေးတကျမ်း ကျန်တာ ထပ်ဖြေလိုက်ပါလား။

အရှင်နာရဒါဘိဝံသ– ဒါတွေ အရေးကြီးတာ မဟုတ်ပါဘူးလေ။

ဥဒါန်း

၁၇။ ပသန္နမုခေါ နာရဒေါ၊ ဌိတော တမ္မိ မနောမုဒု။
သန္ဓဝါစော သောဝစောဇု၊ သန္ဓိမာနော သော သဒါ။

၁၈။ ကောပုန္ဒတာ ကာရောတမ္မိ၊ ဒိဿတေ နစ သဗ္ဗဒါ။
ဌာတိ တမ္မိ ကမ္မဌာနေ၊ ဂန္ဓဝါစေ စ ဝါသနာ။

ရန်ကုန်ပစ္စိမာရုံကြောင်းကို လှုခြင်း

ဘန္တေ၊ အရှင်ဘုရားတို့။ မယံ၊ တပည့်တော် တပည့်တော်မတို့သည်။ သံသာရဝဋ္ဋဒုက္ခတော၊ ခန္ဓာအာယတနဓာတ်တို့၏ အစဉ်မပြတ် ဆက်ကာ ဆက်ကာဖြစ်နေရခြင်း ဟူသော သံသရာဝဋ်ဆင်းရဲကြီးမှ။ မောစနတ္ထာယစ၊ လွတ်မြောက်ပါရခြင်း အကျိုးငှာလည်းကောင်း။ နိဗ္ဗနသ၊ နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယစ၊ မျက်မှောက်ပြုပါရခြင်း အကျိုးငှာလည်းကောင်း။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တက္ခ။ ပဋ္ဌဂရုမမ္မသိလာနိ၊ ငါးပါးသော ဂရုမမ္မသိလတော်မြတ်တို့ကို။ သမာဒိတ္ဝာန၊ ကောင်းစွာခံယူ ကျင့်သုံး ဆောက်တည်ကြကုန်ပြီး၍။ ကာယဒေါဟိ၊ ကိုယ်စသည်တို့ဖြင့်။ ဖုသိတ္ဝာ၊ ထိ၍။ ပရိဘုဥ္ဇိတုံ စ၊ သုံးဆောင်ခြင်း အကျိုးငှာလည်းကောင်း။ အဓောတအလ္လပါဒေဟိ၊ မဆေးသောခြေ, စိုစွတ်သော ခြေတို့ဖြင့်။ အဂ္ဂမိတ္ဝာ၊ နင်း၍။ ပရိကုဥ္ဇိတုံ စ၊ သုံးဆောင်ခြင်းငှာလည်းကောင်း။ ပရိနိဗ္ဗုတံ၊ ပရိနိဗ္ဗာန်စံတော်မူပြီးသော။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်စူး၍။ ဗုဒ္ဓပမုခဿ၊ မြတ်စွာဘုရား၏ ကိုယ်တော်စား ရုပ်ပွား တော်မြတ် အမှူးရှိသော။ အာဂတာနာဂတဿ၊ ရောက်ပြီး ရောက်ဆဲ ရောက်လတ္တံ့သော။ ကျိုက်လတ်နာဂရပစ္ဆိမာရုမိကသံဃဿ၊ ကျိုက်လတ်မြို့ ပစ္ဆိမာရုံတိုက် သံဃာတော်အရှင်မြတ်အား။ အာရုပေန၊ အရုမ်နှင့်။ သဟ၊ တက္ခ။ ဣမံ ကပ္ပိယကုဋိ ၊ ဤခြောက်သိန်းကျော်တန် ကပ္ပိယကုဋိကို။ ဒေမ၊ လှူဒါန်းပါကုန်၏ အရှင်ဘုရား။

(ပုံ) ဒေါ်စောရီ

"မိတ္တာ"

ရန်ကုန်မြို့၊ ၁၃၂၂-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၇-ရက် ဗုဒ္ဓဟူးနေ့ ညဉ့် ၈-နာရီ မိနစ် ၃၀ အချိန်တွင် ကျောင်း ဒါယကာ ဦးဖိုးယု-ကျောင်း ဒါယိကာမ ဒေါ်စောရီတို့က သံသရာဝဋ်အတွင်းမှ လွတ်ကင်းထွက်မြောက်

လိုသည့် စိတ်ဆန္ဒ ပေါ်ပေါက်ကာ အလှူရှင်နှစ်ဦးသည် အကြိမ်ကြိမ် အဖန်ဖန် ဝေဖန်ဆွေးနွေးလျက် ရှေးသူတော်စင် သူမြတ်လောင်းတို့၏ ထုံးကို နှလုံးသွင်းကာ မိဘလက်ထက်မှ ဆင်းသက်ကိုးကွယ်လာသော ကျိုက်လတ်မြို့ ပစ္ဆိမဘုရားတိုက် ဆရာတော်ကြီး ဦးသောဘိတ၊ တွံတေးမြို့ ကျိုက်လတ်ကျောင်း ဆရာတော် ဦးဇာနေယျ၊ ကျိုက်လတ်မြို့ ပစ္ဆိမဘုရား စာချဆရာတော် ဦးနာရဒါဘိဝံသ အရှင်မြတ်တို့အား ပင့်ဖိတ်ကာ အလှူရှင်နှစ်ဦးတို့၏ အတိတ်ပါရမီကံ ရင့်သန်လာသည့်အလျောက် စေတနာသုံးတန် ပြဋ္ဌာန်းလျက် အလွန်နှစ်သက်မြတ်နိုးသော နှစ်ထပ်တိုက်သစ်ဂေဟာကြီးနှင့် တက္ခ အောက်ပါ စာရင်းပါ အရံပစ္စည်းများကို သံဃိကကျောင်းပစ္စည်း အဖြစ် ရေစက်ချ လှူဒါန်းပါ၏။

လှူဒါန်းသော ပစ္စည်းစာရင်း

၁။	ရန်ကုန်မြို့ အာရှေမြင်းပြိုင်ကွင်းလမ်း ခြံအမှတ် ၂၅၀-၁ မြေပိုင်ကေဝက်ကျော်တန်ဖိုး	၈၀၀၀၀
၂။	အလျား ၈၅-ပေ၊ အနံ ၅၀-ပေရှိ ကျောက်ပြားခင်း နှစ်ထပ်တိုက်	၄၆၀၀၀၀
၃။	ဆွမ်းစားကျောင်း(အလုပ်သမားတန်းလျား)	၂၅၀၀၀
၄။	အုတ်ဝင်းနှင့် သံတံခါး သံပန်း	၁၅၀၀၀
၅။	ခြံတွင်းလမ်း	၁၅၀၀၀
၆။	အပြင်လမ်း	၅၀၀၀
၇။	ကုဋိ	၃၅၀၀
၈။	ကပ်ပါသနေအိမ်	၃၀၀၀
၉။	ဓာတ်မီးရုံ ရေစက်	၁၅၀၀

ပရိဘောဂများ

၁။	လက်ဆေး၊ မျက်နှာသစ် ကြေးအိုး ၁၁-လုံး	၂၇၀၀
၂။	ရေနွေးစက်နှင့် ရေချိုးဇလုံ	၁၅၀၀
၃။	ဆိုဖာကုလားထိုင် ၅-လုံး(တစုံ)	၁၅၀၀
၄။	မတ်ရပ်ပန်းကာ ၂-လုံး	၁၀၀၀
၅။	ဘုရားပလ္လင်	၈၀၀
၆။	မျက်နှာကြက်ပန်းကာတလုံး	၄၅၀
၇။	တိုင်ကပ်နာရီတလုံး	၄၆၀
၈။	တယောက်အိပ်ခုတင် ၃-လုံး	၃၇၅
၉။	ဘီရိုး	၁၅၀
၁၀။	စားပွဲခုံ ၃-လုံး	၁၅၀
၁၁။	စားပွဲခင်း၊ ပန်းကန်ခွက်ယောက်၊ ချိုင့်၊ဒိုး စသည့်ပစ္စည်းများ	၁၅၀၀
	စုစုပေါင်း	၆၁၈၆၇၅

ကျွန်တော် ကျွန်မတို့၏ အဘိတ် အနာဂတ် ပစ္စပ္ပန် သုံးတန်သော ကာလတွင် လူဒါန်းပေးကမ်းခဲ့သမျှ နိဗ္ဗာန်ရောက်ကြောင်း ပါရမီကုသိုလ် အပေါင်းကို သုံးဆယ့်တဘုံ ကျင်လည်ကြကုန်သော ဝေနေယျတို့ အမျှရကြ ပါစေသတည်း။

ထုတ်ပြခဲ့သော စာတမ်းကား ဒါယကာ ဦးဖိုးယု၊ ဇနီး ဒါယိကာမ ဒေါ်စောရီတို့၏ ရန်ကုန် တာဝမွေ အေးသာယာလမ်းရှိ ပစ္ဆိမာရုံ ကျောင်းတိုက်ကို လူဒါန်းသော မှတ်တမ်းအပြည့်အစုံဖြစ်၏။

ယင်းမြေနှင့်တကွ ကျောင်းအဆောက်အအုံပရိဘောဂ အသုံးအဆောင် အပြည့်အစုံတို့ကို လှူဒါန်းကြကုန်သော ကျောင်းဒါယကာ၊ ဒါယိကာမ တို့ကား ကွယ်လွန်သွားကြပေကုန်ပြီ၊ ကျောင်းဒါယကာ၊ ဒါယိကာမတို့ ကွယ်လွန်ပြီးနောက် ကျောင်းဒါယကာ ဦးဖိုးယု၏ ညီဖြစ်သူ ဦးအောင်သိန်း နှင့် ဇနီး ဒေါ်ယဉ်ထွေး၊ နှမ ဒေါ်ဖွားစိန် (မိုးကုတ်ဝိပဿနာယောဂီ)၊ ဒေါ်ပုတင်၊ ကျောင်းဒါယိကာမ ဒေါ်စောရီ၏ အစ်မ ဒေါ်စောကြည်၊ ညီမ ဒေါ်စောသီစသော သွေးချင်းတို့က ကျောင်းနှင့်ဆက်စပ်သောတာဝန် တို့ကို စိတ်အားထက်သန်စွာ ထောက်ကူအားပြု ဆောင်ရွက်လာခဲ့ကြ၏၊ ယင်းအုပ်စုထဲမှ ဦးအောင်သိန်းလည်း ကွယ်လွန်ပြန်လေပြီ၊ ကျန်ရှိနေသော ဆိုခဲ့သော သားချင်းအုပ်စုတို့ကပင် အားမာန်မလျော့ပဲ မူလ ကျောင်း ဒါယကာ၊ ဒါယိကာမတို့၏ ဒါနအမွေအနှစ်ကို မူမပျက် ဆက်လက်ခံယူ နေကြလေကုန်၏။

အရှင်ဇာဝဂရ

အရှင်ဇာဝဂရသည် ကျိုက်လတ်မြို့နယ် ကွင်းချောင်းကြီးရွာ ခမည်းတော် ဦးဉာဏ်ကြီး၊ မယ်တော် ဒေါ်သိန်းရင်တို့မှ ဖွားမြင်သော သားနှင့် သမီး နှစ်ယောက်တို့တွင် သားအကြီးဖြစ်သည်၊ ထိုအရှင်ကို ၁၃၀၂ ခု၊ တော်သလင်းလဆန်း (၁၀) ရက် အင်္ဂါနေ့ နံနက်၄ နာရီအချိန်တွင် ဖွားမြင်သည်၊ မိဘတို့က ထိုသူငယ်အား မောင်စောလှိုင်ဟု အမည် မှည့်ခေါ်ကြ၏။ ၁၃၁၃ ခုနှစ် (၁၁) နှစ်သား အရွယ်တွင် ခမည်းတော်နှင့် မယ်တော်တို့က ပဗ္ဗတ္တမဂ််လာသဘင် ဆင်ယင်ကာ သာသနာ့အမွေ ခံယူပြီး ဦးလေးတော် ဘုန်းကြီး ကျောင်းထိုင်သော ဒေးဒရဲအပိုင် ရေပူဝရွာ ဦးဉာဏောဘာသထံ အပ်နှံလိုက်သည်၊ ၁၃၁၆ ခုနှစ်တွင် ဦးရီးဘုန်းတော်ကြီး ဦးတေဇဝန္တက ကျိုက်လတ်မြို့ ပစ္ဆိမာရုံကျောင်းတိုက် စာချဆရာတော် ဦးနန္ဒကထံတွင် အပ်နှံ၍ ပညာသင်ကြားစေသည်၊ ၁၃၁၉ ခုနှစ်တွင် အဘိဓမ္မာစာမေးပွဲ အောင်မြင်သည်၊ ၁၃၂၁ ခုနှစ်သို့ ရောက်သောအခါ ကျိုက်လတ်မြို့ ပစ္ဆိမာရုံ မဟာရှေကျင်တိုက် နာယကဆရာတော်ကြီး ဖြစ်တော်မူသော အရှင်သောဘိတထေရ်ကို ဥပဇ္ဈာယ်ပြု၍ ကျိုက်လတ်မြို့(၇)လမ်းနေ ဦးလှသိန်း၊ ဒေါ်မမကြီးတို့၏ ပစ္စည်းလေးပါးကို ခံယူကာ ဥပသမ္ပဒကံဆောင် ရဟန်းတောင်သို့ ဝင်ခဲ့သည်။

၁၃၂၂ ခုနှစ်တွင် ပထမငယ်တန်း အောင်မြင်သည်၊ ၁၃၂၄ ခုနှစ်တွင် ပထမလတ်တန်း အောင်မြင်သည်၊ ၁၃၂၆ ခုနှစ်တွင် ပထမကြီးတန်း အောင်မြင်သည်၊ ပထမကြီးတန်း အောင်ပြီးနောက် ရန်ကုန်မြို့ ဗဟန်း နန္ဒဝန်လမ်း ဝိသုဒ္ဓါရုံတိုက် ဆရာတော် ဦးဝါသဝါဘိဝံသထံတွင် ၁၃၂၇ ခုနှစ်မှ ၁၃၂၈ ခုနှစ်ထိ ဓမ္မာစရိယ ဆိုင်ရာ စာပေများကို ဆည်းပူး သင်ယူသည်၊ ပါရာဇိကဏ်နှင့် သီလ.ဘွန်ကျမ်းရင်း နှစ်ကျမ်း ပြီးခဲ့သည်၊ ကျန်သောကျမ်း



ရန်ကုန် ပစ္စိမာရုံ
ဂဏဝါစက ဘဒ္ဒန္တ ဇာဂရ

မျှားကို ဖြေလိုစိတ်မရှိ၍ ဆက်လက် မဖြေဆိုပဲ နေခဲ့၏၊ စာမေးပွဲ မဖြေခြင်း ကြောင့် ဒုတိယ ပစ္စည်းလေးပါး ဒါယကာဖြစ်သော ရန်ကုန်မြို့ ကျောက် ရေတွင်းလမ်းနေ ဦးသန်းရွှေ၊ ဒေါ်ရင်လှိုင်။ တတိယ ပစ္စည်းလေးပါး ဒါယကာဖြစ်သော စွန်ညီနောင် ဖိုနပ်ပိုင်ရှင် ဦးညွှန့်တင်၊ ဒေါ်ခင်လေ တို့နှင့်တကွ ဆရာသမားများ၊ မိတ်ဆွေများက မကျေနပ်ကြ၊ စာမေးပွဲ ဝင်ဖြေရန် တိုက်တွန်းကြ၏၊ ဓမ္မာစရိယ ကျမ်းကုန် အောင်မြင်စေလိုကြ၏၊ သို့သော် သူကား ဓမ္မာစရိယဘွဲ့၌ စိတ်မဝင်စားပေ၊ ယင်း ဖြစ်အင်ကို မြင်တော်မူ၍ ဥပဇ္ဈာယ် ဖြစ်တော်မူသော ပစ္ဆိမ၁ရုံတိုက် နာယကဆရာတော် ဘုရားကြီး ဘဒ္ဒန္တသောဘိတထေရ်မြတ်က 'မောင်ပဉ္စင်း ရန်ကုန် ပစ္ဆိမာရုံ ကျောင်းမှာ အထောက်အကူပြုလုပ် နေချေတော့'ဟု စေလိုက်၏။

ထိုသို့ ဆရာတော်ကြီး၏ စေလွှတ်ချက်အရ ရန်ကုန် ပစ္ဆိမာရုံ မိမိဆရာ ရင်းဖြစ်သော ဆရာတော်အရှင်နာရဒါဘိဝံသထံသို့ ၁၃၂၉ ခုနှစ်၌ ရောက် လာကာ ဆရာတော် အရှင်နာရဒါဘိဝံသ၏ လက်အောက်၌ ဆရာတော်၏ အလိုပြည့်ဝစေရန် ကူညီဆောင်ရွက်လျက် နေလာခဲ့ရာ ၁၃၂၉ ခုနှစ်မှစ၍ ယခု ၁၃၄၃ ခုနှစ်အထိ ၁၄ နှစ်ပင် ကြာမြင့်ခဲ့လေပြီ။

ဆရာတော်ကြီးသည် အရှင်ဇာဝဂရကို ရန်ကုန် ပစ္ဆိမာရုံသို့ ပို့လိုက်ခြင်း၌ တွေးကြည့်သော် မြင်စရာအချက်တခုရှိ၏၊ ဆရာတော် ဦးနာရဒါဘိဝံသ သည် ကျမ်းပြီး အစိုးရ ဓမ္မာစရိယ မဖြစ်၊တကျမ်းကျန်နှင့် တစ်လစ်ထား၏၊ ယခုလည်း ဦးဇာဝဂရ ပေါ်လာပြန်ပြီ၊ တကျမ်းကျန် တစ်လစ်၊ တစ်လစ် သမား နှစ်ဦး ရန်ကုန် ပစ္ဆိမာရုံကျောင်း သာသနာ တိုးတက်ရေးကို အားသွန် ကြိုးပမ်းကြဟူသော ရည်ရွယ်ချက်သည် ဆရာတော်ကြီး၌ မရှိဟု မဆို နိုင်၊ ရှိ၍ပင် ဤသို့ ပို့လိုက်ခြင်း ဖြစ်သည်ဟု ယူဆရပေသည်။

အရှင်မြတ်တို့သည် ဓမ္မာစရိယဘွဲ့ ရမှဉ် စိတ်မဝင်စားကြသော်လည်း ပစ္ဆိမာရုံကျောင်းတိုးတက်ရေး၊ သာသနာ သန့်ရှင်းစင်ကြယ်ရေးဌာနအတွက် စိတ်အားထက်သန်ကြပေကုန်၏၊ စိတ်အား ထက်သန်သည့်အတိုင်း ကြိုးစားမှုတို့ကြောင့် ရန်ကုန် ပစ္ဆိမာရုံကျောင်းတိုက် သာသနာ တိုးတက်စည်ပင်လာရခြင်း ဖြစ်လေသည်။

ဥဒါန်း

နာယကော နာရဒေါ ဓေဝ၊ ဝါစကော ဇာဝရော သမံ။
ဥဿာဟန္တိ ဝုဿုတ္ထာယ၊ ပစ္ဆိမာရာမ သာသနံ။
ရန်ကုန်ပစ္ဆိမာရာမဿ၊ ဌိတိ ပဿန္တိ ယေ ဇနာ။
ဝိန္ဒန္တိ မညေ သာဓုကံ၊ ဣဒံ ရမ္မံ သုဖာသုကံ။

တံဆိုး ကျိုက်လတ်တောရကျောင်း

ယခု ကျိုက်လတ်ပစ္စိမာရုံကျောင်းတိုက်၏ နာယကဆရာတော်ဖြစ်တော်မူသော ဆရာတော် အရှင်သောဘိတသည် ၁၈ ဝါရ အခါက တံဆိုးသို့ တောထွက်ကြောင်း ဆိုခဲ့ပြီ၊ ၁၂၉၇ ခုနှစ်လောက်က အရှင်သောဘိတသည် မိမိနှင့် သီတင်းသုံးဖော် စရိုက်ဝါသနာတူဖြစ်သော အရှင်ဇာနေယျနှင့်အတူ အရည်ဝါသီအဖြစ်ဖြင့် တရားကျင့်ရန် တံဆိုးသို့ တောထွက်ကြလေသည်၊ အရှင်မြတ်နှစ်ပါးသည် တံဆိုးဌာ ပထမ နာပကမည်သော ကုလားတဦး၏ ခြံမြေ တောရဌာ ဝါးကျောင်းကလေး တကျောင်းစီနှင့် သီတင်းသုံးနေကုန်၏။

ထိုမှတဖန် အင်းအင်စပက်တော် ဦးကျော်ရှင်၊ ·ဒေါ်သင်တို့၏ ခြံသို့ ပြောင်းကြရပြန်၏၊ထိုဌာလည်း မခုံမဟည် အရှည်မမြဲစေနိုင်သောအကြောင်းဖြစ်လာပြန်သဖြင့် တနေရာသို့ ပြောင်းရပြန်လေသည်၊ ယင်း တတိယနေရာသို့ ရောက်သောအခါ ဦးယင်ဆိုင်၊ ဒေါ်တင်တို့က ခြံမြေကို လှူကြကုန်၏၊ ထိုအခါ ထိုနေရာဌာ အဆင်ပြေလည်စွာ သီတင်းသုံးကြရလေကုန်၏၊ ယင်းနေရာကား ယခုရှိ ကျိုက်လတ်တောရကျောင်းနေရာ ဖြစ်သည်။

(ယင်းကျောင်းအတွက် ခြံမြေလှူသူ ဦးယင်ဆိုင်၊ ဒေါ်တင်တို့၏ သားသမီးများ ယခု ရန်ကုန်မြို့၊ ၁၃ လမ်း၊ အိမ်အမှတ် ၈၃ ၌ ရှိကြသည်။)

ယင်းတောရအရပ်ဌ လက်ဦးဌကား ဆရာတော်များ တရားအားထုတ်ရန် ဝါးကျောင်းကလေးမျှသာ ရှိခဲ့၏၊ ထိုမြေသည် သာသနာ့မြေ ဖြစ်နေသည့်ပြင် နောင်ကာလမှာလည်း သံဃာမပြတ် ရှိနေသည်ဖြစ်၍ အဆောက်အအုံ အခိုင်အမာကိုလည်း ဆောက်လုပ်လှူဒါန်းလာကြ၏၊ ပစ္စိမာရုံမှ သံဃာများ မလပ်ရအောင် သီတင်းသုံးကြလေသည်၊ ယင်း ကျိုက်လတ်

တောရတိုက်တွင်းရှိ ကျောင်းတို့အနက် သိမ်တိုက်ကို ဒေါ်အောင်ဖြူကပင် ဆောက်လုပ်လှူဒါန်းသည်၊ ဒေါ်အောင်ဖြူကား ကျိုက်လတ်တောရကျောင်း အတွက် ဝတ္ထုကုန်မြေလှူသူ ဒါယိကာမလည်း ဖြစ်သည်၊ (ပစ္စိမာရုံ ဝတ္ထုကုန်မြေအလှူရှင်တို့ကို ဖော်ပြရာ၌ ပါပြီးဖြစ်၏။)

မူလအစက သီတင်းသုံးဖော် နှစ်ပါးအနက် အရှင်သောဘိတသည် သုံးဝါမျှသာ သီတင်းသုံးခဲ့ပြီး အခြားသို့ ပြောင်းရွှေ့သွား၏၊ အရှင် ဇာနေယျကား ဆက်လက်၍ သီတင်းသုံးနေလေသည်၊ အရှင်ဇာနေယျသည် တံတွေးနှင့် ပစ္စိမာရုံ အခွင့်ကြုံသလို နေရသော်လည်း တံတွေး၌သာ အနေများ အခြေခိုင်သောကြောင့် တံတွေး ဆရာတော်ဟူသော အမည်ကို ခံယူရသောပုဂ္ဂိုလ် ဖြစ်လေသည်။

ဤအတောအတွင်း ဒုတိယ ပစ္စိမာရုံ ဆရာတော်ကြီး (ရှေ့ကျင်ဂိုဏ်း သာသနာပိုင်ဖြစ်သော အရှင်ကေလာသထေရ်)လည်း တဝါတခါ သီတင်းသုံးသေး၏၊ ပစ္စိမာရုံ ဆရာတော် သီတင်းသုံးသောအခါက အရှင်သောဘိတလည်း ဆရာတော်ကြီးထံမှာ လာရောက်နေထိုင်ကြောင်း ဆရာတော် အရှင်သောဘိတထေရ်အကြောင်း၌ ဆိုခဲ့ပြီ။

ပစ္စိမာရုံ ဆရာတော်ကြီးသည် တံတွေး ကျိုက်လတ်ကျောင်းတိုက်နှင့် ကပ်လျက်ရှိသော စကြီ့ကျောင်းတိုက်အတွင်းရှိ သိမ်ကိုလည်း ၁၂၉၇ ခုနှစ်ကဦးစီး သမုတ်ခဲ့သေး၏၊ ဟံတွေး ရှေ့ကျင်သာသနာကို တံတွေးဆရာတော် အရှင်နာဂထေရ်၊ ထိုနောက် ပစ္စိမာရုံ ဆရာတော်ကြီး အရှင်ကေလာသထေရ်နှင့် အဃတက်အနွယ် ထေရ်သံဃာများ စောင့်ရှောက်ပြုစုကြလေကုန်၏။

မူလက တောရဆောက်တည် သီတင်းသုံးသော ကမ္မဋ္ဌာန်းကျောင်းကလေးများသာ ရှိခဲ့သော်လည်း နောင်အခါ သုံးကေခဲ့ရှိသော ခြံမြေသည်လည်း သာသနာ့မြေအဖြစ်သို့ ရောက်ရှိလာသဖြင့် တိုက်တာ ကျောင်းကန်

အဆောက်အအုံများလည်း တိုးပွားလာသည်ဖြစ်၍ တောကျောင်းဟူသော အမည်ဟောင်း ပျောက်ကာ ကျိုက်လတ် ကျောင်းတိုက် ဟူသော အမည် ဖြစ်လာလေတော့သည်။

လူနေအိမ်ခြေ တစတစ တိုးတက်ပြန့်ပွားလာသည်ဖြစ်၍ ကျောင်းတိုက်နှင့် နီးရာတို့၌ အိမ်များ တဲများ ရောက်ရှိလာသောကြောင့် လူနေနှင့် ကုလားလေးတာ အပြန်ငါးရာ (ဂိုက်တထောင်)ကွာ ဝေးရမျိုးကား မဖြစ်နိုင်တော့ပေ၊ သို့သော် စူးစူးစိုက်စိုက် နားထောင်လျှင် ယက်ကန်းခတ်သံ ကလေးများကို ကြားရသည်မှတပါး အခြားသော ဆူဆူညံညံအသံကို မကြားရသဖြင့် ဆိတ်ငြိမ်သောနေရာကား ဖြစ်ပါသေး၏။

လူနေ တဲအိမ် အဆောက်အအုံများ မဝေးကွာလှ ဖြစ်နေသော်လည်း သစ်အုပ် ဝါးရုံများ ဝိုင်းဝိုင်းလည် အုပ်ဖုံးထားသောကြောင့် တောအုပ်မြိုင် ချောင် အသွင်ကား မပျောက်သေးပေ။

ယင်း တံဆိုးတေး ကျိုက်လတ်ကျောင်းတိုက် ဆရာတော် အရှင်ဇာနေယျ ထေရ် ပုံတော်မူပြီးနောက် အရှင်ခန္ဓိဗလထေရ်သည် အမြဲ ဆက်လက် အုပ်ချုပ် သီတင်းသုံးလေသည်။

တံဆိုးဆရာတော် အရှင်ဇာနေယျဆရာ

တံဆိုးဆရာတော် အရှင်ဇာနေယျဆရာမြတ်သည် ကွမ်းခြံကုန်းမြို့နယ် တော်ကူးကြီးကျေးရွာ၌ ဖွားမြင်သည်၊ ညောင်တုန်းမြို့ ရှေဟသ်ာ တောရတိုက်၌ ပညာသင်ကြားခဲ့သည်၊ ထိုမှ ပထမလတ်တန်း အောင်မြင်ခဲ့ပြီး ရဟန်းငါးဝါရမှာ ပစ္ဆိမာရုံကျောင်းတိုက်သို့ ရောက်လာကာ စာပေပို့ချနေခဲ့သည်။

ကျိုက်လတ် ပစ္ဆိမာရုံ ကျောင်းတိုက် အဝင်ဝ၌ ရှိသော ဇရပ်ကြီး ဒါယိကာမ ဒေါ်သဲငွေသည် အရှင်ဇာနေယျ၏ ရဟန်း ဒါယိကာမ ဖြစ်သည်၊ဒေါ်သဲငွေသည် ကျိုက်လတ် နာမည်ကျော်သမားတော် ဦးသာရင်၏ အစ်မရင်းဖြစ်သည်။

ရန်ကုန်သတင်းစာတိုက်ပိုင်ရှင် ဦးအောင်မြင်၏ ဇနီး ဒေါ်စန်းမြင့်သည် ဦးသာရင်၏ သမီးဖြစ်သည်၊ ဦးသာရင်၏ အမှတ်အသားအဖြစ်ဖြင့် တပြည်လုံး ကျော်ကြားနေသော ဆေးတော်တလက်ကား "ဦးသာရင် လေဇန်းဖြတ်ဆေး" ဖြစ်သတည်း။

အရှင်ဇာနေယျသည် ပစ္ဆိမာရုံကျောင်းခဲ့ဖြစ်သော ကျိုက်လတ်မြို့နယ် ကလတ်ယပ်ရွာ (ကုလားရပ် ဟူ၍လည်း ရေးကြသည်)၊ ထူပါရုံကျောင်း၌ လည်းကောင်း၊ကျုံသိရွာကျောင်း၌လည်းကောင်း၊ဘုံဒလိတ်ရွာကျောင်း၌ လည်းကောင်း ကျောင်းထိုင်ခဲ့သေး၏၊ ရန်ကုန် ပစ္ဆိမာရုံကျောင်း၌လည်း တဝါဆိုခဲ့ဖူး၏၊ တရားဟောကောင်း နာမည်ရ ဓမ္မကထိက တပါးလည်း ဖြစ်၏။

ယခု ကျိုက်လတ်ပစ္ဆိမာရုံကျောင်းတိုက်၏ နာယကဆရာတော် အရှင်သောဘိတထေရ်မြတ်နှင့်အတူ တံဆိုး တောရသို့ တောထွက်တော်မူပြီး နောက် တံဆိုး၌ပင် ပျံတော်မူသည်အထိ သီတင်းသုံး နေတော်မူသောကြောင့် တံဆိုးဆရာတော်ဟူ၍ အမည်ထင်ရှား ကျန်နေခဲ့လေသည်။

တုံ့တေးဆရာတော် အရှင်ဇာနေယျထေရ် ပျံ့လွန်တော်မူလျှင် ဆရာတော်၏ တပည့် အရှင်ခန္ဓိဗလသည် တုံ့တေး ကျိုက်လတ်ကျောင်းတိုက်၌ သီတင်းသုံးရလေတော့သည်။

ဆရာတော် အရှင်ခန္ဓိဗလသည် ၁၂၇၇-ခု၊ ဝါခေါင်လဆုတ် ၁၂-ရက် တနင်းလာနေ့၌ ကျိုက်လတ်မြို့နယ် ငပိချောင်းကျေးရွာ၌ အဖ ဦးဖိုးထွန်း အမိ ဒေါ်ငွေအေးတို့မှ ဖွားမြင်သည်၊ ၁၂-နှစ်သားအရွယ်မှာ သာမဏေဖြစ်ပြီး ၁၅-နှစ်သားအရွယ် သာမဏေအဖြစ်ဖြင့် ပစ္ဆိမာရုံကျောင်းတိုက်သို့ ရောက်ရှိသည်။

၁၂၉၆-ခု တပိုတ့ဲလဆန်း ၁၃-ရက်နေ့မှာ ရှေကျင် သာသနာပိုင် ပစ္ဆိမာရုံဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ပစ္ဆိမာရုံကျောင်းတိုက်၌ ရဟန်းအမ ဒေါ်ဖြူ၏ ပစ္စည်းလေးပါး အထောက်အပံ့ဖြင့် ပဉ္စင်းအဖြစ်သို့ ရောက်သည်၊ ထို့နောက် ခမည်းတော် မယ်တော်တို့၏ ပစ္စည်းလေးပါး အထောက်အပံ့ဖြင့် ဒုတိယအကြိမ် သိမ်ထပ်ပြန်သည်၊ထိုနောက် ယိုးဒယားမှ ရောက်လာကြသော ဘုန်းကြီးများနှင့်အဘူ တတိယမြောက် သိမ်ထပ်ပြန်သည်။

အရှင်ခန္ဓိဗလသည် ရဟန်းငါးဝါအရမှာ မန္တလေးအနောက် ဝိသုဒ္ဓါရုံတိုက်သို့ သွားရောက်ကာ ၄-နှစ်ကြာ စာပေဆည်းပူးပြီးနောက် ပစ္ဆိမာရုံတိုက်သို့ ပြန်လာ၏၊ ထိုမှ မိမိဆရာ အရှင်ဇာနေယျ၏ လက်ထောက်အဖြစ်ဖြင့် တုံ့တေး ကျိုက်လတ်ကျောင်းတိုက်၌ ၁၀-ဝါနေခဲ့ပြီး ပစ္ဆိမာရုံတိုက်သို့ ပြန်နေထိုင်ကာ စာပေပို့ချနေ၏။

ထိုနောက် တုံ့တေး၊ ကျိုက်လတ်ကျောင်းဆရာတော် အရှင်ဇာနေယျထေရ် ပျံတော်မူသဖြင့် ဆရာ့လက်ငုတ် တုံ့တေး ကျိုက်လတ်ကျောင်းတိုက်ကို အုပ်ချုပ်၍ အမြဲ သီတင်းသုံးလေတော့သည်၊ ယခု ဤစာကို ရေးသော ၁၃၄၃-ခုနှစ်၌ အရှင်ခန္ဓိဗလသည် သက်တော် ၆၆-နှစ် ဝါတော် ၄၇-ဝါ ရရှိလေပြီ။

ဥဒါန်းဂါထာတို့၏ အနက်များ

ထေရ်မြတ်ကြီးတို့၏ အကြောင်း အတ္ထုပ္ပတ္တိကို ထုတ်ဖော် ရေးသားလိုက်လျှင် စာရေးသူ၌ တက်ကြွ ရှင်မြူး ကြည်နူးသော စိတ်ဖြစ်သည် အလျောက် ထေရ်မြတ်ကြီးတို့၏ အထူးခြားဆုံးသောဂုဏ်သီးတို့ကို ထုတ်ဖော်ကျူးရင့်ခဲ့လေသည်၊ ယင်း ဥဒါန်းတို့သည် ပါဠိရေးတို့ဖြစ်ကြ၍ ပါဠိနှင့် အကျွမ်းမဝင်သော သူတို့အဖို့ စမ်းတဝါးဝါးရှိနေတတ်မည်ကြောင့် သိသာရုံလောက် နိဿယနက်ကို ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

(၁) နဘော သောမော ဇနေ သောမော၊ ဥဘော တောသန္တိ မာနုသာ။
နဘောသောမော ဇလာပေတိ၊ အညော ဥပေတိ ထာမုနာ။ ။

(၂) ဝိဝိဓောပိ ဇနေ သောမော၊ ကျိုက်လတ်နာမေန ပါကဋော။
သုဒ္ဓသီလော ဝိဓိရိတော၊ အပ္ပိစ္ဆော ဗျာသဉ္ဇာဏိကော။ ။

နဘော၊ ကောင်းကင်၌။ သောမော၊ သောမ ရှိ၏။ ဇနေ၊ လူ့ပြည်၌။ သောမော၊ သောမ ရှိ၏။ ဥဘော၊ နှစ်ပါးကုန်သော သောမ တို့ကို။ မာနုသာ၊ လူတို့သည်။ တောသန္တိ၊ နှစ်သက်ကြကုန်၏။

နေဘောသောမော၊ ကောင်းကင်က သောမ သည်။ ဇလာပေတိ၊ လူအပေါင်းအား အလင်းရောင်ပေး၏။ အညော၊ လူ့ပြည်က သောမ သည်။ထာမုနာ၊မိမိစွမ်းရည်ဖြင့်။ ဥပေတိ၊လူအပေါင်းအား ပညာပေး၏။

ဇနေ၊ လူ့ပြည်၌။ သောမော၊ သောမ သည်။ ဝိဝိဓောပိ၊ မျိုးစုံရှိသော်လည်း။ ကျိုက်လတ်နာမေန ပါကဋော၊ ကျိုက်လတ်အမည်ဖြင့် ထင်ရှားသော(၀၊)ကျိုက်လတ်ဆရာတော်ကြီးဟူ၍ ကျော်ကြားသော။ အပ္ပိစ္ဆော၊ အလိုရမ်းမက် နည်းပါးသော။ ဗျာသ ဉာဏိကော၊ သုတမျိုးပြားကျယ်ပြန့်သော ပညာဉာဏ်ရှိ

သော။ သုဒ္ဓသီလောဝ၊ စင်ကြယ်သော သီလ ရှိသည်သာလျှင် ဖြစ်သော သောမ ကိုသာလျှင်။ ဣမ၊ ဤနေရာ၌။ ဤရိုတော၊ ထုတ်၍ ဆိုအပ်၏။

(၃) ပစ္ဆိမာရာမိ ဂဏာဓိ၊ ပတိ လက်ဝနိဝါသိနံ။
သျှာမဒေသိနပျတ္ထာဝကာ၊ ကာ ကထာ သကဒေသိနံ။ ။

ဂဏာဓိပတိ၊ ရှေကျင်ဂိုဏ်းကြီး၏ ဦးစီးအကြီးအကဲဖြစ်တော်မူသော။ ပစ္ဆိမာရာမိ၊ ပစ္ဆိမာရုံတိုက်ကြီး၏ နာယကဖြစ်သော ဆရာတော်ဘုရားကြီးသည်။ လက်ဝနိဝါသိနံ၊သီရိလက်ဝနိုင်ငံသားတို့၏လည်းကောင်း။ သျှာမဒေသိနမ္ပိ၊သီဟိုဠ်သားတို့၏အခေါ်ဖြင့် "သျှာမ" မည်သော ယိုးဒယား (ထိုင်း) နိုင်ငံသားတို့၏လည်းကောင်း။ အတ္ထံ၊ အကျိုးကို။ အကာ၊ ပြုတော်မူခဲ့လေပြီ။ သကဒေသိနံ၊ မိမိဒေသ မြန်မာနိုင်ငံသားတို့၏(အကျိုးဌာ်မူကား)။ ကာ ကထာ၊ အဘယ်ဆိုဖွယ်ရာရှိချေတော့အံ့နည်း။

မှတ်ချက်။ ။အယုဒ္ဓယ–ဟူသော မြို့တော်အမည်ကို အစဲပြု၍ မြန်မာတို့က ယိုးဒယားဟု ခေါ်ကြသည်၊ သီဟိုဠ်သားတို့က "သျှာမ"ဟုခေါ်ကြ၏၊ယင်းအမည်ကိုအရင်းခံ၍ဖြစ်ပေါ်ကြီးထွားနေသော "သျှာမနိကာယ"ခေါ်သော သံဃာ့ဂိုဏ်းကြီးတခု သီဟိုဠ်၌ ရှိနေ၏၊ မြန်မာနိုင်ငံရေး ပါဠိစာပေလောကဌ် ယင်း ယိုးဒယား (ထိုင်း) နိုင်ငံကို "သိယာမရဋ္ဌ"ဟု သုံးနှုန်းကြကုန်၏။ 'သိယာမ' ဟု ရေးခြင်းကား "Siam"ဟူသော အရေးအသားသို့လိုက်၍ ရေးခြင်း ဖြစ်ပုံရ၏၊ စင်စစ်မူရင်းအခေါ်နှင့် အရေးမှာ သျှာမ = သျှာမ် = သျှမ်းဖြစ်သည်ဟု မြင်သာပေ၏။

(၄) ကတာနိုနေကသတ္ထာနိ၊ ဒိပတုလျှာနိ သာသနေ။
ရှေကျင်နိကာယာဓိပတိ၊ ပစ္ဆိမဘုမသာမိနာ။ ။

(၅) ဝိနယေသုတ္တာဘိမ္မေ၊ ပစေတ္ဌာန နယံ နယံ။
ဗျာကရ ဏော စ သုခတ္ထံ၊ သတ္ထုမန္ဒြော ဂတံ ဂတံ။ ။

ရှေကျင်နိကာယာဓိပတိပစ္ဆိမဘုမသာမိနာ၊ ရှေကျင်ဂိုဏ်းကြီး၏ သာ-သနာပိုင် ပစ္ဆိမဘုံကျောင်းတိုက်၏နာယကဖြစ်သော ဆရာတော်ကြီးသည်။ သာသနေ၊ သာသနာတော်၌။ ဒိပတုလျှာနိ၊ ဆိမီးတန်ဆောင်နှင့် တူကုန်သော။ အနေကသတ္ထာနိ၊ ကျမ်းဂန်မျှားစွာတို့ကို။ ကတာနိ၊ ပြုအပ်လေကုန်ပြီ။

ဝိနယေစ၊ ဝိနည်းဌီလည်းကောင်း။ သုတ္တာဘိဓမ္မေစ၊သုတ္တန်အာဘိဓမ္မာဌီ လည်းကောင်း။ ဗျာကရဏေစ၊ သဒ္ဒါကျမ်းဌီလည်းကောင်း။ သုခတ္ထံ၊ စာသင်သားများ လွယ်ကူခြင်းအကျိုးငှာ။ နယံ နယော၊ ပါဠိအဋ္ဌကထာ စသည်တို့နှင့်လျော်ညီသော။ နယံ နယော၊ နည်းကောင်း နည်းသန့်ကို။ ပစေတ္ဌာန၊ ရွေးချယ်၍။အန္တော ဂတံ၊ ကျမ်းလွတ်မဟုတ် ကျမ်းဂန်အတွင်းဌီ ပါဝင်သော။ သတ္ထုံ၊ ကျမ်းဂန်ကို။ ဂတံ၊ စီရင်အပ်ပြီ။ (ဂတံ ဂဒိတဗ္ဗံ-ဆိုအပ်ပြီ ဟု သဒ္ဒအနက် ဖြစ်သော်လည်း ပါးစပ်နှင့် ရွတ်ဆိုသည် မဟုတ်လက်ဖြင့် ရေးသည်ကိုပင် ဝဏ္ဏာမိ ဟု ဆိုသည်နည်းတူ၊ ဂတံ-ဂဒိတဗ္ဗံကို စီရင်အပ်ပြီဟု ဆိုခြင်းဖြစ်သည်။

(၆) သာမိသောဘိတထေရသ၊ အရညဝါသ ဇာနနေ။
အာဒိမန္တေ ဝေမဇ္ဈေစ၊ တုန္ဒာရညံ ဂတံ ဘဝေ။ ။

သာမိသောဘိတထေရသ၊ တတိယပစ္ဆိမဘုံ ဆရာတော် အရှင်သောဘိတထေရ်မြတ်၏။ အရညဝါသဇာနနေ၊ တောနေပုဂ္ဂိုလ်ဖြစ်ရာ၌။ တုန္ဒာရညံ၊ တံတားတောရ အရပ်ဌာနသည်။ အာဒိ၊ အစ၌လည်းကောင်း။

အန္တေစ၊ အဆုံးဌ္ဌလည်းကောင်း။ ဝေမဇ္ဈေစ၊ အလယ်ဌ္ဌလည်းကောင်း။ ဂတံဘဝေ၊ ပါဝင်ရလေ၏။

(၇) ဒီဃာယုကော ဓုနာဇီဝေါ၊ ဝနေကစာရ ဆန္ဒိကော။
ဘာဝနာဘိရတော ဓရော၊ ကော နု သော ကောစ စေ ဝေဒေ။

(၈) သောဘိတော ယော ထေရော ကျိုက်လတ်၊ ပစ္ဆိမာရာမ နာယကော။
ဘာဝနာယ ရတော တိဏ္ဏ၊ နိကာယော သောတိဟံ ဝေဒေ။ ။

ဒီဃာယုကော၊ သက်တော်လည်း ရှည်ပေ၏။ ဓုနာဇီဝေါ၊ ယခုလည်း အသက်ရှင်လျက်ရှိ၏။ ဝနေကစာရဆန္ဒိကော၊ တောအရပ်ဌ တပါးတည်း တရားအားထုတ်နေခြင်းငှာလည်း ပြင်းထန်သော အလိုတော်ရှိ၏။ ဓီရော၊ ပညာရှိသော။ သော ဘာဝနာဘိရတော၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းမှုဌ မြေလျှော်သော ထိုပုဂ္ဂိုလ်သည်။ ကောနု၊ အဘယ်ပုဂ္ဂိုလ်ပါနည်းဟူ၍။ ကောစိ၊ တစုံတယောက်သောသူက။ စေ ဝေဒေ၊ အကယ်၍ မေးမြန်းဆိုလာ ငြားအုံ။

ကျိုက်လတ်ပစ္ဆိမာရာမနာယကော၊ ကျိုက်လတ်မြို့ ပစ္ဆိမာရုံကျောင်း တိုက်ကြီး၏ ရှေးဆောင်နာယကဖြစ်တော်မူသော။ ယော သောဘိတော၊ အကြင် သောဘိတ မည်တဲ့ အရှင်မြတ်သည်။ အတ္ထိ၊ ထင်ရှား ရှိ၏။ ဘာဝနာယ ရတော၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းမှုဌ မြေလျှော်သော။ တိဏ္ဏ နိကာယော၊ ကူးခပ်ပြီးသော နိကာယ်ငါးရပ်လည်း ရှိတော်မူသော။ သောတိ၊ ထိုပုဂ္ဂိုလ်ပင်ဟူ၍။ အဟံ ဝေဒေ၊ ကျွန်ုပ်အတိလင်း ဆိုမည်ဖြစ်၏။

(၉) ဥက္ကံသော တေ ဝ ဥက္ကံသော၊ ထေရော ပစ္ဆိမရာမိကော။
မတိမာ တပေါ သဒ္ဓါလု၊ ဒယာလု မုဒု ခန္တိမာ။ ။

(၁၀) သံဃဖာသုံ ဥဒ္ဒိကွတိ၊ သကတ္ထမိဝ နိစ္စလံ။
ဝါယာမေဝပိ တတ္ထေရ၊ သံဃဂ္ဂဟာယ နိရဇ္ဇရုံ။ ။

ဥက္ကံသော တော့ဝ၊ဥက္ကံသဟူ၍သာလျှင်။ ဥက္ကံသော၊ကျော်စောထင်ရှားသော။ ပစ္ဆိမာရာမိကော၊ ပစ္ဆိမာရုံကျောင်းတိုက်ကြီး၏ ရှေ့ဆောင်လမ်းပြ ဥက္ကဋ္ဌဖြစ်တော်မူသော။ ယော ထေရော၊ အကြင် ထေရ်မြတ်သည်။ မတိမာ၊ ပညာရှိ၏။ တပေါ၊ ခေါင်းပါးသော အကျင့်ရှိ၏။ သဒ္ဓါလု၊ သဒ္ဓါတရား အလွန်များ၏။ ဒယာလု၊ ငယ်သားတို့အပေါ် ညှာတာထောက်ထား သနားခြင်း ရှိ၏။ မုဒု၊ စိတ်နှလုံး နူးညံ့၏။ ခန္တီမာ၊ သည်းခံခြင်း ရှိ၏။ သော ထေရော၊ ထိုထေရ်မြတ်သည်။ နိစ္စလံ၊ မပြတ်မလပ်။ သံဃဖာသုံ၊ တိုက်တွင်းသံဃာ ချမ်းသာရေးကို။ သကတ္ထမိဝ၊ ကိုယ့်အကျိုးကဲ့သို့။ ဥဒ္ဒိက္ခတိ၊ရှုကြည့်တော်မူ၏။ တတ္ထေရဿ၊ထိုဆရာတော်ထေရ်မြတ်၏။ နိရန္တရံ၊မပြတ်။ ဝါယာမောပိ၊ အားထုတ်ခြင်းသည်လည်း။ သံဃတ္ထာယ၊ တိုက်ဝင်းသံဃာ အကျိုးငှာသာလျှင်။ ဟောတိ၊ ဖြစ်၏။

(၁၁) နန္ဒကော သိဟော နန္ဒကော၊ စရံ ဂဟနပေဠကေ။
ဂန္ထ ဝါစေ မဟုဿာဟော၊ ဥဒဂ္ဂေါ ဓမ္မဒေသနေ။ ။

(၁၂) ခမာဂုဏေန သမ္ပန္နော၊ လဟုဇီဝနမာမကော။
သန္တိကာပါပိုဒ္ဓိယောသန္တ၊ ဝါစော မုဒုမနော သဒါ။ ။

သိဟော၊ တောခ္ခြင်္သေ့ကျက်စား ခြသေ့လားသို့။ ဂဟနပေဠကေ၊ ပိဋကတ်တော်တည်းဟူသော တောကြီးထဲ၌။ စရံ၊ လူးလာလှည့်သွား ကျက်စားခြင်းကို။ နန္ဒကော၊ နှစ်ခြိုက်လိုလားသော။ နန္ဒကော၊ နန္ဒကမည်သော ထေရ်မြတ်သည်။ ဂန္ထဝါစေ၊ ကျမ်းဂန်စာပေ ပို့ချခြင်း၌။ မဟုဿာဟော၊ ကြီးမားသော လုံ့လရှိတော်မူ၏။ဓမ္မဒေသနေ၊ ပရိသတ်ကြား တရားဟောမှု၌။ ဥဒဂ္ဂေါ၊ တက်ကြွသော စိတ်ရှိတော်မူ၏။

ခမာဂုဏေန သမ္ပန္နော၊ သည်းခံခြင်း ခမာဂုဏ်နှင့်ပြည့်စုံပေ၏။ လဟုဇီဝနမာမကော၊ ပေါ့ပါးသော အသက်မွေးခြင်းကို မြတ်နိုးတော်မူ၏။

သန္ဓိကာယိန္ဒြိယော၊ ငြိမ်ဆိမ်အေးမြသော ကိုယ်ဣန္ဒြေရှိတော်မူ၏။ သန္ဓ ဝါစော၊ နူးညံ့ပျော့ပျောင်းသော စကားရှိ၏။ သဒါ၊ အခါခပ်သိမ်း။ မုဒုမနော၊ ဒေါသမာန်လျှော့ ပျော့ပျောင်းသော စိတ်နှလုံးရှိပေ၏။

(၁၃) မဟာဝံသော ထေရော ခမာ၊ သဒ္ဓါသီလေန ပူရိတော။
သမစိတ္တော သမာစာရော၊ ဒယာလု သာဓုမာမကော။

(၁၄) ဌာနာဌာနေသု စတုရော၊ ဝိဘာဝေစ ဝိစက္ခဏော။
ဇာဝရိယော သတော ဝိရော၊ ဂရဟီ ခလု ကုဋ္ဌိတံ။ ။

ခမာ၊ သည်းခံတော်မူတတ်သော။ သဒ္ဓါသီလေန ပူရိတော၊ သဒ္ဓါတရား ကိုယ်ကျင့်သီလနှင့် ပြည့်စုံသော။ မဟာဝံသော ထေရော၊ မဟာဝံသအမည် တွင်သော မထေရ်သည်။ သမစိတ္တော၊ မျှတသော စိတ်ထားရှိတော်မူ၏။ သမာစာရော၊ အများပရိသတ်နှင့်လိုက်ဖက်ညီအောင် ကျင့်ဆောင်တတ်၏။ ဒယာလု၊ သနားစိတ်ဓာတ် အပြည့် ရှိ၏။ သာဓုမာမကော၊ သူတော် ကောင်းကို မြတ်နိုးပေ၏။

ဌာနာ ဌာနေသု၊ အဆုဟုတ်သည် မဟုတ်သည်တို့၌။ စတုရော၊ ပါးနပ် တော်မူလှ၏။ ဝိဘာဝေစ၊ ဝေဘန် ခွဲခြမ်းမှုဌာလည်း။ ဝိစက္ခဏော၊ ကျွမ်းကျင်လှပေ၏။ ဇာဝရိယော၊ နိုးနိုးကြားကြား ရှိ၏။ သတော၊ အမြဲ ယှဉ်ဖော သတိ ရှိ၏။ ဝိရော၊ ထက်သန်သော လုံ့လရှိ၏။ ခလု၊ စင်စစ်။ ကုဋ္ဌိတံ၊ လိမ်လည်ကောက်ကျစ်ခြင်းကို။ ဂရဟီ၊ ကဲ့ရဲ့ဆုတ်ခွာ စက်ဆုပ်ဖါ ပေ၏။

(၁၅) ပဒ္ဓိမာရာမိကဘ္ဘာယ၊ သာသနဿ ဝိရုဇ္ဈိယာ။
ဥဿာဟတိ ဝိရော အရိယ၊ ဝံသာဘိဝါနမုဒ္ဒိမာ။

(၁၆) သကမံသေ တိဋ္ဌာပေသိ၊ ဘာရာစေရာန မံသတော။
အာဝစေရာနဉ္စ သံယသ၊ သုခဏ္ဌာယ ကရေ မုဝံ။ ။

ဝိရော၊ လုံ့လဝိရိယနှင့် ပြည့်စုံသော။ အရိယဝံသာဘိဓာနဗုဒ္ဓိမာ၊ အရိယဝံသ အမည်ရှိသော ပညာရှိ ရဟန်းတော်သည်။ ပစ္ဆိမာရာမိကတ္ထောယ၊ ပစ္ဆိမာရုံကျောင်းတိုက်ကြီး၏ တိုးတက်စည်ပင်ခြင်း အကျိုးငှာ လည်းကောင်း။ သာသနာယ၊ မြတ်စွာဘုရား သာသနာတော်၏။ ဝိရုဠ္ဍိယာ စ၊ တိုးတက်ပြန့်ပွားစည်ပင်ခြင်း အကျိုးငှာလည်းကောင်း။ ဥဿာဟတိ၊ မပြတ်မနား ကြိုးစားအားထုတ်၏။

အာစေရာနံ၊ ဆရာသမား ဖြစ်ကုန်သော ဆရာတော်ကြီး တို့၏။ အံသတော၊ ပခုံးမှ။ ဘာရံ၊ လေးလံလှသော သာသနာတာဝန် တိုက်တာ၏ တာဝန်ကို။ သကအံသေ၊ မိမိပခုံးဌ။ တိဋ္ဌာပေသိ၊ တည်စေပြီ။ အာစေရာ-နဉ္စ၊ ဆရာသမားတို့၏လည်းကောင်း။ သံဃဿ စ၊ တိုက်တာတွင်းရှိ သံဃာ၏ လည်းကောင်း။ သုခတ္ထာယ၊ချမ်းသာခြင်းအကျိုးငှာ။ ခုံဝံ ကရေ၊ မပြတ်အားထုတ် ပြုလုပ်၏။

(၁၇) ပဿန္နမုခေါ နာရဒေါ၊ ဌိတော တမှိ မနော မုဒု။
သန္ဓဝါစော သောဝစော ဇု၊ သန္ဓိမာနော ဝ သော သဒါ။
(၁၈) ကောပုန္ဒတာ ကာရော တမှိ၊ ဒိဿတေ နစ သဗ္ဗဒါ။
ဌာတိ တမှိ ကမ္မဌာနေ၊ ဂန္ဓဝါစေ စ ဝါသနာ။ ။

နာရဒေါ၊ အရှင်နာရဒါဘိဝံသမထေရ်သည်။ ပဿန္နမုခေါ၊ ပြုံးပြုံးယောင်သွင် ကြည်လင်သော မျက်နှာရှိပေ၏။ တမှိ၊ ယင်း အရှင်ဌ။ မုဒု မနော၊ နူးညံ့ပျော့ပျောင်းသော စိတ်သည်။ ဌိတော၊တည်ဝပ်ကိန်းနေ၏။ (ကိန်းနေသည်ဟု ထင်ဖွယ်ရှိ၏)။ သန္ဓဝါစော၊ အပြောအဆို ချိုသာပျော့ပျောင်း၏။ သောဝစော၊ ဆရာသမား မိန့်မှာထားသည့် စကားအတိုင်း ပြုလုပ်တတ်ပေ၏။ ဥဇု၊ ကိုယ်နှုတ်စိတ်ထား ဖြောင့်မှန် ရိုးသားပါပေ၏။သော၊ထိုအရှင်သည်။သဒါ၊အခါမပြတ်။သန္ဓိမာနော၊ မပူမပန် ငြိမ်းဆိတ် အေးမြခြင်းကိုမြတ်နိုးတတ်သည်သာတည်း။

ကောပုန္နတာကာရော၊ အမျက်ဒေါသ မာန်မာန အခြင်းအရာသည်။ (ကောပ+ဥန္နတိ+အာကာရ)တမ်း၊ ထိုအရှင်၌။ သဗ္ဗဒါ၊ ဘယ်ခါမဆို။ နစ ဒ္ဒိသ္သတေ၊ မထင်ပေ။ ကမ္မဋ္ဌာနေစ၊ ဘာဝနာစီးဖြန်း ကမ္မဋ္ဌာန်းမှု၌ လည်းကောင်း။ ဂန္ထဝါစေစ၊ စာပေကျမ်းဂန်ပို့ချမှု၌ လည်းကောင်း။ ဝါသနာ၊ အထုံအကျင့် ရင့်သော ဝသီအလေ့သည်။ တမ်း၊ ထိုအရှင်၌။ ဌာတိ၊ မပြတ်ကိန်းမှီ တည်နေပါပေ၏။

(အရှင်မြတ်၏ မပြတ်ပြုလုပ်နေသော အပြုအကျင့်ကို တွေ့နေရ၍ ဤစကားကို ဆိုခြင်း ဖြစ်သည်။)

(၁၉) နာယကော နာရဒေါ စေဝ၊ ဝါစကော ဇာဂရော သမံ။
ဥဿာဟန္တိ ဝုဋ္ဌဟာယ၊ ပစ္ဆိမာရာမ သာသနံ။

(၂၀) ရန်ကုန် ပစ္ဆိမာရာမယား ဌိတိ ပသ်ုန္တိ ယေ ဇနာ။
ဝိန္ဒန္တိ မညေ သာဓုကံ၊ ဣဋ္ဌံ ရမ္မံ သုဖာသုကံ။

နာယကော၊ အကြီးအအုပ် အချုပ်အချာ နာယကဖြစ်တော်မူသော။ နာရဒေါ စေဝ၊ အရှင် နာရဒါဘိဝံသ ထေရ်မြတ်သည်လည်းကောင်း။ ဝါစကော၊ ဟောပြောပြသ ထာဝစဉ်ပို့ချမှုကို ပြုတော်မူပေသော။ ဇာဂရော စ၊ အရှင်ဇာဂရ ထေရ်မြတ်သည် လည်းကောင်း။ ဧတေ ထေရာ၊ ထို ဆရာတပည့် ဖြစ်ကုန်သော အရှင်မြတ်နှစ်ပါးတို့သည်။ သမံ၊ ကိုယ်စိတ်နှစ်လီ သွေ့ခည်မကွာ ညီညွတ်စွာသာလျှင်။ ပစ္ဆိမာရာမ သာသနံ(သာသ-နဿ)၊ ထက်အောက်လွှမ်းခြုံ သတင်းထုံသော ပစ္ဆိမာရုံတိုက်၏ စည်းနည်းဖြာဖြာ သာသနာ၏။ ဝုဋ္ဌဟာယ၊ မြင့်သည့်ဘက်မြင့် ဆင့်ဆင့်ဖွံ့ထွားတိုးပွားခြင်းအကျိုးငှာ။ ဥဿာဟန္တိ၊ နေ့မခြား ညမလပ် မပြတ်ကြိုးစား အားထုတ်ကြလေကုန်၏။

ယေ ဇနာ၊ သွားခိုက် လာခိုက် ကြုံကြိုက်ကုန်သော အကြင် ရဟန်းမဟူ ရှင်လူအပေါင်းတို့သည်။ ရန်ကုန်ပစ္ဆိမာရုံမဃ၊ ကျိုက်လတ်တိုက်ခွဲ တာမွေ့မြို့နယ် ရန်ကုန်ပစ္ဆိမာကျောင်းတော်၏။ ဌိတိ ၊ ဝိနည်းဓမ္မကွန္ဒာ ညီညွတ်စွာနှင့် ထည့်ဝါဂုဏ်ပြည့် တည်ရှိနေခြင်းကို။ ပဃာနို၊ မျက်ဝါးထင်ထင် မြင်ကြလေကုန်၏။ တေ ဇနာ၊ ထို ရဟန်းမဟူ ရှင်လူအပေါင်းတို့သည်။ သာဓုကံ၊ သဒ္ဓါသီလ စသည်ထူးလတ် သူတော်ကောင်းပိုင် ဥစ္စာမြတ်ကို လည်းကောင်း။ ဣဋ္ဌံ၊ စိတ်ဒေါလိုကျ ဓမ္မဆက်နွယ် နှစ်သက်ဖွယ်ကို လည်းကောင်း။ ရမ္မံ၊ တရားနှင့်ယှဉ်သဖြင့် မငြိုမငြင် ပျော်ရွှင်စရာ အာရုံကို လည်းကောင်း။ သုဖာသုကံ၊ ကိုယ်စိတ်နှစ်ဖြာ သာယာဖွယ်စု ချမ်းသာမှုကို လည်းကောင်း။ ဝိန္ဒန္တိ မညေ၊ လက်ငင်းပိုင်ပိုင် ရနိုင်ကြမည် ထင်ရပါ၏။

စာရေးသူ ဦးမိုးမြင့်

စာရေးသူ၏ အကြောင်းအရာနှင့်
နိုဂုံးပတ္တနာ

မှတ်လောအရှည်၊ မော်ကွန်းတည်ပိမ့်၊ တောစည်ရဂုံ၊ ဂနိုင်စုံဟု၊ သင်းထုံမြိုင်ပြား၊ မည်သားသားနှင့်၊ ထင်ကြားကြိုးကြ၊ မြူခိုးထလျက်၊ ရိုးမ မဟာ၊ တောင်သေလာကား၊ ရွှေမှာသီးထီး၊ မြင့်ဝါကြီး၏၊ တောင်သီး တောင်ပျံ၊ ဝန်တိုင်းရံသို့၊ တောင်ခြုံရာပေါင်း၊ ဇွေဇွေထောင်းလျက်၊ ဝေ့စောင်းဝိုက်ဝိုက်၊နောက်ဘက်ဌ္ဌလျင်၊ ကမ်းတိုက်ပင်လယ်၊ ရေပြင်ကျယ်လည်း၊ ကြည်ဖွယ်သာမော၊ ကျွန်းငယ်နှောရှင့်၊ ရှေးသောကာလ၊ ပေါရာဏတို့၊ ဆိုကြပုံယင်၊ဂုဏ်ထူးအင်ကား၊သူလျှင်ခုံခုံ၊ရန်ပြုစုံဟု၊ဝုံဝုံထည်ထည်၊ ရန်ကြိုးရှည်၍၊ ရန်စည် ရန်ခက်၊ ရန်ပြက်ပြက်နှင့်၊ ရန်ဖက်ပည်းဟုံ၊ တွေ့လတ်ကြုံသော်၊ ပျံတုံအာကာ၊ ဝဲလျက်သာတည့်၊ ပမာအားဟုန်၊ ငှက်ဂဠုန်သည်၊ ဝသုန်ခွာစွန့်၊ ခြေစုံဆန့်သို့၊ မလွှန့်မလူး၊ ရန်ကိုကျူးခဲ့၊ တင့်ထူးမည်သာ၊ တွင်သည်မှာကား၊ ဒုဂါရာနောက်ထပ်၊ ဝတီတပ်၍၊ ခေါ်အပ်ခပဲ၊ မြို့ရန်ဖဲကား၊ ထင်စ့ဲနောင်ခါ၊ သံတွဲသာတည့်။ စီးဖြာမြစ်မည်၊ အတည်တည်တွင်၊ ရေကြည်လှိုင်းအိ၊ ခရိုက်ရှိ၏၊ နဒီအထက်၊ ညာသို့တက်သော်၊ ပြက်ပြက်ဖြင်ပြော၊ သစ်ဝါးပေါ်၍၊ တောင်တောအင်္ဂါ၊ ကြည်းတန်ဆာတို့၊ လပ်ဟာမချည့်၊ ကုံလုံပြည့်၏၊ စည့်စည့်ကျေးငှက်၊ တွေ့နိုင်ခက်သည့်၊ တောဖက်သစ္စာဝါ၊ ဆန်းစုံစွာလည်း၊ သံဝါမြည်ထူး၊ တောသံကျူးရှင့်၊ ရေလူးစီးမြောင်း၊ ရေတကြောင်းကား၊ ခူးချောင်းဟုပင်၊ အမည်ထင်၏၊ သွင်သွင်မြောင်စမ်း၊ ချိုင့်အဝှမ်းနှင့်၊ တောင်ကမ်း တောင်ဖျား၊ တောင်အများတွင်၊ တွားထွားတင့်တယ်၊ အဆက်ပယ်ရှိ၊ အလယ်မားမား၊ လေဟုန်

စားကြောင့်၊ထင်ရှားလေတောင်၊မည်ထူးဆောင်သား၊ ရှေ့ယောင်ယွန်းယွန်း၊ မြောက် စွန်းစွန်းတည့်၊ ရှန်းရှန်း ပြောင်ပြောင်၊ ခြေရင်းမြှောင်၍၊ ယခေါင်ကာလ၊ ရှာစည်ခ၏၊ သာစွဲစိုပြည်၊ တောင်နာမည်ဖြင့်၊ရှာရှည်ဂါမ၊ဒေါမည်သ၍၊ ခေါ်ကြလေတောင်၊ မည်ထွန်း ပြောင်ခဲ့၊ တင့်ဆောင် နည်နည်၊ ပြားတော စည်၍၊ တောင်ရှည်တောင်တန်း၊ တောင်နရန်းကြောင့်၊ မခန်း မြိုင်တွင်း၊ နုံသင်းသင်းနှင့်၊ သစ်ရင်းအုဖု၊ အနုအရင့်၊ အပွင့်အနွယ်၊ သီးမျိုးကြွယ်၏၊ စားဖွယ်တင်းကျမ်း၊စိတ်ကြည်ချမ်းရှင့်၊ အတမ်းကိုသွယ်၊ အလွမ်းရှယ်က၊ နွမ်းဖွယ်သို့ပင်၊ သူတော်စင်လည်း၊ သက်ဝင်နှလုံး၊ တရားသုံးက၊ ရှင်ပြုံးငြိမ့်ငြိမ့်၊ တရားစိမ့်၍၊ နှစ်သိမ့်စရာ၊ ကြည်ဖွယ်သာတည့်၊ စိမ်းလွှာပပ၊ မြိုချယ်သသို့၊ဌာနကျေးတိုက်၊ ဇနပိုဒ်ဝယ်၊ အကြိုက်လူ့ရှာ၊ ရောက်တို့လာသည်။ ။**မြေပှာ ငါ့ချက် အောင်းသတည်း**။

သီလသမာ၊ ကျင့်သိက္ခာနှင့်၊ပညာကျော်ဟိုး၊ ဖုန်းမြင့်စိုးသည်၊ ငါ့ဖိုးတော်လတ်၊ ထေရ်ရှင်မြတ်ကား၊ သကတ်ဂုဏ်ပြိုး၊ ထိန်ထိန်ကြိုး၍၊ တန်ခိုးခိုင်ဖြိုး၊ ဝရတ်ထီးနှင့်၊ ဂိုဏ်းသီးဥသျှောင်၊ မီးတန်ဆောင်သို့၊ အခေါင်ထိပ်ဆုံး၊ လွှမ်းအုပ်ဖုံး၍၊ တိုင်းလုံးပေါ်တွင်၊ လွှားလွှားထင်သည်၊ ကျုံ့ခြင်ဆရာ၊ ထေရ်မဟာဟု၊ အလွှာတိုင်းသိ၊ သတင်းကျို၏၊ အချိုအဖြန့်၊ အသန့်အသွဲ့၊ နေရောင်လဲ့လို့၊ ငယ်ဘွဲ့နာမ၊ အာဒိစ္စတည့်၊ ငယ်ကပညာ၊ ရှာသောခါက၊ ရာ၏တဝက်၊ရက်လောက်နီးနီး၊ ခြေရိုးဖြင့်၊ နုယ်သီးထိုးဖောက်၊ နန်းတည်ရောက်၍၊ ဂုဏ်မောက်ထင်ရှား၊ ကိုက်အမျှားတွင်၊ ဘုရားကြီးတိုက်၊ပညာသိုက်၌၊ အကြိုက်ခိုဝင်၊ပညာသင်၏၊ ကျော်ထင်ဇာ-ဂရ၊ ထေရ်သီဟဟု၊ပိဋကသုံး၊ ဂုဏ်ထူးကျုံးသား၊ ပြည်လုံးဦးတင်၊ ထေရ်အရှင်၏၊ ထံတွင်ပြားဝပ်၊ ပညာခပ်၏၊ ထက်ရပ်အောက်ခွင်၊

ကုန်စင်တိုင်းတုန်၊ ဦးရန်ကုန်ကား၊ ချစ်ဟုန်ပြင်းစ္ဆာ၊ မိုးရွာလည်းတွဲ၊ နေပူထဲလည်း၊ မခွဲစုံယှက်၊ စာသင်ဖက်တည့်၊ ရေစက်ပုဇွေ၊ ပေါင်းစပ်လေသို့၊ ကံမြေပ္ဓေ.ပိုက်၊ စာလိုက်တူညီ၊ ဆွေဒဋ္ဌိဟု၊ နောင်ညီမယွင်း၊ မေတ္တာပင်းခဲ့၊ မင်းမင်းဦးရည်၊ တန်ခိုးစည်သား၊ နေပြည်ရတန၊ ပုဥ္စနန်းတည်၊ ကမ္ဘာမြည်သို့၊ ထေရ်ထေရ်စုကာ၊ ဂါယနာနှင့်၊ ခရာကျောက်ရေး၊ ရှည်ဝေးနောင်ခါ၊ ကမ္ဘာထက်ဆုံး၊ သုံးပိဋကတ်၊ မခွတ်တည်အောင်၊ စိုက်တည်ဖောင်သား၊ မင်းခေါင်ရာဇ၊ ဆင်ကျင်းပသည့်၊ ထာမဇာနည်၊ ဂုဏ်ရည်မြောက်ကဲ၊ စာတော်ပဲ့ဌ၊ ဆင်ဆဲထင်ပ၊ မင်းဆုရသား၊ အာဒိစ္စတွင်၊ ထေရ်မြတ်ရှင်၏၊ ဂုဏ်အင်လှလှ၊ နှမကဖွား၊ ညီ၏သားဟု၊ ပြန့်ပွားလာရာ၊ သားနှစ်ဖြာတွင်၊ ဆက်ကာကျိုပြင်၊ ဆရာတွင်သည်၊ ထေရ်ရှင်ဇဝန၊ ဘုန်းရောင်ကြွ၍၊ ဂုဏထင်ပေါ်၊ ဆရာတော်ကား၊ နှမဖွားတည့်၊ ညီသားလူတွင်၊ ငါ့ဖခင်သည်၊ မည်တွင်ဌားဌား၊ ဦးမောင်ပြားဟု၊ ကျော်ကြားဟိုးဟိုး၊ မိမင်းစိုးလည်း၊ တင့်ဖြိုးပေါ်ထင်၊ လူ.ဝန်းကျင်၌၊ စုံအင်ကုံလုံ၊ ဒေါ်မှတ်ပုံတည့်၊ ကြေးမုံယိုးယား၊ မျိုးနှစ်ပါးကား၊ ဟူးရားကျော်လတ်၊ သမားတတ်၏၊ ဆွတ်ဆွတ်ဂုဏ်ပည်း၊ ငါ့ခမည်းကား၊ ထုံးနည်းပြတ်ပြတ်၊ နက္ခတ်ဗေဒင်၊ ပုံပြင်နိပါတ်၊ ဗိန္ဒေါဓာတ်နှင့်၊ ပရမတ်တမ်း၊ ဆေးဝါးကျမ်းကို၊ လျှမ်းလျှမ်းတတ်ခေါက်၊ ပေါ်ထင်မောက်၍၊ ဆေးထောက် ဆေးကု၊ ဆေးစု ဆေးဖော်၊ ဆေးဖြင့် ကျော်သည်၊ ဆေးတော်သမား၊ ဆရာထား၍၊ အများခိုမှီး၊ ဂုဏ်ဟိတ်ထီး၏၊ မျိုးကြီးနှစ်ပါး၊ မိဘများမှ၊ ဆက်ပွားလာရာ၊ သားထွေလာတွင်၊ ဦးစွာဖိုးယင်၊ ညီဖိုးခင်နှင့်၊ ထိုပြင်ညီတူတ်၊ ကိုယ်ရောင်သုက်ကြောင့်၊ မည်ဟုတ်ညီဖြူ၊ ငယ်သူနှစ်ဆင့်၊ စိန်မြင့်စိန်နု၊ နာရီစုတည့်၊ ပွားထုထွန်းပေါက်၊ ခုနစ်ယောက်တွင်၊ လေးနောက်နှစ်ယော၊ ငါ့ကို

တွေ့လော၊ လေ့လေ့ထွားထွား၊ ဂုဏ်တက်ပွားရ၊ ကြွားကြွားဖြိုးဖြိုး၊ စဉ်အမျိုးကား၊ ကျင့်ရိုးကျင့်လမ်း၊ သူဇကာင်းတမ်းတည့်၊ သွမ်းသွမ်းမြည့်ဆွေး၊ ကျင့်ညစ်ထေးကို၊ မြေပြေးပမာ၊ လန့်ထိတ်ခွာသည်။ ။**ခေမာ ရဖက် ချောင်းသတည်း**။

ရေနှင့် လေ မြေ၊ ပူအေးထွေဟု၊ အခြေသဘာဝ၊ ဓာတ်မူလ၌၊ ဗီဇမျိုးစေ့၊ ကြုံလာတွေ့သော်၊ မြစ်ကွေ့ဖွားဖွား၊ စည်ပင်ပွားလျက်၊ ထင်ရှားအပင်၊ဖြစ်လေကျင်သို့၊ ကြောင်းအင်စိုက်စိုက်၊ ဆုံလာခိုက်ရ၊ ကြုံကြိုက်သောခါ၊ လူ့နေရာ၌၊ တဏှာငက်ငက်၊ ဘဝမက်ကြောင့်၊ ပြက်ပြက်ဇာတိ၊ ဖြစ်လာဘိသော်၊ (တိထွေလာ၊ သာတ္တဝါတွင်၊ မည်သာလှလှ၊မနုဿံ၊ စိတ်ဓာတ်ခံကြောင့်၊ ဂုဏ်လှုံ့ထင်းထင်း၊ လူ့စာရင်းမှာ၊ ကွင်းကွင်းပေါ်ကာ၊ ရောက်လိုလာ၏၊ ထိုခါကာလ၊ နှစ်ဆေးကို၊ လက္ခသင်္ချာ၊ ဆိုရပါလျှင်၊ လူမှာမဂ္ဂ၊ ဓမ္မဗေဒဗျင်း၊ စက်သင်ရဟတ်၊ သမုဗ္ဗါဒ်၏၊ မပြတ်မူလ၊ ဟာဒဟဟု၊ ဇလာမပဋ္ဌိ၊ ရေတွက်ဖိမူ၊ထင်ချိသက္ကရာဇ်၊ ကောဇာဖြစ်၏၊ ရှင်ချစ်ဗုဒ္ဓ၊ နိဗ္ဗာနမှ၊ စရ၍တွက်ထောက်၊ ဆက်၍ကောက်သော်၊ ပေါ်ပေါက်ထင်လာ၊ ဇောဗိသာနှင့်၊ နောက်မှာငါးငါး၊ မှတ်တုံ့ငြားလော၊ရှည်လျားညဉ့်တာ၊သုံးဆယ်မှာလျှင်၊ ခြောက်ပင်စွန်းဖိ၊ ဃဋ္ဌိဟိုဟု၊ ဇင်သိလူ့ခန်း၊ ဖုသျှထွန်း၍၊ လဆန်းစုဒ္ဒ၊ ထိန်ထိန်ပဌ၊ အာဇာညဉ့်ခါး၊ ရောက်တျားတျားဝယ်၊ သားသားပြင်ပြင်၊ ဘောမတွင်သည်၊ ဝေဘာခွင်ထွန်းမောက်၊ဟိန်းအဟောက်ဖြင့်၊ ပြိုင်ထောက်မမြင်၊ တန်ခိုးထင်သား၊ ဂုဏ်အင်ကြွေ့ကြွေ့၊ ဘုရင့်နေ၌၊ ပတ်ဝေ့ဝန်းရုံ၊ ရှက်အုပ်ချုံ၍၊ ကုံလုံကျိုင်းထွား၊ အတွင်းသားလည်း၊ ထပ်ပွားဖြိုးဖြိုး၊ နုံအခိုးလည်း၊ ပျံ့တိုးကြိုင်သင်း၊ ရောင်အဆင်းကား၊ရှေ့လွင်းသန္ဓာ၊နှင်းစရာတည့်၊လျှံဝါရှင်းရှင်း၊တဝင်းဝင်းနှင့်၊ ပင်မင်းထိပ်ဖျား၊ မှည့်နေငြားဖိ၊ တက်သွားချုံခက်၊ ထိုသရက်ကို၊

နှစ်သက်ကြသူ၊ မျှားဗိုလ်လူတို့၊ အူအူသောင်းသောင်း၊ တချောင်းချောင်းနှင့်၊ဦးခေါင်းမော့ကာ၊တမ်းတခါလျှင်၊ လေလာဟုန်ပြင်း၊ တိုက်ခတ်ခြင်းကြောင့်၊ 'ညှာကွင်းမြေသို့၊ သက်လေမြို့သော်၊ ရှင်ပျို့သူ့ထက်၊ ငါရကွက်ဟု၊ အားတက်ငမ်းငမ်း၊ လိုက်လံဖမ်းသို့၊ လူတမ်းစဉ်လာ၊ ဓမ္မတာဖြင့်၊ ပညာထည်ထည်၊ တတ်လက်သည်က၊ ရှင်ကြည်နှစ်မြို့၊ ညစ်မပို့အောင်၊ ယို့ယို့ယဉ်ယဉ်၊ ဥာဏ်နှင့်ယှဉ်၍၊ ဖယ်ကြဉ်နိဋ္ဌာ၊ မင်္ဂလာဟု၊ ထင်ကာအမျှား၊ သွင်မူထားဖြင့်၊ အားပါးလွှဲ့လွှဲ့၊ ပန်းနှယ်ပွေ့လျက်၊ မွှေမွှေပြုံးပြုံး၊ ငါ့ချက်ထိုးခဲ့၊ ဟုံးစုံးသံပ၊ ခွန်းသံဟသို့၊ ရှရှနှုတ်မှာ၊ တကျာကျာနှင့်၊ သံသာမြည်ကြွေး၊ လူ့သံပေး၏၊ သံသေးသံမြ၊ ယင်းပါဒကား၊ ကြံဆစရာ၊ အနက်ဖြာ၏၊ စိန္တာကဝိ၊ ပညာရှိတို့၊ ဉာဏ်ချိုထောက်ကာ၊ ဆိုဖွယ်ရာကား၊ ပညာထွန်းပေါက်၊ ဂုဏ်ပေါ်ငေါက်၍၊ ဝမ်းမြောက်စဖွယ်၊ တင့်မျိုးကြွယ်လျက်၊မဆွယ်ပြစ်ဆာ၊ ရေနှင့်ကြာသည်။ **။ဆွေညာ တ ကွက်ကောင်းသတည်း။**

လူ့ဘုံခန်းဝါ၊ ရောက်တို့လားသား၊ လူမှာလူ့စည်း၊ လူ့ကျင့်နည်းဟု၊ သိမ်းဆည်းပေါင်းရုံး၊ လူ့ကျင့်ထုံးကို၊ ယူကျုံးသိရန်၊ လူ့တာဝန်ကြောင့်၊ ချိန်တန်ခါသင့်၊ အရွယ်ချင့်သော်၊ ခေတ်နှင့်လျှောက်လျှောက်၊ စာသင်လောက်ဟု၊ ယပ်စောတ်အဝါ၊ လက်လေးထွာမျှ၊ ပမာဏခ၌၊ အိမ်မှကျောင်းသို့၊ ဆောင်နှင်းပို့၏၊ ငါတို့ဖနှင့်၊ ငယ်ကလည်းပေါင်း၊ ကျောင်းလည်းတူဆင်း၊ မည်ရင်းနာမ၊ပဏ္ဍိတဟု၊ လွှလွှပေါ်ထင်၊ သက်ကယ်ပြင်၌၊ ရှင်တွင်ရှင်မော်၊ ဆရာတော်တည့်၊ ထိုရော်ကာလ၊ ထိုဆရာ့ထံ၊ ကုံကူတံနှင့်၊ မည်းကျံသင်ပုန်း၊ ရေးပုံနှုန်းဟု၊ သံဆုန်းသံဖြတ်၊ ပယတ်ထုံးတီး၊

ကကြီး ခကွေး၊ ခလေးသိရာ၊ ဆုံးမစာနှင့်၊ မင်္ဂလာတရား၊ ရှစ်ပါး အောင်ခြင်း၊ ပြင်အတွင်းတည့်၊ ရန်ကင်းရတနာ၊ ရှေချိုင့်စာမှ၊ သဒ္ဓါပွားတက်၊ နမက္ကာရ၊ လူ့စည်းပြဟု၊ လောကနီတိ၊ ကဝိလမ်းညွှန်၊စာတံခွန်တည့်၊ရန်လှန်တန်တိုင်း၊ ပရိုင်းပရိတ်၊ထိတ်ထိတ်ကျည်းဟို၊ သင်ဂြိုဟ်သုတ်စဉ်၊ အလျှဉ်ပြက်ပြက်၊ အာဂုံကျက်၏၊ ဆက်လက်ဖေ့ဖော်၊ ပန်းထောင်ကျိုပြင်၊ စာသင်စိတ်ခိုင်၊ ခရိုင်သို့ယား၊ ဆရာ့ပါးမှာ၊ ခစားသင်လေ့၊ ထိုမှ ရှေ့ရှု၍၊ ဂုဏ်ဟေ့ဟုံးဟုံး၊ စိန်ကတုံးဟု၊ တိုင်းလုံးပြည်တွင်၊ သတင်းထင်သည်၊ သဘင်ဦးဆောင်၊ ပညာရောင်ဖြင့်၊ အခေါင်တင့်ထွား၊ ကျော်မင်းသားအား၊ ဆပွားနောင်ရေး၊ အရည်သွေး၍၊ ဂုဏ်ပေးစစ္စာ၊ ဖွားလတ်ရာ၌၊ ဟသ်ဟောရ၊ ရှေပုဗ္ဗနှင့်၊ တောက်ပရောင်ပြေး၊ နည်းမှန်ရှေး၍၊ ကျင့်ရေးထိန်းကျောင်း၊ သိုးနှယ်မောင်းလျက်၊ မစောင်းဝိနည်း၊ နိဿရည်းကိုက်၊ စာသင်တိုက်၌၊ အကြိုက်ခိုလုံ၊ စာပေထုံ၏၊ နည်းစုံထက်မြ၊ ထေရ်ဗျဂ္ဃတို့၊ ထံမှသင်သင်၊ ဂုဏ်သန့်စင်ဖြင့်၊ မင်းလွင်ထိုးဖောက်၊ ရောင်ဖြိုးတောက်သို့၊ ထက်အောက်ပြည့်ပေါ်၊ ကောင်းဟိတ်ကျော်သည်၊ ဆရာတော်မြတ်၊ စံကျောင်းမှတ်၍၊ သိလတ်ခပင်း၊ ဘွဲ့မည်ရင်းကား၊ ကျော်သင်းလွှလွှ၊ ဝါယာမဟု၊ ထေရဂုဏ်ကြွယ်၊ ငါ့ပဇ္ဇာယ်တည့်၊ ကျမ်းငယ် ကျမ်းကြီး၊ ထီးထီးမားမား၊ များပြားထင်ပြ့ဲ၊ စီရင်ခဲ့ရှင့်၊မနုဉာဏ်သွေး၊စာပေရေးဌ၊ ဩးလေးမထား၊ လုံ့လအားဖြင့်၊ ကြွားကြွားလွင်လွင်၊ ငါလျှင်ရှင်၏၊ စာသင်စာတက်၊ စာကျက် စာအံ၊ စာညှိုးညံ့နှင့်၊ စာကြုံမလွဲ၊ စာခံမြဲလျက်၊ စာပွဲ စာပြိုင်၊ စာနိုင် စာထူး၊ စာရည်မြူး၍၊ မိုးဦးညာဆန်၊ ငါးအဟန်သို့၊ မြန်သန်နှစ်လို့၊ စာဂုဏ်ဖို့လျက်၊

ရှင်ပျိုစိတ်ကြည်၊ တို့အရည်သည်။ ။မြို့မည့်+ သာညောင် + တုံးတွင်တည်း။

ရှေးရှေးအဟို့၊ တိုင်းထိုထိုမှ၊ လူဗိုလ်အမျှား၊ မင်းပုဏ္ဏားနှင့်၊ မှူးသား မတ်ဖွား၊ စသော အားဖြင့်၊ ထင်ရှား၁ားသူတို့၊ ပညာနှိုက်ကို၊ ယူစို့လေရာ၊ မည်ထူးသာသည်၊ ဂန္ဓာရတိုင်း၊ ပြည်ဓိမိုင်းဟု၊ သုံ့ပိုင်းမောက်မို့၊ တက္ကသိုလ်နှင့်၊ နိုင်းဆိုပုံခင်း၊ ပမာသွင်းမှ၊ မယွင်းတူဖို၊ သင်းကြူလွှ၊ ဂုဏ်ပေါက်ပြန့်၊ အင်းဝဆက်နောက်၊ ဇမ္ဗူချောက်သား၊ ကိုးနောက် ကုန်းပေါင်၊ပျိုးတည်ထောင်သည်၊ လျှံပြောင်ရောင်မို့၊ နန်းရှေမြို့ကား၊ လူတို့နှုတ်မှာ၊ ပေါ်ထင်လာသည်၊ စဉ်လာမမှား၊ ထွင်စကားဖြင့်၊ ကုလားဗာရာဏာ၊ ဆိုလေကြသို့၊ ဗမာ့မဏ္ဍလေး၊ ဆိုရာသေး၏၊ ယဉ်ကျေးစုစု၊ သိမ်မွေ့နုသား၊ လူမှုပညာ၊ လွန်ထွန်းရာတည့်၊ ညင်သာလေထွက်၊ စကားမြွက်လည်း၊ ညက်ညက်သိမ်မွေ့၊ ပြည်တော်လေ့ဖြင့်၊ ချစ်ပွေ့မှုရာ၊ သာသနာလည်း၊ရှိန်ဝါထိုးထောင်၊ရောင်ပြိုးပြောင်ဟု၊လှုံ့ဘောင်ကျော်ကြား၊ နေပြည်သွားရ၊ ထင်ရှားထေရ်တို့၊ ပညာနှိုက်ကို၊ ယူစို့ပပ်နှာ၊ အတတ်ရှာ၏၊ ပညာကူးတို့၊ ဆူလှယ်ပို့သို့၊ မချို့စာချ၊ နာရဒဟု၊ ပါကဋ္ဌထင်၊ နန်းတောင်ပြင်ဌ၊ ခေါ်တွင်ဒကွိုဏ်၊ အာရာမဝယ်၊ စာချအကျော်၊ ဆရာတော်ဟု၊ ထင်ပေါ်မိုးပျံ့၊ ငါလျှင်ရုံ၏၊ ထိန်လျှံဖိတ်ဖိတ်၊ သံမဆိတ်နှင့်၊ ဂုဏ်ဟိတ်ဖွာဖွာ သတင်းစွာသား၊ သကျာသီဟ၊ လနှယ်ပသည်၊ ဓမ္မဆရာ၊ တံဆိပ်စာနှင့်၊ မည်သာဂုဏ်ထူး၊ ပန်းကိုခူး၏၊ ဆင့်မြူးတတန်၊ အောက်ရပ်ဌာန်မှ၊ယင်ကာနှင့်၊ စိုးရပြည်မင်း၊ဦးဆောင်ကျင်းသည်၊ငါးကွင်းနိကာယ်၊ စာပွဲကျယ်ဌ၊ အလယ်မရပ်၊ ကမ်းကိုကပ်၏၊ သုံးထပ်

ထိန်ဖြာ၊ စာဆရာဟု၊ ပညာဘွဲ့ခံ၊ ဂုဏ်လိမ်းကျုံ့လည်း၊ စိတ်ကြံ ကျကျ၊ မတည်ပကြောင့်၊ ဘာရတမည်၊ မဇ္ဈပြည်သို့၊ စိတ်ရည် ကိုယ်ရောက်၊ ဝိဇ္ဇာမြောက်၍၊ စိတ်ဖောက်ဘေးခါတ်၊ လွယ်အိတ် ပမာ၊ ပညာစိမ်းမှည့်၊ သိမ်းယူထည့်၏၊ ထင်ပြည့်အဒ္ဓ၊ ယင်းကာလ ကား၊ အဋ္ဌတိသ၊ မင်္ဂလာကို၊ ကြံကြလေရာ၊ ကာလတာမှ၊ သင်္ချာကော၊ နုတ်ပယ်ချသော်၊ တူလှည်ညာ၊ ထိုမျှကြာခဲ့၊ မာတာ ဝမ်းထွက်၊ ငါ့အသက်လည်း၊ ရေတွက်လေရာ၊ မင်္ဂလာနှင့်၊ သင်္ချာ မပြောင်း၊ ရှိလေ ညောင်းသော်၊ မစောင်း ထစ်ထစ်၊ ယင်းခါ နှစ်တွင်၊ ဇာတ်မြစ် နေရာ၊ ငပုပ်ကွာသို့၊ သာသနာရောင်၊ ထွန်းပြောင်ပြည့်စည်၊ မြန်တိုင်းပြည်သို့၊ ပြန်လည်တုံ့ခေါက်၊ ခိုဝင်ရောက်၏၊ နေတောက်ကောင်းကင်၊ မိုးတိမ်စင်သို့၊ စည်ပင် ရောင်ပျို၊ သာစည်မိုလျက်၊ မကျို့ထည်ထည်၊ ယို့မတည်သည်။ ။

မျို့ခြည်+ဖြာသျှောင်+ထုံးသွင်တည်း။

ဖြစ်ပုံခြင်းရာ၊ ကြောင်းဖြာဖြာကို၊ ကိုင်ကာလည်းအုပ်၊ ဆုပ်၍ လည်းမိ၊ ပိုင်ပိုင်သိဟု၊ ကြောင်းရှိကျိုးမြင်၊ ယုတ္တိထင်အောင်၊ ကြံဆောင်ထောက်လှမ်း၊ လှည့်စုံစမ်း၍၊ ကြောင်းလမ်းထွေထွေ၊ စီးသောရေကို၊ စီးစေဖြောင့်ဖြောင့်၊ မထောင့်ကတ်လတ်၊ မြောင်း သွယ်လွှတ်သို့၊ မချုတ်ပီလာ၊ ပြုလိုပါရှင့်၊ သိကွာအကျင့်၊ စွင့်စွင့် ထောင်ထောင်၊ မရှောင်မနား၊ ကြိုးစားမပြတ်၊ အလောင်း မြတ်တို့၊ ထုံးမှတ်နည်းဟောင်း၊ အကျင့်ကောင်းဟု၊ မစောင်း နည်းခံ၊ လိုက်ကျင့်ကြံသည်၊ ဂုဏ်ပျံ့ဓိမိုင်း၊ ကျင့်တုရိုဏ်းနှင့်၊ ကြံသိုင်းထိုကို၊ သိခလိုဟု၊ ကြည်ညိုအားသန်၊ စိတ်ရည်ဖန်၍၊ ပြန်ပြန်ခေါက်ခေါက်၊ ထက်အောက်နိုင်ငံ၊ လိုက်လံဆည်းစု၊ ခြနှယ်

ပြု၏၊ ကယုကယင်၊ ခေါင်းဟိတ်ထင်သည်၊ ထေရ်ရှင်ပဌင့်လောင်း၊ အရည်းဟောင်းတို့၊ အကြောင်းသင့်လျော်၊ မိန့်မြွက်ဖော်သံ၊ ရှေးသော်ခါက၊ မိုးလအသွင်၊ ယခုမြင်လည်း၊ နတ်ခွင်မယွင်း၊ တျင်းတျင်းပြည့်လျှံ၊ မိုးယံထိန်ညီး၊ ထီးထီးမော်မော်၊ ထင်ပေါ်သာသနာ၊ လူ့ရှာနှံ့သိ၊ ပစ္ဆိမာရုံ၊ တိုက်ကြန်စုံကို၊ ကုံလုံမိမိ၊ စုံအောင် သိဟု၊ ထုတ်ချိမ္ဗာက်သံ၊ ရှင့်ဘုန်းပြုံ့ကြောင့်၊ ခြေငံ ထွေပြား၊ ယနပျားသို့၊ လိုပ္ဌားမက်မော်၊ ငါလျှင်ဖော်ခဲ့၊ ထင်ပေါ်ချိချိ၊ ပုံတရှိကား၊မြေပိရတနာ၊ ပေါ်လာတပျစ်၊ အနှစ်ထဲအောင်၊ အကောင်းကျိုကျ၊ အဖုမျက်ဆုံ၊ ရောင်စုံစုံနှင့်၊ တဖုံတောခင်း၊ မှိုကျင်းလည်းတွေ့၊ ရှေနားပျားအုံ၊ ဆိုဖိတုံသို့၊ သိမ်းချုံခပဲ၊ ပုလဲတမူး၊ ပီတိလူးသည်၊ တောမြူး တောလား၊ ပမာထား၍၊ မခြားထစ်ထစ်၊ ငါလျှင်ဖြစ်ရှင့်၊ အားသစ်ထွန်းထွန်း၊ ရှင်ကြည်လန်းလျက်၊ မပန်းမည့်ကြီး၊ ရှေသို့တိုး၍၊ ကြိုးကြိုးကုတ်ကုတ်၊ ဖွေနှည်ထုတ်ခဲ့၊ ဂုဏ်ပုဒ်သိန်းသန်း၊ ဖော်လေညွှန်းလည်း၊ မခန်း အဟုန်၊ ပတုန်ပလဲ့၊ ဘယ်ပုံခဲ့ဖုံ့၊ ပြဲ့ပြဲ့ဖြင်ပည်း၊ နိဿရည်းနှင့်၊ စည်းနည်းငြိမ်ဝပ်၊ လွှန်သေသပ်သား၊ ပျပ်စပ်ကျုံ့ကျုံ့၊ ဟန်ပန်ဝှံ့၍၊ ယုံ့ယုံ့သေခွေ့၊ ဣန္ဒြေရင့်ရင့်၊ဂုဏ်စွင့်စွင့်တည့်၊ ထေရ်မြင့်မိန့်ဟော၊ သယ်နောက၊ မကျောနှုတ်လှ၊ ကျိုးကျိုးနှံ့၏၊ မဆုံပြွမ်းပြွမ်း၊ စာပေတမ်းကို၊ မစမ်းလေဖိ၊ စမ်းသူရိဟု၊ ထင်သိဗိုလ်ပါ၊ ရှုခင်းသာနှင့်၊ ခန်းဝါဝါသ၊ ထိန်ထိန်ပသား၊ သူဇာ့ခင်ပွန်း၊ နေခန်းဗိမာန်၊ ပုံအဟန်ဟု၊ ဆိုရန်တိတိ၊ ရိုးရင်းရှိသည်၊ ပစ္ဆိမာရုံ၊ ကြောင်းအင်စုံကို၊ ကုံလုံလင်းရန်၊ မစွမ်းသန်လည်း၊ ပွန်းဖန်တတ်အား ဖော်မြွက်ကြားခဲ့၊ နှစ်ကား ကောဇာ၊ တေရသာနောက်၊ လေးသုံးလှောက်လော၊ ထွန်းတောက်ဖဂ္ဂု၊ ထန်းစု

ထန်းပေါင်း၊ ရှေးသူဟောင်းတို့၊ မှတ်ကြောင်းတခု၊ သညာ ပြုကြောင့်၊ ခေါ်မှုတွင်ရ၊ ယင်းမာသင်္ခ၊ အဌဆန်းရက်၊ စီးလျက် ခြေသေ့၊ လောက်လေ့ကုံထင်၊ ထီးတော်တင်၏၊ ပိပြင်စေဋ္ဌ၊ အားအင်စုရ၊ ကောင်းပြုလိုင်းလိုင်း၊ ဤကရိဏ်းကြောင့်၊ မဆိုင် မယှက်၊ ငါလျှင်မက်၏၊ စက်စက်ရိယို၊ အိအိပြိုသား၊ ညီသို အောက်အို့၊ ထန်းညှာနှိုသို့၊ အာသဝို့ရည်၊ စို့မလည်သည်။ ။

ဆို့ဆည်+ရာခေါင်+ဆုံးပင်တည်း။